www.burmeseclassic.com

လင်းလက်အိမ်
...USHING GROUP

BURMESE CLASSIC

လင်းစီစဉ်သည်

# လွန်းတရို

ဘရုမ်းပြာမောယာတဲ့တား

2011

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၁၉၀၄၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၈၆၀၅၁၁
ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင်(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ။
အုပ်ရေ ♦ ၅၀၀ အုပ်
တန်ဖိုး ♦ ၁၀၀ ကျပ်
ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 095163764, 095162031

**'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း' (CIP)**

၈၉၅·၈၃
လွန်းတမီ
ခရမ်းပြာ မာယာတံတား / လွန်းတမီ ။- ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၁။
(၂၈၀) စာ၊ ၁၂ စင်တီမီတာ x ၁၇·၇ စင်တီမီတာ
(၁) ခရမ်းပြာ မာယာတံတား


www.burmeseclassic.com

www.burmeseclassic.com

"ကဲ... ပြောပါဦး၊ မင်းနာမည်က ဘယ်သူလဲ"

မျက်တောင်ရှည်တွေကို ပင့်ကော့၍ စားပွဲစွန်းတစ်ဖက်မှာ ထိုင်နေသည့် အသက်ငါးဆယ်ကျော်အရွယ် အန်ကယ်ကြီးကို မော့ကြည့်ကာ နှိုင်းက ဖြေသည်။

"ဟိုလေ... သမီးနာမည်က အနှိုင်းမဲ့ပါ"

မေးလိုက်တာက ရှင်းသလို ထူပိန်းနက်မှောင်သော ဆံပင်ရှည်တွေကို ဖျတ်ခနဲ တဆတ်ဆတ်ခါလျက် နှိုင်း ဖြေလိုက်တာကလည်း တိတိကျကျ။

"ကောင်းပြီလေ၊ မင်းနာမည်က အနှိုင်းမဲ့ဆိုရင် မင်းကို အန်ကယ့်သိချင်တာလေးတစ်ခု မေးမယ်နော်၊ အန်ကယ်မေးတာကို မလိမ်မညာဘဲ မင်း အမှန်အတိုင်းဖြေရမယ်နော်"

"ဟုတ် အန်ကယ်၊ သမီး မလိမ်ပါဘူး"

ကော့နက်သောမျက်တောင်ရှည်တွေကို တဖျတ်ဖျတ်ပုတ်လျက် အန်ကယ်ကြီးမျက်နှာကို စိုက်ကြည့်ရင်း နှိုင်း ခေါင်းကလေး ညိတ်ကာ ဖြေမိ၏။

"မဟာကုဋ္ဌေကုဋ္ဌာကုမ္ပဏီကြီးက ဖွင့်ထားတဲ့ ဒီ SUPER



www.burmeseclassic.com

www.burmeseclassic.com



MARKET ကြီးမှာ အလုပ်လျှောက်ဖို့ မင်း ဘာကြောင့် ရွေးချယ်လိုက်ရသလဲဆိုတာ အန်ကယ် သိချင်တယ်"

"ရှင် အန်ကယ်"

ဒီမေးခွန်းကို နှိုင်း ဘယ်လိုဖြေရမလဲ။

ရင်ထဲမှာရှိနေတဲ့ စကားတွေကို တစ်ခုမကျန် ဖြေချပစ်လိုက်ဖို့ နှိုင်းအတွက် လိုအပ်သလား။ နှိုင်း တစ်ချက်စဉ်းစားလိုက်ရင်း နှုတ်ခမ်းလေးမဲ့ကာ ပြုံးမိ၏။

BURMESE CLASSIC

"ဖြေလေ သမီး၊ သမီးကို အန်ကယ် မေးနေတယ်လေ၊ သမီးမှာ ဘယ်လိုရည်ရွယ်ချက်တွေရှိနေလို့ ဒီကုမ္ပဏီနဲ့ SUPER MARKET ကြီးမှာ အလုပ်လျှောက်ဖို့ ရွေးချယ်လိုက်ရတာလဲ"

နောက်တစ်ကြိမ် ထပ်မေးလိုက်သံကြားလိုက်ရတော့မှ နှိုင်း သတိပြန်ဝင်လာပြီး နှုတ်ခမ်းပေါ်က အပြုံးမဲ့မဲ့လေးကို လျှော့ချပစ်ကာ အန်ကယ်ကြီးမေးတာကို ဖြေသည်။

"ဟို… ဟိုလေ၊ သမီး အရမ်းမုန်းတဲ့ မိန်းမကြီးတစ်ယောက် ဒီကုမ္ပဏီမှာရှိနေလို့ ဒီမှာ အလုပ်လျှောက်ဖို့ သမီး ဆုံးဖြတ်လိုက်တာပါ၊ သူနဲ့တွေ့ရင် အမုန်းတွေ နာကြည်းချက်တွေနဲ့ သူ့ကို ပြန်ရင်ဆိုင်ပြီး သမီးရစရာရှိတဲ့အကြွေးကို ပြန်တောင်းချင်လို့ပါ"

"ဘာပြောတယ်၊ အကြွေး ဟုတ်လား၊ ဘာအကြွေးလဲ ဘာနဲ့ပြန်ဆပ်ရမယ့်အကြွေးလဲ"

အန်ကယ်ကြီး မျက်တောင်တွေပင့်ကော့တက်သွားတာက တအံ့တဩ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုကြည့်ကာ နှိုင်းက နှုတ်ခမ်းလေးကို ထပ်မဲ့မိ၏။ ပြီးတော့မှ ရင်ထဲမှာ ခံစားရတဲ့အတိုင်း ပြောင်ပဲပြေချလိုက်သည်။

"ဘာနဲ့ပြန်ဆပ်ရမယ့် အကြွေးလဲဆိုရင် သူ့နှလုံးသားထဲက ကျလာတဲ့ မျက်ရည်တွေ၊ ငိုရှိုက်သံတွေနဲ့ သူ သမီးကို ပြန်ဆပ်ရမယ့် အကြွေးပါ. အန်ကယ်"

"ဘာ၊ ဘယ်လို"

အန်ကယ်ကြီးက ထိတ်လန့်တကြားဟန်ကလေးနှင့် နှိုင်းမျက်ဝန်းတွေကို စူးစိုက်ကြည့်ကာ ထိုင်ခုံနောက်မှာမှီထားသည့် ခန္ဓာကိုယ်ကြီးကပါ ရှေ့ကိုကိုင်းကျလာသည်။ ပြီးတော့ ကောက်ကွေးကြောင်းမညီသော မျက်ခုံးနှစ်ဖက်သည် အပေါ်ကိုညွှတ်ကွေး ကျုံ့ဘက်သွားခဲ့ကာ ဖြူသောမျက်နှာကပါ သိသိသာသာကလေး နီရဲသွားခဲ့၏။

"နှလုံး၊ နှလုံးသားထဲကကျလာတဲ့ မျက်ရည်စက်တွေ ငိုရှိုက်သံတွေနဲ့ သူပြန်ဆပ်ရမယ့်အကြွေးကို လိုချင်လို့ ဒီကုမ္ပဏီမှာ သမီးက အလုပ်လာလျှောက်တာ ဟုတ်လား။ ဒါ… ဒါဆို နာကြည်းချက်တွေ ဘဝေ့တပိုက်နဲ့ ဒီကုမ္ပဏီကို သမီးရောက်လာတာပေါ့၊ ကဲ… ဖြေပါဦး၊ ဒီအကြွေးကို ဘယ်သူ့ဆီက သမီး ပြန်တောင်းချင်တာလဲ"

"ဒေါ်သွန်းသီရိဆီကပါ"

"ဟော…"

နှိုင်းဖြေသံအဆုံးမှာ အန်ကယ်ကြီးက ဝုန်းခနဲထရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သလို သူ့ရဲ့ပါဝါမျက်မှန်ထူကြီးကပါ စားပွဲပေါ်ကို ဒေါက်ခနဲပြုတ်ကျသည်။

ပြီးတော့လည်း ပြုပျက်သွားသော အန်ကယ်ကြီးမျက်နှာသည် တစ်စစီအက်ကွဲသွားသော မှန်တစ်ချပ်ကဲ့သို့ပင်။

နဖူးပြင်ပေါ်ကို ကျလာသည့် ဆံပင်မျှင်မျှင်လေးတွေကိုလည်း ခါထုတ်သပ်တင်လိုက်ဖို့ အန်ကယ်ကြီး သတိမရ။

"ဒေါ်... ဒေါ်သွန်းသီရိဆိုကနေ ဒီအကြွေးကို မင်းက ပြန်တောင်းချင်တာ ဟုတ်လား အနှိုင်းမဲ့၊ မင်း... မင်း နားမလည်ဘူးလား။

ဒေါ်သွန်းသီရိဆိုတာ ဒီမဟာကုဋေကုဋာကုမ္ပဏီလီမိတက်ကြီးမှာ ရှယ်ယာတွေအများဆုံးထည့်ထားပြီး ကုမ္ပဏီရဲ့ SUPER MARKET ကြီးကို ကိန်းခန်းကြီးကြီးနဲ့ တခမ်းတနား ဦးဆောင်နေတဲ့ ကုမ္ပဏီဥက္ကဋ္ဌလေ၊ ဒါကိုတောင် မင်းက မလေးမစားနဲ့ ဒီကုမ္ပဏီထဲကိုလာပြီးတော့ သူ့ကို တုဖက်ပြိုင်ချင်လို့ ရမလား၊ မင်းကွာ မင်း... မင်း"

အန်ကယ်ကြီးက ခေါင်းကိုလည်း အဆက်မပြတ်ခါသည်၊ နှိုင်းကိုလည်း မကျေမနပ်ကြည့်၏။

ဒါပေမဲ့ နှိုင်းကတော့ တုန်လှုပ်မသွားခဲ့ပါ။ ကျောပြင်လေး နောက်က ဆံပင်ရှည်တွေကို ရှေ့သို့ရောက်အောင် နှိုင်း ဆွဲယူလိုက်ကာ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပဲ အန်ကယ်ကြီးကို နှိုင်း ဆက်ပြောသည်။

"အဟွန်း၊ ဒေါ်သွန်းသီရိအကြောင်းကို သိမ်း သိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်၊ ဒါပေမဲ့ သမီး သူ့ကို ဂရုမစိုက်ပါဘူး။ ဂရုမစိုက်လို့ ဒီကုမ္ပဏီမှာ သမီး အလုပ်လာလျှောက်တာလေ အန်ကယ်ရဲ့"

"ဟင်"

ထိတ်လန့်ဖြူဖျော့စွာ နှိုင်းမျက်နှာကို အန်ကယ်ကြီး မော့ကြည့်သည်။

"နေ... နေပါဦး အနှိုင်းမဲ့၊ ဒီကုမ္ပဏီမှာ ဘယ်သူကမှ မော့မကြည့်ရဲအောင် ရှိသေလေးစားရတဲ့ ကုမ္ပဏီဥက္ကဋ္ဌ ဒေါ်သွန်းသီရိကို မင်းက ဂရုမစိုက်ဘူး။ အရမ်းလည်း နာကြည်းမုန်းတီးခဲ့တယ် ဆိုတော့ ပြောပါဦး။ မင်းလို ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ပုံစံကလေးနဲ့ ကုမ္ပဏီမှာ အလုပ်လာလျှောက်နေရတဲ့ ကောင်မလေးတစ်ယောက်က ဘာဖြစ်လို့ ဒေါ်သွန်းသီရိကို မုန်းခဲ့တာလဲ"

"သမီးတို့ မိသားစုလေးရဲ့ဘဝကို ဖျက်သွားလို့ မုန်းခဲ့တာပါ"

"ဘုရားရေ၊ ဒေါ်သွန်းသီရိက သမီးတို့မိသားစုလေးရဲ့ ဘဝကို ဖျက်သွားလို့ သမီးက မုန်းခဲ့တာ ဟုတ်လား။ ပြောပါဦး၊ အန်ကယ် နားလည်အောင် သမီး ရှင်းရှင်းလင်းလင်းပြောပါဦး၊ သူက သမီးတို့ မိသားစုလေးဘဝကို ဘယ်လိုဖျက်ခဲ့တာလဲ"

ဒီမေးခွန်းကိုတော့ နှိုင်း ရုတ်တရက်မဖြေနိုင်ပါ။ပြောရမည် ဆိုလျှင် အဖြစ်အပျက်တွေ၊ အကြောင်းအရာတွေက အများကြီး။ ဒါတွေကိုသာ နှိုင်း ပြောပြရလျှင် နှိုင်းရင်တစ်ခုလုံး ပွင့်ထွက်ခံစားသွားရမှာ သေချာသလောက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ကြီးကလည်း တည်တင်းသော နှိုင်းမျက်နှာကလေးကိုပဲ တစ်ချိန်လုံးငေးစိုက်ကြည့်နေသည်။ စားပွဲပေါ်က မျက်မှန်အထူကြီးကိုလည်း မျက်နှာမှာ အန်ကယ်ကြီး ပြန်ကောက်တပ်သည်။

ပြီးတော့ နဖူးပေါ်က ဆံပင်တွေကြားထဲ လက်ချောင်းတွေထိုးသွင်းကာ အန်ကယ်ကြီး ပြန်သပ်တင်နေ၏။

"ဖြေလေ အနှိုင်းမဲ့၊ မင်းကို အန်ကယ် မေးနေတယ်လေ"

"ဒါဆို ဒီဓာတ်ပုံကို အန်ကယ် မြင်ဖူးသလား။ ဒီဓာတ်ပုံထဲမှာပါတဲ့ မိသားစုလေးကို အန်ကယ် သိသလား"

နှိုင်း လွယ်ထားတဲ့ အိတ်ကလေးထဲကနေ ဓာတ်ပုံလေးတစ်ပုံကိုဆွဲထုတ်ကာ အန်ကယ်ကြီးရှေ့က စားပွဲပေါ်ကို နှိုင်း လှမ်းတင်ပေးလိုက်သည်။

"ပြစမ်းကွာ၊ ဘယ်ဓာတ်ပုံလဲ"

ဓာတ်ပုံလေးကို အန်ကယ်ကြီးက သွက်သွက်လေးကောက်ယူကြည့်၏။

"ဟာ... ဒါ... ဒါ ဟိုတုန်းက နာမည်အရမ်းကြီးခဲ့တဲ့ မိုးတိမ်နန်းတော်ကုမ္ပဏီပိုင်ရှင်ကြီး ဦးနိုင်သိခ်ရဲ့ မိသားစုဓာတ်ပုံပဲ၊ ဒါ မိုးတိမ်နန်းတော်ကုမ္ပဏီ ဖွင့်ပွဲနေ့က ကိုးနှစ်သမီးအရွယ်လောက်ပဲရှိသေးတဲ့ သူ့သမီးလေးက ကုမ္ပဏီကို ဖဲကြိုးဖြတ်ဖွင့်ပေးနေတဲ့ ဓာတ်ပုံလေ၊ အဲဒါ ဘာဖြစ်လို့လဲ၊ ကိုယ်နဲ့မဆိုင်ဘဲနဲ့ ဒီဓာတ်ပုံကို မင်းက ဘာဖြစ်လို့ ဒီမှာလာထုတ်ပြနေတာလဲ၊ ကဲ... အန်ကယ့်ကို မင်း ဖြေစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိုးနှစ်သမီးလေးက ကျွန်မပဲ အန်ကယ်"

"ဘာ"

မျက်မှန်ထူကြီးကို ဖျတ်ခနဲဆွဲချွတ်ကာ နှိုင်း မျက်နှာလေးကို အန်ကယ်ကြီးက အထိတ်တလန့်နဲ့ မော့ကြည့်လိုက်ရပြန်ပြီ။

"မင်း... မင်း မဟုတ်တာတွေ လာမပြောနဲ့နော်၊ အန္တိုင်းမဲ့၊ ငါကြားဖူး မြင်ဖူးခဲ့တဲ့ ဒီဓာတ်ပုံထဲမှာပါတဲ့ ကိုးနှစ်သမီးအရွယ် ကောင်မလေးဟာလည်း အခုလောက်ဆိုရင် သူ့အဖေ ချမ်းသာသလို သူလည်း အရမ်းချမ်းသာနေလောက်ပြီ၊ မင်း... မင်း မဟုတ်တာတွေ ဒီမှာလာမပြောနဲ့"

အန်ကယ်ကြီးက လက်မခံနိုင်စွာ ဘယ်လိုပဲ ခါးခါးသီးသီး ငြင်းငြင်း နှိုင်းကတော့ နှုတ်ခမ်းလေးတွန့်ကာ မဲ့ပြုံးလေး ပြုံးလို့ရယ် ပါပဲ။

"အန်ကယ်ရယ်၊ သမီး အခုပြနေတဲ့ဓာတ်ပုံကို အန်ကယ် သေသေချာချာကြည့်ပါဦး၊ ဒီဓာတ်ပုံနောက်မှာရှိတဲ့ ကုမ္ပဏီအဆောက် အအုံကြီးဟာ အန်ကယ်တို့ အခုဖွင့်ထားတဲ့ မဟာကုဋေကုဋာ စုပ်မားကက်နဲ့ ကုမ္ပဏီအဆောက်အအုံကြီးလေ အန်ကယ်ရဲ့ ဒေါ်သွန်း သီရိဟာ မေမေဆုံးသွားလို့ သမီးတစ်ယောက်အဖေ မုဆိုးဖိုအဖြစ်နဲ့ ကျန်ခဲ့တဲ့ ကုမ္ပဏီပိုင်ရှင် ဖေဖေ့ကို အတင်းရအောင်လက်ထပ်၊ ချမ်းသာသမျှ ဖေဖေ့ရဲ့ စည်းစိမ်ချမ်းသာတွေကို အပိုင်သိမ်းပြီးတော့ ဒီအဆင့်အထိရောက်အောင် သူ့ဘဝက တက်လာခဲ့တာလေ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ရယ်၊ သမီးက မဟုတ်တာတွေပြောပြီး အန်ကယ့်ကို လာလိမ်ပါ့မလား၊ အန်ကယ်က ဒီကုမ္ပဏီမှာ အလုပ်ဝင်နေပြီးတော့ ဒေါ်သွန်းသီရိအကြောင်းကို သေသေချာချာမသိသေးဘူး ထင်တယ်၊ အင်းပေါ့လေ၊ ဒေါ်သွန်းသီရိကလည်း မွတ်နေအောင် အရမ်းလည်တော့ ဖေဖေ့ဆီကရလိုက်တဲ့ မိုးတိမ်နန်းတော်ကုမ္ပဏီကို ဖျက်သိမ်းပြီး ဝန်ထမ်းအသစ်တွေနဲ့ မဟာကုဋေ ကုဋာကုမ္ပဏီလီမိတက်ကြီးကို ရှယ်ယာရှင်တွေနဲ့ အသစ်ဖွင့်ခဲ့တာကိုး"

"မင်းပြောနေတာ တကယ်နော် အန္တိုင်းမဲ့"

"ဟာ… သမီး တကယ်ပြောနေတာပါ အန်ကယ်ရဲ့"

"ဟုတ်မယ်၊ ဟုတ်မယ်၊ ငါ သတင်းသဲ့သဲ့ကြားတာလည်း အဲဒီအတိုင်းပဲ၊ ဒေါ်သွန်းသီရိဟာ သားတစ်ယောက်အမေဘဝမှာတောင် တင်းရင်းအိစက်နေအောင် အရမ်းလှခဲ့တယ်ဆိုလား၊ ဒါ… ဒါဆို မင်းက ဦးနိုင်သိခ်ရဲ့ တစ်ဦးတည်းသောသမီးလေးပေါ့၊ နေပါဦး၊ ဟိုတုန်းက အရမ်းချမ်းသာခဲ့တဲ့ မင်းက အခု ဘာဖြစ်လို့ ချို့ချို့တဲ့ထဲ့လေးဖြစ်ပြီး ဒုက္ခရောက်သွားရတာလဲ"

"ဒီလိုပါ အန်ကယ်"

အန်ကယ်ကြီးက ကရုဏာသက် အံ့ဩစွာ နှိုင်း မျက်နှာလေးကို ငေးကြည့်ပြီး အသက်ကို ခပ်ပြင်းပြင်းရှူသည်။ နှိုင်းက ကိုယ်စပြောရမယ့်စကားကို စဉ်းစားပြီးတော့မှ အန်ကယ်ကြီးနားလည်အောင် ရှင်းပြလိုက်၏။

"သမီးကိုးနှစ်သမီးအရွယ် မေမေ မခုံးခင်က ဒီကုမ္ပဏီကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ဖဲကြိုးလေးဖြတ်ပြီး ဖေဖေ မေမေတို့နဲ့အတူ ဖွင့်ခဲ့ပါတယ်၊ သမီးတို့မိသားစုလေးဟာ အရမ်းကိုပဲ ပျော်ရွှင် ချမ်းမြေ့ခဲ့သလို အပူအပင်ဆိုတာ ဘာမှမရှိတဲ့ဘဝနဲ့ နေလာခဲ့ကြတာပါ၊ ဒါပေမဲ့ ကံဆိုးချင်တော့ တစ်နေ့မှာ ကိုးနှစ်သားအရွယ် ကောင်လေးတစ်ယောက်ကို လက်ဆွဲပြီး ဒေါ်သွန်းသီရိဟာ ဖေဖေ့ ကုမ္ပဏီမှာ အလုပ်လာလျှောက်ခဲ့ပါတယ်။ သူအလုပ်လျှောက်တဲ့ နေရာက ဖေဖေ့ကုမ္ပဏီရဲ့ သန့်ရှင်းရေးအလုပ်သမား ဝန်ထမ်းနေရာပါ အန်ကယ်"

"ဘာ... ဘာပြောတယ်။ ဒီလောက် ကျိုကျိုတက်ချမ်းသာနေတဲ့ ဒေါ်သွန်းသီရိက သမီးဖေဖေရဲ့ ကုမ္ပဏီမှာ သန့်ရှင်းရေးဝန်ထမ်းအဖြစ်နဲ့ အလုပ်လုပ်ခဲ့တယ် ဟုတ်လား၊ ဘုရား၊ ဘုရား၊ အံ့ဩဖို့ကောင်းလိုက်တာ သမီးရယ်"

အန်ကယ်ကြီး ဘုရားတကကာ မျက်လုံးပြူးနေ၏။

"ပြောရမယ်ဆိုရင် သမီးမေမေရယ်၊ သမီးဖေဖေရယ်၊ ဒေါ်သွန်းသီရိရယ်က ကျောင်းနေဖက်သူငယ်ချင်း ပြိုင်ဘက်တွေပါ"

"ဩော်၊ ဩော်"

"ဒါပေမဲ့ ကျောင်းမှာ မေမေက ချမ်းသာပြီး သုံးနိုင်စွဲနိုင်ဝတ်နိုင်စားနိုင်သလောက် ဒေါ်သွန်းသီရိက ဆင်းရဲပါတယ်၊ ဘယ်လောက်ထိ ဒေါ်သွန်းသီရိ ဆင်းရဲခဲ့သလဲဆိုရင် ပွဲလမ်းသဘင်ရှိတဲ့နေရာတွေကိုသွားပြီး လျှာတစ်လစ်လေးတွေ ထုတ်ထုတ်ပြတဲ့ဓက္က။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလေးတွေကို လိုက်ရောင်းရတဲ့အထိ ဒေါ်သွန်းသီရိက ဆင်းရဲခဲ့တာပါ"

"အို… ကြည့်စမ်း"

"ဒါပေမဲ့ ဒေါ်သွန်းသီရိဟာ မေမေကို မနာလိုစိတ်နဲ့ အတင်းလိုက်ပြိုင်ခဲ့တယ်၊ ကျောင်းစာတော်တဲ့နေရာမှာ ပြိုင်သလို အားကစားမှာလည်း ပြိုင်ခဲ့တယ်၊ ဖေဖေ့အချစ်ကိုရဖို့လည်း နှစ်ယောက်စလုံး ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ဒေါ်သွန်းသီရိ ဘယ်လိုပဲပြိုင်ပြိုင် မေမေ့ကိုတော့ ဒေါ်သွန်းသီရိ မနိုင်ခဲ့ပါဘူး၊ နောက်တော့ ဖေဖေနဲ့ မေမေက လက်ထပ်ယူပြီး စီးပွားရေးလုပ်ငန်းတွေလုပ်နေတဲ့ အချိန်မှာ ဒေါ်သွန်းသီရိက ဆင်းရဲတဲ့လူတစ်ယောက်နောက်ကို လိုက်ပြေးသွားခဲ့တယ်၊

ဟော… သူတို့ ပြန်တွေ့ကြတော့ ဖေဖေနဲ့ မေမေက သမီးကိုမွေးပြီး ကုမ္ပဏီပိုင်ရှင်ကြီးတွေဖြစ်နေတဲ့အချိန်မှာ ဒေါ်သွန်းသီရိက သမီးနဲ့ရွယ်တူ သားတစ်ယောက်ကိုမွေးပြီး ယောကျ်ားဆုံးသွားလို့ ဆင်းရဲဒုက္ခရောက်နေပြီလေ၊ ဒါကို ဖေဖေက သနားပြီး ကုမ္ပဏီမှာ အလုပ်ပေးခေါ်ထားလိုက်တာ၊ မေမေ နှလုံးရောဂါနဲ့ဆုံးသွားတော့ ဖေဖေ့ကုမ္ပဏီမှာ အောက်ခြေသိမ်းသန့်ရှင်းရေးလုပ်ရတဲ့ ဒေါ်သွန်းသီရိက ဖေဖေ့ကို မာယာတွေအမျိုးမျိုး မြူဆွယ်ဖြားယောင်းမှုတွေအမျိုးမျိုးနဲ့ အတင်းအကျပ်ရအောင် လက်ထပ်ယူသွားလို့ သမီးတို့မိသားစုဘဝလေး ပျက်ခဲ့ရတာပါ"

နှိုင်းက ခံစားချက်အပြည့်ဖြင့် ပြောနေသလို အနိုကယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ခေါင်းတညိတ်ညိတ်လေး နားထောင်ပြီး မျက်တောင်မခတ်နိုင်အောင် အံ့ဩစုပ်သတ်လျက်။

"သမီးရယ်၊ ခုချိန်မှာ ဒီလောက်ကျိကျိတက်အောင်ချမ်းသာပြီး ဘယ်သူကမှ ပြိုင်လို့မရတဲ့ဘ၀နဲ့ မဟာကုမ္ပဏီကြီးကုမ္ပဏီလီမိတက်ကြီးကို ဦးဆောင်နေတဲ့ ဒေါ်သွန်းသီရိဟာ ငယ်ငယ်တုန်းက ပွဲဈေးလေးတွေမှာ လိုက်ပြီး လက်ထိုးစက္ကူရုပ်ကလေးတွေ လိုက်ရောင်းခဲ့ရတယ်ဆိုတော့ တော်တော်မယုံနိုင်စရာကောင်းတဲ့အဖြစ်အပျက်တွေပဲ၊ ဒီလိုမိန်းမတစ်ယောက်ကိုမှ သမီးဖေဖေက လက်ထပ်ယူလိုက်ရတယ်ဆိုတော့ သမီးတို့ဇာတ်လမ်းလေးက တော်တော်စိတ်ဝင်စားဖို့ကောင်းသွားပြီပေါ့၊ ကဲ … ပြောပါဦး၊ နောက်တော့ သူတို့ ဘာတွေဆက်ဖြစ်ခဲ့သလဲဆိုတာ…"

နှိုင်းက နဖူးလေးပေါ်ဝဲကျလာသည့် ဆံပင်လေးတွေကို သပ်တင်ပါသည်။

အန်ကယ်ကြီးက မျက်တောင်ကိုမခတ်နိုင်တော့ဘဲ နှိုင်းမျက်နှာလေးကိုပဲ ငေးကြည့်နေ၏။

ဒီအကြောင်းတွေ ဆက်ပြောလျှင် နှိုင်း မျက်ရည်ကျရတော့ မည်။

"ဖေဖေနဲ့ ဒေါ်သွန်းသီရိ လက်ထပ်ယူပြီး အိမ်ပေါ်ကို ဒေါ်သွန်းသီရိ တက်လာတဲ့အချိန်မှာ သမီးက မကျေနပ်လို့ ဝင်ပြောတော့ ဒေါ်သွန်းသီရိက သမီးကို ရိုက်တယ်လေ အန်ကယ်၊ ပြီးတော့ အပေါ်ထပ် ဘုရားခန်းလေးရှေ့မှာ သူက သမီးကို ဆံပင်ဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်တွန်းလို့ သမီးတစ်ယောက်တည်း ငိုခဲ့ရပါတယ် အန်ကယ်ရယ်''

''အို... သမီးလေးရယ်၊ သမီးလေးပြောတာကိုကြားရတာ အန်ကယ် စိတ်မကောင်းလိုက်တာ၊ ဒါဆို ဒေါ်သွန်းသီရိကို သမီးဖေဖေက ရအောင်လက်ထပ်ယူလိုက်တာ သမီးမေမေကို ပြိုင်ဘက်ဘဝက မုန်းခဲ့တဲ့အငြိုးနဲ့ ရအောင်လက်ထပ်ယူခဲ့တာပေါ့၊ ဒီအငြိုးနဲ့ သမီးကို နှိပ်စက်ခဲ့တာပေါ့''

နှိုင်း ပြောရင်း မျက်ဝန်းလေးထဲမှာ မျက်ရည်လေးတွေ ဝေ့တက်လာရပြီ။

အန်ကယ်ကြီး မမြင်အောင်လည်း နှိုင်းက မျက်နှာလေးကို ငုံ့ချပစ်မိသည်။

သည်လို ငုံ့ချပစ်လိုက်စဉ်မှာ မမျှော်လင့်ဘဲ အင့်ခနဲရှိုက်သံလေး နှိုင်းဆီက ထွက်လာတော့ အန်ကယ်ကြီးမျက်နှာ ကွက်ခနဲပျက်ကာ လက်ကလေးကို ပျာပျာသလဲကာလျက်–

''ဟာ... မငိုနဲ့လေ သမီး၊ သမီး မငိုနဲ့လေ၊ ဒေါ်သွန်းသီရိနဲ့ ပတ်သက်ပြီး သမီးရင်ထဲမှာ ခံစားနေရတာတွေကို အန်ကယ်ကြီး သိအောင် အမှန်အတိုင်းပြောပြ၊ ဟုတ်ပြီလား။ အန်ကယ် နားထောင်မယ်၊

ဒါမှ ဒေါ်သွန်းသီရိကို သမီးဘယ်လောက်ထိမုန်းခဲ့ နာခဲ့သည် ခဲ့တယ်ဆိုတာ အန်ကယ် သိမယ်''

''အဟင့် သမီး နားလည်ပါတယ် အန်ကယ်''



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကို ငုံ့ချထားလျက် မျက်ရည်လေးတွေကို နှိုင်းသုတ်ပါသည်။

"အိမ်ပေါ်ကိုရောက်လာတဲ့ ဒေါ်သွန်းသီရိက သမီးကို ဘယ်လောက်ထိနှိပ်စက်ခဲ့သလဲဆိုရင် သမီးရဲ့မျက်နှာလေးဟာ သူ့အရမ်းမုန်းတဲ့ သမီးမေမေ ဒေါ်မြသွေးချယ်နဲ့ တူတယ်ဆိုပြီး အပြစ်မရှိ အပြစ်ရှာပြီး သမီးကို ရိုက်ပါတယ်၊ ဖေဖေ ကုမ္ပဏီကို ထွက်သွားတာနဲ့ သမီးကို ထိုင်ထလုပ်ခိုင်းပါတယ်"

"အိုကွယ်"

အန်ကယ်ကြီးက မငိုနဲ့ပြောပေမယ့် တစ်ပေါက်ပြီးတစ်ပေါက်ကျလာရသည့်မျက်ရည်စက်ကလေးတွေကိုတော့ နှိုင်း ဘယ်လိုမှမထိန်းနိုင်တော့ပါ။

"ထမင်း... ထမင်းစားရင်လည်း မေမေရှိတုန်းက စားခဲ့ရတဲ့ ဆုံလည်ထမင်းစားပွဲကြီးပေါ်မှာ မစားရတော့ဘဲ နောက်ဖေးမီးဖိုခန်းကလေးထဲမှာ ဟင်းကလေးတွေပုံပေးပြီး စားခိုင်းလို့ သူ့ကိုကြောက်ကြောက်နဲ့ပဲ ငုတ်တုတ်လေးထိုင်ပြီး သမီးတစ်ယောက်တည်းစားခဲ့ရပါတယ် အန်ကယ်ရယ်၊ အဟင့်... ဟင့်"

"အို... သမီးလေးရယ်၊ ဒါဆို သမီးလေးကို ဒေါ်သွန်းသီရိက တော်တော်ရက်စက်ခဲ့တာပေါ့၊ နောက်တော့... နောက်တော့ သမီးတို့အိမ်မှာ ဘာတွေဖြစ်ခဲ့သလဲဟင်"

"နောက်မကြာခင်တစ်ရက်မှာတော့ သမီးကို နှိပ်စက်တဲ့ဒါတွေ ဖေဖေ သိသွားပြီး ကုမ္ပဏီကနေ ကားနဲ့အပြန်မှာ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဒေါ်သွန်းသီရိ ကားပေါ်မှာ တစ်ယောက်တစ်ခွန်း စကားများကြပ် တယ်၊ အရက်မူးနေတဲ့ ဖေဖေက ဘာကိုမှမသိတော့ဘဲ ကားကို ဒေါသဖြစ်ဖြစ်နဲ့မောင်းရင်း လမ်းဘေးခာတ်တိုင်ကို ဝင်တိုက်မိသွား ပါတယ်''

"အို... အဲဒီလို တိုက်မိတော့ ဦးနိုင်သိခ်ဟာ ဘာဖြစ်သွား လဲဟင်၊ သူသေသွားလား''

"ဟင့်အင်း အန်ကယ်၊ မသေပါဘူး၊ ဒါပေမဲ့...''

"ပြောလေ သမီး၊ မသေဘူးဆိုရင် သူ ဘာဖြစ်သွားသလဲ''

"ခေါင်းကိုထိပြီး သတိပြန်လာတဲ့အချိန်မှာ အရူးကြီး တစ်ယောက်လို ဖေဖေဖြစ်သွားပါတယ်၊ ကိုယ်အောက်ပိုင်းသေပြီး တော့လည်း Wheel Chair လေးပေါ်ကို ဖေဖေ ရောက်သွားပါတယ်''

"အို... သမီးလေးရယ်''

"နောက်တော့ ကိုယ်အောက်ပိုင်းတစ်ခြမ်းသေပြီး ဦးနှောက် မမှန်တော့သလိုဖြစ်သွားတဲ့ ဖေဖေ့ဆီကနေ ဘဏ်ငွေစာရင်းစာအုပ် တွေ ကုမ္ပဏီလုပ်ငန်းထဲမှာ လည်ပတ်နေတဲ့ငွေတွေ ပိုင်ဆိုင်မှုတွေ အားလုံး ဒေါ်သွန်းသီရိက သူ့နာမည်တွေနဲ့ လွှဲယူလိုက်ပါတယ်၊ ဖေဖေကလည်း အသက်ဆယ့်နှစ်နှစ်ပဲရှိသေးတဲ့ သမီးကို သူ့သမီး လို့တောင် မမှတ်မိတော့ပါဘူး''

"အို... အဲဒီတုန်းက သမီးအသက်က ဆယ့်နှစ်နှစ်ပဲရှိသေး တယ်၊ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



ချွတ်ထားသည့် ပါဝါမျက်မှန်ထူကြီးကို အန်ကယ်ကြီး ပြန်တပ်လိုက်ရပြန်ပြီ။

"အဟင့်... ဟုတ်ပါတယ် အန်ကယ်၊ အဲဒီတုန်းက သမီး အသက်က ဆယ့်နှစ်နှစ်ပါ၊ ဖေဖေ ကျန်းမာရေးမကောင်းဖြစ်ပြီး အိပ်ရာထဲလဲသွားတော့ ကျောင်းတက်ရင်လည်း မျက်ရည်ဝဲဝဲလေးနဲ့ ဘတ်စ်ကားလေးကို တိုးစီးပြီး သမီး ကျောင်းတက်ခဲ့ရပါတယ်။ အဝတ်အစားအသစ်တွေကိုလည်း ဒေါ်သွန်းသီရိက ဝယ်မပေးတော့ ဂါဝန်အပြဲလေးတွေကို အပ်ကလေးနဲ့ချုပ်ပြီး သမီး ပြန်ဝတ်ရပါတယ်၊ ညအိပ်တော့လည်း ခြံထဲက ဂိုဒေါင်အပျက်ကလေးထဲမှာ သမီးတစ်ယောက်တည်း အိပ်ရမယ်ဆိုလို့ အဟင့်... ဟင့်... ဟင့်"

"ဒေါ်... ဒေါ်သွန်းသီရိ တော်တော်ရက်စက်တာပဲ၊ ကဲ... ဆက်ပြောပါဦး၊ ဆက်ပြောပါဦး၊ နောက် အဲလိုနေရင်းနဲ့ သမီးတို့ ဘာတွေဆက်ဖြစ်ခဲ့ကြသလဲ"

"နောက်တော့ မေမေရှိတုန်းက ခန့်ထားတဲ့ ထမင်းချက် အဝတ်လျှော်တွေ မေမေရဲ့ သစ္စာရှိလူယုံအလုပ်သမားတွေအားလုံးကို အလုပ်ကထုတ်ပစ်ပြီး အရမ်းနှိပ်စက်၊ အရမ်းစရိုက်ကြမ်းတဲ့ ဆိုးဆိုးအိမ်ဖော်မိန်းမကြီးတွေကို ဒေါ်သွန်းသီရိက ခန့်လိုက်ပါတယ်၊ သူတို့ကလည်း ဒေါ်သွန်းသီရိ အမိန့်တစ်ခုတည်းကိုပဲ နာခံပြီး သမီးကို ဗိုင်းနှိပ်စက်ကြလို့ အဲဒီတိုက်ကြီးထဲမှာ သမီး မနေရဲတော့ဘဲ နေမကောင်းဖြစ်နေတဲ့ စိတ္တဇဝေဒနာသည် ဖေဖေ့ကိုထားခဲ့ပြီး သမီး ထွက်ပြေးခဲ့ရပါတယ် အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို… အဲဒီလို ကြောက်ပြီးထွက်ပြေးတော့ သမီး ဘယ
ကိုရောက်သွားသလဲဟင်"

"မနက်ဝေလီဝေလင်းအချိန်မှာ မြောက်ဥက္ကလာအပိုင်းထဲ
နားက လမ်းဘေးပလက်ဖောင်းလေးပေါ်ကို ရောက်သွားပြီး လမ်
ဘေးမှာ တရှုပ်ရှုပ်လေး ထိုင်ငိုနေတာတွေ့လို့ ကုန်စိမ်းသည်မကြ
ဒေါ်ရွှေရွက်က သမီးကို ခေါ်သွားခဲ့တာပါ"

"အို… အဲဒီလိုခေါ်သွားတော့ သမီး ဘယ်ကိုရောက်သွ
သလဲဟင်"

"ရေဝေးသင်္ချိုင်းကိုသွားတဲ့ လမ်းဘေးက ရပ်ကွက်ဝေ
တစ်ခုထဲကို သမီး ရောက်သွားပါတယ်၊ သူက သူ့ကလေးဒေ
တစ်ပုံကြီးကိုလည်း သမီးကို ထိန်းခိုင်းပါတယ်၊ အဝတ်တွေလည်
လျှော်ခိုင်းပါတယ်၊ အဟင့်… ထမင်းတွေ ဟင်းတွေကိုပါ မချ
တတ်ချက်တတ်လေးနဲ့ သမီး ချက်ခဲ့ရပါတယ် အန်ကယ်ရယ်၊ အဲ
ထမင်းအိုးပျော့သွားရင်လည်း ဒေါ်ရွှေရွက်က သမီးကို ရိုက်တံယ
ထမင်းအိုးတူးသွားရင်လည်း သမီးငယ်ထိပ်ကို ဒေါက်ခနဲ ဒေါက်ခ
နေအောင် ခေါက်တယ်"

"ကြည့်စမ်း"

အန်ကယ်ကြီးဖြစ်နေတာ ပင့်သက်ပဲ ရှိုက်ရတော့မလာ
ဒေါသပဲ ဖြစ်ရတော့မလား။

"အဲဒါလေ အဲဒီလောက်ခိုင်းတာတောင် သမီး အိပ်ရဝေ
စောင်မပါ၊ ခေါင်းအုံးမပါဘဲ လက်ကလေးကို ခေါင်းချပြီး နောက်ဖေ



www.burmeseclassic.com

www.burmeseclassic.com



ခံ့ပိုချောင် ကြမ်းပြင်လေးပေါ်မှာ ညတိုင်း သမီးတစ်ယောက်တည်း အရမ်းကြောက်ပြီး အိပ်ခဲ့ရပါတယ် အန်ကယ်ရယ်''

''ဖြစ်မှဖြစ်ရလေကွာ၊ ဒီလောက်ချမ်းသာတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးကြီး ဦးနိုင်သိခ်ရဲ့ တစ်ဦးတည်းသော သမီးလေး ဒီလိုဘဝမျိုး ကြုံလိုက်ရတာ ဒေါ်သွန်းသီရိ ရက်စက်ခဲ့လို့ဆိုတာ သေချာနေပြီပေါ့''

အန်ကယ်ကြီး မျက်မှန်ကို နောက်တစ်ကြိမ်ချွတ်ပြန်သည်။

''ဝတ်ရတော့လည်း ဒေါ်ရွှေရွက်ဝယ်ပေးတဲ့ တစ်ပတ်နွမ်း အဟောင်းအကျဆိုင်က အင်္ကျီအဟောင်း၊ ထဘီအဟောင်းလေးတွေ ကိုပဲ သမီး ဝတ်ခဲ့ရတာလေ၊ ဖေဖေနဲ့ မေမေကို သတိရပြီး ညတိုင်း သည်း နောက်ဖေးရေတိုင်ကီလေးနားမှာ သမီး ထိုင်ငိုခဲ့ရတယ်၊ ညအိပ်ရင်လည်း ဖေဖေ နေကောင်းပြီး သမီးလေးရှိနေတာကို ပြန် သတိရလာပါစေဆိုပြီး ဆုတောင်းပြီးမှ သမီး အိပ်တယ်၊ နောက် တော့ သူ့အိမ်ကအလုပ်တွေ ခိုင်းရတာ အားမရတော့ဘဲ ရေဝေးသွား တဲ့ ကားလမ်းမကြီးဘေးက ကြံရည်ရောင်းတဲ့ ဆိုင်ကလေးမှာ သမီး ကို အလုပ်သွင်းပေးလိုက်လို့ တစ်နေ့နှစ်ရာနဲ့ သမီးလက်မောင်းလေး တွေ ပြုတ်ကျမတတ်ဖြစ်အောင် ကြံရည်ကြိတ်စက်ကလေးကို သမီး တစ်နေကုန်လှည့်ခဲ့ရပါတယ် အန်ကယ်ရယ်၊ တစ်နေ့မှာတော့လေ မျှော်လင့်ဘဲ အဟင့်... အဟင့်''

''အဲ... သမီးလေး ငိုရပြန်ပြီ သမီးလေးရယ်၊ ဆက်ပြော ဦး တစ်နေ့မှာ မမျှော်လင့်ဘဲ သမီးလေး ဘာတွေဖြစ်ခဲ့သလဲ''

''သမီး... သမီးရောင်းတဲ့ ကြံရည်ဆိုင်လေးရှေ့လမ်းက



www.burmeseclassic.com

www.burmeseclassic.com



နေ အသုဘပို့တဲ့ကားတန်းကြီးတစ်ခု ဖြစ်သွားတယ်လေ၊ ကားတေ
မှာရေးထားတဲ့ စာတန်းတွေကို သမီး အမှတ်တမဲ့ဖတ်ကြည့်လိုက်
မိတော့ ဦးနိုင်သိမ်း အသက်သုံးဆယ့်ခြောက်နှစ် မန်းနေးဂျင်
ဒါရိုက်တာ မိုးတိမ်နန်းတော်ကုမ္ပဏီလို့ ရေးထားတာ တွေ့လိုက်ရတာ
လေ အန်ကယ်ရဲ့၊ အဟင့်''

''အို… ကြည့်စမ်း၊ တိုက်တိုက်ဆိုင်ဆိုင်''

''အဲဒါနဲ့ပဲ ဖေဖေ ဆုံးတာကိုသိပြီး ကြိုတ်လက်စ ကြိုးချည်
ကြိုတ်စက်လေးကို ရပ်ထားခဲ့ပြီး အသုဘပို့ကားတန်းကြီးနောက်
ကို ဆံပင်စုတ်ဖွားလေးနဲ့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျပြီ
အရူးမလေးတစ်ယောက်လို သမီး ပြေးလိုက်ခဲ့ရပါတယ်၊ ရေဝေး
သင်္ချိုင်းကို သမီးရောက်သွားတော့ သူတို့က ဖေဖေ့ရုပ်အလောင်းက
တောင် မီးသဂြိုဟ်စက်ထဲကို ထည့်ကြတော့မှာလေ၊ ဒါကို လူအု
ကြားထဲကနေ အတင်းတိုးဝှေ့ဝင်ပြီး ဖေဖေ့ရုပ်အလောင်းကို သမီ
သွားကြည့်တော့ ဒေါ်သွန်းသီရိရဲ့ မန်နေဂျာတွေ ကုမ္ပဏီဝန်ထမ်
တွေက ဘယ်ကဆင်းရဲသား စုတ်ပြတ်သတ်နေတဲ့ ကောင်မလေးက
လာကြည့်နေတာလဲဆိုပြီး မောင်းထုတ်ဆွဲထုတ်ကြလို့ ဖေဖေ
အလောင်းကိုတောင် မမြင်လိုက်ရဘဲ ဘယ်သူမှမသိအောင် တို
ကလေးနဲ့ကွယ်ပြီး သမီး ငိုခဲ့ရပါတယ် အန်ကယ်ရယ်''

''အန်… အန်ကယ်ကြားရတာ စိတ်မကောင်းလိုက်တာ
သမီးရယ်''

''အခုတော့ သမီးအသက်နှစ်ဆယ်ကျော်ခဲ့ပါပြီ အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com



အိမ့်ထောင်ပျက် ကလေးတစ်ယောက်အမေဘဝနဲ့ ဒီကုမ္ပဏီကြီးထဲကို သမီး ပြန်လာခဲ့တာဟာ ဒေါ်သွန်းသီရိကို ပြန်ရင်ဆိုင်ပြီး သူ့ဆီက သမီးရမယ့်အကြွေးကို ပြန်တောင်းချင်လို့ ပြန်လာခဲ့တာပါ"

မျက်တောင်တွေကို တဖျတ်ဖျတ်ပုတ်လျက် မျက်နှာလေးကို နှိုင်း ပြန်မော့သည်။

အန်ကယ်ကြီးက နှိုင်းမျက်နှာလေးကိုကြည့်ကာ ခေါင်းကို ခါနေ၏။

နှိုင်းဆန္ဒတွေကို လိုလားနှစ်သက်ဟန်မရှိဘဲ မျက်ခုံးတန်းနှစ်ခုကို မညီမညာကွေးပစ်လိုက်ကာ နှိုင်းကို ကန့်ကွက်သည်။

"မလုပ်ပါနဲ့၊ ကလေးတစ်ယောက်အမေဘဝကို ရောက်နေမှ မင်း ဘယ်လိုလုပ် ဒေါ်သွန်းသီရိကို ပြိုင်လို့နိုင်ပါတော့မလဲ"

"အို... သူကလည်း ကလေးတစ်ယောက်အမေဘဝနဲ့ ဖေဖေ့ကို မရရအောင် လက်ထပ်ယူပြီး သမီးဘဝကို ဖျက်သွားခဲ့တာလေ"

ဒါကိုလည်း အန်ကယ်ကြီးက လက်ခံချင်ပုံမရ။

"မင်းလိုချင်တဲ့အကြွေးကို ဒေါ်သွန်းသီရိဆီကနေ ပြန်တောင်းဖို့ မင်း ဘယ်လိုပုံစံမျိုးနဲ့ ပြန်ရောက်လာလာ ဒါဟာ မဖြစ်နိုင်သို့ မင်းကို အန်ကယ် တားနေတာ၊ ဒေါ်သွန်းသီရိကို ပြိုင်ရင် မင်းရှုံးသွားလိမ့်မယ်၊ ဒေါ်သွန်းသီရိက အသက်ငါးဆယ်အရွယ်နား ကပ်လာတာတောင် တစ်စက်မှအရွယ်မကျသေးဘဲ ခုထိ အိုလိုက် ဘင်းကြွနေအောင်လုပ်နေတာ၊ ဟန်ဆောင်လျှို့ဝှက်ပြီးတော့ ဒီကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



ထဲကို မင်းရောက်လာပေမယ့် မင်းဆိုတာ သူသိသွားတာနဲ့ အငြိုးကြီးကြီးနဲ့ ထပ်ပြီးတော့ မင်းကို သူ နှိပ်စက်လိမ့်မယ်"

"အဟင့်… အဲဒါကိုလည်း သမီး ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ အန်ကယ်၊ သူ ဘယ်လိုပဲ သမီးကို နှိပ်စက်ပါစေ သူ ဘယ်လိုပဲ သမီးကို အနိုင်ကျင့်ပါစေ ကြုံလာရသမျှဒုက္ခတွေကို ခါးစည်းပြီးတော့ မာယာတွေ မျက်ရည်တွေနဲ့ တံတားထိုးပြီး ဒေါ်သွန်းသီရိရှေ့ကိုရောက်အောင် သမီးသွားမယ်"

"အဟင်း… ကောင်းပြီလေ အနှိုင်းမဲ့၊ တားလို့မရရင်လည်း အန်ကယ် မင်းကို မတားတော့ပါဘူး၊ နောက်ဆုံးအနေနဲ့ အန်ကယ် တစ်ခုပဲ မင်းကို မေးချင်တာက မင်းကိုယ်တိုင် အသက်ကိုးနှစ်သမီးအရွယ်က ဖဲကြိုးလေးဖြတ်ပြီးဖွင့်ပေးခဲ့တဲ့ ဟောဒီ ကုမ္ပဏီအဆောက်အအုံကြီးထဲမှာ ဒေါ်သွန်းသီရိကို အမုန်းတွေ၊ နာကြည်းချက်တွေနဲ့ ပြန်ရင်ဆိုင်ဖို့ မင်းက အလုပ်လာလျှောက်တာဆိုတော့ ဘယ်လိုရာထူးနေရာမျိုးမှာ မင်းက အလုပ်လျှောက်ချင်တာလဲ၊ မန်နေဂျာလား စာရင်းကိုင်လား၊ ကွန်ပျူတာလား၊ Super Market ကြီးထဲက အရောင်းစာရေးမလေးလား"

"မဟုတ်ပါဘူး အန်ကယ်၊ ကုမ္ပဏီ Super Market ကြီးတစ်ခုလုံးကို ဖုန်သုတ်၊ ကြမ်းတိုက်၊ တံမြက်စည်းလှည်း၊ သန့်ရှင်းရေးလုပ်ပေးရတဲ့ အောက်ခြေဝန်ထမ်း အနှိုင်းမဲ့အဖြစ်နဲ့ပါ"

"ဘုရားရေ… ဒီလောက်ဖြူစင်ဝင်းနှစ်ပြီး ကလေးတစ်ယောက်အမေပါလို့ပြောရင်တောင် ဘယ်သူမှ လက်ခံနိုင်မှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သမီးရဲ့ မျက်နှာထားကလေးနဲ့ ဒီလိုအလုပ်မျိုးကို သမီးဝင်လုပ်မယ် ဟုတ်လား"

"ဒေါ်သွန်းသီရိကိုအရမ်းမုန်းလို့ သမီးဝင်လုပ်မှာပါ အန်ကယ်"

အန်ကယ်ကြီးက အံ့သြပြီး ဘုရားတလိုက်သလို နှိုင်းက လည်း အေးစက်တည်တင်းသောမျက်ဝန်းကလေးတွေနဲ့ အန်ကယ်ကြီးမျက်နှာကို နာကျင်စွာ နောက်တစ်ကြိမ် ထပ်မော့ကြည့်ပါသည်။

"ဟုတ်ပါတယ် အန်ကယ်၊ အန်ကယ် သိခဲ့တဲ့အတိုင်း ဒေါ်သွန်းသီရိမှာ ပထမယောကျ်ားနဲ့ရခဲ့တဲ့ သမီးနဲ့ သက်တူရွယ်တူ ခိုင်ခွင်ညီဆိုတဲ့သားတစ်ယောက် ရှိတယ်လေ၊ အဲဒီ သားကို ဘယ်လို မိန်းကလေးမျိုးနဲ့မှ သဘောမတူနိုင်အောင် ဒေါ်သွန်းသီရိက သိပ်ချစ်သတဲ့၊ ဒါကို ကလေးတစ်ယောက်အမေ သမီးက သူ့သားကို ရအောင်လက်ထပ်ပြီး ဒေါ်သွန်းသီရိကို လက်စားပြန်ချေမယ်လေ"

"ဘာ... ဘာပြောတယ် အနှိုင်းမဲ့"

အန်ကယ်ကြီး ဝုန်းခနဲ ထရပ်လိုက်ပြန်ပြီ။

"မင်းလို ကုမ္ပဏီနဲ့ Super Market ကြီးတစ်ခုလုံးကို ဒုန်သုတ် အမှိုက်လှည်း သန့်ရှင်းရေးလုပ်ရတဲ့ ကလေးတစ်ယောက် အမေ အနိမ့်ဆုံးဝန်ထမ်းမလေးတစ်ယောက်က ကုမ္ပဏီဉက္ကဋ္ဌ ဒေါ်သွန်း သီရိရဲ့ တစ်ဦးတည်းသောသား ကုမ္ပဏီရဲ့ အမှုဆောင်ဒါရိုက်တာ ခိုင်ခွင်ညီကို မင်းက မရရအောင်လက်ထပ်ပြီး လက်စားချေမယ် ဟုတ်လား၊ ဘုရား... ဘုရား... မလုပ်ပါနဲ့၊ ဒီလို မိန်းကလေး တစ်ယောက်ကို အလုပ်ခန့်ရင် ငါပါ အလုပ်ပြုတ်သွားလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ရော့၊ ရော့၊ မင်း လျှောက်လွှာလေးကို မင်းပဲပြန်ယူသွားလိုက်ပါ အနှိုင်းမဲ့''

''ဟာ... သမီး လက်မခံနိုင်ဘူးနော် အန်ကယ်''

နှိုင်း ခေါင်းကလေးကို ခါပြီးတော့ ငြင်းသည်။

''မင်း ရှုံးသွားမှာစိုးလို့ အန်ကယ် မင်းကို ပြောနေတာကွ ပြီးတော့ မင်းလက်ထပ်ယူပြီး လက်စားချေချင်တဲ့ ကုမ္ပဏီအမှုဆောင် ဒါရိုက်တာ ရင်ခွင်ညီဆိုတာ မျက်ခုံးတန်းလေးနှစ်ဖက်ကအစ စိုစိမ်း တင်းရင်းနေအောင် အရမ်းချောတာ၊ မင်းလို ကလေးတစ်ယောက် အမေ မပြောနဲ့၊ အရမ်းလှ အရမ်းမိုက်တဲ့ ကောင်မလေးတွေကို တောင် ရင်ခွင်ညီက စိတ်မဝင်စားတာ''

''သမီး ဒေါ်သွန်းသီရိကို အရမ်းမုန်းလို့ပါ အန်ကယ်''

''မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ မင်း ကြံစည်နေတာတွေ လုံးဝမဖြစ်နိုင်ဘူး အနှိုင်းမဲ့''

အန်ကယ်ကြီးကလည်း မျက်လုံးကြီးပြူးကာ နှိုင်းကို ပြန် အော်နေ၏။

''မရဘူး အန်ကယ်၊ သမီး သူ့ကို အရမ်းမုန်းတယ် ဒေါ်သွန်းသီရိကို သမီး အရမ်းမုန်းလို့ပါ အန်ကယ်ရဲ့၊ သမီး လျှောက် လွှာလေးကို လက်ခံပေးပါနော် အန်ကယ်၊ ဒီကုမ္ပဏီနဲ့ Super Market ကြီးမှာ သမီး အလုပ်ဆင်းပါရစေနော်''

''အဟင့်... ဟင့်... ဟင့်''

မျက်ရည်လည်ရွဲလေးနဲ့လည်း ရင်နင့်စွာ နှိုင်းက ငိုချခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အနက်ကယ်ပြောနေတယ်နော် အနှိုင်းမဲ့ ဟော... ဟိုမှာ ပြောရင်းဆိုရင်း မြန်မာဆန်ဆန် ဝမ်းဆက်ကလေးနဲ့ ဒေါ်သွန်းသီရိ မှင်းဆီလျှောက်လာနေပြီ၊ မင်းကို သူ ဒီကုမ္ပဏီထဲကနေ မောင်းထုတ်တော့မယ်၊ မင်း သွားတော့ အနှိုင်းမဲ့၊ မင်း ထွက်ပြေးတော့"

"အို... နှိုင်း ဘာလို့ထွက်ပြေးရမှာလဲ၊ သူလာတာနဲ့ သူ့ကို အရမ်းမုန်းတယ်လို့ ဒီကုမ္ပဏီထဲက လူတွေအားလုံးကြားအောင် နှိုင်း အော်မယ်၊ သမီးကို ဘဝဖျက်ခဲ့တဲ့မိန်းမ၊ ကားစီယာတိုင်ကို အတင်းဆွဲလှည့်ပြီး ဖေဖေ့ကို အသေသတ်ဖို့ကြိုးစားခဲ့တဲ့ မိန်းမ၊ မုန်းတယ်၊ မုန်းတယ်၊ ရှင်ကြီးကို ကျွန်မ အရမ်းမုန်းတယ် ဒေါ်သွန်းသီရိရဲ့"

"အရမ်းမုန်းတယ်"

"အရမ်းမုန်းတယ်"

"အို... အို"

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

# ခရမ်းပြာမာယာတံတား
# အပိုင်း (တစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်)

"အဟင့်"

"မုန်းတယ်၊ ရှင်ကြီးကို ကျွန်မ အရမ်းမုန်းတယ်"

"ရှင် ကျွန်မအနားကို မလာပါနဲ့"

"အဟင့်... ဟင့်... ဟင့်"

"အဟင့်... ဟင့်... ဟင့်"

"အို... နှိုင်းရယ်၊ Super Market ကြီးထဲမှာ ဖုန်တိုက်သန့်ရှင်းရေးလေး တစ်ခါပဲလုပ်ရသေးတယ်၊ မောမောနဲ့ အိပ်ပျော်သွားပြီး ယောင်နေလိုက်တာ၊ နှိုင်း၊ နှိုင်း ထတော့လေ၊ နေ့လယ်ပိုင်းထမင်းစားနားချိန်ပြီးရင် အလုပ်ပြန်ဆင်းရတော့မယ်ကွ"

"ဟင်"

နုးညံ့ အတင်းပခုံးလေးကို လှုပ်နှိုးတော့မှ အိပ်မက်မက်နေရာမှ နှိုင်း ကတုန်ကယင်လေး ပြန်နိုးလာသည်။ ကြည့်ပါဦး။ နှိုင်း အိပ်မက်မက်ပြီး ယောင်နေတာပဲ။ အိပ်မက်ထဲမှာ ဒေါ်သွန်းသီရိကို မုန်းတယ် မုန်းတယ့်လို့ နှိုင်း အော်လိုက်မိပြီထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်းရယ်၊ မင်း ဘာတွေများ အိပ်မက်မက်ပြီး မုန်းတယ် မုန်းတယ်လို့ အော်နေရတာလဲဟင်"

"အို... နှိုင်း ယောင်နေတယ် ဟုတ်လား"

နှုးညှံ့က တံမြက်စည်းတံတွေကိုင်ကာ နှိုင်းဘက်ကို လှည့် ကြည့်ရင်း ပြုံးပြသည်။

"ဟုတ်တယ်လေ နှိုင်း၊ မင်းအိပ်မက်တွေမက်ပြီး ကယောင် ကတမ်းလေးတွေ အော်နေလို့ မင်းကို နှုးညှံ့ တမင်နှိုးလိုက်တာ ဟိုမှာ သန့်ရှင်းရေးဌာနက တာဝန်ခံ ဒေါ်မဥ္ဇူကလည်း နှုးညှံ့တို့ အဖွဲ့ကို အလုပ်ပြန်ဆင်းဖို့ အော်နေပြီ၊ အပေါ်ဆုံးထပ်က ကုမ္ပဏီ ဥက္ကဋ္ဌအခန်းနဲ့ အစည်းအဝေးခန်းမကြီးကို သန့်ရှင်းရေးလုပ်ဖို့ အခု သွားရတော့မယ်၊ မင်းဆံပင်လေးတွေ ပြင်လိုက်ပါဦး"

"အို... ဟုတ်ပါရဲ့"

နှုးညှံ့ပြောမှ ဖရိုဖရဲလေးဖြစ်ချင်နေသည့် ဆံပင်ရှည်တွေကို နှိုင်းက သတိထားမိသည်။ ဆံပင်တွေက တံကောက်ခွက်လေးဖုံ အောင် ရှည်ကျနေတာမို့ ဒါတွေကို သပ်ရပ်သွားအောင် ညှပ်ကလစ် လေးနဲ့ အမြဲပြန်စည်းနေရတာက အလုပ်တစ်လုပ်။

နှိုင်းကတော့ သိပါသည်။

အပြင်မှာ ဘယ်သူ့ကိုမှ ပြောပြ၍ မဖြစ်နိုင်သည့် စကားတွေ ကို အင်တာဗျူးဖြေသည့်နေ့က တွေ့ခဲ့သည့် ပါဝါမျက်မှန်ကြီးနဲ့ အန်ကယ်ကြီးကို အိပ်မက်ထဲမှာ နှိုင်း ရင်ဖွင့်နေမိတာလေ၊ တကယ် ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ တကယ်ပြောပြနေခဲ့တဲ့အတိုင်းပဲ။

"နူးညံ့ သူက ဘယ်သူလဲဟင်"

နားနေခန်းထဲဝင်လာသည့် အရပ်ပုပုလေးနှင့် ချစ်စဖွယ် မျက်နှာလေးကို ပိုင်ထားသော သီကျူးဆိုသော ကောင်မလေးက နှင်းကိုကြည့်ရင်း နူးညံ့ကို လှမ်းမေးသည်။

"ဟင်… သီကျူးက နှင်းကို မသိသေးဘူးလား၊ ဒါ ဒီနေ့ မနက်ကမှ ကုမ္ပဏီသန့်ရှင်းရေးအကူဌာနကိုဝင်လာတဲ့ အနှိုင်းမဲ့လေ"

သီကျူးက နဖူးကြောလေးကျုံ့သွားအောင် နှင်းကိုကြည့် ပြီ…

"ဟင်… သန့်ရှင်းရေးအကူဌာနကို အလုပ်ဝင်လာတဲ့သူက ဒီလောက်ထိအောင် ဆံပင်ကြီးတွေက ရှည်ရသလား နူးညံ့ရယ်၊ ကြည့်ပါဦး၊ အသားအရေလေးက ဝင်းနှစ်ပြီးတော့ မျက်နှာလေးက ညည်း တအားချစ်ဖို့ကောင်းနေလိုက်တာ"

သီကျူး နှင်းကိုကြည့်ပြီး မျက်တောင်ခတ်ဖို့တောင် မေ့သွား သည်။

တကယ်ပါပဲ၊ ကြည့်ပါဦး၊ နာမည်လေးကအစ အနှိုင်းမဲ့တဲ့၊

သီကျူးနှင့် နူးညံ့ကတော့ ဒီကုမ္ပဏီ သန့်ရှင်းရေးဌာနမှာ အလုပ်တွဲဝင်လာတာ ခြောက်လကျော်နေပြီမို့ တစ်ယောက်နဲ့ တစ်ယောက် ခင်နေကြ၏။ ခုတော့ အနှိုင်းမဲ့ဆိုသော ကောင်မလေး တစ်ယောက်ကပါ အိမ်ရောက်လာပြီဆိုတော့ သုံးယောက်တွဲလေး ခင်သွားကြပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဆုံးထပ်က ဒေါ်သွန်းသီရိ ရုံးထိုင်ရာ အထပ်ကြီးတစ်ခုလုံးကို တာဝန်ယူထားလိုက်ရလို့ပါပဲ။

သည်အပေါ်ဆုံးအထပ်မှာပဲ Meeting Room ခန်းမကျယ်ကြီးတစ်ခုက ရှိနေခဲ့တာလေ။ တစ်နေ့မဟုတ် တစ်နေ့တော့ ဒေါ်သွန်းသီရိနှင့်ရော ရင်ခွင်ညီဆိုသည့် လူတစ်ယောက်နှင့်ပါ မျက်နှာချင်းဆိုင်ဆုံကြရဦးမှာပေါ့။

ထိုအချိန်မှာပဲ ဒေါ်မဥ္ဇူအသံကို ကြားလိုက်ရ၏။

"အခန်းထဲက G 38 အဖွဲ့တွေ ခုထိမသွားကြရသေးဘူးလားဟင်၊ နားနေခန်းထဲမှာ ဘာထိုင်လုပ်နေကြတာလဲ၊ ဟိုမှာကုမ္ပဏီအရေးပေါ်အစည်းအဝေးရှိလို့ ဒေါ်သွန်းသီရိကိုယ်တိုင် ဒီအစည်းအဝေးကို တက်မှာတဲ့၊ ဒါရိုက်တာ ဦးသီလထွန်း Phone ဆက်ခေါ်နေတာ နှစ်ခါရှိနေပြီ၊ သွားကြ၊ မြန်မြန်သွားကြ"

စကားကောင်းနေသည့် သုံးယောက်သား လျှာတစ်လစ်လေးတွေကိုယ်စီထုတ်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ပြုံးလိုက်ကြ၏။

တာဝန်ခံ ဒေါ်မဥ္ဇူကိုတော့ အားလုံးက ကြောက်လန့် ရိုသေချစ်ခင်ကြရပါသည်။

"နူးညံ့ရေ၊ အန္တိုင်းမဲ့ဆိုတဲ့ ကောင်မလေးက လူသစ်လေဆိုတော့ သူမလုပ်တတ် မကိုင်တတ်တာရှိရင် ပြပေးနော်၊ ဒေါ်သွန်းသီရိအခန်းမှာလည်း ဖုန်တစ်စက်မှမကျန်စေနဲ့ ကြားလား"

"ဟုတ်၊ ကြားပါတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့က ချစ်စဖွယ်လေးပြုံးပြကာ နှိုင်းကို လက်ဆွဲခေါ်သည်။

"လာ၊ နူးညံ့တို့သုံးယောက် အပေါ်ကိုအတူတူတက်ကြမယ်"

သီကျူးကိုရော နူးညံ့ကိုပါ နှိုင်းက ခင်မိသည်။

နှိုင်းတို့သုံးယောက် Ground Floor မှာရှိနေသည့် Lift အားရာအခန်းဘက်ကို လျှောက်လာကြတော့ Customer တွေရော ဝန်ထမ်းတွေကပါ နှိုင်းပုံစံလေးကို စိတ်ဝင်တစားလှမ်းကြည့်ပြီး ဘီးတိုးပြောလိုက်သံလေးတွေ ကြားလိုက်ရ၏။

နှိုင်း ကုမ္ပဏီထဲကိုဝင်လာပြီး အလုပ်လျှောက်လွှာလေး ဘာတင်တဲ့နေ့ကဆို...

"အို... မင်းနာမည်လေးက အနှိုင်းမဲ့တဲ့လားဟင်"

အလုပ်လျှောက်လွှာတွေကို စိစစ်လက်ခံပေးနေသည့် အုပ်ချုပ်ရေးဌာနက အန်ကယ်ကြီးက နှိုင်းကို မော့ကြည့်ရင်း မေးလိုက်တာက ဘအံ့တသြလေးရယ်ပါ။

"ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်မနာမည်က အနှိုင်းမဲ့ပါ၊ ဒီလျှောက်လွှာလေးထဲမှာ အကျဉ့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာလေးလည်း ပါပါတယ်"

"နေ... နေပါဦးကွ"

ပြီးတော့ အန်ကယ်ကြီး နှိုင်းကို မော့ကြည့်နေတာကလည်း ခြေဆုံးခေါင်းဆုံးလေး။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးတော့ နှိုင်း တင်ထားသည့် အလုပ်လျှောက်လွှာ လေးကိုလည်း နောက်တစ်ကြိမ်ထပ်ပြီးတော့ ဖတ်သည်။

ပြီးတော့ သူ မကျေနပ်တာ ဘာပါသွားလေသည်လဲ မသိ။

လျှောက်လွှာကိုဖတ်ရင်း ခေါင်းကို တစ်ယောက်တည်းခါ နေ၏။ မျက်နှာမှာတပ်ထားသည့် ပါဝါမျက်မှန်ထူကြီးကိုလည်း ဖြုတ် လိုက် တပ်လိုက်လုပ်ကာ နဖူးပြင်ပေါ်ပြီကျလာသည့် ကျိုးကျိုးကျဲကျဲ ဆံပင်တွေကိုလည်း အထက်ကိုလှန်ကာ ဖြစ်သလိုပြန်ပြန်တင်နေ သည်။

နှိုင်းကိုလည်း မသက်ာသလို ထပ်ပြီးတော့ ပြန်ပြန်မော့ ကြည့်နေ၏။

"မင်း... မင်းလျှောက်တာ သန့်ရှင်းရေးအကူဝန်ထမ်းနော် အနှိုင်းမဲ့"

"ဟာ၊ ဟုတ်ပါတယ် အန်ကယ်"

"ကျွက်၊ မင်းကွာ"

"ရှင်"

သူ့ပါဝါမျက်မှန်ကြီးကိုလည်း ချွတ်ကာ ဒေါက်ခနဲအသံမြည် သွားအောင် စားပွဲပေါ် ပစ်တင်သည်။ ဒါကို နှိုင်းက ကြည့်ကာ ဘာများနေသလဲဆိုပြီး ရင်ထဲမှာတောင် ထိတ်ခနဲဖြစ်သွားရ၏။

"ဟို... ဟိုလေ အန်ကယ်၊ ကျွန်မ လျှောက်လွှာထဲမှာ လိုအပ်တာ ဘာများရှိနေလို့လဲ၊ မပြည့်စုံရင် နောက်တစ်ခေါက်လာပြီး ကျွန်မ ထပ်တင်ပါ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ… ဒီအလုပ်ကို လုပ်ဖို့ မင်း ဘာဖြစ်လို့ ဆုံးဖြတ်လိုက်တာလဲ"

"ရှင်"

"မင်းပုံစံကလေးကိုပဲ မင်း ပြန်ကြည့်ဦးလေကွာ အနှိုင်းမဲ့ဒီလို တည်တင်းဝင်းနှစ်ပြီး အရမ်းကျက်သရေရှိတဲ့ မျက်နှာထားလေးနဲ့ သန့်ရှင်းရေးအကူဌာနမှာ အလုပ်ဝင်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ပြန်တင်၊ ပြန်တင်၊ အနည်းဆုံး Super Market ကြီးရဲ့အရောင်းစာရေးဝန်ထမ်းမလေးနေရာကိုရအောင် မင်းလျှောက်လွှာကိုပြန်ရေးပြီးတော့ လာတင်၊ ရော့… ဒီလျှောက်လွှာကို မင်း ပြန်ယူသွား"

စိတ်ပျက်လက်ပျက် ခေါင်းခါပြီးတော့မှ အလုပ်လျှောက်လွှာလေးကို ထိုအန်ကယ်ကြီးက ပြန်ပေးသည်။

"ဟို… ဟိုလေ အန်ကယ်၊ အရောင်းစာရေးဝန်ထမ်းနေရာက ဆယ်တန်းအောင်ရမယ်ဆိုလို့"

"ဟော၊ မင်းက ဆယ်တန်းမအောင်ဘူးလား"

စိတ်လှုပ်ရှားစွာမေးရင်း အန်ကယ်ကြီးက မျက်မှန်ကိုပြန်ကောက်တပ်နေပြန်၏။

နှိုင်းက ဆံပင်ရှည်တွေကို ရှေ့ကိုရောက်အောင် ဆွဲယူလိုက်သည်။ နောက်တစ်လှမ်းတိုးကာ အန်ကယ်ကြီးစားပွဲနှင့် အနီးဆုံးနေရာလေးထိ ရွှေ့ရပ်သည်။

နှိုင်းသေးမှာ နှိုင်းနှင့်အတူတူယှဉ်ပြီး ရပ်နေသည့် နှိုင်းထက်



www.burmeseclassic.com

www.burmeseclassic.com



ငယ်ပုံရသော ကောင်မလေးတစ်ယောက်ကပါ နှိုင်းကို စူးစမ်းသ
လေး တစ်ချက်လှည့်ကြည့်၏။

ဘယ်လိုလဲဆိုသည့်သဘော။

အုပ်ချုပ်ရေးမှူးရုံးခန်းထဲမှာလည်း ဝန်ထမ်းတွေကလွဲ
လျှောက်လွှာလာတင်သူတွေ သိပ်များများစားစားမရှိတာမို့ အရပ်မြ
မြင့်ကလေးနှင့် တစ်ပတ်နွမ်းအကျီလေးကို ပါတိတ်ထဘီလေး နှ
တွဲဝတ်ထားသည့် နှိုင်းပုံစံကလေးက ဝင်းနုစ်သောအသားအရေ
ရှည်လျားဖြောင့်စင်းသော ဆံနွယ်တို့ကြောင့် ဝင်းဝင်းထင်းထ
ကလေးဖြစ်နေရတာတော့ အမှန်ပဲဖြစ်သည်။

ဒါကြောင့်လည်း ဘေးက ကောင်မလေးကပါ နှိုင်းကို စိ
ဝင်တစားကြည့်လိုက်တာပဲ နေမှာပေါ့။

ဘာပဲပြောပြော အန်ကယ်ကြီး လိုချင်တာကိုတော့ နှိုင်
သဘောပေါက်ပါသည်။

အန်ကယ်ကြီး ဒီလောက်ပြောရင် အခြေအနေကို နှိုင်
သိပါပြီ။

"ဟို… ဟိုလေ အစ်မ၊ အစ်မက ဘာလျှောက်ထားလို့လဲ"

အတူတူယှဉ်ရပ်နေသည့် ကောင်မလေးက စပ်စုစွာ နှိုင်းက
လှမ်းမေးပါသည်။

မဖြေချင်ပေမယ့် သူမေးတာကို လူမှုရေးအရ နှိုင်းဖြေလိုက်
ရ၏။

"အဟင်း၊ အစ်မ လျှောက်ထားတာ သန့်ရှင်းရေးအကူပါ"

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အို၊ အစ်မကလည်း"

"ဟင်၊ ဘာဖြစ်လို့လဲ"

သည်တစ်ခါတော့ မျက်တောင်ရှည်လေးတွေကို တဖျတ်ဖျတ်ပုတ်ပြီး နံဘေးကကောင်မလေးကို လည်ပြန်လေး နှိုင်း လှည့်ကြည့်မိ၏။

"အစ်မ၊ အစ်မပုံစံလေးက ဖြူနုဝင်းထင်းပြီးတော့ ဒီလောက်ချစ်ဖို့ကောင်းနေတဲ့ဟာကို"

"ဩော်"

နှိုင်း ငိုရခက်၊ ရယ်ရခက် ဖြစ်သွားသည်။

ဒါကို အန်ကယ်ကြီးက ကြားသွားပြီး နှိုင်းကို လှမ်းပြောသည်။

"ဟုတ်တယ်လေ အနှိုင်းမဲ့၊ မင်းဘေးက ကောင်မလေးပြောတာ အမှန်ပဲ"

"ဟုတ် အန်ကယ်၊ အန်ကယ်တို့ ဒီလိုအကြံပေးတာ ကျွန်မကျေးဇူးတင်ပါတယ်၊

ဒါပေမဲ့ ကျွန်မရဲ့ ပညာအရည်အချင်းက ကိုးတန်းအောင်ပဲရှိလို့"

"ဘုရားရေ၊ မင်းပုံစံလေးနဲ့ ဆယ်တန်းမအောင်ဘူး ဟုတ်လား"

နှိုင်းကို တအံ့တဩကြည့်ကာ အန်ကယ်ကြီး ပင့်သက်ချစိတ်လျှော့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအနေနဲ့လည်း လျှောက်လွှာကို အသေအချာ ထပ်ဖတ်သည်။

"Sorry ပဲ အနှိုင်းမဲ့၊ ရပြီ၊ ကဲ… နောက်တစ်ယောက်"

ဒီလိုနဲ့ပဲ နောက်နှစ်ရက်အကြာမှာ နှိုင်း အလုပ်ရခဲ့တာပဲ ဖြစ်သည်။

ခုတော့ သန့်ရှင်းရေးအကျႌဝတ်စုံလေးနဲ့ နှိုင်း။

Lift ကနေတစ်ဆင့် ငြိမ့်ငြိမ့်အေးအေးလေးနဲ့ပဲ Seven Floor ကို တက်လာခဲ့ရပြီ၊ နှိုင်းရင်ထဲမှာလည်း တငြိမ့်ငြိမ့် တသိမ့်သိမ့် လေးနဲ့ခုန်လို့ပေါ့၊ ဒီကုမ္ပဏီမှာ ဘာတွေပဲလုပ်ရလုပ်ရ ပင်ပန်း နွမ်းနယ်မှုတွေနဲ့ ချွေးစက်တွေ ဘယ်လောက်ပဲကျကျ နှိုင်း ပြန်ဆုံ ချင်တာ ဒေါ်သွန်းသီရိနဲ့ပါပဲ။

သူ နှိုင်းကို ဘယ်လိုမှ မှတ်မိနိုင်မှာလည်း မဟုတ်ပါ။

မှတ်မိသွားလို့မေးလာခဲ့လျှင်လည်း တစ်ဆက်တည်း ဖြောင် လိမ်ညာပစ်လိုက်ဖို့ နှိုင်းက ကြိုစဉ်းစားထားပြီးသား။ ရင်ထဲမှာ ခံစား ရလွန်းလို့သာ ဒီနေရာကို နှိုင်း ပြန်လာခဲ့ရတာပါ ဒေါ်သွန်းသီရိရယ်။ ဘယ်တော့မှ မေ့လို့မရအောင် နာကျင်နေခဲ့ရတဲ့ ခံစားချက်တွေက ရင်တစ်ခုလုံးကို ပြုအက်ကြေမွနေအောင် နှိပ်စက်လွန်းလို့ ကျွန်မ ပြန်လာခဲ့ရတာပါ။

"တီ"

"ဟင်"

ငြိမ့်ခနဲရပ်သွားပြီး တီခနဲ အသံတစ်ချက်မြည်ကာ Lift



www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်သွားတော့မှ Seven Floor ကို ရောက်ပြီဆိုတာ နှိုင်းတို့ အားလုံး သိလိုက်ကြသည်။

နှိုင်း မျက်ဝန်းလေးဝေ့ကာ ကြည့်လိုက်တော့ Seven Floor မှာ ရေမြှုပ်ကော်ဇောစိမ်းစိမ်းကြီးတွေ အပြည့်ခင်းထားသည့် အခန်း ကျယ်ကြီးတွေ၊ ပြီးတော့ Aircon တွေ ဖွင့်ထားတာလည်း အခန်း တိုင်းမှာမို့ Seven Floor တစ်ခုလုံး အေးစိမ့်နေအောင် ခံစားလိုက် ရတော့၏။

ပြောရမယ်ဆိုရင် ဒီအခန်းကျယ်ကြီးတွေက နှိုင်းငယ်စဉ်က ဝါဝန်ဖားဖားလေးဝတ်ပြီး ပြေးလွှားဆော့ကစားနေသည့် အခန်းတွေ ပေါ့ပါ။ ဖေဖေရှိသည့် အခန်းကိုပြေးလိုက်၊ မေမေရှိသည့် အခန်းကို သွားလိုက်နှင့် ဆံပင်တိုလေးတွေ ရမ်းခါလျက် နှိုင်း ပျော်ခဲ့ရဖူးသည်။

ခုတော့ သည်အခန်းတွေရှိရာကို နှိုင်း ပြန်ရောက်လာတာ ကုမ္ပဏီရဲ့ အနိမ့်ဆုံး အောက်ခြေအလုပ်သမား သန့်ရှင်းရေးဝန်ထမ်း တစ်ယောက်လေးနှင့်။ ဘယ်လောက်နာကျင်ကြေကွဲဖို့ကောင်းလိုက်တဲ့ ခံစားချက်တွေပါလဲ။

သည်ကုမ္ပဏီကြီးကို ခေါင်းကလေးတမော့မော့၊ ဆံပင်တို ကလေးတွေ တယမ်းယမ်းတခါခါနှင့် ဖဲကြိုးဖြတ်ဖွင့်ပေးခဲ့ရလေသည့် နှိုင်းက လူတကာ အထင်သေး အနှိမ်ခံရမည့် အလုပ်သမားတစ် ယောက်အဖြစ်နှင့် အားလုံးကိုရင်ဆိုင်ဖို့ ပြန်ရောက်လာခဲ့ရပြီ။

တစ်နေရာရောက်တော့ နှိုင်းမျက်ဝန်းကလေးတွေ အရည် ပြည့်လာ... စက်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"နူးညံ့၊ ဒီ... ဒီအခန်းကျယ်ကြီးက"

"ဒါ Special Visit Room လေ နှိုင်းရဲ့၊ ကုမ္ပဏီဥက္ကဋ္ဌ ဒေါ်သွန်းသီရိနဲ့ ပတ်သက်နေတဲ့ ဧည့်သည်တွေကို ဒေါ်သွန်းသီရိ ကိုယ်တိုင် ဒီအခန်းမှာပဲ လက်ခံတွေ့ဆုံတာလေ"

"ဪ"

နှုတ်ခမ်းလေးမဲ့ကာ ဘယ်သူမှမမြင်အောင် နှိုင်း ပြုံးမိ၏။

နှိုင်း ရင်ဆိုင်ရမယ့် ဒေါ်သွန်းသီရိဟာ ဒီလိုအဆင့်မျိုးကို တောင် ရောက်နေပြီပဲ။

ဘယ်ဆိုးလို့လဲ။

"လာ... နှိုင်း၊ ညာဘက်ကို ကွေ့မယ်"

"ဟင်"

မျက်ဝန်းထဲပေါ်လာတာ နောက်ထပ် အခန်းကျယ်ကြီး တစ်ခု။

"နူးညံ့၊ ဒါ... ဒါက"

"ဒါ Meeting Room လေ နှိုင်း၊ ကုမ္ပဏီရဲ့ အစည်းအဝေး မှန်သမျှ ဒီအခန်းမှာပဲ လုပ်တယ်"

"တော်တော်ခမ်းနားတာပဲနော် နူးညံ့"

နှိုင်း မအံ့ဩဘဲ မနေနိုင်လောက်အောင် ဒေါ်သွန်းသီရိ လက်ထက်မှာ အစစအရာရာ ပြောင်းလဲနေခဲ့ပြီ။ Meeting Room အခန်းကျယ်ကြီးရဲ့ ပတ်ပတ်လည်မှာ နံရံတွေကိုထွင်းဖောက်လျက် မီးရောင်စုံတွေ ဖြာကျနေသည့် အလှမွေးငါးကန်ကြီးတွေက Meet-



www.burmeseclassic.com

www.burmeseclassic.com



ing Room ကြီးကို ခမ်းနားနေအောင် ဝန်းရံပေးထားကြသည်။

ထိုအခန်းကျယ်ကြီးထဲမှာတော့ စကာတ်ထဘီ နက်ပြာရောင် အတိုကလေးတွေကို ကုတ်အစိမ်းနုကလေးများဖြင့် တွဲဝတ်ကာ အပြေးအလွှား အလုပ်လုပ်နေကြသည့် ကုမ္ပဏီဝန်ထမ်း မိန်းကလေး များစွာတို့က သွက်လက်မြန်ဆန်စွာ လှုပ်ရှားနေကြလျက်။

နှိုင်း ရင်တွေခုန်နေပါသည်။

မနက်ကနှင့်တောင် မတူတော့ဘဲ အခုမှ နှိုင်းတစ်ကိုယ်လုံး အေးစက်လို့လာရ၏။

နှိုင်းမျက်ဝန်းကလေးတွေက မသိမသာလေးဝေ့ကာ ဝေ့ကာ ရှာဖွေနေမိတာက ဒေါ်သွန်းသီရိ ဘယ်အခန်းမှာလဲ။

ရင်ခွင်ညီကရော ဘယ်အခန်းမှာ ရှိနေမလဲ။

နှိုင်း သိချင်မြင်ချင်ပေမယ့် နူးညံ့ကိုတော့ မမေးရဲပါ။

နှိုင်း ရောက်လာခဲ့ရသည့် Meeting Room ကြီးကတော့ ဘကယ့်ကို ခမ်းနားဝင့်ထည်လွန်းလှသည့် အခန်းကျယ်ကြီးပါပဲ။

ထိုင်ခုံတွေကအစ နိုင်ငံခြားဖြစ် နူးညံ့အိစက်သော ရှန်မိုင်း ဆိုင်ခုံကြီးတွေဖြစ်ကာ စားပွဲရှည်ကြီးတစ်လုံးကို အလယ်မှာချထား လျက်။ ထိုင်ခုံတွေက မျက်နှာချင်းဆိုင် ဝန်းရံပေးထားကြ၏။

စားပွဲရှည်ကြီးရဲ့ ညာဘက်အဆုံးထိပ်မှာတော့ ပန်းကွက် အလှတွေ တခမ်းတနား ခြယ်သဆင်ယင်ထားသည့် ကျွန်းကနုတ် ဆက်တီခုံမြင့်မြင့် ရှည်ရှည်ကြီးတစ်လုံးက အိစက်သော အနီရောင် နှင့်ရင့် ကတ္တီပါစတွေကို ဖုံးအုပ်အလှဆင်ထားလျက်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဟော့... ဟော့... မင်းတို့ သန့်ရှင်းရေးအဖွဲ့ရော လာပြီလား"

ကော်လံပြတ် ရှပ်လက်ရှည်အဖြူရောင်လည်ကတုံးနှင့် ဖိုင်တွဲကြီးတစ်တွဲကိုင်ကာ အခန်းတစ်ခုထဲမှ ပြေးထွက်လာသည့် လူကြီးတစ်ယောက်။

အသက်က ငါးဆယ်ဝန်းကျင်လောက် ခန့်မှန်းရပြီး ရွှေကိုင်း ပါဝါမျက်မှန်ကြီးကိုလည်း မျက်နှာမှာ ဝင်းနေအောင် သူက တပ်ထား သည်။

ဒေါ်မဥ္စူပြောတဲ့ ကုမ္ပဏီရဲ့ အမှုဆောင်ဒါရိုက်တာ ဦးသီလ ထွန်းဆိုတာပဲ ဖြစ်ရတော့မှာပေါ့။

မျက်နှာထားက တင်းသလို အသံကလည်း မာသည်။

"ညနေလေးနာရီမှာ ကုမ္ပဏီအရေးပေါ် အစည်းအဝေးရှိလို့ မင်းတို့ကို ခေါ်လိုက်တာ၊ ဥက္ကဋ္ဌအခန်းနဲ့ ဒီအစည်းအဝေးခန်းကို အဓိကရှင်းထားကြ၊ အမှိုက်တစ်ခုမှရှိတာ မမြင်ချင်ဘူး၊ သန့်စင်ခန်း ထဲမှာလည်း အားလုံးပြောင်လက်နေပါစေ"

သူက အော်ပြောရင်း နှိုင်းကိုလည်း စူးခနဲနေအောင် တစ် ချက်တော့ လှမ်းကြည့်သွားသေး၏။ ပြီးတော့မှ ဖိုင်တွဲကြီးကိုကိုင်ကာ အခန်းတစ်ခုထဲကို ခပ်သွက်သွက်ပြေးဝင်သွားသည်။ သူ့နောက်ကို လည်း ကုတ်အစိမ်းနုရောင်လေးတွေ ဝတ်ထားသည့် ဝန်ထမ်း ကောင်မလေးနှစ်ယောက်ကပါ ခပ်သွက်သွက်လေး ဝင်သိုက်သွား တာ တွေ့လိုက်ရ၏။

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နှိုင်း လာလေ၊ ဒေါ်သွန်းသီရိအခန်းကို အရင်ဆုံးသွား ခွင်းမယ်"

"ဟင်"

ဒေါ်သွန်းသီရိအခန်းကို သွားမယ်တဲ့။

ရုတ်တရက် နှိုင်းမျက်နှာလေး ဖြူဖျော့သွားတာကို နုးညို့ သတိထားမိပုံမရ။

"မင်း... မင်း မကြောက်နဲ့နော် နှိုင်း၊ အားလည်းမငယ်နဲ့၊ ဒေါ်သွန်းသီရိရဲ့ ကိုယ်ရေးအတွင်းရေးမှူးမလေးတစ်ယောက် ရှိတယ်၊ သူက ဝန်ထမ်းတွေကို ဆက်ဆံတာ အရမ်းမောက်မာတယ်၊ ဒါပေမဲ့ အခုတော့ သူရော ဒေါ်သွန်းသီရိပါ ကုမ္ပဏီကို မရောက်သေးဘူး၊ အဲဒါ အခုကတည်းက နှိုင်းကို ကြိုပြောထားတာ၊ သူ့နာမည်ကို သည်း နှိုင်း မှတ်ထားလိုက်ဦး"

"ဟင် သူက ဘယ်သူလဲ"

"ရိုက်ခတ်ညံ့တဲ့"

ရိုက်ခတ်ညံ့။

နာမည်ကို ကြားလိုက်ရရုံနဲ့တင် ရင်ထဲမှာ ဖြောင်းဆန်တုန်ခါ သွားရတဲ့ နာမည်လေး။

နှိုင်း ရင်တခုန်ခုန်နဲ့ပဲ နုးညို့နောက်ကို လိုက်ခဲ့ရပြီ။

ဒေါ်သွန်းသီရိရယ်။

ရှင့်ကို အရမ်းမုန်းလို့ အနှိုင်းမဲ့ဆိုတဲ့ အောက်ခြေဝန်ထမ်း ကောင်မလေးအဖြစ်နဲ့ ဒီကုမ္ပဏီထဲကို ကျွန်မ ဝင်လာတာပါ၊ ရှင့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒူးထောက်ခစားပြီးတော့မှ ရှင့်အသည်းကို ရအောင် ကျွန်မခွဲမှာ လေ။

အခုချိန်မှာ ကျွန်မ သိပ်တွေ့ချင်နေတာ ရင်ခွင်ညီဆိုတဲ့ လူတစ်ယောက်။ ရှင်သိပ်ချစ်တဲ့ ရှင့်ရဲ့ တစ်ဦးတည်းသောသား ရင်ခွင်ညီလေ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (နှစ်)

'နိုင်းနော်၊ ဒီကြမ်းတိုက် ဖုန်စုပ်စက်တွေကိုင်ရတာ ဘာမှ ကြောက်နဲ့ သိလား၊ ဒီခလုတ်လေးကိုနှိပ်ပြီး ရှေ့နောက်ဘယ်ညာ င်တဲ့နေရာလေးကို ရွှေ့တိုက်လိုက်ရုံပဲ၊ စက်က သူ့လုပ်စရာရှိတာ ဘွ အကုန်လုပ်သွားလိမ့်မယ်၊ နူးညံ့ Meeting Room ဘက် ူးလိုက်ဦးမယ်၊ နိုင်း ဒေါ်သွန်းသီရိအခန်းမှာပဲ သပ်သပ်ရပ်ရပ် းလေးဖြစ်အောင် ရှင်းထားလိုက်''

ပြောပြီး နူးညံ့က Meeting Room ဘက်ကို ပြန်ပြေးသည်။

သီကျူးကလည်း နူးညံ့နောက်ကို ခပ်သုတ်သုတ်ကလေး င်က်သွား၏။

ဒေါ်သွန်းသီရိရဲ့ ခန့်ညားထည်ဝါလှသော ရုံးခန်းကြီးထဲမှာ န်ခဲ့တာ နိုင်းတစ်ယောက်တည်း။ ရေမြှုပ်ကော်ဇောကြီးတွေပေါ်မှာ းစုပ်စက်ကိုတွန်းရွှေ့ရင်း နိုင်းမျက်ဝန်းလေးတွေက တစ်ခန်းလုံးကို းမ်းသလိုလေး လျှောက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပွန်း"

ကြည့်မိတော့လည်း နှိုင်း မခံစားနိုင်ပါ။

လက်ပြောင်တောက်ပသော မဟော်ဂနီရောင်ကျွန်းစား ပေါ်မှာ တင်ထားတာ ရောင်စုံတယ်လီဖုန်းလေးတွေကပဲ သုံးလုံး သဖင်ခက်တွေဝေနေအောင် ထိုးထားသည့် လည်ပင်းရှည်ပန်းအိုး အကြည်ရောင်ကလေးကပဲ ခေါင်းကလေးကို မော့လို့။

စားပွဲရဲ့ နောက်ဘက်နံရံထက်မှာတော့ မြန်မာဆန်ဆန် ရင်ဖုံးလက်ရှည်ကလေးကို ချိတ်ထဘီ ခရမ်းရောင်အစင်းကျား ကလေးနဲ့ တွဲဝတ်ကာ ရိုက်ထားတဲ့ ဒေါ်သွန်းသီရိရဲ့ ဓာတ်ပုံမှန်ဘောင် ကြီးက တခမ်းတနား နေရာယူထားလို့လေ။

ရင်နာနာနဲ့ နှိုင်းမော့ကြည့်ရင်း နှုတ်ခမ်းကလေးကို နှိုင်း မဲ့ထားမိသည်။

နူးညံ့ မှာသွားခဲ့တာက ဒီအခန်းထဲမှာ ရှိသမျှ ဓာတ်ပုံပန်းချီ ကားတွေပေါ်မှာ ကပ်နေသည့် ဖုန်တွေ၊ အမှုန်အမွှားလေးတွေကို ထိုင်ခုံလေးပေါ်ကနေ တက်ပြီးတော့ သုတ်ပေးရဦးမတဲ့။ ဒါပေါ့လေ နှိုင်းက သန့်ရှင်းရေးဝန်ထမ်းပဲ။ ဒီကုမ္ပဏီရဲ့ အောက် ခြေအနိမ့်ဆုံးမှာ မျက်နှာငယ်ငယ်ကလေးနဲ့ အလုပ်ဆင်းနေရတဲ့ ကောင်မလေးတစ် ယောက်ပဲ။

လုပ်ပေးရမှာပေါ့။

စားပွဲထောင့်မှာ ချထားတာ မီးခိုးရောင်ဖျော့ဖျော့ computer တစ်လုံး။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ကော်ဇောတွေကို ဖုန်စုပ်ပြီးတာနဲ့ စားပွဲတွေ၊ ရေခဲသေတ္တာတွေ၊ စာအုပ်စာတမ်းဗီရိုကြီးတွေကို လက်ပြောင်နေအောင် ဝတ်ကလေးနဲ့ နှိုင်း လိုက်သုတ်သည်။

ကံဆိုးချင်တော့ ဒေါ်သွန်းသီရိရဲ့ ဓာတ်ပုံမှန်ဘောင်ကြီးကို ာလေးခုကာ အရုပ်ကလေးမမိမကမ်းနဲ့ နှိုင်း တက်အသုတ်။

“ခွမ်း”

“အို၊ ဘုရားရေ”

“ဟယ်၊ ကြည့်စမ်း”

သွားပြီ။

ဓာတ်ပုံမှန်ဘောင်ကြီး ကြမ်းပြင်ထက်ကို ပြုတ်ကျကာ တ်စိတ်အမြွှာမြွှာ ကျကွဲသွားပြီ။

နှိုင်း နောက်ကို ချာခနဲလှည့်ကြည့်လိုက်တော့ နှိုင်းထက် င်းနည်းလေး အသက်ပိုကြီးပုံရသော ခေတ်မီမီမိန်းကလေးတစ် ယောက်က နှိုင်းမျက်နှာကို ဒေါသတကြီးမော့ကြည့်လို့။

နှိုင်းတစ်ကိုယ်လုံး အတိုင်းအဆမဲ့အောင် အေးစက်သွား သည်။

“မင်း… မင်း ဘယ်လိုလုပ်လိုက်တာလဲဟင်၊ ဟိုမှာ တီသွန်းဓာတ်ပုံကြီး ကျကွဲသွားပြီ”

“နှိုင်း၊ နှိုင်း”

“တောက်၊ မင်း အခုချက်ချင်း ခုံပေါ်က ပြန်ဆင်းစမ်း”

“အား”



www.burmeseclassic.com

www.burmeseclassic.com



သူက ရုတ်တရက် နှိုင်းကျောပြင်လေးနောက်က ဆံပင်ရှည်တွေကို တအားဆောင့်ဆွဲချလိုက်တာမို့ နှိုင်း အရမ်းနာပြီး အသံကလေးထွက်သွားအောင် အော်မိသည်။

ပြီးတော့လည်း နှိုင်းဆံပင်တွေကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်ထားသည့် သူ့လက်တွေထဲမှာ နှိုင်း တရှုတ်တိုက်လေး ဆွဲချပစ်လိုက်တာ ခံလိုက်ရ၏။

"မင်း… မင်း နားမလည်ဘူးလားဟင်၊ ဒီလောက် နှိုင်းအောင်ချိတ်ထားတဲ့ကြိုးကို တမင်ပြုတ်ကျသွားအောင် မင်း လုပ်ချလိုက်တယ်၊ ကြည့်စမ်း၊ ဟိုမှာ မုန့်ကွဲစတွေ မင်းကြောင့် တစ်ခန်းလုံးပွထကုန်ပြီ"

"အို"

ပြောလည်းပြော နှိုင်းကိုယ်လုံးလေးကိုလည်း တအားဆောင့်တွန်းချလိုက်တော့ နံရံတစ်ဖက်မှာ နှိုင်းကိုယ်လေး ယိုင်ကသွားသည်။

"အဲဒါ နမော်နမဲ့အလုပ်လုပ်ဦး"

"ဖြန်း"

"ဟာ"

နှိုင်းပါးလေးတစ်ဖက် ထူပူသွားသည်။

အခန်းထဲကို ပြေးဝင်လာသည့် နူးညံ့မှာတော့ ချက်လုံးအပြုံးသားကလေးနဲ့။

နှိုင်းတစ်ယောက်တည်း ထားခဲ့ရတာကို စိတ်မချလို့ နူးညံ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လာတာ။ ခုတော့ ထင်ထားတဲ့အတိုင်း မမ ရိုက်ခတ်ညံ့နဲ့တွေ့ပြီး နှင်း ပြဿနာတက်နေရပြီ။

"မမ… မမရယ်၊ နှိုင်း… နှိုင်း ဘာအမှားလုပ်မိလို့လဲဟင်၊ အမှားရင်လည်း သူ့ကိုယ်စား နှုးညံ့ကပဲ မမကို တောင်းပန်ပါတယ် နော်"

"ဟိုမှာလေကွာ၊ ဒီကောင်မလေးလုပ်လိုက်လို့ အန်တီသွန်း ခတ်ပုံကြီး ကျကွဲသွားပြီ"

"ဘုရားရေ"

နှုးညံ့ ဘုရားတလိုက်မိတာ အသက်ကိုပင် မရှူနိုင်။

ဒေါ်သွန်းသီရိ ထိုင်သည့်စားပွဲနှင့် နောက်က နံရံကြားထဲမှာ အစ်စစီကွဲကျနေသည့် ဓာတ်ပုံမှန်ဘောင်ကြီးက မြင်ရက်စရာမရှိ။

"သူ… သူက ဘယ်သူလဲဟင် နှုးညံ့၊ သူ့ကို ဒီကုမ္ပဏီမှာ တစ်ခါမှမမြင်ဖူးသေးပါလား"

"ဟို… ဟိုလေ မမ၊ သူက ကုမ္ပဏီသန့်ရှင်းရေးအကူဌာန မှာ ဒီနေ့မှ အလုပ်စဝင်လာတဲ့ အနှိုင်းမဲ့ပါ"

"ဟွန်း"

နှိုင်းကိုကြည့်ပြီး ရိုက်ခတ်ညံ့က နှုတ်ခမ်းလေးကို မဲ့သည်။

"မင်းဟာ ကုမ္ပဏီကို ဒီနေ့မှစရောက်လာပြီး ကုမ္ပဏီရဲ့ အထွတ်အထိပ်ဓာတ်ပုံကြီးကိုမှ ကျကွဲအောင် ဖျက်ဆီးပစ်လိုက်တာ မင်းကို တို့ လုံးဝမကျေနပ်ဘူး၊ မင်း အခုချက်ချင်း ဒီနေရာမှာ အားရှက်ခွဲပြီး ထိုင်ထအကြိမ်ငါးဆယ် လုပ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အို"

"နှိုင်း ဒါ မင်းကို နူးညံ့ပြောထားတဲ့ မမရိုက်ခတ်ညံ့လေ လုပ်လိုက်၊ လုပ်လိုက်၊ မမခိုင်းတဲ့အတိုင်း ထိုင်ထအကြိမ်ငါးဆယ် လုပ်လိုက်"

နှိုင်း ရုတ်တရက် မျက်ရည်လေးတွေ စေ့တက်လာရဖေ

"မမ... မမကို နှိုင်း တောင်းပန်ပါတယ်နော်၊ နှိုင်း... နှိုင်းက ဖုန်တွေကပ်နေလို့ ခေတ်ပုံကြီးကို အဝတ်ကလေးနဲ့ တ သုတ်ပေးတာပါ"

"ဟော့ အခန်းထဲမှာ ဘာတွေဖြစ်နေတာလဲ"

"အို... အန်တီလာပြီ"

ဘုရားရေ အန်တီတဲ့။

ဒေါ်... ဒေါ်သွန်းသီရိလာ။ ဒေါ်သွန်းသီရိ အခန်းထဲ ဝင်လာတာလား။

နှိုင်း မျက်နှာလေးကို ငုံ့ချပစ်လိုက်ရတာက ထိတ်လ အေးစက်စွာ။

'ဒီ... ဒီမှာလေ အန်တီသွန်း၊ အန်တီသွန်းခေတ်ပုံကြီး ကို အနှိုင်းမဲ့ဆိုတဲ့ ဒီကောင်မလေး လုပ်လိုက်တာ ကျကွဲသွားလို့

"ဟင်"

ဒေါ်သွန်းသီရိ ဒေါသက ထောင်းခနဲထသွားသည်။

"အနှိုင်းမဲ့ ဟုတ်လား၊ ဘယ်က အနှိုင်းမဲ့လဲ၊ ဘုံမှာ ဒီနာမည်ကို တစ်ခါမှမကြားဖူးပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သွန်းသီရိ ဆက်လျှောက်လာတာ နှိုင်းရှေ့တည့်တည့်ကိုပါ။

နှိုင်းက ခေါင်းကလေးကိုငုံ့ထားပြီး ကြမ်းပြင်နေရာကိုပဲ စိုက်ကြည့်နေတာမို့ နှိုင်း မျက်ဝန်းလေးထဲ အရင်ဆုံးပေါ်လာတာ အသက်ငါးဆယ်နီးပါးအရွယ်ကို ရောက်နေတာတောင် ဒေါ်သွန်းသီရိ စီးထားတာ ကြိုးသိုင်းအနက်ရောင် အိစက်နေသော ဒေါက်မြင့်ဖိနပ်ကလေး။

ခြေဖမိုးအိအိလေးပေါ်ကို တဖျတ်ဖျတ်ခါပြီး ကျလာတာက ခရမ်းစေ့ရောင် ချိတ်ထဘီလေးရဲ့ အောက်အနားစကလေး။ ပြောရင် ဆယ်နှစ်သမီးအရွယ် မိန်းကလေးကို နိုပ်စက်ခဲ့တာ ဒီမိန်းမ။ အေးချမ်းပျော်ရွှင်နေတဲ့ မိသားစုလေးရဲ့ဘဝကို ဖျက်ဆီးချေမွပစ်ခဲ့တာလည်း ဒီမိန်းမပဲ။ ဆယ်နှစ်ကျော်ကြာပြီးမှ ပထမဆုံး ပြန်တွေ့ခွင့်ရမယ့် ဒီမိန်းမကို နှိုင်း ဘယ်လိုမျက်ဝန်းတွေနဲ့ မော့ကြည့်လိုက်ရမလဲ။

နှိုင်းမျက်နှာလေးကို သူ မှတ်မိသွားရင်။

"သူ... သူက သန့်ရှင်းရေးဌာနမှာ ဒီနေ့မနက်ကမှ အလုပ်ဝင်လာတာပါ အန်တီ၊ နူးညံ့ အခန်းထဲကိုဝင်လာတော့ အန်တီ့ ဓာတ်ပုံကြီးက ကျကွဲနေပြီ"

"ဟော့ ဒီမှာ၊ မင်း ငါ့မျက်နှာကို မော့ကြည့်စမ်း"

နှိုင်း မမော့ရဲပါ။

"အနှိုင်းမဲ့၊ မင်းကို အန်တီ ပြောနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



မရမ်းစေ့ရောင် ပြောင်လက်လက် ချိတ်ထဘီကို ဖြောင့်စ
အိစက်နေဆဲရှိသည့် ကိုယ်လုံးမို့မို့လေးမှာ တင်းကြွနေအောင် ဝတ်
ထားလျက် ကြိမ်ဖန်များစွာ ပြုပြင်ခြယ်သထားခဲ့ပုံရသော မျက်နှာမှာ
အစက်အပြောက်မရှိ၊ အရေးအကြောင်းမရှိ။

လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်ကထက်ပင် ဒေါ်သွန်းသီ
နုပျိုလာခဲ့လေသည်လား။

မျက်ခုံးမွေးစိမ်းတန်းလေးနှစ်ခု ငိုက်ဆင်းသွားတာက ညီညာ
သည်။

ဖြောင့်စင်းကျလာသည့် နှာတံချွန်ချွန်လေးက ပုလဲနှစ်ရော
သန်းပြီး အိစက်သည်။ နှုတ်ခမ်းနီနီကလေးတွေပေါ်မှာ တင်ထား
သည့် ပန်းဆီရောင်ကာလာပါးပါးကလေးက အသက်အရွယ်ကိုမေ့
သွားအောင် ဆွဲဆောင်ထားခဲ့သလို။

ဒါပေမဲ့ တစ်ခုပဲ ခက်နေတာက ဒေါ်သွန်းသီရဲ့ ရင်ထဲမှာ
ရှိသည့် ပုပ်သိုးစုတ်ပြတ်နေသော နှလုံးသား။

"မင်း မလိမ်နဲ့နော် အန္တိုင်းမဲ့၊ မင်းမျက်နှာဟာ ငါသိခဲ့ဖူးတဲ့
မိန်းမတစ်ယောက်နဲ့တူလို့ မေးနေတာ၊ ဒါပေမဲ့ သူက အခုတော့
သေသွားပါပြီ၊ မင်းကို ငါ တစ်ခုပဲထပ်မေးမတယ်၊ မင်းဟာ ဦးနိုင်သိခ်
ရဲ့ သမီးလား"

"ရှင် အန်တီ"

"ဦးနိုင်သိခ်လေ"

"အို ဘယ်က ဦးနိုင်သိခ်လဲ အန်တီ၊ အဲဒါ သမီး မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"Sorry အနှိုင်းမဲ့၊ မင်းကို သံသယစိတ်နဲ့ အန်တီ မေးမိတာ"

"ဟာ၊ အန်တီ၊ အန်တီမသက်ာရင် ခြောက်လစာပေးပြီး သူ့ကို အလုပ်ထုတ်လိုက်မယ်လေ"

"ဟာ... မထုတ်ပါနဲ့"

ဒီလိုကျတော့လည်း ဒေါ်သွန်းသီရိက လက်မခံ။

နှိုင်းပုံစံလေးနဲ့ နှိုင်းမျက်နှာထားလေးကိုကြည့်ပြီး မကျေမနပ်ဖြစ်ရတာက ရိုက်ခတ်ညံ့ပဲပေါ့။ ဒီလို စွဲမက်ဖွယ်ကောင်းတဲ့ မျက်နှာထားပိုင်ရှင်မလေးတစ်ယောက်ကို ကုမ္ပဏီမှာ ဘယ်သူခန့်လိုက်တာလဲ။

အနိမ့်ဆုံး ဝန်ထမ်းမလေးတစ်ယောက်ရဲ့ ဝတ်စုံလေးဝတ်ထားတာတောင် ကိုယ်လုံးကလေးနဲ့ မျက်နှာထားကလေးက ဖူးဖူးတင်းတင်း ဝင်းဝင်းစက်စက်ကလေး ဖြစ်နေတာ။ ဟွန်း... ကုမ္ပဏီမှာ ရှုတ်ရှုတ်လုပ်လို့ကတော့ ရိုက်ခတ်ညံ့အကြောင်း ကောင်းကောင်း သိသွားအောင် လုပ်ပြမယ်။

"ဒီမှာနော်၊ မင်းကြောင့်ကွဲသွားတဲ့ မှန်အကွဲအစတွေကို မင်း အခုပြန်ရှင်း"

"ဟုတ် မမ"

အခက်အခဲတစ်ခုက နှိုင်း လွှန်မြောက်သွားခဲ့ပါပြီ။

"ဒါဆိုလည်း ဒီကိစ္စကို Stop လုပ်ပစ်လိုက်မယ် အန်တီ အစည်းအဝေးစဖို့ကလည်း အချိန်နီးနေပြီ"

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုတောင် ရိုက်ခတ်ညံ့က နှိုင်းဘက်ကိုလှည့်ကြည့်က
"ဒီမှာ အနှိုင်းမဲ့"
"ရှင် မမ"
"မင်း မနက်ဖြန် နေ့လယ်တစ်နာရီတိတိ ဒီအခန်းမှ
က တို့ Office Room ကိုလာခဲ့၊ ဟုတ်ပြီနော်၊ You only on
နော်၊ OK"
"ဟုတ် မမ"
သူတို့အားလုံး Meeting Room ဘက်ကို ပြန်ထွက်သွား
တော့မှ နှိုင်း ပင့်သက်ချမိသည်။
"ဘယ်လိုဖြစ်တာလဲဟင် နှိုင်း၊ ကံကောင်းလို့ မင်း အလုပ်
ပြုတ်မသွားတာ"
နူးညံ့ မျက်တောင်လေးက နှိုင်းဆီကို အလှပဆုံးလေး
ဝဲလာ၏။
သီကျူးလည်း တစ်ချိန်လုံး နောက်မှာ ငြိမ်ကုပ်နေခဲ့ရသမျှ
အခုမှပဲ ရယ်နိုင် ပြုံးနိုင်တော့သည်။
"သီကျူးဖြင့် ဒေါ်သွန်းသီရိ ဝင်လာတာကို မြင်လိုက်
ကတည်းက တစ်ကိုယ်လုံးတုန်ပြီး ရပ်လို့တောင်မရတော့ဘူး၊ မမ
ရိုက်ခတ်ညံ့ရှေ့မှာ ဖြစ်သွားတာက ပိုဆိုးတယ်၊ ရိုက်ခတ်ညံ့ဆိုတာ
ရင်ခွင်ညီကို ကြိတ်ကြိုက်နေတာလေ နှိုင်းရဲ့"
"ဘာပြောတယ် သီကျူး"
"အောင်မလေး နှိုင်းရယ်၊ ရှင်လေးက ရင်ခွင်ညီကိုသိလို့



www.burmeseclassic.com

www.burmeseclassic.com



အဒုံတသြဖြစ်သွားတာလား။ ရင်ခွင်ညီဆိုတာ ဘယ်သူလဲလို့ သိအောင် အရိုင်ဆုံးမေးစမ်းပါဦး၊' ဒီမှာ နူးညံ့ပြောမယ်၊ ရင်ခွင်ညီဆိုတာ ဒေါ်သွန်းသီရိရဲ့ တစ်ဦးတည်းသော အချစ်ဆုံးသား၊ မိုက်တယ်၊ ဆန်းတယ်၊ ဒီအခန်းနဲ့ ဘေးချင်းကပ်မှာရှိတဲ့ အခန်းမှာ ရုံးထိုင်တယ်"

"ဟွန်း"

နှိုင်း မသိမသာကလေး နှုတ်ခမ်းလေးကို မဲ့မိ၏။

နူးညံ့ရယ်၊ ရင်ခွင်ညီဆိုတဲ့ လူတစ်ယောက်ကို နှိုင်း မမြင်ဖူး သေးပေမယ့် သည်နာမည်လေးဟာ ခေါင်းလောင်းထိုးသံတစ်ခုလို နှိုင်းရင်ထဲမှာ ကြိမ်ဖန်များစွာ လှုပ်ခတ်အချက်ပေးနေတဲ့ နာမည်လေး ပါ။ သည်ကုမ္ပဏီမှာ နှိုင်း ဘယ်သူ့ကိုမှ ဂရုစိုက်နေမှာ မဟုတ်သလို ဒေါ်သွန်းသီရိကိုလည်း သတ္တိရှိရှိနဲ့ နှိုင်း ရင်ဆိုင်သွားမယ်ဆိုတာ ခင်းတို့ ယုံထားလိုက်စမ်းပါ။

နှိုင်းရဲ့ ရည်ရွယ်ချက်က ကလေးတစ်ယောက်အမေဘဝ နဲ့ ဒေါ်သွန်းသီရိ ဖေဖေကိုသိမ်းပြီး အနိုင်ယူသွားခဲ့တာတွေအားလုံး ကို နှိုင်းကလည်း ကလေးတစ်ယောက်အမေဘဝနဲ့ ရင်ခွင်ညီဆိုတဲ့ သူတစ်ယောက်ကို လက်ထပ်ခွင့်ရရေးပဲ။

ရှင်းတယ်နော် နူးညံ့။

အဲဒီအတွက် အနှိုင်းမဲ့ဆိုတဲ့ နာမည်အသစ်ကလေးနဲ့ ဒီကုမ္ပဏီထဲကို နှိုင်း အလုပ်လာလျှောက်ခဲ့တာပါ။ နှိုင်းလိုချင်တာတွေ အားလုံးကိုရဖို့ ဘယ်သူနဲ့ နှိုင်း ရင်ဆိုင်ယှဉ်ပြိုင်ရမလဲ။

ရိုက်ခတ်ညံ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သွန်းသီရိလား။

ရင်ခွင်ညီလား။

"သီကျူးရေး တို့နှစ်ယောက်ကသာ ပြဿနာဖြစ်မှာကို တွေးပြီး ကြောက်နေကြတာ၊ နှိုင်းကဖြင့် တကယ့်ကို မတုန်မလှုပ် ကလေးနဲ့ အေးတိအေးစက်လေး လုပ်နေတာလေ၊ ဟိုမှာလေ နှိုင်းကိုကြည့်လိုက်၊ တည်ကြည်နေတဲ့ မျက်နှာထားလေးပေါ်မှာ ဘာခံစားချက်မှမရှိတဲ့အတိုင်း အမိန့်ပေးခံထားရတဲ့ အရုပ်လေးတစ်ရုပ်လို လှုပ်ရှားနေတာ၊ ဟင်း"

နူးညံ့ မျက်စောင်းလေးက ဒုတိယအကြိမ်မြောက် ထပ်ပဲလာပြန်၏။

သည်တော့မှ နှိုင်းက ဟန်ဆောင်ပြုံးလေး တစ်ချက်ပြုံးကာ–

"ဟာ... နူးညံ့ကလည်း၊ ဒေါ်သွန်းသီရိကို နှိုင်း မကြောက်ဘဲနေပါ့မလား၊ သူ အရမ်းမုန်းတဲ့ မိန်းမတစ်ယောက်နဲ့ တူတယ့်ဆိုပြီး နှိုင်းကို စူးစိုက်ကြည့်နေတဲ့ချိန်မှာ နှိုင်း ဘယ်ကိုထွက်ပြေးရမှန်း မသိအောင် တစ်ကိုယ်လုံးတုန်နေတာ နူးညံ့ရဲ့"

"ဟာ... ဒါကတော့ လောကကြီးမှာ လူတူမရှား နာမည်တူ မရှားဆိုတာ အမြဲရှိနေတာပဲဥစ္စာ၊ တကယ်လို့သာ နှိုင်းလိုမျက်နှာထားမျိုးလေးနဲ့ အဲဒီလိုတူတဲ့ မိန်းမမျိုး ကမ္ဘာပေါ်မှာ နောက်တစ်ယောက်ရှိခဲ့ရင် အဲဒီမိန်းမ လုတာကို မနာလိုတဲ့စိတ်နဲ့ ဒေါ်သွန်းသီရိ မုန်းခဲ့တာပဲဖြစ်မယ်"

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တော်ကြတော့ဟေ့၊ ဒီမှာ စကားကောင်းနေလို့ မဖြစ်သေး ဘူး အစည်းအဝေးခန်းမှာ ပန်းအိုးတွေပြင်ပေးဖို့ ရှိသေးတယ်၊ မြန်မြန်လုပ်ကြ"

သီကျူး သတိပေးတော့မှ အစည်းအဝေးခန်းမကြီးကို မြက်စည်းတွေ၊ ဖုန်တိုက်စက်တွေကိုင်ကာ သုံးယောက်သား ပြန် ထွက်လာခဲ့ကြ၏။

ဒီအဖြစ်အပျက်တွေ အစအဆုံးကို လုံခြုံရေးကင်မရာ CCTV ထဲကနေ မျက်တောင်တွေကိုပင် မခတ်နိုင်တော့ဘဲ တစ်ချိန် လုံးစောင့်ကြည့် ရင်ခုန်သွားရတဲ့ မျက်ဝန်းလေးတစ်စုံကတော့ မယုံနိုင် ခြင်းများစွာနဲ့ တစ်ကိုယ်လုံး လှိုက်ဖြာနေခဲ့ရတာလေ။

"ဒါ... ဒါ အနှိုင်းမဲ့တဲ့လားဟင် အန်ကယ်စိုး၊ ကြည့်ပါဦး၊ ဒီလို အရမ်းရင်ခုန်ဖို့ကောင်းတဲ့ မျက်နှာထားလေးကို ပိုင်ထားတဲ့ ကောင်မလေးတစ်ယောက်က ကုမ္ပဏီသန့်ရှင်းရေးဌာနမှာ ဒီနေ့မှ အလုပ်စဝင်လာတဲ့ ကောင်မလေးတစ်ယောက်တဲ့လားဗျာ"

CCTV တီဗွီကတစ်ဆင့် ဂျိုင်းထားတဲ့ Computer ဖန်သား ပြင်ပေါ်က ပုံရိပ်တွေကိုကြည့်ပြီး မျက်တောင်ခပ်ဖို့ကိုပင် အချိန်တွေ အကြာကြီး မေ့နေခဲ့တာ ကုမ္ပဏီရဲ့ အမှုဆောင်ဒါရိုက်တာ၊ သိပ်ကို ချောမောတည်ကြည်လွန်းတဲ့ ရင်ခွင်ညီဆိုတဲ့ လူတစ်ယောက်ရယ် ပါပဲ။

ဒါကိုပဲ အန်ကယ်စိုးက ပြုံးပြုံးလေးကြည့်ကာ–

"အေး... ငါကလည်း ဒါကို အံ့ဩလွန်းလို့ CCTV ဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ခေါ်ပြနေတာလေကွာ၊ ဒီအနှိုင်းမဲ့ဆိုတဲ့ ကောင်မလေး ငါ့ဆီမှာ အလုပ်လျှောက်လွှာလာတင်တဲ့နေ့ကဆိုရင် ငါ မယုံလို့ အထပ်ထပ်အခါခါ စစ်ဆေးမေးပြီးတော့မှကို အလုပ်မခန့်ချင်ဘဲ ခန့်လိုက်ရတာ၊

ပြီးတော့ မင်း ယုံချင်လည်းယုံ၊ မယုံချင်လည်းနေ၊ ဒီလို အသားအရေလေးကအစ ဝင်းနှစ်ပြီး သိပ်ကိုစွဲမက်ဖို့ကောင်းတဲ့ ဒီအနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးမှာ ကိုးလသားအရွယ် ကလေး တစ်ယောက်ရှိတယ်ဆိုရင် မင်း ဘယ်လိုခံစားရမလဲ"

"ဗျာ... အန်ကယ်စိုး၊ သူ့မှာ... သူ့မှာ ကိုးလသားအရွယ် ကလေးတစ်ယောက်ရှိတယ် ဟုတ်လား၊ ကျွန်တော်... ကျွန်တော် မယုံဘူးဗျာ၊ ဒီလိုပုံစံမျိုးလေးနဲ့ ကလေးတစ်ယောက်ရှိတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

ရင်ခွင်ညို ထိတ်လန့်ဖြူဖျော့ကာ အန်ကယ်စိုးစကားကို ခေါင်းခါငြင်းသည်။

"အေး မင်းမယုံရင် Computer ထဲက Service Personal File ကိုဖွင့်ကြည့်လိုက်လေကွာ ရင်ခွင်ညို၊ အဲဒီထဲမှာပါတဲ့ အချက်အလက်တွေက အနှိုင်းမဲ့ကိုယ်တိုင် လက်မှတ်ထိုးဝန်ခံထားတဲ့ ကိုယ်တိုင်ရေးအချက်အလက်တွေပဲ"

အန်ကယ်စိုးပြောသလို Computer ထဲက Service Personal File ကို ဖွင့်ကြည့်လိုက်တော့လည်း သူပြောတာတွေက တစ်ချက်မှမလွဲ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကွဲ၊ ကလေးတစ်ယောက်အမေ တစ်ခုလပ်မ[illegible]း အနှိုင်းမဲ့။

နေတဲ့ရပ်ကွက်က မြောက်ဒဂုံ သုံးဆယ့်တစ်ရပ်ကွက်။

လက်ရှိ အိမ်ထောင်မရှိ။

အဒေါ်တစ်ယောက်နှင့် အိမ်ကလေးငှားကာ အတူနေသည်။

ပညာအရည်အချင်းက ကိုးတန်းအောင်။

"နေ… နေပါဦး အန်ကယ်စိုး။ သူ အလုပ်လာလျှောက်တာ [illegible] မသက်ာလို့ အန်ကယ်စိုးက အထပ်ထပ်မေးခဲ့တယ်ဆိုတော့ [illegible]န်ကယ်စိုးက ဘာကိုမသင်္ကာခဲ့တာလဲ၊ ဒီလို သိပ်ချစ်ဖို့ကောင်းတဲ့ [illegible]က်နှာထားလေးနဲ့ ကုမ္ပဏီသန့်ရှင်းရေးဌာနမှာ အလုပ်လာလျှောက် [illegible]ာကို မသင်္ကာတာလား၊ ဒါမှမဟုတ် ကလေးတစ်ယောက်ရှိတဲ့ [illegible]စ်ခုလပ်ကောင်မလေးဆိုတာကို မယုံတာလား"

"မဟုတ်ဘူး"

အန်ကယ်စိုး အပြတ်သားဆုံး ငြင်းသည်။

"ဒါဆို အန်ကယ်စိုးက ဘာကိုမယုံတာလဲ"

"ငါ့ရှေ့မှာ အလုပ်လျှောက်လွှာလာတင်တုန်းက ငါမြင်လိုက် [illegible]ာ သူ့မျက်ဝန်းလေးထဲမှာရှိနေတဲ့ အေးစက်နာကျင်မှုတွေ"

"ဗျာ"

အန်ကယ်စိုး သူ့ကို ထောက်ပြလိုက်တာ တစ်ခွန်းတည်း။

"ဒါကြောင့်မို့ ဒီကောင်မလေး အလုပ်စဆင်းတဲ့နေ့မှာ [illegible]CTV ထဲကနေ သူ့ရဲ့လှုပ်ရှားမှုပုံရိပ်တွေကို CCTV ဖွင့်ပြီး ငါစောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာလေ၊ မင်းလည်း ငါနဲ့အတူတူ သူ့လှုပ်ရှားမှုတွေ မြင်လိုက်ရတာပဲဥစ္စာ၊ မင်းမာမီ ဒေါ်သွန်းသီရိ အခန်းထဲမှာ သူတ ယောက်တည်း သန့်ရှင်းရေးလုပ်နေတုန်းက မင်းမာမီဓာတ်ပုံကြီး မျက်တောင်မခတ်ဘဲ ဒီကောင်မလေး အကြာကြီး စိုက်ကြည့်နေတ တည်တင်းနေတဲ့ မျက်နှာထားကလေးနဲ့၊ ပြီးတော့လည်း သန့်ရှင်းရေ တကယ်လုပ်ရင်း ဒီဓာတ်ပုံမှန်ဘောင်ကြီးက ကျကွဲသွားခဲ့တယ်လေ ကွာ''

ရင်ခွင်ညီ နှုတ်ခမ်းလေးတွန့်ကာ ပြုံးမိသည်။

''ဟွန်း... ဒါ မတော်တဆဖြစ်တာပါ အန်ကယ်စိုး ဘာပဲပြောပြော ဒီအနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးဟာ အန်ကယ်စိုးပြေ သလို စိတ်ဝင်စားဖို့ကောင်းတာတော့ အမှန်ပါပဲ၊ ကလေးတစ်ယော အမေဆိုတာ ကျိန်တွယ်ပြောရင်တောင် ယုံဖို့ခက်တဲ့ အနေအထ မျိုး၊ အဟင်း... တကယ်လန်းတယ်ဗျာ''

ရင်ထဲမှာရှိတာကို အမှန်အတိုင်းပဲ သူ ဝန်ခံလိုက်မိတာ

သူ့မျက်ဝန်းလေးထဲမှာတော့ အမိုက်သိမ်း၊ ဖုန်တိုက သန့်ရှင်းရေးလုပ်နေတဲ့ အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးတစ်ယောက် ပုံရိပ်လေးတွေက အံ့သြဖို့ကောင်းစွာ စွဲထင်လို့သွားခဲ့ရပြီ၊ အထူးသြ ဆုံးကတော့ တင်ပါးလုံးလုံးတင်းတင်းကလေးတွေကိုဖုံးကာ ကေ ဆင်းဖြာကျနေသည့် နက်မှောင်သန့်စွမ်းသော ဆံပင်ရှည်ကြီးတွေ တံခေါက်ခွက်ကလေးနားအထိ တလွင့်လွင့် တဖြာဖြာဝဲ့ရှုနေတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နုတ်ခမ်းနှင့် မျက်နှာလေးမှာ ဘာတစ်ခုမှ လိမ်းခြယ်မထား သည့်တိုင် စိုရဲဝင်းထင်းနေတာလေးက ဆေးရောင်ပါးပါးဖျော့ဖျော့ လေးတွေကို သဘာဝက တင်ပေးထားသည့်နှယ်။ ကိုယ်လုံးလေးက လည်း ဖူးဖူးကျစ်ကျစ်ကလေးမို့ ဆံနွယ်ရှည်တွေကို ဖျတ်ခနဲ ဝဲခါ လိုက်လေတိုင်း နွဲ့ယိမ်းသွားရသည့် သေးကျဉ်သော ခါးကလေးက လေအတိုးမှာ ကျိုးမှာပင် သူ စိုးရိမ်မိရသေး၏။

အစည်းအဝေးခန်းမထဲမှာတော့ နူးညံ့ကပဲ လိုတာတွေ အားလုံးကို ပြင်ဆင်နေသည်။

နူးညံ့ လုပ်ပြသလို နှိုင်း လိုက်လုပ်နေရ၏။

ပန်းအလှအိုးလေးတွေပြင်ပြီး စားပွဲပေါ် စနစ်တကျတင်ပေး သည်။ နူးညံ့ ပြောတာကတော့ မဟာကုမ္ပဏီကုမ္ပဏီဥက္ကဋ္ဌ ဒေါ်သွန်းသီရိဆိုတာ ခမ်းနားတာကိုမှ နှစ်သက်သဘောကျသတဲ့။ ကိုယ်တိုင်လည်း ကိန်းခန်းကြီးကြီးနဲ့ တခမ်းတနားနေတတ်သတဲ့။

"ဟာ... နှိုင်း၊ မင်း အဲဒီလိုကြီး ငိုင်ပြီးစဉ်းစားမနေနဲ့နော်၊ သွား... သွား... စောစောက ပြထားတဲ့ စတိုခန်းထဲကနေ ပန်းအိုး ဆုံလုံးလောက် မြန်မြန်သွားယူလိုက်၊ ဒီမှာ ထပ်ပြင်ပေးရဦးမယ်၊ ဥက္ကဋ္ဌ ဒေါ်သွန်းသီရိ ထိုင်မယ့်ခုံပေါ်မှာ ဖုန်စလေးတွေ တင်မနေ စေနဲ့နော်"

နှိုင်းကို ခိုင်းသလို သီကျူးကိုလည်း အော်ပြောနေသည်။

နူးညံ့ ပြောမှ အလုပ်တွေလုပ်ရင်း နှိုင်း တစ်ချက်ငိုင်သွား တာကို ပြန်သတိရ၏။



www.burmeseclassic.com

www.burmeseclassic.com



စတိုခန်းရှိရာကိုသွားဖို့ အစည်းအဝေးခန်းမကြီးရဲ့ ထောင့်ချိုးအကွယ်လေးကို နှိုင်း ဖျတ်ခနဲကွေ့ချိုးလိုက်တော့မှ–

"အို"

"ဟာ… ဟာကွာ"

"ဖြန်း"

"ဖလမ်း"

မမျှော်လင့်ဘဲ လူတစ်ယောက်ကို တိုက်မိပြီး နှိုင်းမျက်ဝန်းတွေ ပြာသွားသည်။

ပြီးတော့ ရှက်ရွံ့ထူပူစွာ နှိုင်းတစ်ကိုယ်လုံး အေးစက်သွား၏။ နှိုင်းမျက်ဝန်းတွေထဲမှာ ဖျတ်ခနဲမြင်လိုက်ရတာက တိုက်မိလိုက်သည့်အရှိန်နှင့် အစိမ်းရောင်ဖိုင်ကလေး သူ့လက်ထဲကနေ လွတ်ထွက်သွားပြီး ဖိုင်ထဲက စာရွက်တွေ လေထဲမှာ ပြန့်ကျဲတာ အောက်ကို လွင့်သွားခဲ့တာပဲ ဖြစ်သည်။

"ပြဿနာပဲကွာ"

နှိုင်း မော့မကြည့်ရဲသူတစ်ယောက်ဆီက ကြားလိုက်ရတဲ့ စိတ်ပျက်ညည်းညူသံကလေး။

"ဟာ Sorry နော်"

နှိုင်း ကြမ်းပြင်မှာ ဒူးကလေးထောက်ထိုင်ချကာ ပြန့်ကျဲနေတဲ့ စာရွက်တွေကို ကောက်ဖို့ပြင်လိုက်တော့ နှိုင်းရဲ့ ထွေးကျနေတဲ့ ဆံပင်ရှည်ကြီးတွေက ကြမ်းပြင်ပေါ်မှာ အပုံလိုက်ဖြာကျကာ ဒရွတ်တိုက်ဆွဲသလို ဖြစ်သွားသည်။

လင်းလက်ဒီမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှိုင်းက File အစိမ်းလေးကို ကောက်ယူဖို့ လက်ကလေး အလှမ်း။

"ဟင်"

နက်ပြောင်တောက်ပသော ယောကျ်ားစီး အနက်ရောင်ရှူး ကလေးပေါ်မှာ File အစိမ်းလေးက ဘေးတစ်ခြမ်းစောင်း ပြုတ်ကျပြီး ဘင်နေတာမို့ ကောက်ယူဖို့ပြင်လိုက်တဲ့ နှိုင်းလက်ကလေးတွေ ဘွန့်ကာ လမ်းတစ်ဝက်မှာပင် မတွံ့မရဲဟန်ကလေးနှင့် နှိုင်းလက် ချောင်းသွယ်သွယ်လေးတွေက ရပ်သွားသည်။

နှိုင်း ခွင့်တောင်းဖို့ သူ့ကို ဖျတ်ခနဲမော့ကြည့်လိုက်တော့-

"အို"

နှိုင်းမျက်ဝန်းထဲမှာ စွဲထင်သွားရတာက ချောမောတည်တင်း သွန်းသော ယောကျ်ားတစ်ယောက်ရဲ့ ပုံရိပ်ကလေးဖြစ်နေခဲ့တာပင်။ သူ ဘယ်သူလဲဆိုတာ နှိုင်းက မသိသလို သူဝတ်ပုံစားပုံက အတော် လေးသန့်ရှင်းသပ်ရပ်ကာ ကြယ်သီးတွေ စေ့ပိတ်နေအောင် ဝတ်ထား ဘာကအစစ မတ်ကျလွန်းတာမို့ နှိုင်း အသက်ရှူမှားကာ ခွင့်တောင်း သိုက်ရမှာကိုပင် နှိုင်းက မေ့သလိုဖြစ်သွားသည်။

ပိုဆိုးတာက နှုတ်ခမ်းလေးတွန့်ကာ သူပြုံးလိုက်တာပင်။

"ဟွန်း... ရတယ်လေ၊ မင်း ကောက်ပေးဖို့မလိုပါဘူး၊ ဒါဟာငါ့ပဲ ပြန်ကောက်လိုက်ပါ့မယ်၊ ဖယ်၊ ဖယ်၊ ကြမ်းပြင်ပေါ်မှာ ကျနေတဲ့ မင်းဆံပင်တွေကို အခုချက်ချင်း ပြန်ဖယ်လိုက်"

"အို ဟုတ်ပါရဲ့၊ ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကလေးကို နှိုင်း ပြန်အငုံ့မှာ ပြန့်ကျဲဖွာကျနေတဲ့ နှိုင်းဆံပင်တွေက လွတ်နေတဲ့ အနက်ရောင်ရှူးဖိနပ်ဦးချွန်လေး တစ်ဖက်ကို ထိတော့မတတ်ပင်။ နှိုင်း ဆံပင်တွေကိုစုကာ ပြန်သိမ်း လိုက်ရပေမယ့် ပေါ်လာတဲ့ အနောက်ဘက်က အသံကြောင့် နှိုင်း အသက်ရှူသံတွေက စောစောကထက် နှစ်ဆပိုမြန်သွားသည်။

"ဟယ်... အနှိုင်းမဲ့၊ ကြည့်စမ်း၊ မင်း ပြဿနာရှာပြီး ကိုညီ့ကို တိုက်ချလိုက်ပြန်ပြီပေါ့လေ၊ သွား... သွား ကိုညီ့ရှေ့ကနေ မင်း အခုချက်ချင်းထွက်သွားစမ်း၊ ဒုက္ခပါပဲကွာ၊ ဘယ်နေရာသွားသွား ဒီသန့်ရှင်းရေးဌာနကဟာတွေနဲ့ လွတ်ပဲမလွတ်နိုင်တော့ဘူး၊ ငါ့နှယ် နော်၊ ပြောရဆိုရတာ အကုသိုလ်များလိုက်တာ"

"သူ... သူက ဘယ်သူလဲဟင်၊ ရိုက်ခတ်ည"

"အမလေး ကိုညီရယ်၊ ဒီသန့်ရှင်းရေးဌာနက ဟာမလေးက ကိုညီ စိတ်မဝင်စားစမ်းပါနဲ့၊ စောစောကပဲ အန်တီသွန်းဓာတ်ပုံကြီး ကွဲသွားအောင် သင်းပဲလုပ်ခဲ့တာလေ၊ ဟော့၊ ဟော့ မင်းကို တို့ပြော နေတယ်လေ... အနှိုင်းမဲ့၊ မင်း ကိုညီ့စာရွက်တွေကို ဘာမှပြန် ကောက်ပေးနေစရာ မလိုဘူး၊ သွား... သွား... အခုချက်ချင်း မင်း ထွက်သွား"

နာမည်နဲ့လိုက်အောင် အသံစာစာလေးနဲ့ တစ်ထပ်လုံးညံ သွားအောင် အော်နေတာ။ ရိုက်ခတ်ညဆိုတဲ့ ခပ်သွက်သွက် ခေါ မာမာ အမျိုးသမီးတစ်ယောက်ပါပဲ။

နှိုင်း လှည့်ထွက်သွားတော့...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ကိုညီ၊ ဒီလောက်အော်နေတာတောင် ဂရု
စိုက်သလိုလုပ်ပြီး လှည့်ထွက်သွားတာ၊ ပြောမယ် အန်ကယ်စိုးကို
ခေါ်ပြီးတော့ကို ပြောရဦးမယ်၊ နောက်တစ်ခါ ဒါမျိုးတွေ ဘယ်တော့မှ
အလုပ်မခန့်ပါနဲ့လို့"

"ဟွန်း"

ရိုက်ခတ်ည်ကတော့ ခါးကလေးကိုထောက်၊ နှုတ်ခမ်းလေး
ဖျတ်ခနဲမဲ့လို့ပေါ့။

သိတယ်နော်။

ရိုက်ခတ်ည်ဆိုတာ ရင်ခွင်ညီနဲ့ပတ်သက်လာရင် ဘယ်လို
ခါးကလေးမျိုးနဲ့မှ ထိပါးငြိစွန်းသွားမှာကို မလိုလားတဲ့မိန်းမ။

"နှိုင်းရယ် မင်းနဲ့ကဖော့ တကယ့်ပြဿနာပဲကွာ"

ထိုအဖြစ်အပျက်အစအဆုံးကို လှမ်းမြင်လိုက်ရသည့် နှုးညံ့
က ပန်းအိုးလေးတွေကို ပွေ့ကိုင်ကာ ရောက်လာသည့် နှိုင်းဆီကို
ပြေးကလေးသွားရင်း စိုးရိမ်တကြီး ပြောမိသည်။

"ဟင်... ဘာဖြစ်လို့လဲ နှုးညံ့"

နှိုင်းကတော့ နှုးညံ့ဆိုလိုချင်တာကို မသိတာမို့ မျက်တောင်
ညည်လေးတွေကို ဖျတ်ခနဲကော့ကာ နှုးညံ့ကို မော့ကြည့်ရင်း ပြန်မေး
သည်။

"ဟင်... မင်း မသိဘူးလားဟင် နှိုင်း၊ စောစောက မင်းနဲ့
ခင်ချင်းအပ် တိုက်မိသွားတာလေ၊ အဲဒါ ဘယ်သူလို့ မင်းထင်နေ
သို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲဒါ နှိုင်းမှမသိတာ၊ သူက ဘယ်သူလဲ"

"အဲဒါ ဒေါ်သွန်းသီရိရဲ့ တစ်ဦးတည်းသော အချစ်ဆုံးသ ရင်ခွင်ညီပဲ"

"ဘုရားရေ၊ အဲဒါ ရင်ခွင်ညီ"

သူဟာ နှိုင်း လက်စားချေရမယ့် ရင်ခွင်ညီတဲ့။

ကြည့်ပါဦး။

ဒီလို ချောမောတည်တင်းပြီး မြင့်မားတဲ့ အရပ်အမော တစ်ခုကို ပိုင်ဆိုင်ထားသူတစ်ယောက်ဟာ နှိုင်း လက်ထပ်ယူ ကြိုးစားရတော့မယ့်သူတစ်ယောက်တဲ့လား နှုးညံ့ရယ်။

သူ့ကို နှိုင်းက လက်ထပ်ယူရမယ်တဲ့လား။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (သုံး)

"ဘာ ... ဘာပြောတယ် ဦးသီလထွန်း၊ ဒီကိစ္စကို ကျွန်မ တို့ဘက်က ကန့်ကွက်မယ့်သူ မရှိ၊ သဘောတူပေးရမယ် ဟုတ် လား"

ဒေါ်သွန်းသီရိ မျက်တောင်တွေက ဖျတ်ခနဲကော့တက် သွားသလို နှုတ်ခမ်းတွေကပါ ချိန်သားကိုက်လေး တညီတညာ တည်း မဲ့သွားသည်။

"ဒါ... ဒါ လုံးဝမဖြစ်နိုင်တဲ့ အကျပ်ကိုင်တောင်းဆိုမှုပဲ ဦးသီလထွန်း၊ နေပါဦး ကျွန်မ မသိလို့ တစ်ခုလောက်တော့ မေးခွင့် ပြုပါဦး၊ ဒီ ကနေဒါမှာဖွင့်ထားတဲ့ Three Flower ကုမ္ပဏီဆိုတာ ဘယ်လိုကုမ္ပဏီမျိုးလဲ၊ သူက ဘာဖြစ်လို့ ဦးသီလထွန်းဆီကို Phone တွေတဂွမ်ဂွမ်ဆက်၊ E-mail တွေ အကြိမ်ကြိမ်အခါခါပို့ပြီး မဟာကုမ္ပဏီရဲ့ ရှယ်ယာတွေထဲမှာ sixty percentage အထိ ပါဝင်ခွင့်ပေးဖို့ တောင်းဆိုနေတာ ဘာသဘောလဲ၊ အဲဒီအကြောင်း ခပ်ရှင်းရှင်းပဲ ကျွန်မ သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ လင်းလက်သွားသည့် ဒေါ်သွန်းသီရိ မျက်ဝန်းထဲက မာန်မာန။

ဝင့်ထည်ခြင်းတစ်ခုဖြင့် မော့လာသော သန္တာရောင် နှုတ်ခမ်းတွေပေါ်က ခပ်မဲ့မဲ့အပြုံး။

"ဒါက ဒီလိုရှိပါတယ် ဒေါ်သွန်းသီရိ"

မီးရောင်တွေ ထိန်ထိန်ငြီးလျက် ပန်းအလှအိုးတွေနှင့် ပြိုင်ဆိုင်ထည်ဝါစွာ ခင်းကျင်းထားပါသော မဟာကုဋေကုမ္ပဏီ Meeting Room ကြီးထဲက အရေးပေါ်စည်းဝေးပွဲ။

ထိပ်ဆုံးက အနီရောင်ကတ္တီပါခင်း ကျွန်းကနုတ်ဆက်တီခုံမြင့်မြင့်ကြီးပေါ်မှာတော့ ဖြောင့်စင်းရှည်သွယ်သော ပေါင်တံနှစ်ဖက်ကို တင်ပါးလွှဲလေးချိတ်ကာ၊ ကြက်သွေးရောင်လက်ရှည် ခါးတင်ကိုယ်ကျပ်အင်္ကျီ၊ မရမ်းစေ့ရောင် ပြောင်လက်လက်ချိတ်ထဘီလေးကို ဝတ်လျက် မဟာကုဋေကုမ္ပဏီရဲ့အရှင်သခင် ဒေါ်သွန်းသီရိက တည်တင်းသောမျက်နှာလေးကို မော့ကာ စိန်တွေတဖျတ်ဖျတ်ဖြင့် ထိုင်နေပါသော်လည်း သူမမျက်နှာထားလေးက အငြိုးဖြင့်ရွှာချတော့မည့် အုံ့ဖွဲ့နေသောမိုးကောင်းကင် တစ်ပြင်လို။

သူမ ရှေ့က လက်တောက်နေသည့် ကျွန်းစားပွဲရှည်ကြီးရဲ့ တစ်ဖက်တစ်ချက်ဆီမှာတော့၊ ကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်တွေနှင့် ရှယ်ယာရှင်တွေ၊ ကုမ္ပဏီအုပ်ချုပ်သူ လူကြီးတွေက၊ မျက်နှာချင်းဆိုင် ထိုင်ရင်း ဒေါ်သွန်းသီရိရဲ့ မျက်ဝန်းတွေကို အသက်မျှနိုင်ဘဲ ငေး



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေတာက သံပတ်ပေးထားသည့် စက်ရုပ်လေးတွေလို ဖြစ်နေသည်။

"အဟင်း... ဟင်း"

အမှုဆောင်ဒါရိုက်တာ ဦးသီလထွန်းက ဖြေရှင်းမပြခင် ချောင်းတစ်ချက်ကို အရင်ဆုံး ဟန့်သည်။

ပြီးတော့မှ သူ့ရှေ့စားပွဲပေါ်မှာ ချထားသည့် File အစိမ်းရောင်လေးကိုဖွင့်ကာ၊ မတ်တတ်ရပ်ရင်း စကားကို စပြောၾ၏။

"ကျွန်တော် ပထမဆုံး တင်ပြဆွေးနွေးချင်တဲ့အကြောင်းကတော့ ကနေဒါမှာ အခြေစိုက်ဖွင့်ထားတဲ့ Three Flower ကုမ္ပဏီရဲ့အကြောင်းပါပဲ၊ ဒီကုမ္ပဏီဟာ ကနေဒါနိုင်ငံအပါအဝင် နိုင်ငံပေါင်း သုံးဆယ်ကျော်မှာ၊ ကုမ္ပဏီရုံးခွဲတွေဖွင့်ပြီး နိုင်ငံတကာ သင်္ဘောလိုင်းတွေ၊ ဓာတ်သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်းတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေအဆုံး၊ ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံပြီးတော့မှ၊ ဝန်ထမ်းအင်အား ခြောက်ထောင်ကျော်လောက်နဲ့ အကြီးအကျယ်စီးပွားရေးလုပ်နေတဲ့ ကုမ္ပဏီဖြစ်တယ် ဆိုတာပါပဲ"

ပြောလက်စ စကားကိုရပ်ရင်း၊ အစည်းအဝေးခန်းမထဲက လူတွေအားလုံးကို မျက်လုံးတစ်ချက်ဝေ့ကာ၊ ဦးသီလထွန်းက လှမ်းကြည့်သည်။

ပြီးတော့မှ မျက်နှာကို ပြန်မော့ကာ–

"ပြောရရင် Three Flower ကုမ္ပဏီရဲ့ အမှတ်တံဆိပ်ဟာ၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးသုံးပွင့်ကို ကိုယ်စားပြုထားတာဖြစ်ပြီး ကုမ္ပဏီကို ဦးဆော လမ်းညွှန်နေသူ သုံးယောက်စလုံးဟာ အမျိုးသမီးတွေဖြစ်တာက ဒီကုမ္ပဏီရဲ့ အထူးခြားဆုံးအချက်ပါပဲ''

''အဟင်း၊ ကျွန်မ စိတ်ဝင်စားပါတယ် ဦးသီလထွန်း၊ ရှေ့ ဆက်ပြောပါ''

ဒေါ်သွန်းသီရိက စိတ်ဝင်စားတယ်ပြောပေမယ့်၊ သူ့နှုတ်ခမ်း ထောင့်စွန်းမှာ ညွှတ်ကွေးအရိပ်ထင်သွားရတဲ့၊ အပြုံးမဲ့မဲ့လေးတစ်ခု က၊ အမျိုးသမီးသုံးယောက် ဦးဆောင်နေတာကိုပဲ အရေးပဲမစိုက် သလိုလို၊ အထင်ပဲမကြီးသလိုလို။

ဒီလို နှုတ်ခမ်းလေးမဲ့ပြီး၊ မျက်နှာလေးကို ဖျတ်ခနဲမော့လိုက် စဉ်မှာတော့၊ ဆံထုံးမြင့်မြင့်ပေါ်မှာ စီတန်းစိုက်ထားသည့် စိန်ဆံထိုး တွေက တဖျတ်ဖျတ် တခါခါ အရောင်တွေက ပြိုးပြက်ကာ၊ လင်း လက်သွားသည်။

''အခု အဲဒီ Three Flower ကုမ္ပဏီကနေ ကျွန်တော်တို့ မဟာကုဋေကုဋာကုမ္ပဏီရဲ့ ရှယ်ယာထဲကို Sixty Percentage ထည့်ဝင်ခွင့်ပေးဖို့ တောင်းဆိုနေတဲ့အချက်က၊ သိပ်ကိုစိတ်ဝင်စား ဖို့ကောင်းနေတယ်ထင်လို့၊ ဒီ Energency Meeting မှာ ကျွန်တော် တင်ပြနေတာပါ၊ အတိအကျ ကျွန်တော် ထပ်ပြောရမယ်ဆိုရင် Three Flower ကုမ္ပဏီရဲ့ လက်ခွဲကုမ္ပဏီတစ်ခုကို လွန်ခဲ့တဲ့သုံးလ လောက်ကမှ စင်္ကာပူမှာ သူတို့ဖွင့်ခဲ့ပါတယ်။ အဲဒီကမှတစ်ဆင့် ကျွန်တော်တို့ကုမ္ပဏီကို သူတို့ ဆက်သွယ်လာတာပါ၊ ထူးခြားလာ



www.burmeseclassic.com

www.burmeseclassic.com



...ကတော့ အဲဒီကုမ္ပဏီမှာ အရှေ့တောင်အာရှဆိုင်ရာ အထူး ...ရိုက်တာတစ်ယောက်ကို သူတို့ဘက်က ခန့်အပ်ထားခဲ့တာဖြစ်ပြီး ...ဒီ အထူးဒါရိုက်တာကိုယ်တိုင်က မဟာကုဋ္ဌေကုမ္ပဏီရဲ့ အကျိုးစီးပွား ...ကို အဓိကပစ်မှတ်ထား ရွေးချယ်လိုက်တဲ့အချက်က သိပ်ကိုစိတ်ဝင် ...စားဖို့ကောင်းနေတယ်ဆိုတာ ကျွန်တော် တင်ပြချင်တာပါပဲ"

"ဘယ်၊ ဘယ်လို ဦးသီလထွန်း"

ဒီစကားအရောက်မှာတော့ ဒေါ်သွန်းသီရိရဲ့ မျက်ခုံးတန်း ...သေးနှစ်ဖက် စုကျုံ့တက်သွားရတဲ့အထိ၊ မျက်ဝန်းကလေးတွေက ...ဝင်းလက်သွားခဲ့သလို၊ ပစ်မှတ်ဆိုသည့် စကားလေးတစ်လုံးက မာန် ...မာနကြီးသော ဒေါ်သွန်းသီရိရဲ့ ရင်တစ်ခုလုံးကို၊ ပြောင်းဆန်တုန်ခါ ...သွားစေခဲ့သည်၊ သတိပေးခေါင်းလောင်းလေးတစ်ခုလို ဖြစ်သွားခဲ့ရ ...ပြီ။

"စင်... စင်ကာပူရုံးခွဲက အရှေ့တောင်အာရှဆိုင်ရာ အထူး ...ဒါရိုက်တာက မဟာကုဋ္ဌေကုမ္ပဏီကုမ္ပဏီရဲ့ အကျိုးစီးပွားတွေကို ...အဓိကပစ်မှတ်တစ်ခုအနေနဲ့ ရွေးချယ်ပစ်လိုက်တယ်၊ ဟုတ်လား၊ ...အဟင်း... ဆက်ပြောပါ ဦးသီလထွန်း၊ သူတို့ ရွေးချယ်လိုက်တဲ့ ...ပစ်မှတ်ဆိုတာ ဘာကိုပြောတာလဲ၊ ဘယ်လိုပစ်မှတ်မျိုးကို ရွေးချယ် ...လိုက်တာလဲ၊ မဟာကုဋ္ဌေကုမ္ပဏီရဲ့ အရိုက်ကို တစ်ချက်တည်း ပစ်မယ့် ...ပစ်မှတ်မျိုးလား"

လေသံက မာသည်။

မျက်နှာထားက တင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သွန်းသီရိရဲ့ မဟာကုမ္ပဏီကုမ္ပဏီကို စစ်ချီသိမ်းပိုက်တော့မယ့် တံပိုးခရာမှုတ်လိုက်သံလား။ ဒါကို သွန်းသီရိဆိုတဲ့ မိန်းမတစ်ယောက်ကရော၊ ဂရုတစိုက်တုန်လှုပ်နေစရာလိုသလား။ အဟင်း လုံ၀အေးဆေးပဲ သိလား ဦးသီလထွန်း။

ဦးသီလထွန်း ဆက်ပြော၏။

"ဒီလိုပါ ဒေါ်သွန်းသီရိ၊ သူတို့ ရွေးချယ်လိုက်တဲ့ ပစ်မှတ်က နိုင်ငံတော်က စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်တွေကို ဥပဒေနဲ့အညီ အတိအကျ ပြဋ္ဌာန်းခွင့်ပြုထားပါလျက်နဲ့၊ သူတို့က ဘာဖြစ်လို့ မဟာကုမ္ပဏီကုမ္ပဏီရဲ့ ရှယ်ယာထဲကိုမှ အသည်းအသန်ဝင်ခွင့်ပြုဖို့ တောင်းဆိုနေရတာလဲ၊ ဒါဟာ သိပ်ကို မသင်္ကာစရာကောင်းနေတဲ့အချက်"

"နေပါဦး ဦးသီလထွန်း၊ ဒီလို မယုံသင်္ကာဘူးဆိုရင် ဆက်သွယ်လာတဲ့ စက်မှုပူးရုံးခွဲက အရှေ့တောင်အာရှဆိုင်ရာ အထူးဒါရိုက်တာကို ရှင့်ဘက်က ပွင့်ပွင့်လင်းလင်းမေးလေ၊ ဘာအားနာစရာလိုလဲ၊ ဒါ ကျွန်မတို့ စီးပွားရေးလုပ်နေတာ"

"ဟုတ်ကဲ့၊ ဒါကို ကျွန်တော်ကလည်း မေးပါတယ်၊ ဟိုကလည်း ကျွန်တော့်ကို ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်းပဲ အဖြေပေးပါတယ်"

"ဘယ်လိုပေးတာလဲ"

"သူတို့ဘက်က တောင်းဆိုတာကို မလိုက်လျောဘူးဆိုရင် ကျွန်တော်တို့ရဲ့ မဟာကုမ္ပဏီ Super Market ကြီးရဲ့ အနီးဆုံးနေရာမှာ ကျွန်တော်တို့ထက် ငါးဆပိုကြီးတဲ့ Trooper Market

www.burmeseclassic.com



ကြီးတစ်ခုကို သူတို့ဘက်က အပြိုင်လာဖွင့်ဖို့ ခြိမ်းခြောက်လာပါတယ် ဒေါ်သွန်းသီရိ"

"ဘာပြောတယ်"

ဒေါ်သွန်းသီရိ ဝုန်းခနဲ ထရပ်လိုက်တာက ဟန်မဆောင်နိုင်ဘူး။

"ကျွန်မ… ကျွန်မတို့ထက် ငါးဆပိုကြီးတဲ့ Trooper Market ကြီး ဟုတ်လား ဦးသီလထွန်း၊ ဒါ… ဒါ ကျွန်မတို့ကို စိန်ခေါ်တာ"

"ဟုတ်ပါတယ် ဒေါ်သွန်းသီရိ၊ အခုပဲ ဒေါ်သွန်းသီရိ ကြည့်သေး၊ စက်ဘုပွဲနဲ့ ဟောင်ကောင်မှာရှိတဲ့ ကျွန်တော်တို့ရဲ့ ပင်တိုင်အောက်သည်တွေကို မက်လုံးတွေအမျိုးမျိုးပေးပြီး ရိုက်စားလုပ်သွားသို့ ကျွန်တော်တို့ကုမ္ပဏီ အထိနာသွားတာ"

"အဟင်း… ဝမ်းနည်းပါတယ် ဦးသီလထွန်း၊ ကျွန်မကို ပြိုင်လာမယ့် ဘယ်လိုကုမ္ပဏီမျိုးက ရှယ်ယာကိုမှ ကျွန်မ လက်မခံနိုင်ပါဘူး။ အခု သူတို့တောင်းဆိုလာတဲ့ ခြောက်ဆယ်ရာနှုန်းကို ထည့်ခွင့်ပေးလိုက်တာနဲ့ ကုမ္ပဏီစည်းမျဉ်းအရ ကျွန်မကတောင် ကုမ္ပဏီဥက္ကဋ္ဌအဖြစ်က နုတ်ထွက်ပေးရမလိုတောင် ဖြစ်နေပြီ"

"အဲဒီတော့"

"ရှင် ချက်ချင်းအကြောင်းပြန်လိုက်ပါ၊ ကျွန်မတို့ မဟာကုမ္ပဏီမှာ ဘယ်လိုရှယ်ယာရှင်မျိုးတွေရဲ့ ငွေကိုမှ အခုထပ်ပေးလာဆယ် လက်ခံဖို့အစီအစဉ်မရှိသေးပါဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ဦးသီလထွန်း မျက်နှာပျက်သွားသလို အစည်းအဝေးခန်းမ တစ်ခုလုံးလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ကျွန်မပြောတာ ရှင်းပါတယ်နော် ဦးသီလထွန်း။"

"ဒါဆိုရင် Three Flower ကုမ္ပဏီက ကျွန်တော်တို့ အငြိုးနဲ့ပြိုင်လာဖို့ များသွားပြီ"

"သူတို့ ဘယ်လိုပဲပြိုင်ပြိုင် ကျွန်မ ဂရုမစိုက်ဘူး ဦးသီလ ထွန်း"

ဒေါ်သွန်းသီရိက မျက်နှာကို ဖျတ်ခနဲပင့်မော့သည်။

မဟာကုမ္ပဏီကြီးကို ဒီလိုလာယှဉ်လို့ ရမလား။

ဦးသီလထွန်းကတော့ ရွှေကိုင်းပါဝါမျက်မှန်ကလေးကို ပြန် တပ်လိုက် ပြန်ချွတ်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေတာက သိသာလွန်းနေ သည်။ ပြီးတော့လည်း စားပွဲပေါ်က File အစိမ်းလေးကို ပြန်ကိုင် လိုက် ပြန်ချလိုက်နှင့် လုပ်နေတာက အကြိမ်ပေါင်းများစွာ။

အစည်းအဝေးခန်းမကြီးတစ်ခုလုံးကတော့ မီးကို ရေနဲ့ငြိမ်း ထားသလို။

လေမတိုက်သော တောင်ပေါ်က သစ်ပင်မြင့်မြင့်ကြီးတွေ လို။

"အဟင်း။ ကျွန်မက သွန်းသီရိပါ။ သွန်းသီရိ ဦးဆောင်နေ တဲ့ မဟာကုမ္ပဏီဟာ ကိုယ့်ကိုပြိုင်လာတဲ့ ဘယ်လိုကုမ္ပဏီမျိုးကို အညံ့ခံ အရှုံးပေးသွားမှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေ ဒေါ်သွန်းသီရိ၊ ကျွန်တော်ပြောတာက"

"မပြောနဲ့၊ ကျွန်မ မကြားချင်ဘူး။ သူတို့ဘက်က အငြိုးနဲ့ ပြိုင်လာမှာကို ရှင်ကြောက်နေရင် ကုမ္ပဏီအမှုဆောင်ဒါရိုက်တာ ရာထူးကနေ ရှင်နုတ်ထွက်ပြီး ရှင် အခုချက်ချင်း အစည်းအဝေး ခန်းမအပြင်ဘက်ကို ထွက်သွားလိုက်"

ဒေါ်သွန်းသီရိထံမှ အကြည့်များသည် မည်းညို့သော တောင်းကင်ပြင်တစ်ခုပေါ်မှာ လျှပ်စီးကြောင်းတွေ ပြိုးခနဲ ပြက်ခနဲ ဖြတ်သန်းလက်သွားခဲ့သလိုမျိုး၊ မိုးတွေ ဝုန်းခနဲ ဝေါခနဲ ကျဲပက်ရွာချ လိုက်သလိုမျိုး။

ဦးသီလထွန်း File အစိမ်းလေးကိုချ၍ မျက်မှန်ကို ပြန် ကောက်တပ်သည်။

မဝ့်မရဲဟန်ကလေးနှင့် ရုတ်ခြည်းအိုစာသွားသော မျက်နှာ လေးကို ပြန်မော့၏။

"ကျွန်တော်၊ ကျွန်တော်"

ဦးသီလထွန်းမှာတော့ အသံတွေလည်းတုန်၊ လက်တွေ လည်းတုန်။

ဟောကြည့်၊ စောစောကပဲ ချလိုက်သည့် File အစိမ်းလေး ကို အယောင်ယောင်အမှားမှားနဲ့ နောက်တစ်ကြိမ် ကောက်ကိုင်လိုက် ပြန်ပြီ။

"သူတို့ ပြိုင်လာမှာကိုကြောက်လို့ ကျွန်တော် တင်ပြနေ တာ မဟုတ်ပါဘူး။ သူတို့ဘက်က တောင်းဆိုတာကို မလိုက်လျော



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ရင် နောက်ဆက်တွဲ ပြဿနာတွေနဲ့ ရိုက်ခတ်မှုတွေကို ကြ
နေလို့ တင်ပြနေတာပါ''

''ဟွန်း''

ဒေါ်သကြောင့် နီစွေးကာ ပန်းသွေးရောင်ထသွားသေ
မျက်နှာကိုလည်း ဒေါ်သွန်းသီရိ ပြန်ပြင်လို့မရ။ သူမရဲ့ ရဲသောမျက်
သည် အလျှံညီးညီး တောက်လောင်နေသည့် မီးပုံတစ်ခုထဲ
သစ်ရွက်ခြောက်တွေ အဆုပ်လိုက်ကျဲပက်ချလိုက်စဉ်မှာ မြင်လိ
ရသလိုမျိုး။

ဒါ ဘယ်သူလုပ်တာလဲ။

မဟာကုဋေကုဋာရဲ့ အောင်မြင်မှုတွေကို အရှိန်ပြင်းပြ
နဲ့ရိုက်ချိုးဖို့ ဘယ်သူစီစဉ်တာလဲ။

''ရှင်… ရှင် ကျွန်မကို ခပ်ရှင်းရှင်းပဲပြောလေ ဦးသီလထွ
ဒီဘက်လတွေမှာ ကုမ္ပဏီအရှုံးပြနေတာ သူတို့ကြောင့်လား''

''သူတို့လို့ တပ်အပ်စွပ်စွဲလို့ မရသေးပေမယ့် သူတို့ ဖြစ်
တဲ့ အချက်အလက်တွေကို ကျွန်တော် ခြေရာခံမိထားပါတယ်၊ ဥပ
စက်ပူကို ကွန်တင်နာတွေနဲ့ ကျွန်တော်တို့ပို့လိုက်တဲ့ ကုန်တွေ
ဆိပ်ကမ်းအလုပ်သမားတွေနဲ့ပေါင်းပြီး ဘေးဖယ်ထားတာမျိုး၊ ကျွန်တေ
တို့ ဝယ်လက်တွေကို ပေါက်ဈေးထက် ဈေးလျှော့ရောင်းပြီး သူ
အိတ်ထဲကို ကောက်ထည့်လိုက်တာမျိုး အမှာစာတွေ ရုပ်သိမ်းသွား
အောင် ဝယ်လက်တွေကို ငွေမချိုင်းဘဲ လတိုင်းပေးစနစ်နဲ့ စည်းရုံး
လိုက်တာမျိုး ဒါ ကျွန်တော်တို့ပါးကို ဖြတ်ရိုက်လိုက်တာ''

www.burmeseclassic.com



"ဘယ်... ဘယ်လို ဦးသီလထွန်း"

မျက်တောင်ရှည်တွေ ဖျတ်ခနဲကော့တက်သွားအောင် ...သွန်းသီရိ မျက်နှာပျက်ရပြီ။

ဒီလိုလုပ်တာဟာ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်သိက္ခာတွေ ...မစောင့်ထိန်းတာ၊ အောက်လမ်းနည်းသုံးပြီး မဟာကုမ္ပဏီကုမ္ပဏီ ...င်တိုင်ဖောက်သည်တွေနဲ့ ဝယ်လက်တွေကို ပြောင်ဝင်လုတာ။ ... ဒီကိစ္စတွေကို ကြိုးကိုင်စီစဉ်နေတာ ဘယ်သူလဲ။

THREE FLOWER ကုမ္ပဏီရဲ့ အရှေ့တောင်အာရှဆိုင်ရာ ...ထူးဒါရိုက်တာလား။

ဒါကိုလည်း ဒေါ်သွန်းသီရိက လွန်စွာစိတ်ဝင်စားသည်။

"နေ... နေပါဦး ဦးသီလထွန်း။ စောစောက ရှင်ပြောလိုက် ...အထူးဒါရိုက်တာဆိုတာ ဘယ်သူလဲ၊ သူတောင်းဆိုနေတာလား၊ ...ဟာကုမ္ပဏီကုမ္ပဏီကိုပြိုင်ဖို့ သူ စီစဉ်နေတာလား"

"ခဏလေး မာမီ၊ ဒီကိစ္စကို ကျွန်တော် နည်းနည်းလောက် ...သွားနွေးပါရစေ"

ဖျတ်ခနဲထရပ်လိုက်တာ ကုမ္ပဏီရဲ့ အမှုဆောင်ဒါရိုက်တာ ...ည့်တင်းချောမောသော မျက်နှာထားပိုင်ရှင် ရင်ခွင်ညီပါပဲ။

အကြည့်တွေအားလုံး ဦးသီလထွန်းနှင့် တစ်ဖက်မျက်နှာ ...င်းဆိုင်ဘက်မှာရှိနေသော ရင်ခွင်ညီဆီကို တစ်ပြိုင်တည်းလိုလို ...ရောက်သွားကြ၏။

"THREE FLOWER ကုမ္ပဏီရဲ့ အရှေ့တောင်အာရှဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရာ အထူးဒါရိုက်တာဟာ ဘယ်သူပဲဖြစ်ဖြစ် ကျွန်တော်တို့ဘက် စိတ်ဝင်စားနေစရာအကြောင်း မရှိပါဘူး။ အရေးကြီးတာက ကျွန် တို့ကုမ္ပဏီဟာ ရှယ်ယာရှင်တွေ စုပေါင်းထည့်ဝင်ထားတဲ့ လည်ပတ်နေရတဲ့ ကုမ္ပဏီပါ။ ဒါကို ဆုံးရှုံးနစ်နာရမှုတွေနဲ့ ထိ ပြိုကွဲလာအောင် ဖန်တီးလာမယ်ဆိုရင် ရနိုင်သမျှနည်းလမ်း တားဆီးယှဉ်ပြိုင်ရမှာ ကျွန်တော်တို့ တာဝန်ပါပဲ၊ ဒါကို ဦးသီလ က တာဝန်ယူပြီးတော့ ဆက်လုပ်နိုင် မလုပ်နိုင် ကျွန်တော် သိ တယ်၊ မလုပ်နိုင်ရင် ဒီတာဝန် ကျွန်တော့်ကို လွှဲလိုက်ပါ"

"ဟာ၊ အန်ကယ် လွှဲမှာပါ"

ဦးသီလထွန်း ချက်ချင်းပြန်ဖြေသည်။

"ကောင်းပြီလေ ဦးသီလထွန်း၊ ဒီတာဝန်ကို အန်ကယ် ကျွန်တော့်ကိုလွှဲမယ်ဆိုရင် အန်ကယ့်ဆီကို Phone တွေဆက် mail တွေပို့နဲ့ ကျွန်တော်တို့ကုမ္ပဏီကို ရှယ်ယာတွေ ဝင်ခွင့် တောင်းဆိုနေတဲ့ Three Flower ကုမ္ပဏီရဲ့ အရှေ့တောင်အ ဆိုင်ရာ အထူးဒါရိုက်တာတစ်ယောက်ဟာ ဘယ်သူလဲ၊ သူ့ကို ဆ ၁ွယ်စကားပြောနိုင်မယ့် Internet, E-mail လိပ်စာ၊ Fax နံ ရသမျှတွေအားလုံး အတိအကျ ကျွန်တော် လိုချင်တယ်"

စူးလှဲ့သော မျက်ဝန်းပြာတွေနှင့် စိုက်ကြည့်ကာ ရင်ခွင် တောင်းဆိုသည်။

ဒါကို ဦးသီလထွန်းကလည်း နှုတ်ခမ်းလေးတွန့်မဲ့ကာ ရင်း–



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း... အနှ်ကယ်ကလည်း အဲဒီအချက်ကိုပဲ ဒီအစည်း ...ဝေးမှာ တင်ပြနေတာပါ၊ ဒီအချက်က သိပ်ကိုစိတ်ဝင်စားဖို့ ...ကောင်းနေသလို အရမ်းကိုလည်း အံ့ဩဖို့ကောင်းနေလို့ တင်ပြတာ

ဦးသီလထွန်း အားလုံးကို တစ်ချက်ဝေ့ကြည့်သည်။ ပြီးတော့မှ ချောင်းတစ်ချက်ကို ဟန်ပါပါလေး ဟန့်လိုက် ...တ–

"လွန်ခဲ့တဲ့ တစ်ပတ်လောက်ကမှ အဲဒီ THREE FLOWER ...မ္ပဏီရဲ့ စက်ဘ်ုရုံးခွဲက အရှေ့တောင်အာရှဆိုင်ရာ အထူးဒါရိုက်တာ ...ာ Thai Airway လေယာဉ်နဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ...် ရောက်လာတော့မယ်ဆိုပြီး အဲဒီနေ့ လင်းအားကြီးအချိန်လောက် ... Phone ဆက်သွားလို့ ကျွန်တော့်တပည့် တစ်ယောက်ကိုလွှတ်ပြီး ...လေဆိပ်ကအထွက်မှာ အဲဒီဒါရိုက်တာကို ဓာတ်ပုံခိုးရိုက်ခိုင်းလိုက်ပါ ...ယ်၊ အခု အဲဒီဒါရိုက်တာရဲ့ ဓာတ်ပုံတွေကို အစည်းအဝေးခန်းမက ...ojector ပေါ်မှာ ကျွန်တော် ဖွင့်ပြပါ့မယ်၊ ကျွန်တော် အခုဖွင့်ပြမယ့် ...ဟာ ကျွန်တော်တို့ကုမ္ပဏီကသာ သူ့ကို ရှယ်ယာဝင်ခွင့်မပေးနိုင်ရင် ...ငြိုးနဲ့ပြိုင်လာတော့မယ့် ဒါရိုက်တာတစ်ယောက်ပါပဲ၊ ကဲ... ...အားလုံးကြည့်လိုက်ကြပါ"

ပြောလည်းပြော Projector ကိုလည်း ဖွင့်ပြသည်။

"ဟာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အို... ကြည့်စမ်း"

ဒေါ်သွန်းသီရိ အသက်ရှူမှားရပြီ။

ရင်ခွင်ညီ့မျက်ဝန်းလေးတွေ ငြိမ်သက်စွာ စူးလက်ငေးငေး သွားရပြီ။

အစည်းအဝေးခန်းမကြီးတစ်ခုလုံး Projector ပေါ်မှာ ပေါ် လာသည့် ရှင်းလင်းပြတ်သားသော ပုံရိပ်လေးတစ်ခုကို ကြည့်ပြီး ဘယ်သူမှ မျက်တောင်မခတ်နိုင်လောက်အောင် ထိုပုံရိပ်လေးတစ်ခု က ဆွဲဆောင်သွားသည်။

ပြောရရင် အသက်အစိတ်ဝန်းကျင်လောက်သာ ရှိဦးမည့် ခေတ်မီသော အနောက်တိုင်းဖက်ရှင် လက်တစ်လုံးကြိုးဂါဝန်ရှည် အနက်ရောင်လေးကို ကြိုးသိုင်းဒေါက်ဖြူဖြူလေးနဲ့ တွဲဝတ်ကာ ရွှေဝါရောင်ပိုသန်းသော ရောင်စုံဆံပင်တိုလေးတွေ ယမ်းခါလျက် လေဆိပ်အဆောက်အအုံကြီးထဲမှ တစ်လှမ်းချင်းထွက်လာနေခဲ့သော မြန်မာမိန်းကလေးတစ်ယောက်။

"ဒါ... ဒါ THREE FLOWER ကုမ္ပဏီရဲ့ အရှေ့တောင် အာရှဆိုင်ရာ အထူးဒါရိုက်တာ ဟုတ်လား၊ ပြောပါဦး အန်ကယ် သူ့နာမည်က ဘယ်သူလဲ၊ သူက မြန်မာမလေးလား"

"သိပ်သေချာတာပေါ့ ရင်ခွင်ညီ"

"ပြောဗျာ၊ ပြော၊ ပြော၊ သူ့နာမည်ကို မြန်မြန်ပြော"

"ဒေါ်မေ့ပါနိုင်တဲ့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတန်မဲ့ ထူထဲကော့ညွတ်သော မျက်တောင်ရှည် ...တွကို အဆုံးထိပင့်တက်သွားခဲ့သလို သူ့တစ်ကိုယ်လုံးကို အေး ...က်သွားအောင်လည်း မေ့ပါနိုင်က ဆွဲဆောင်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (လေး)

"ဟား… ဟား"

"ဒီလိုမလောက်လေးမလောက်စား ကောင်မလေးတစ်ယော
ကများ သွန်းသီရိကိုပြိုင်မယ့် THREE FLOWER ကုမ္ပဏီရဲ့ အထ
ဒါရိုက်တာမလေးတစ်ယောက်တဲ့လား။ ဦးသီလထွန်းရယ် သူ့နာမည
လေးက မေ့ပါနိုင်တဲ့လားရှင်၊ ဟား၊ ဟား"

ဒေါ်သွန်းသီရိဆီက ခြောက်ကပ်ကပ် ရယ်မောဟားတိုက
သံတွေတိတ်ကျမသွားခင် ဖျတ်ခနဲပေါ်လာရတာက ရင်ခွင်ညီနှုတ်ခမ
လေးပေါ်က ခပ်မဲ့မဲ့အပြုံးလေးတစ်ခုပါပဲ။

အစည်းအဝေးအပြီးမှာ ကုမ္ပဏီနဲ့ပတ်သက်နေတဲ့ အတွင
ရေးကိစ္စတွေ ဆွေးနွေးဖို့ ဒေါ်သွန်းသီရိအခန်းမှာ သူတို့သုံးယောက
ထပ်မံတွေ့ဆုံနေကြတာပါ။ အဓိကအချက်က မေ့ပါနိုင်နဲ့ ပတ်သ
နေတဲ့ကိစ္စ။

ဘာတွေဆက်လုပ်ကြမလဲ။

ဘယ်လိုတွေ ရင်ဆိုင်ကြမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါ ဦးသီလထွန်း၊ ဒေါ်မေ့ပါနိုင်နဲ့ ပတ်သက်နေတဲ့ Data တွေ၊ Phone နံပါတ်တွေ၊ ကျွန်တော် computer cross file ထဲမှာ ထည့်သိမ်းထားဖို့ ကျွန်တော့်ကို ပေးပါ၊ ဒီ case ကို ကျွန်တော်ကိုင်မယ်၊ ဒါ ကျွန်တော်တို့ဘက်က ဂရုမစိုက်ဘဲ လွှတ်ထားလိုက်ရမယ့် အကြောင်းအရာတစ်ခုတော့ မဟုတ်ဘူး၊ ငါးပွက်လို့ ဆရစင်တာပဲဆိုပြီး ပစ်ထားလိုက်ရင် ကန်ထဲကရေတွေ ကုန်သွားတာပဲ အဖတ်တင်မယ်"

"မင်း ဘယ်လိုလုပ်ချင်လဲ ရင်ခွင်ညီ"

"ကျွန်တော် သူနဲ့ မျက်နှာချင်းဆိုင်တွေ့ဖို့ ကြိုးစားမယ်"

"ဟာ... အဲဒါကို မာမီ လက်မခံဘူးနော် ရင်ခွင်ညီ၊ ကိုယ့်ကုမ္ပဏီကိုပြိုင်ဖို့ မရိုးသားတဲ့နည်းတွေနဲ့ ခြိမ်းခြောက်လာတဲ့ ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကို အောက်ကျနောက်ကျခံတွေ့နေစရာ ဘာအကြောင်းမှမရှိဘူး၊ ခေါင်းချင်းတိုက်မလား၊ ချိုချင်းခွေမလား၊ မာမီကတော့ ခပ်ရှင်းရှင်းပဲ"

ဦးသီလထွန်း မျက်နှာငယ်ငယ်လေးနှင့် မာမို့ကို မော့ကြည့်၏။

"ကျွန်တော်၊ ကျွန်တော် တောင်းပန်ပါတယ် ဒေါ်သွန်းသီရိ ဒီပြဿနာဟာ မာနချင်းပြိုင်ပြီး စီးချင်းထိုးရမယ့် ပြဿနာမဟုတ်လို့ အစည်းအဝေးမှာလည်း ဒီပြဿနာကို ကျွန်တော် အရေးတကြီး တင်ပြခဲ့တာပါ၊ ရှယ်ယာရှင်တွေရှေ့မှာ ဆွေးနွေးလို့မကောင်းတဲ့ အချက်အလက်တွေ အခု ဒီမှာ တစ်ခါတည်း ကျွန်တော် ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ပဲ့မယ်၊ ဒီသုံးလအတွင်းမှာ ကျွန်တော်တို့ကုမ္ပဏီ ခွက်ခွက်လန်အောင် အရှုံးပြနေပါပြီ"

"ဘာပြောတယ် ဦးသီလထွန်း"

ဒေါ်သွန်းသီရိ ဝုန်းခနဲထရပ်လိုက်ရပြန်ပြီ။

"ခွမ်း"

"ဒေါက်"

သည်လို ထရပ်လိုက်၍ စားပွဲပေါ်က ပန်းအိုးလေးမှော အချိုရည်ဖန်ခွက်လေးပါ မှောက်ကျပြီး အားလုံး အဖိတ်ဖိတ် အစဲ စင်တွေ ဖြစ်ကုန်သည်။

ဒါကိုကြည့်ပြီး မျက်လုံးပြူးသွားတာက ရိုက်ခတ်ညံပါပဲ

ပိုဆိုးတာက File တွေ၊ စာရွက်တွေနဲ့ ဦးသီလထွန်း မျက်နှာကို ဒေါသတကြီး ဒေါ်သွန်းသီရိ ပစ်ပေါက်ခဲ့တာပင်။

"ရှင်... ရှင် ဘာမှဆက်မပြောနဲ့ ဦးသီလထွန်း၊ ကုမ္ပဏီ ရှုံးတယ်ဆိုတဲ့စကားကို ကျွန်မ မကြားချင်ဘူး၊ ဘာလဲ မေ့ပါနိုင် ကြောင့် ရှုံးတာလား၊ ဒီအရှုံးကိုပြပြီး မေ့ပါနိုင်ကို ဒူးထောက်ခိုင်း နေတာလား၊ ရှင် အခုထွက်သွား၊ ရှင့်မျက်နှာကို ကျွန်မ မမြင်ချင် ဘူး"

ကြမ်းပြင်ပေါ်မှာ စာရွက်တွေလည်း ပြန့်ကျဲသွားသည်။

အချိုရည်တွေလည်း ဖိတ်စဉ်ကုန်သည်။

ဒေါ်သွန်းသီရိဆိုတာ မာန၊ အတ္တ၊ အဲဒီလို လူမျိုးကြီးတဲ့ မိန်းမ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးသီလထွန်းကတော့ သည်းခံပါသည်။

"မာမီရာ၊ မာမို့စိတ်ကို နည်းနည်းလေးတော့ ထိန်းဦးမှပေါ့၊ ဒါ ဦးသီလထွန်းက ကုမ္ပဏီရဲ့ ရေရှည်အကျိုးကို မထိခိုက်စေချင်လို့ မာမို့ကို ဆွေးနွေးတင်ပြနေတာပါ"

ရင်ခွင်ညီက မာမို့ကို ဝင်ထိန်းရသည်။

"မလိုချင်ဘူး၊ ငါ့ကိုပြိုင်လာရင် ဘယ်လိုလူမျိုးကိုမှ ငါ သည်းမခံနိုင်ဘူး၊ ဟွန်း… ပုံစံကြည့်တော့ ဆံပင်ကစုတ်ဖွား၊ ဝတ်တော့ လက်တစ်လုံးကြိုးပြတ်ဂါဝန်က တိုနံ့နံ့နဲ့၊ မြန်မာမိန်းကလေး ဖြစ်ပြီးတော့ မြန်မာလိုမနေတတ်တဲ့ မိန်းမ"

"ဒါပေမဲ့ သူက"

"တော်ပြီ ရင်ခွင်ညီ၊ မင်းလည်း ငါ့ကို ဘာမှမပြောနဲ့တော့။ နောက်တစ်ခါ မေ့ပါနိုင်နဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှ ငါ ဘာမှ မဆွေးနွေးဘူး၊ မင်းရော ဦးသီလထွန်းပါ ဒီအခန်းထဲက ထွက်သွားကြတော့"

"ဟော့… ဟော့… ကောင်မလေးတွေ လာစမ်း၊ အန်တီသွန်း အခန်းထဲမှာ လာဝင်ရှင်းစမ်း၊ ဒီမှာ ပန်းအိုးကျကွဲပြီး အချိုရည်တွေ မှောက်ကုန်လို့"

ရိုက်ခတ်ညံက အခန်းအပြင်ဘက်ကို လှမ်းအော်သည်။

နှိုင်းကလည်း သန့်ရှင်းရေးလုပ်ထားသည့် အမှိုက်တွေကို တစ်ခေါက်သွားသွန်ရမှာမို့ အခန်းရှေ့က ဖြတ်လျှောက်လာခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝမှာ တစ်ခေါက်ပြန်ဆုံလိုက်ရတာက အရပ်မြင့်မြင့်ကြီးနဲ့ ရင်ခွင်ညီ။

နှိုင်းမျက်နှာလေးကိုငုံ့ရင်း အခန်းထဲကို ဝင်လိုက်ရပါသည်။

"ဟင်"

နှိုင်းကိုတွေ့တော့ ရိုက်ခတ်ညံ့ မျက်ဝန်းတွေက နှစ်ဆတင်ကာ မျက်ခုံးတန်းတွေ ကျုံ့တက်သွားသည်။

"ဟင်... မင်းပဲလား၊ ဟိုနှစ်ယောက်ကရော ဘယ်ရောက်သွားပြီလဲ"

"ဟို... ဟိုလေ... သူတို့က အမှိုက်လှည်းတွေ သွား လက်စဖြစ်နေလို့ နှိုင်းဝင်လာတာပါ၊ ခိုင်းစရာရှိတာ နှိုင်းကို ခိုင်း နော်၊ နှိုင်း လုပ်ပေးပါ့မယ်"

"အတော်ပဲ အနှိုင်းမဲ့၊ ငါကလည်း မင်းကို တွေ့ချင်နေတာ"

"ရှင် အန်တီ"

"ညည်းကြောင့် ငါ့မှာတစ်ပုံကြီး ကျကွဲသွားကတည်းက ကုမ္ပဏီမှာ ပြဿနာတွေတက်တာ၊ ညည်းကို စေတန်နတ်ဆိုး ကများ ငါ့ဆီကို မရောက်ရောက်အောင် လွှတ်လိုက်တာလားဟင် အနှိုင်းမဲ့၊

ညည်းဟာ မကောင်းတဲ့ အတိတ်ဆိုး နိမိတ်ဆိုးပဲ၊ ပိုဆိုး တာက ညည်းဟာ ငါသိပ်မုန်းခဲ့တဲ့ မြင့်လွန်းမေနဲ့ တစ်ထေရာတည်း တူနေခဲ့တဲ့မိန်းမ"

"အဟင့်"



www.burmeseclassic.com

www.burmeseclassic.com



နှိုင်း ဝမ်းနည်းကာ မျက်ရည်တွေ ချက်ချင်းဝဲသွားရသလို ရှိုက်သံလေးကပါ ဟင့်ခနဲ ထွက်သွားရ၏။

"နှိုင်း၊ နှိုင်း၊ အဲဒါတွေ ဘာမှမသိပါဘူး အန်တီ၊ အန်တီတို့ မရိုက်ခတ်ညံ့တို့ကိုလည်း နှိုင်း ကြောက်ပါတယ်၊ နှိုင်းကို မမုန်းပါနဲ့ လို့လည်း နှိုင်း တောင်းပန်ပါတယ် အန်တီရယ်"

"အောင်မလေး အနှိုင်းမဲ့ရယ်၊ ညည်းကိုကြည့်လိုက်ရင် မျက်ရည်ဝဲဝဲလေးနဲ့ ညည်း ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ထိခိုက်ပြီး ဝမ်းနည်းတတ်နေရတာလဲဟင်၊ ငါတို့အန်တီသွန်းက ညည်းကို သနားလာအောင် မျက်ရည်ကျပြနေတာလား"

ဒေါ်သွန်းသီရိ နှိုင်းကိုကြည့်နေတာ မျက်တောင်ပင်မခတ်။

နှိုင်း လိပ်ပြာလေးလွင့်မသွားအောင်ပင် မနည်းသတိထား နေရ၏။

တစ်နေ့တည်းမှာ နှစ်ခါပြန်ဆုံနေရတဲ့ ဒေါ်သွန်းသီရိ။

ဆုံမိလိုက်တိုင်းမှာလည်း မသက်ာတဲ့မျက်ဝန်းတွေနဲ့ပဲ နှိုင်း က အကြည့်ခံနေရတာလေ။

ဒီနေ့လေးကို လွန်မြောက်သွားအောင် နှိုင်း ဘယ်လို ကျော်ဖြတ်ရပါ့မလဲ။

"မဟုတ်၊ မဟုတ်ပါဘူး မမရိုက်ခတ်ညံ့၊ နှိုင်းကိုမုန်းပြီး ဒီအလုပ်ကနေ ထုတ်ပစ်လိုက်မှာ နှိုင်းကြောက်နေလို့ပါ၊ အဟင့်... နှိုင်းမှာလေ"

"ဟင်... ဘာဖြစ်လဲ အနှိုင်းမဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတစ်ယောက်ရှိလို့ပါ မမရိုက်ခတ်ညံ့ရဲ့"

"ဘာ… ဘာပြောတယ် အန္တိုင်းမဲ့၊ မင်းမှာ ကလေးတစ်ယောက်ရှိတယ်၊ ဟုတ်လား၊ မင်း… မင်း မဟုတ်တာတွေ လာမပြောနဲ့နော်၊

မင်းပုံစံလေးနဲ့ ကလေးတစ်ယောက်ရှိတယ်ဆိုတာ ငါတို့ဘယ်လိုမှယုံလို့မရဘူးနော်"

ဒီစကားကိုလည်း ဒေါ်သွန်းသီရိကိုယ်တိုင် အံ့ဩသည်၊

"အဟင့်… မမရယ်၊ မမကို နှိုင်း မလိမ်ရဲပါဘူး၊ ဒီမှာ အလုပ်လျှောက်လွှာဖောင်ကလေးတင်ကတည်းက နှိုင်းအိမ်ထောင်နဲ့ကွဲပြီး ကလေးတစ်ယောက်ရှိနေခဲ့တဲ့ နှိုင်းဘဝအမှန်ကို တိတိကျကျရေးပြီး အလုပ်လျှောက်ခဲ့တာပါ၊ ဒီကလေးအတွက် နို့မှုန့်ဘူးလေးတွေဝယ်ချင်လို့ ဒီအလုပ်ကို နှိုင်း ဝင်လုပ်ခဲ့တာပါ၊ နှိုင်းကြောင့် ဒီကုမ္ပဏီမှာ ဘယ်သူ့ကိုမှ စိတ်မဆင်းရဲစေရပါဘူး၊ နှိုင်းကိုလည်း ခိုင်းချင်တာခိုင်းပါနော်၊

အလုပ်သမားတစ်ယောက်လို သဘောမထားဘဲ အစေခံမလေးတစ်ယောက်လို သဘောထားရင်လည်း နှိုင်း လုပ်ပေးပါ့မယ်"

"ကြိုက်သွားပြီ အန္တိုင်းမဲ့၊ မင်းပြောတဲ့ အဲဒီစကားလေးကို အန်တီ အရမ်းကြိုက်သွားပြီ၊ ငါကလည်း မြင့်လွန်းမေနဲ့ တစ်ခေတ်တည်းတူတဲ့ မင်းကို အောက်ခြေသိမ်းခိုင်းချင်နေတာ… ဟား… ဟား… နောက်နေ့ကစပြီး ငါ့အခန်းဝမှာ မင်း ထိုင်နေရမယ်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



င်းတဲ့အလုပ်တွေကိုပဲ တစ်ချိန်လုံးလာပြီး ငါ့ကို လုပ်ပေးရမယ်၊ မြင့်လွန်းမေနဲ့တူလို့ မင်းကို ခိုင်းမှာ"

"ဖြစ်… ဖြစ်ပါ့မလားဟင် အန်တီသွန်း"

"အို… ဘာလို့မဖြစ်ရမှာလဲ"

"ခိုင်းပါ အန်တီ၊ အဟင့်၊ သမီးကို အလုပ်မဖြုတ်ရင် သမီး ကျေနပ်ပါပြီ"

"ဒီအခန်းကိုသန့်ရှင်းရေးလုပ်ပြီးတာနဲ့ ငါ့ခြေသည်း ကလေး တွေကို ခြေသည်းနီဆိုးပေးစမ်း"

"ဟုတ်… အန်တီ"

ဒါဟာ ဒေါ်သွန်းသီရိတဲ့လား။

မြင့်လွန်းမေနဲ့ တစ်ထေရာတည်းတူတဲ့ ကောင်မလေး တစ်ယောက်ကို အငြိုးတွေနဲ့ အနိုင်ယူနှိပ်စက်ချင်တဲ့စိတ်တွေ ဒေါ်သွန်း ရင်ထဲမှာ အခိုင်အမာတည်ရှိနေဆဲရယ်ပါလား။

ခေါင်းကလေးငုံ့ကာ မျက်ရည်ကိုသုတ်ရင်း နှုတ်ခမ်းကလေး ကို ဘယ်သူမှမမြင်အောင် နှိုင်းက မဲ့မိသည်။

ဟွန်း နှိုင်းဟာ ဒေါ်မြင့်လွန်းမေနဲ့ တစ်ထေရာတည်းတူတာ လည်း မပြောနဲ့လေ အန်တီရဲ့။ အခု အန်တီ့ရှေ့မှာရောက်နေတဲ့ င်းဟာ ဦးနိုင်သိခ်နဲ့ ဒေါ်မြင့်လွန်းမေတို့ရဲ့ တစ်ဦးတည်းသော သမီး သ အန်တီ။

အန်တီ နှိပ်စက်လို့ ဒုက္ခရောက်ခဲ့ရသမျှတွေအားလုံးအတွက် န်တို့ဆီက လျော်ကြေးတောင်းဖို့ ပြန်လာခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"တိုက်စမ်း အနှိုင်းမဲ့၊ ဒူးထောက်ပြီးတော့ကို ဒီကြမ်းပြ
တွေ ပြောင်လက်နေအောင် တိုက်စမ်း"

ရိုက်ခတ်ညုံကလည်း အညှာအတာကင်းမဲ့သည်။

ဘာပဲပြောပြော ဒီဝဋ်ကြွေးတွေကို မကုန်သရွေ့တော့ နှိ
ခံလိုက်ဦးပေါ့။

"အန်တီသွန်း"

"ဟင်... ဘာလဲ ရိုက်ခတ်ညို"

"မေ့ပါနိုင်ကီစွကို အန်တီသွန်း ဘယ်လိုမြင်လဲ"

"အလကားပါ ညုံရယ်၊ ဒီမလောက်လေး မလောက်စ
ကလေးကို အန်တီသွန်းက ဂရုစိုက်နေစရာလား၊ ကုမ္ပဏီလော
မှာ ဒီလို တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင်နေကြတာ အများကြ
ဒီ Super Market နားမှာ Trooper Market ကြီးကို သူ ဘယ်လ
လာဆောက်ဆောက် အနည်းဆုံး သုံးနှစ်အချိန်ယူ ရဦးမှာ"

"ဒါလည်း ဟုတ်တယ်နော် အန်တီသွန်း"

"မေ့ထားလိုက်၊ မေ့ထားလိုက်"

❧ ❧ ❧

နှိုင်း အလုပ်သိမ်းပြီး အိမ်ပြန်တော့ ညနေခြောက်နာရီခွဲ

"တီ၊ တီ"

"ဟင်"

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟွန်းသံနှင့်အတူ ဘေးမှာ ဝေါခနဲထိုးရပ်လာတဲ့ အနက်
…ောင်ကားကြီးကိုကြည့်ပြီး နှိုင်း မျက်ခုံးတန်းလေးတွေ ကျုံ့တက်သွား
…ည်။

အနက်ရောင်မှန်ကလေး လျှောခနဲအောက်ကိုဆင်းသွားချိန်
… ကားထဲမှ ပေါ်လာတဲ့ မျက်ဝန်းတွေက နှိုင်းတစ်ကိုယ်လုံးကို
…အေးစက်သွားစေခဲ့တဲ့ မျက်ဝန်းတွေ။

"မင်း အနှိုင်းမဲ့နော်"

"ရှင်"

"ငါက ရင်ခွင်ညီပါ"

"ဟို… ဟိုလေ ရှင် ဘာဖြစ်လို့ ကျွန်မနောက်ကို"

"ဒီမှာ အနှိုင်းမဲ့၊ မင်း ဘာမှ ဟန်ဆောင်ပြီးတော့ ငါတို့
…ုမ္ပဏီမှာ အလုပ်လုပ်နေစရာ မလိုဘူး၊ မင်းကိုတွေ့ချင်လို့ ငါ
…စောင့်နေခဲ့တာ ကြာပြီ၊ မင်း ကားပေါ်တက်လိုက်ပါ၊ ကားပေါ်ရောက်
… မင်းနဲ့ ငါ စာရင်းရှင်းမယ်"

"ရှင်"

သေစမ်း။

သူပြောလိုက်တာ တစ်ခွန်းတည်းပဲ။

နှိုင်း ဟန်ဆောင်လှုပ်ရှားခဲ့သမျှ အလကားဖြစ်ရတော့မှာ
…သား။

သူကလည်း နှိုင်း ကားပေါ်ကိုတက်ဖို့ပဲ ခပ်ပြတ်ပြတ်
…တောင်းဆိုနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လျှင်လိုက်တာ ရင်ခွင်ညီရယ်။

ဒီတစ်ရက်တည်းမှာတင် ရှင် ကျွန်မကိုမိအောင် ဘယ် ဖမ်းလိုက်တာလဲ။

"ဟာ၊ မင်းကို ငါပြောနေတယ်နော် အနှိုင်းမဲ့"

နှိုင်း စိတ်ခတ်ကျပြီး ချက်ချင်းထွက်ပြေးချင်စိတ်တော ပေါက်လာ၏။

"ဟာ... မဟုတ်ဘူးနော် ရင်ခွင်ညီ၊ ရှင် မှားနေပြီနော်"

"ငါ လုံးဝမမှားဘူး အနှိုင်းမဲ့၊ မင်းဟာ ငါ့မာမီနိုပ်စ လို့ ဒုက္ခရောက်သွားရတဲ့ အရိုပ်စစ်ဆိုတဲ့ ကောင်မလေးပဲ"

"ဘုရားရေ"

အဲဒါလည်း အတိအကျမှန်သွားပြန်ပြီ။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရှင်ပြောနေတာတွေ တစ် ကျွန်မ မသိဘူး"

ဆံပင်ရှည်တွေ ဘယ်ညာယိမ်းခါသွားအောင် နှိုင်းက ယ မိသည်။

သူ ဘာအထောက်အထားတွေနဲ့ နှိုင်းကို ဒီလိုစွပ်စွဲ တာလဲ။

နှိုင်းဟာ အရိုပ်စစ်ဆိုတဲ့ ကောင်မလေးတစ်ယောက်ပါ ဘယ်လိုသက်သေအချက်အလက်တွေရှိလို့ တပ်အပ်ပြောနိုင်နေ လဲ။

"ဒီမှာ... မင်း ငါ့ကို အရိုပ်စစ်မဟုတ်ပါဘူးလို့ငြင်းဖို့တော



www.burmeseclassic.com

www.burmeseclassic.com



တိုးစားနဲ့နော် အနိုင်းမဲ့၊ မင်း အခုချက်ချင်း ကားပေါ်ကိုတက်လိုက်
သွား၊ ငါ မင်းကို အိမ်အထိ ပြန်လိုက်ပို့မယ်၊ မင်း အခုလက်ရှိ
ဆိုင်နေရတဲ့ဘဝတွေအားလုံး ငါသိထားချင်တယ်''

နှိုင်း ဘယ်လိုမှငြင်းမရတဲ့အဆုံး သူ့ကားပေါ်ကို တက်လိုက်

ဒီမှာ ရှင် ကြိုက်သလို စွပ်စွဲစမ်း။
ကျွန်မ ဝန်မခံရင် ရှင် ဘာတတ်နိုင်မှာလဲ။

နှိုင်း ကားပေါ်ကိုရောက်တော့ သူက ကားကိုအရှိန်ပြင်း
မောင်းထွက်သည်။

''ဒီမှာ… နေ့လယ်က မာမီ့ခါတတ်ပုံကြီးပြုတ်ကျပြီး ရိုက်ခတ်
မင်းကို ရက်ရက်စက်စက်ရိုက်ချသွားတာလည်း ငါသိတယ်၊
ကိုယ်တိုင် မင်းကို မသက်ာလို့မေးနေတာလည်း ငါကြားတယ်၊
ရှေ့မှာ တရှုပ်ရှုပ်လေးနဲ့ မင်း ငိုနေခဲ့ရတာလည်း ငါမြင်တယ်၊
တွေအားလုံးကို မင်းကို မသက်ာလို့ လုံခြုံရေးကင်မရာ CCTV
ာနေ မင်းကို တစ်ချိန်လုံး ငါ စောင့်ကြည့်နေတာလေ''

''ဟင်''

သူ့ကို မျက်တောင်လေးပင့်ကြည့်ကာ နှိုင်းအံ့သြသွားသည်။

''အစည်းအဝေးခန်းမကို ငါလာတော့မှ တိုက်တိုက်ဆိုင်ဆိုင်
နဲ့တိုက်မိပြီး ငါ့တစ်ကိုယ်လုံး အေးစက်သွားခဲ့ရတာ၊ ဒီမှာ မင်းကို
ပ်စစ်ပါလို့ ဘယ်သူက ဝန်ခံလိုက်သလဲဆိုတာ မင်း သိသလား၊
ိ ဒူးထောက်ပြီး မော့ကြည့်လိုက်တဲ့ မင်း မျက်ဝန်းတွေမဲ့



www.burmeseclassic.com

www.burmeseclassic.com



"အို ကြည့်စမ်း"

"အဲဒီလို ဒူးထောက်မော့ကြည့်မှ ပေါ်လာတတ်တဲ့ မျက်ဝန်းထောင့်က မှဲ့နက်အစက်သေးသေးလေးက ငါ့ဘဝ ဘယ်တော့မှမမေ့နိုင်ခဲ့တဲ့ မျက်ဝန်းလေးထဲက မှဲ့နက်နက်ကလေး ငါ့မာမီ မင်းကို နိုပ်စက်အနိုင်ယူခဲ့တဲ့ ကလေးဘဝတုန်းက ငါ့ ရှေ့မှာ ဒူးထောက်ငိုရင်း မာမီ့ကို ကြောက်အားလန့်အားလေးနဲ့ မော့ကြည့်နေခဲ့ဖူးတယ်လေ"

"ဘုရားရေ"

နှုင်းကိုယ်တိုင် ရှိမှန်းမသိခဲ့တဲ့ မှဲ့အနက်စက်သေးသေး တဲ့။

တစ်ယောက်ယောက်ကိုဒူးထောက်ရင်း အနီးကပ်ပင့် ကြည့်မှ ပေါ်လာတတ်တဲ့ အမှတ်စက်လေးတစ်ခုဆိုပါလား။ တောင် ဒီနေ့အထိ မမေ့နိုင်အောင် ရှင် စွဲလမ်းမှတ်မိနေခဲ့ရသ ရင်ခွင်ညီရယ်။

ကျွန်မ ကံဆိုးတာပဲ။

ရှင်နဲ့ ဝင်တိုက်မိတာ ကျွန်မ ဒုက္ခရောက်တာပဲ။

"ကဲ... မင်းဟာ အရိပ်စစ်ဆိုတဲ့ ကောင်မလေးမဟုတ် ဘူးလို့ မင်း ငါ့ကို ငြင်းလိုက်ဦးလေ အနှိုင်းမဲ့၊ ဒီမှာ မင်းကို ထပ်ပြီးတော့ ပြောလိုက်ဦးမယ်၊ ငါကလည်း ငယ်ငယ်လေး က ဆုံးဖြတ်ထားခဲ့တာ ငါ့မာမီနှိပ်စက်လို့ ဒုက္ခရောက်ပြေး ရတဲ့ ကောင်မလေးကို ဘယ်တော့မှ မမေ့နိုင်အောင် ငါ သိ



www.burmeseclassic.com

www.burmeseclassic.com



ယ်၊ သူ့ကို မတွေ့တွေ့အောင်ပြန်ရှာပြီး ငါ လက်ထပ်ယူမယ်လို့
ဖြတ်ခဲ့တယ်''

''ဟာ… မဟုတ်ဘူးနော် ရင်ခွင်ညီ၊ ကျွန်မ အရိပ်စစ်
တ်ဘူး၊ မျက်လုံးထဲက မျက်ခွံလေးအောက်မှာ ဖုံးနေတဲ့ အမှတ်
လေးကိုတွေ့ ရုံနဲ့ ကျွန်မကို အရိပ်စစ်လို့စွပ်စွဲတာ မှန်ကန်တိကျ
သက်သေခံချက်တစ်ခု မဖြစ်နိုင်ဘူး''

''မင်းက ငြင်းတယ်ပေါ့''

''ဟာ… မငြင်းလို့ရမလား ရင်ခွင်ညီရယ်၊ ရှင် လူမှားပြီး
က်ထပ်မိမှာစိုးလို့ ပြောနေတာ၊ ကျွန်မက ကလေးတစ်ယောက်နဲ့
ရောက်နေလို့ ရှင်တို့ကုမ္ပဏီမှာ အလုပ်လာလုပ်နေရတဲ့ အနှိုင်းမဲ့

''မင်း တကယ်ပြောနေတာနော်''

''အို… ကျွန်မ တကယ်ပြောနေတာလေ ရင်ခွင်ညီရဲ့''

သူ ဘယ်လိုပဲစွပ်စွဲစွပ်စွဲ ဟန်ဆောင်ထားရမှာ နှိုင်းရဲ့
ဝန်ပါပဲ။

တကယ်ဆို သူ့မာမီ ဒေါ်သွန်းသီရိကို နှိုင်းက ရင်ထဲနင့်
င် မုန်းခဲ့ပြီးသားပါ။

ဒါပေမဲ့ အခြေအနေအရ နှိုင်း လှုပ်ရှားရမှာလေ။ အချိန်တွေ
စောင့်ဖို့ အများကြီးကျန်သေးတယ်။

ရင်ခွင်ညီဟာ နှိုင်းထွက်သွားရာနောက်ကို လိုက်လာပြီး
ရိပ်စစ် ဟုတ်၊ မဟုတ် စုံစမ်းအစ်အောက်နေတာမျိုးလည်း ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ။ ဘာပဲပြောပြော နှိုင်းကလည်း ဟန်ဆောင်ထားရမ

ပြောရရင် ဒါဟာ နှိုင်း အမှန်တကယ်ဖြတ်သန်းရမယ့် ခ ပြာ မာယာတံတားပဲလေ။

ဒီတံတားပေါ်ကနေဖြတ်ပြီး ဒေါ်သွန်းသီရိ ရဲ့ နှလုံးသား ကို တိုက်ခိုက်သိမ်းပိုက်နိုင်အောင် နှိုင်း ကြိုးစားရတော့မှာပဲ။

"ကဲ... ပြော အနှိုင်းမဲ့၊ မင်း အခု ဘယ်ကိုပြ လဲ"

"မြောက်ဒဂုံကို ပြန်မှာရှင့်"

"မင်းမှာ ကလေးတစ်ယောက်ရှိနေတာ ငါမယုံလို့ လ ကြည့်မှာနော်"

"အို... ကြည့်စမ်း"

"တကယ်လို့ ရှိနေရင်လည်း မင်းကို ငါ တန်ဖိုးထားတ မင်းသိအောင် နောက်တစ်ခုကို ထပ်ပြီးတော့ အမှန်အတိုင်း ရမယ်ဆိုရင် ငြိမ်သက်နေခဲ့တဲ့ ငါ့နှလုံးသားတွေကို တစ်ချက်တည် လှုပ်ရှားပေါက်ကွဲသွားအောင် အကောင်းဆုံးဆွဲဆောင်သွားနိုင်ခဲ့ မင်းပဲ"

"ရှင်"

နှိုင်း အယောင်ယောင်အမှားမှားလေးနဲ့ သူ့မျက်နှာလေ လှည့်ကာကြည့်မိသည်။

"ဘာလဲဟင် အနှိုင်းမဲ့၊ မင်းက ငါပြောတာကို မယုံ လှည့်ကြည့်နေတာလား။ ဒီမှာ ရင်ခွင်ညီဆိုတာ စကားကို အပိုမ



www.burmeseclassic.com

www.burmeseclassic.com



…ဘ်သလို အပိုအလုပ်တွေကိုလည်း ဘာမှမလုပ်တတ်ဘူး။ အခု …င်းကို ငါ သိပ်ချစ်သွားပြီဆိုတာမင်းခေါင်းထဲမှာ အမြဲထည့်ထား"

"ဟွန်း"

နှိုင်း နှုတ်ခမ်းလေးမဲ့သွားတာ ရင်ထဲက အမုန်းတွေကြောင့် …ား။

အိမ်ရှေ့မှာ ကားရပ်တော့ စူးစမ်းသောမျက်ဝန်းကလေး …တွေနဲ့ အိမ်ထဲကို သူက လှမ်းကြည့်သည်။

"ဒါ မင်းနေတဲ့အိမ်လားဟင် အနှိုင်းမဲ့"

"ဟုတ်တယ်လေ၊ ဒါ ကျွန်မနေတဲ့အိမ်၊ ဟိုပုခက်ထဲမှာ …ိပ်နေတာ ကျွန်မရဲ့ ကလေး။ ပုခက်လေးကိုလွှဲပေးနေတာ ကျွန်မ …့အဒေါ်၊ ကဲ… ရှင် ဘာသိချင်သေးလဲ"

"မင်း မင်း တော်တော်ဆင်းရဲနေတာပဲ"

အိမ်ကလေးကိုကြည့်ကာ သူ့ရင်ထဲမှာ နင့်သွားခဲ့ရ၏။

ဆက်တီခုံတွေ၊ စားပွဲတွေ၊ ကုလားထိုင်တွေ ဘာတစ်ခုမှ …မနေခဲ့တဲ့ အိမ်ကလေး။

အိမ်ကလေးက သစ်သားအိမ်ကလေးဖြစ်ပြီး ပေနှစ်ဆယ် …ခြောက်ဆယ် မြေကွက်ကလေးပေါ်မှာ သင့်သလိုလေး ဆောက် …ား၏။

ခပ်တည်တည်လေး နောက်ဖေးရေအိမ်အထိဝင်ကာ ရင်ခွင် …ဲက အသေအချာ လိုက်ကြည့်ပါသည်။ ကြည့်ပြီးတော့မှ အိမ်ရှေ့ …န်းကို ပြန်ထွက်လာကာ…



www.burmeseclassic.com

www.burmeseclassic.com



"အခုနေမှာ မင်းဆီက လက်ထပ်ခွင့်တစ်ခုကို ငါတောင်းခဲ့ရင် မင်း ခွင့်ပြုပေးနိုင်ပါ့မလားဟင် အနှိုင်းမဲ့"

"အမလေး… မလုပ်ပါနဲ့"

ရင်ထဲက နာကျင်မှုတွေကို သူမမြင်ရအောင် ရယ်ရယ်မောမောလေးပဲ နှိုင်းက ငြင်းမိသည်။ သူ့ဆီက သူမ ကြိုးစားတိုက်ယူရမယ့် လက်ထပ်ခွင့်ဆိုတာ ဒီလောက်မြန်ဆန်နေဖို့ လိုသလား။ ဒီလို ဆန္ဒတွေစောနေတာ ဖြစ်သင့်သလား။

တင်ပါးလေးကိုကျော်ကာ ပြန့်ကျနေသည့် ဆံပင်ရှည်တွေကို ရှေ့ကိုရောက်အောင် ဆွဲယူရင်း နှိုင်းက ပြုံးမိသည်။

ဒါတွေကို နောက်တစ်နေ့ အလုပ်ထဲရောက်လို့ သီကျူးကို ပြောပြတော့–

"နှိုင်းရယ် အဲဒါ မင်း သိပ်ကံကောင်းတာ သိလား။ မင်း… မင်း… သူ့ကို လက်ထပ်မယ်လို့ ခေါင်းညိတ်လိုက်တာနဲ့ မင်း အချမ်းသာမှာလေကွာ"

သီကျူးကတော့ ဘာမှမသိရှာပါ။

သူက အရိုးခံစိတ်ကလေးနဲ့ ပြောလိုက်တာဖြစ်ပေမယ့် နှိုင်းရင်ထဲမှာတော့…

"လက်ထပ်မှာပေါ့ သီကျူးရယ်၊ အဲဒီလို လက်ထပ်ချင်တဲ့ နှိုင်း ဒီကုမ္ပဏီမှာ အပင်ပန်းခံပြီး အလုပ်တွေလာလုပ်နေရတာပေါ့ မဟာကုမ္ပဏီကြီးနဲ့ ဟောဒီ Super Market ကြီးမှာ မျက်ရည်စက်လက်လေးနဲ့ ကြမ်းတိုက်၊ ဖုန်သုတ် ကောက်ခြေသိမ်း



www.burmeseclassic.com

www.burmeseclassic.com



...လုပ်လုပ်ရတဲ့ အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ဘဝကို ...ပိပြင်ဆုံး နှိုင်း သရုပ်ဆောင်ပြရမယ့် နေ့ရက်တွေ အများကြီး ...နှိုင်းသေးတယ်လေ၊ ပြီးတော့မှ ဒေါ်သွန်းသီရိ တုန်လှုပ်လာအောင် ...အသည်းနှလုံးတွေကို ကိုင်လှုပ်ရမယ်၊ ဒေါ်သွန်းသီရိ စိတ်တွေ ...ချောက်ချားလာပြီဆိုတော့မှ ကလေးတစ်ယောက်အမေ အနှိုင်းမဲ့ ...ဆိုတဲ့ ကောင်မလေးတစ်ယောက်က ရင်ခွင်ညီကို ရအောင်လက်ထပ် ...မယ်၊ ဒါ သံသရာတစ်ကွေ့မှာ မျက်ရည်တွေအများကြီးနဲ့ ဒေါ်သွန်း ...သီရိကိုယ်တိုင် ပြန်ဆပ်ရမယ့်အကြွေးလေ သီကျူးရဲ့''

တစ်ယောက်တည်း တွေးရင်း နှိုင်းက နှုတ်ခမ်းလေးကို ...လိုက်သည်။

''နှိုင်းရေ၊ နှိုင်း''

''ဟင်''

အလုပ်သမား နားနေခန်းထဲကို ပြေးဝင်လာတာ နူးညံ့ပါ။

''ဟာ ဘယ်လိုဖြစ်လာတာလဲ နူးညံ့ရဲ့၊ ဒီလောက်တောင် ...မောတဈေကော''

သီကျူးက မျက်လုံးလေးပြူးကြည့်ကာ လှမ်းအော်မေး ...သည်။

''ဟို... ဟိုလေ... မနေ့ညက ရင်ခွင်ညီကားပေါ်ကို နှိုင်း ...တက်လိုက်သွားတာ မြင်လိုက်လို့ ရိုက်ခတ်ည်း ပြဿနာရှာနေပြီ၊ ...အဲဒါ... အဲဒါ နှိုင်းကို အခုချက်ချင်း လွှတ်လိုက်ပါတဲ့''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်းရယ်၊ မင်းကတော့ တကယ့်ပြဿနာပဲကွာ"

စိတ်ပျက်လက်ပျက်လေးနဲ့ ခေါင်းကုတ်နေတာ သီကျူးရဲ့လေ။

နှိုင်းရယ်။

မင်း ဘာတွေလျှောက်လုပ်နေတာလဲ။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"အပ္ပန်း၊ မင်း ရောက်လာပြီလား"

"ဟုတ် မမ၊ နှိုင်း ရောက်ပါပြီ"

မကျေနပ်သော အကြည့်များဖြင့် ကြိုဆိုခြင်းခံလိုက်ရသည့်အတွက် နှိုင်း မျက်တောင်ရှည်လေးတွေ ပင့်ကော့လျက် တစ်ကိုယ်လုံး အေးစက်သွားခဲ့ရပါသည်။

ရိုက်ခတ်ညံ့က ခဲပုပ်ရောင် ဖဲသားအပျော့ဝမ်းဆက်ကလေးနှင့် မျက်ခုံးနှင့် မျက်ခွံတွေမှာ ဆေးရောင်ဖျော့ဖျော့တင်ကာ နှုတ်ခမ်းတွေက ပုစွန်ဆီရောင်လေး သန်းနေ၏။

နှိုင်းကတော့ စိတ်ကိုတင်းကာ ကိုယ်ကလေးကို မတ်ရင်း ရိုက်ခတ်ညံ့ရှေ့မှာ သည်အတိုင်းလေး ရပ်နေမိသည်။

သူက ဘာပြောမလဲဆိုတာ စိတ်ဝင်တစား နားထောင်ကြည့်ကြသေးတာပေါ့။

"ဒီကုမ္ပဏီမှာ မင်း သိပ်ကို နာမည်ကြီးနေပါလားကွင် အနှိုင်းမဲ့ ဘယ့်လိုဖြစ်တာလဲ၊ ရောက်လာတာဖြင့် တစ်နေ့နဲ့တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



ပဲရှိသေးတယ်၊ မင်း ရိုက်သွားတဲ့ ရိုက်ချက်တွေက တော်တော်ပြင်း နေပါလား''

''ရှင်''

နှိုင်း နှုတ်ခမ်းလေးဝိုင်းဟသွားကာ မျက်တောင်တွေကို မခတ်နိုင်။

''ဒီမှာ မင်းရပ်တာ ရွေ့တိုးမရပ်နဲ့၊ နောက်ဆုတ်ရပ်စမ်း''

မျက်နှာထားတင်းတင်းနဲ့ နှိုင်းကို စူးစိုက်ကြည့်ကာ ရိုက်ခတ် ညံ့ အော်သည်။

နှိုင်း အယောင်ယောင် အမှားမှားကလေးနှင့် ရွေ့တိုးထား မိသည့် ခြေလှမ်းကလေးကို နောက်တစ်လှမ်းပြန်ဆုတ်ကာ ပြင်ရပ် လိုက်ရ၏။

''မင်းဟာ ပါးစပ်က ကလေးတစ်ယောက်အမေပါလို့ ပြော ပြီး ဘာဖြစ်လို့ အပျိုလိုနေချင်ရတာလဲ အနှိုင်းမဲ့၊ ကဲ... မင်းပြော စမ်း၊ မင်း ညက အလုပ်ကအပြန်မှာ ရင်ခွင်ညီကားပေါ်ကို မင်း ဘယ်လိုရောက်သွားတာလဲ''

ရိုက်ခတ်ညံ့ထံမှ မလိုလားသောအကြည့်တွေက စူးလက် တောက်ပစွာ တဖျတ်ဖျတ်ခါရင်း နှိုင်းမျက်ဝန်းတွေဆီ ပြေးကပ် မော့ကြည့်လာ၏။

နှိုင်းက ခန္ဓာကိုယ်မတ်မတ်ကလေးရဲ့ ဘေးနှစ်ဖက်မှာ လက်တွေကို ဆန့်ချကပ်ရင်း ရိုက်ခတ်ညံ့ကို မဝံ့မရဲကလေး ပြန်ကြည့် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေကွာ အနှိုင်းမဲ့"

"ကျွန်မ၊ ကျွန်မ"

"ရင်ခွင်ညီနဲ့ မင်းက ဒီလိုအချိန်တိုတိုအတွင်းမှာ ပတ်သက်သွားစရာလား၊

မင်းလို ဘာမဟုတ်တဲ့ ကလေးတစ်ယောက်အမေ သန့်ရှင်းရေးအလုပ်သမားတစ်ယောက်က ရင်ခွင်ညီ ကားပေါ်ကို ဆံပင်ရှည်ကြီးတွေ တယမ်းယမ်းနဲ့ ကော့နေအောင် လိုက်သွားစရာ လိုသလား၊ မင်း တော်တော်အရှက်မရှိတဲ့ မိန်းမတစ်ယောက်ပဲ"

"အို"

နဂိုကမှ စိတ်ကလေးကိုတင်းကာ အားယူရပ်နေခဲ့ရသမျှ ခုတော့ ပြင်းထန်သည့် ရိုက်ခတ်ညံ၏ စွပ်စွဲမှုတွေကြောင့် တစ်ကိုယ်လုံးတုန်ကာ နှိုင်းမျက်နှာလေးတစ်ခုလုံး နီမြန်းသွားသည်။

"ဒီမှာ... မင်းကြောင့် ရင်ခွင်ညီနဲ့ အနိတ်သွန်း ညက တစ်ယောက်တစ်ခွန်း အကြီးအကျယ် စကားများပြီး ရင်ခွင်ညီ အိမ်ပေါ်ကဆင်းသွားတာ ခုထိပြန်မလာဘူး၊ ပြောပါဦး၊ ညက မင်းနဲ့ ရင်ခွင်ညီ ဘယ်ကိုထွက်သွားတာလဲ"

"ဟို... ဟိုလေ မမ၊ ရင်... ရင်ခွင်ညီက အိမ်ပြန်လိုက်ပို့ပေးမယ်လို့ပြောပြီးခေါ်လို့ နှိုင်းလိုက်သွား"

နှိုင်း စကားလေး ဆုံးတောင် မဆုံးလိုက်ရပါ။

"တော်စမ်း"

"ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲမျက်နှာပြင်ကို ဖြောင်းခနဲအသံမြည်သွားအောင် ပုတ်ခ
လျက် ရိုက်ခတ်ညံ့က ဒေါသတကြီး ထရပ်သည်။

နှိုင်းက ထူပူလာသည့် မျက်နှာကလေးကို အနိုင်နိုင်မော
ကာ–

"အဟင့်… နှိုင်းတောင်းပန်ပါတယ်နော် မမ၊ နှိုင်း သူ့က
ကြောက်လို့ ရိုးရိုးသားသား လိုက်သွားမိတာပါ၊ နှိုင်းကြောင့် ဒီလ
တွေဖြစ်မယ်မှန်းသိရင် နှိုင်း မလိုက်ပါဘူး၊ နှိုင်းလေ နှိုင်း မမက
လည်း ကြောက်ပါတယ်၊ အန်တီသွန်း မကြိုက်တာကိုလည်း မလုပ်
ရဲပါဘူး၊ နှိုင်း လိုက်သွားမိတာကို ခွင့်လွှတ်ပါနော် မမ၊ အဟင့်"

"ဒါ… ဒါ… ခွင့်လွှတ်စရာလားဟင် အနှိုင်းမဲ့၊ မင်းလ
ကလေး တစ်ယောက်အမေနဲ့ ရင်ခွင်ညီက တန်လို့လား၊ ရင်ခွင်ညီ
မပြောနဲ့၊ ရင်ခွင်ညီ စီးတဲ့ကားပေါ်ကိုတောင် မင်းလို သန့်ရှင်းရေ
အကူ အလုပ်သမားတစ်ယောက်က တက်ခွင့်ရှိသလား၊ တော်တော်
အရှက်မရှိတဲ့ မိန်းမ၊ ဆံပင်အရှည်ကြီးနဲ့ ရုပ်ချောတာကိုပြပြီး တစ်ရက်
တည်းနဲ့ မင်း ဘယ်လိုဆွဲဆောင်သိမ်းပိုက်ရတာလဲဟင်"

"အို… ဘုရားရေ"

"ရင်ခွင်ညီဆိုတာ တို့နဲ့ပေးစားဖို့ လူကြီးတွေအားလုံးက
သဘောတူထားတာကွ"

သည်ရိုက်ချက်က နှိုင်းရင်ကို ပြင်းစွာလာထိမှန်သည်။
ခံစားလိုက်ရသည့် ရင်တစ်ခုလုံးလည်း ကြေမွသွားသည်။

"အဲဒါ အဲဒါ နှိုင်းမှာ အပြစ်ရှိလို့လားဟင် မမ၊ နှိုင်း နှိုင်းက



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတဲ့နေရာကို သွားခဲ့တာမဟုတ်ပါဘူး။ နှိုင်းသွားတဲ့ နောက်ကို
က လိုက်လာတာပါ''

''ဘာပြောတယ်''

ဒါကိုတော့ ရိုက်ခတ်ည် သွက်သွက်ခါအောင် ပေါက်ကွဲ
သွားသည်။

''အဲဒါ ဆံပင်ရှည်ကြီးတွေ တယမ်းယမ်းနဲ့ ရင်ခွင်ညီကို
း ဆွဲဆောင်သွားတာလေ၊ ကလေးတစ်ယောက်အမေ တစ်ခု
ပ်မရဲ့၊ ဆာလောင်မွတ်သိပ်မှုတွေကို ဒီလို အရှက်မရှိတဲ့မျက်နှာ
ဖြေဖျောက်ဖို့ မင်း ကြိုးစားနေတာလား အနှိုင်းမဲ့၊ မနေ့က
င်းကြောင့်ပဲ အန်တီသွန်းခေတ်ပုံကြီး ကျကွဲတယ်၊ မင်းကြောင့်ပဲ
န်တီသွန်းနဲ့ ရင်ခွင်ညီ စကားများတယ်၊

အခု မင်းကြောင့်ပဲ တို့ပါ စိတ်ဆင်းရဲနေပြီ၊ ဒီကုမ္ပဏီကို
ကောင်းသောလာခြင်းနဲ့ မင်း လာခဲ့တာတောင် ဟုတ်ရဲ့လားဟင်
နှိုင်းမဲ့''

''နှိုင်း၊ နှိုင်း''

''ဒီမှာ မင်းကို တို့ နောက်ဆုံးပြောလိုက်မယ်၊ နောက်
တစ်ခါ ရင်ခွင်ညီနဲ့ ထပ်ပြီးပတ်သက်ဖို့ မင်း မကြိုးစားပါနဲ့၊ အန်တီ
သွန်းက သူ့အနားမှာနေဖို့ ခေါ်ထားလိုက်တာကိုလည်း ဘဝင်မြင့်
ပြီး စိတ်ကြီးတွေဝင်မနေနဲ့၊ မင်းဟာ အန်တီသွန်း အရမ်းမုန်းခဲ့တဲ့
မိန်းမတစ်ယောက်ရဲ့ မျက်နှာပုံစံလေးနဲ့ အရမ်းတူနေလို့ နှိပ်စက်
ဖို့ခေါ်လိုက်တာ၊ မင်းကို အန်တီသွန်းက လုံးဝမသက်ဘူး၊ သေ



www.burmeseclassic.com

www.burmeseclassic.com



သလား ရှင်သလားတောင် မသိရဘဲ ပျောက်ဆုံးသွားခဲ့တဲ့ အ
စစ်ဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ တူနေလို့''

''အရိုပ်၊ အရိုပ်စစ် ဟုတ်လား မမ၊ ဘယ်က အရိုပ်စစ်လ

''အဲဒါ မင်း စိတ်မဝင်စားနဲ့လေ အနှိုင်းမဲ့''

နှိုင်း မေးလိုက်တာကို ရိုက်ခတ်ညံ့ ပြတ်ပြတ်သားသ
ပယ်ချသည်။

ဒါပေါ့လေ။

ရိုက်ခတ်ညံ့ဆိုတာ မဟာကုဋ္ဌေကုဋ္ဌာကုမ္ပဏီလီမိတက်ဥက္က
ဒေါ်သွန်းသီရိရဲ့ ကိုယ်ရေးအတွင်းရေးမှူးမလေးဆိုတော့ ဒီလော
လည်း သိချင် သိနေတော့မှာပေါ့။

''ဟွန်း… ဒီတစ်ခါတော့ မင်းကို ခွင့်လွှတ်လိုက်မယ်
သွား… ဟိုမှာ အမှိုက်ပုံးထဲက အမှိုက်တွေ သွားသွန်လိုက်၊ ပြီး
တို့ကို ဖက်ကြော်လာနှိပ်ပေး''

အမှိုက်တွေသိမ်းပြီး ထွက်လာတော့ လမ်းမှာတွေ့တ
သီကျူး။

''ဟင်… နှိုင်း… နှိုင်းကို ရိုက်ခတ်ညံ့ ဘာတွေခေါ်ပြေ
နေတာလဲ''

အရေးထဲမှာ သီကျူးက စပ်စုနေသေး၏။

''ဟာ… မင်း မသိချင်နဲ့လေ သီကျူး၊ တစ်ခါတစ်ခါ
လောကကြီးထဲမှာ မသိချင်ဟန်ဆောင်ပြီး မေ့ထားလိုက်ရမယ်
အကြောင်းအရာတွေ အများကြီးရှိတယ်''



www.burmeseclassic.com

www.burmeseclassic.com



နှိုင်း ပြောချင်စိတ်မရှိတာမို့ သီကျူးကို ခပ်ပြတ်ပြတ်ပဲ ...သည်။

ဘာပဲပြောပြော သည်ကုမ္ပဏီထဲကို နှိုင်း ရောက်လာတာ ... တစ်နေ့နေ့မှာ ကိုယ်ရသင့်ရထိုက်တဲ့ အကြွေးတစ်ခုကို ပြန်ရ ...သေးဆပ်ခြင်းများစွာနဲ့ ရောက်လာခဲ့ရတာပါ။ သည်အကြွေးတွေ ...ရနိုင်ဖို့အတွက်ဆိုလျှင် ဘာကိုပဲရင်ဆိုင်ရ ရင်ဆိုင်ရ မျက်ရည် ...ပဲ တံတားထိုးပြီးတော့ ခင်းရခင်းရ ဘာမဆိုလုပ်ဖို့ ဆုံးဖြတ်ခဲ့ ...သား။

"ဒီမှာ မရွှေနှိုင်း၊ မင်းက လျှို့ဝှက်နေပေမယ့် မင်းရဲ့ ...တင်းက ကုမ္ပဏီမှာ ထိပ်တန်းဦးစားပေးသတင်းတစ်ပုဒ်ဖြစ်နေ ...ာ မင်းသိရဲ့လား၊ တစ်ရက်တည်းနဲ့ မင်းနောက်ကို ရင်ခွင်ညီ ...က်လာတာ ပြောမဆုံးပေါင် တောသုံးထောင်ပဲ၊ မင်းကိုတော့ ...ကျူး လုံးဝလက်ဖျားခါတယ်၊ ဒီတော့ ကုမ္ပဏီမှာ သူများတွေက ...ကို ပြောနေတာ မင်းက ကလေးတစ်ယောက်အမေဆို"

"ဟုတ်တယ်လေ သီကျူးရဲ့၊ နှိုင်းက ကလေးတစ်ယောက် ...မေ တစ်ခုလပ်မလေးပါ"

"တကယ်ပဲ နှိုင်းရာ၊ တကယ်ပဲကွာ သိလား၊ မင်းပြောလို့ ...ာ ကလေးတစ်ယောက်အမေဆိုတာ ယုံလိုက်ရတယ်၊ အခု သူများ ...တွေက မေးတာတောင် မဟုတ်ပါဘူးလို့ မျက်စိစုံမှိတ်ပြီးတော့တောင် ...ကျူး ငြင်းပစ်ခဲ့မိသေးတယ်"

သီကျူးက တကယ်လည်း မသိခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကိုယ်လုံးလေးကအစ ဖူးတင်းနေအောင် ဝင်းနှစ်ပြီး တော့ စွဲမက်ဖို့ကောင်းနေတဲ့ နှိုင်းကို ကလေးတစ်ယောက်ရှိပါတယ်လို့ ဘယ်သူက ထင်ရဲမှာလဲ။

ခုတော့ အဲဒီကောင်မလေး နှိုင်းက ရင်ခွင်ညီကားပေါ် ပါသွားလို့ဆိုတဲ့သတင်းက ကုမ္ပဏီမှာပျံ့နှံ့ပြီး ဟိုးလေး တကြော်ကြော် နဲ့ နာမည်ကြီးနေတာလေ။

ရိုက်ခတ်ည် ဘယ်လောက်ခံရခက်လိုက်လေမလဲ။

နှိုင်းကလည်း နားလည်ရခက်တဲ့ နှိုင်း။

ဘာပြောပြော ဘာလုပ်လုပ် တည်တင်းအေးစက်တဲ့ မျက်ဝန်း ကလေးတွေနဲ့ အမိန့်ပေးခံထားရတဲ့ စက်ရုပ်လေးတစ်ရုပ်လို လှုပ်ရှား နေတော့တာ။

"ဒါဆို အခု နှိုင်းရဲ့ သတင်းကြောင့် ရိုက်ခတ်ည် အူး ကျွဲခတ်နေပြီပေါ့"

"အို... တိုးတိုးပြောလေ သီကျူး၊ တော်ကြာ ဒေါ်သွန်းသိင် ကြားသွားရင် နှိုင်းကို အလုပ်ဖြုတ်နေပါဦးမယ်"

"ဟား... ဟား"

နှစ်ယောက်သား အခန်းထောင့်ချိုးအကွယ်နေရာလေးမှာ လွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်မိကြသည်။ နောက်တော့ ရိုက်ခတ် ည်ရှိရာအခန်းကို ပြန်လာပြီး သူခိုင်းတာလုပ်ရသည်။ သူ့ဇက်ကြော လေးကို ဆွဲပေးရသည်။

"အား၊ ကျွတ်၊ ကျွတ်၊ ဟုတ်ပြီ၊ ဟုတ်ပါပြီ။ အဲဒီအကြော



www.burmeseclassic.com

www.burmeseclassic.com



...သး၊ ဟင်း၊ ဟင်း၊ ကောင်းလိုက်တာ အနှိုင်းမဲ့ရာ၊ မင်းဟာ ...လေးတစ်ယောက်အမေလို့ မပြောရဘူး၊ မင်းကိုင်တာ တစ်ကိုယ် ...ုံးတောင် ထွန့်ထွန့်လူးသွားတယ်၊ ဟင်း၊ ဟင်း"

နိုင်းလို့သာ လုပ်ပေးနေရတယ်။

နှိုင်းကတော့ ရိုက်ခတ်ညံနောက်မှာ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ...ပဲ။

အရေးကြီးတာ ဒေါ်သွန်းသီရိပဲ။

သူ့ကို အမြဲစိတ်ချောက်ချားနေအောင် နှိုင်း လုပ်ထားရမယ်။

သူ မျက်လုံးပြူး မျက်ဆံပြူးနဲ့ ထိတ်လန့်တုန်လှုပ်လာ ...အောင် ခြေလှမ်းတွေ တစ်လှမ်းပြီးတစ်လှမ်း နှိုင်းရှေ့ဆက်တိုးရမယ်။ ...အချိန်မှာ အရိပ်စစ်ဆိုတာ ဒေါ်သွန်းသီရိကို သိခွင့်ပေးဖို့ ဘယ်လို ...မဖြစ်နိုင်ဘူး။

"ရင်ခွင်ညီဆိုတာ တို့နဲ့ပေးစားဖို့ လူကြီးတွေအားလုံးက ...သဘောတူထားတာကွ"

သည်စကားလေးကို နှိုင်း ပြန်ကြားတော့ နှုတ်ခမ်းလေး ...တော ပြုံးမိသည်။

"အဟွန်း"

ဒီနေ့ကစပြီး နှိုင်း ဘာတွေဆက်လုပ်ရင် ကောင်းမလဲ။

အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးတစ်ယောက်ဟာ ဒေါ်သွန်း ...သီရိရဲ့ မဟာကုဋေကုဋာကုမ္ပဏီကြီးတစ်ခုလုံးကို ရင်ဆိုင်ဖို့ ကလေး ...တစ်ယောက်အမေဘဝနဲ့ ဒီကုမ္ပဏီကြီးထဲကို ရောက်နေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မမျှော်လင့်ဘဲ ဒေါ်သွန်းသီရိအနားမှာ အနီးကပ်နေခွင့်လေးလည်း ရခဲ့ပြီ။

ရိုက်ခတ်ညံ့ရယ်။

ရင်ခွင်ညီဆိုတာ အမုန်းတွေ၊ နာကြည်းမှုတွေ တပွေ့တပိုက်နဲ့ နိုင်း လက်ထပ်ရမယ့် နိုင်းရဲ့ နောက်ဆုံးပစ်မှတ်ပါပဲ။ မမြင်ရတဲ့ ကြိုးလေးတစ်ချောင်းနဲ့ ချည်နှောင်ထားတဲ့ ရင်ခွင်ညီကို နောက်ဆုံးတစ်နေ့မှာ နိုင်း ရအောင်လက်ထပ်ပြမှာပါ။

ဘာဖြစ်လာမလဲဆိုတာ ပိတ်ကားပေါ်မှာ ဆက်ပြီးစောင့်ကြည့်ကြဦးပေါ့။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ခြောက်)

"နှိုင်း"

"ဘာလဲဟင် နုးညံ့"

"ဒီကုမ္ပဏီမှာ လူတိုင်းက ပြောကုန်ကြပြီ သိလား"

"ဟင်… ဘာတွေပြောကုန်ကြတာလဲ"

"ကလေးတစ်ယောက်အမေ အနှိုင်းမဲ့က တော်တော်သွက်နေပါလားတဲ့"

"အို… ဟုတ်လား"

နုးညံ့က ပွင့်လင်းမှုရှိသလို ခင်မင်ဖို့လည်း ကောင်းပါသည်။

ခုလည်း နေ့လယ်ပိုင်း ထမင်းစားချိန်မှာ ပြန်ဆုံမိတာနဲ့ ရင်ခွင်ညီကိစ္စကို ရှေ့တန်းတင်ကာ နုးညံ့က မေးခဲ့ပြီ။

"ပြောလေ နှိုင်း၊ မင်းနဲ့ ရင်ခွင်ညီ ညက ဘယ်လိုတွေ တွေ့ပြီး သူ့ကားနဲ့ ဘယ်ကိုပါသွားတာလဲ"

"ထားလိုက်ပါကွာ၊ သူနဲ့ ကိစ္စတွေ နှိုင်း ဘာမှမပြောချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှိုင်း စိတ်မဝင်စားချင်ဟန်ဆောင်ကာ ငြင်းလိုက်တာပဲ သည်။

"နှိုင်းနော်၊ နှုးညံ့ကိုတောင် နှိုင်း ဘာလို့ လျှို့ဝှက်ချင် တာလဲ၊ ဒီကိစ္စဟာ ကုမ္ပဏီမှာ မကြားချင်မှအဆုံးဖြစ်နေတဲ့ သတ တစ်ပုဒ်တောင် ဖြစ်နေပြီ"

"အလကားပါကွာ၊ သူ နှိုင်းကို သနားလို့ အိမ်ပြန်တာ လိုက်ပို့ပေးတာပါ"

"အမလေး၊ ဒါဆို ဒီရုပ်ကလေးက သနားစရာကောင်း ရုပ်ကလေးပေါ့၊ ပြစမ်းပါဦး၊ အဲဒီ သနားစရာကောင်းတဲ့ရုပ်ကလေ ဟင်း၊ ဟင်း"

နှုးညံ့က နှုတ်ခမ်းလေးကိုလည်း မဲ့သည်။

မျက်စောင်းလေးကိုလည်း လှမ်းထိုး၏။

"နှုးညံ့ရာ၊ မင်းတို့ကို နှိုင်း ထပ်တောင်းပန်တယ် သိလာ နှိုင်းဟာ ကလေးတစ်ယောက်အမေပါ၊ ရင်ခွင်ညီဆိုတာ အမ ချမ်းသာတဲ့ ဒေါ်သွန်းသီရိရဲ့ တစ်ဦးတည်းသောသား၊ မဖြစ်နိုင်တာ တွေကိုတွေးပြီး ပတ်ဝန်းကျင်မှာ ပြောနေတဲ့ စကားတွေကို နှုးည တို့ ယုံနေတာ နှိုင်း တကယ်စိတ်ညစ်တယ်"

"ဟင်... မဖြစ်နိုင်ဘူး ဟုတ်လား နှိုင်း၊ ဘာကိုမဖြစ်နိုင်တာ လဲ၊ မဟာကုဋေကုဋာကုမ္ပဏီဥက္ကဋ္ဌ ဒေါ်သွန်းသီရိရဲ့ တစ်ဦးတည် သောသား ရင်ခွင်ညီဟာ အနှိုင်းမဲ့ဆိုတဲ့ ကလေးတစ်ယောက်အမေ ကောင်မလေးတစ်ယောက်နဲ့ မဖြစ်နိုင်ဘူးလို့ နှိုင်းက ဆိုလိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



...ား ဒီမှာ… နှုးည့် သိထားတာတစ်ခုကို ပြောရမယ်ဆိုရင် ကုမ္ပဏီ ...အမှုဆောင်ဒါရိုက်တာ ဦးရင်ခွင်ညီဟာ ကုမ္ပဏီမှာ ရှိသမျှ ဘယ် ...ထမ်းကောင်မလေးကိုမှ အိမ်အပြန်မှာ သနားလို့ဆိုပြီး ဘယ်သူ့ကို ... လိုက်ပို့မပေးခဲ့ဘူး"

"ဟင်… ဟုတ်လို့လား နှုးည့်ရယ်"

"မနေ့က အစည်းအဝေးခန်းထောင့်မှာ ရပ်နေတဲ့ နှိုင်းကို ...ောင် မျက်လုံးလေးဝေ့ဝေ့ပြီးတော့ မသိမသာလေး ခိုးခိုးကြည့်နေ ...ာလေ၊ အခုတောင် နားနေခန်းရှေ့ကနေ ရင်ခွင်ညီ ဖြတ်လျှောက် ...သွားရင်း ဒီဘက်ကို လှမ်းကြည့်သွားသေးတယ်"

"ဟာ… အဲဒါ နှိုင်း မသိဘူးနော်"

နှိုင်း ရင်ခုန်စွာပဲ လက်ကလေးကာ ဖြေလိုက်မိသည်။

"အဟင်း၊ နှိုင်းက မသိပေမယ့် ဟောဒီက မရွှေနှုးည့် ...တို့ကတော့ သိပြီးသား၊ နှိုင်းကို ရင်ခွင်ညီ စိတ်ဝင်စားနေပြီ"

"နှုးည့်နော်၊ နှိုင်းကို မဟုတ်နိုင်တာတွေ လာမပြောနဲ့နော်၊ ကုမ္ပဏီမှာ ရှယ်ယာတွေအများဆုံးထည့်ထားတဲ့ ဒေါ်သွန်းသီရိရဲ့သား ...ရင်ခွင်ညီက နှိုင်းလို ကလေးတစ်ယောက်အမေကို စိတ်ဝင်စားတာ ဖြစ်နိုင်ပါ့မလား နှုးည့်ရယ်၊ ကြည့်လည်း ပြောပါဦးနော်၊ အဟွန်း"

"အောင်မယ်၊ ဘာလို့ စိတ်မဝင်စားရမှာလဲ၊ စိတ်ဝင်စား ...သို့တောင် နောက်ဆုံးပေါ်ကားကြီးနဲ့ လိုက်လာခဲ့ပြီးပြီလေ၊ ဝတ်ထား ...ာတောင် အဖြူရောင်ရှပ်လက်ရှည်ကလေးနဲ့"

"ဘုရားရေ၊ အဲဒါ နှုးည့် မြင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ ပြောမှ နှိုင်းတစ်ကိုယ်လုံး ထူပူကာ ရှက်သွား ပါသည်။

"နှိုင်းရယ်၊ မင်း ဘာဖြစ်လို့ ဒီလောက်တောင် ဟန်ဆေ ပြီးတော့ ဖုံးကွယ်ချင်နေရတာလဲဟင်၊ မင်း ရှက်လည်း ရှက်မ မင်းကို သူ သိပ်စိတ်ဝင်စားနေလို့ မင်းနောက်ကို သူ တမင်ပ လာတာ၊ အဟင်း... နူးညံ့ကလည်း ဘယ်လောက်ထိအောင် လိုက်ရသလဲဆိုရင် ကားနားမှာ ဆံပင်ရှည်ကြီးတွေ ဝဲသွားအေ တစ်ချက်ခါလိုက်ပြီးတော့မှ ကားပေါ်ကို စွေ့ခနဲ နှိုင်း တက်ပ သွားတာ"

"ကြည့်စမ်း"

နှိုင်းမှာတော့ နူးညံ့ မျက်ဝန်းတွေကိုကြည့်ရင်း ရင်ထဲ တောင် နွေးလာမိ၏။

"ဟော့... ဟိုကောင်မလေးနှစ်ယောက် အခန်းထဲ တိုးတိုး တိုးတိုးနဲ့ ဘာတွေခေါင်းချင်းဆိုင်နေတာလဲ၊ ကုမ္ပဏီ ဒီလောက်အလုပ်တွေရှုပ်ပြီး ပြဿနာတွေတက်နေကြတဲ့ဟာ ထမင်းစားတာ မြန်မြန်စားကြ"

ဒေါ်မဥ္ဇူက ခါးလေးထောက် ရပ်ကြည့်ပြီး အခန်းထဲ လာအော်သည်။

"ဟင်... ကုမ္ပဏီမှာ ဘာပြဿနာတွေတက်နေလို့ အန်တီမဥ္ဇူ"

"ဘုရားရေ၊ လူတွေ ဒီလောက်ရှုပ်ယှက်ခတ်ပြီး တက်လို



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလိုက် ဝင်လိုက်ထွက်လိုက်လုပ်နေတာ ညည်းတို့ မမြင်ကြဘူး သား၊ ဟိုမှာ ဒေါ်သွန်းသီရိ ဒေါ်သတွေနဲ့ ပေါက်ကွဲပြီး File တွေကို သွင့်ပစ်နေတာ၊ လချုပ်စာရင်းမှာ အရှုံးတွေပြနေလို့တဲ့၊ ညည်းတို့ သည်း ကြပ်ကြပ်သတိထားကြ"

ဒါပဲပြောပြီး ဒေါ်မဠ္ဍူ လှည့်ထွက်သွားသည်။

"ဟုတ်တယ် နုးညံ့ရေ၊ သူတို့ဖြစ်တာက အကြောင်းမဟုတ် ဘူး၊ စိတ်မထင်ရင် ကိုယ်က ကြားထဲကနေ အဟောက်ခံနေရဦး မယ်၊ စား၊ စား၊ စားပြီးတာနဲ့ Special Visit Room ထဲမှာ ပန်းအိုး လေးတွေ အသစ်သွားပြင်ပေးရဦးမယ်"

"နုးညံ့ရေ"

"ဟင်"

လှည့်ကြည့်လိုက်တော့ အခန်းဝကို နောက်တစ်ခေါက် ပြန် လှည့်လာတဲ့ ဒေါ်မဠ္ဍူ။

"မင်းတို့အဖွဲ့ကို အုပ်ချုပ်ရေးမှူးရုံးခန်းက ခေါ်နေပြီ အမှိုက် တွေ ပွနေလို့တဲ့"

"နှိုင်း မင်းသွားလိုက်ကွာ"

နုးညံ့က သူမလိုက်သေးဘဲ နှိုင်းကို အရင်လွှတ်သည်။

နှိုင်း နှုတ်ခမ်းလေးက နည်းနည်းတော့ စူတင်းသွား၏။

အုပ်ချုပ်ရေးမှူးဆိုတာ ရင်ခွင်ညီကို ပြောနေတာလေ၊ တမင် အမှိုက်တွေရှုပ်ပွအောင်လုပ်ထားပြီးတော့မှ အကြောင်းမဲ့ အကြောင်းရှာ ခေါ်လိုက်တာပဲနေမှာ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နှိုင်း၊ မင်းက မသွားချင်ဘူးလား"

"ရိုက်ခတ်ညံ့သိရင် အပြောခံနေရဦးမှာ နှုးညံ့ရဲ့"

"အို ဘာဆိုင်လို့လဲ၊ သူခေါ်လို့ ကိုယ်သွားတာလေ"

"စိတ်ညစ်ထယ် နှုးညံ့ရာ"

"အမလေး ကြည့်ပါဦး၊ ကြည့်ပါဦး၊ စိတ်ညစ်နေတဲ့ ဒီမျက်နှာကလေးကို"

"ဟား... ဟား"

နှုးညံ့ကိုပဲ မျက်စောင်းလေးရွယ်လိုက်ကာ နှိုင်းတစ်ယောက်တည်း ထွက်လာခဲ့ရသည်။

ဒီနေ့မှာတော့ ရင်ခွင်ညီဟာ ရှပ်အင်္ကျီအပြာနုရောင် ကွက်စိပ်ကလေးကို ကြယ်သီးလေးတွေ စေ့ပိတ်နေအောင် တပ်ထားလို့ပါ။ နှိုင်း ဝင်လာတာကိုတွေ့တော့ မပြုံးမရယ်ပဲ ခပ်တည်တည် မျက်နှာထားလေးနဲ့ လှမ်းကြည့်သည်။

"ငါ မင်းနဲ့ စကားပြောချင်လို့ တမင်ခေါ်လိုက်တာ"

"ရှင်"

"ငါ အခု ဒီစားပွဲပေါ်မှာတင်ထားတဲ့ ပစ္စည်းလေးတွေကို မင်း မှတ်မိနိုင်မလားဆိုတာ ပြချင်လို့၊ ကြည့်ပါဦး ဒီမိတ်ကပ်ရောင် ဘီးကုပ်ကလေးကို၊ မင်းမှတ်မိသလားဆိုတာ အရင်ကြည့်လိုက်ပါဦး"

"ဒါ၊ ဒါ"

"ဆယ်နှစ်သမီးအရွယ်တုန်းက အရိုပ်စစ်ဆိုတဲ့ ကောင်မလေးသုံးသွားတဲ့ ဘီးကုတ်ကလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ"

နှိုင်း အသံမထွက်ရဲပါ။ မျက်လုံးလေးတွေ ဝိုင်းစက်ကာ ဘုရားတလိုက်မိရတာပဲ ဖြစ်သည်။ ဆယ်နှစ်သမီးအရွယ်တုန်းက အရိပ်စစ် သုံးသွားတဲ့ ဘီးကုတ်ကလေးတဲ့။

ကြည့်စမ်း။ ဒါလေးကိုတောင် သူက ဒီနေ့အထိ အမြတ်တနိုးနဲ့။

"ဒီဘက်က ရက်ကက်လေးဟာ အရိပ်စစ် ဆယ်နှစ်သမီး အရွယ်တုန်းက ကြက်တောင်ကွင်းမှာ ရိုက်သွားတဲ့ ရက်ကက်လေး ပါပဲ"

"ဟာ... ရှင် ဘာတွေကိုပြနေတာလဲ ရင်ခွင်ညီ၊ အဲဒါတွေ ဘျွန်မ ဘာမှမသိဘူး"

နှိုင်း မသိသလိုလေး ခေါင်းခါငြင်းတော့ စားပွဲကနေ ထရပ်ကာ သူပြုံးသည်။

"ရတယ်လေ အနှိုင်းမဲ့၊ ဒါတွေကိုမြင်ရင် ဘာမှမသိတဲ့ ပုံစံကလေးနဲ့ မင်း ငြင်းတော့မယ်ဆိုတာ ငါ ကြိုတင်တွက်ထားပြီး သားပါ၊ ကိစ္စမရှိပါဘူး၊ ဘာပဲပြောပြော ဒီဘီးကုပ်ကလေးတွေ ဒီရက်ကက်ကလေးတွေ ဒီကလေးစီး ရှူးဖိနပ်လေးတွေကအစ ဒီနေ့ အထိ မပျောက်ပျက်အောင် သိမ်းလာတဲ့ ငါ့ရဲ့ မေတ္တာတရားနဲ့ တန်ဖိုးထားမှုကိုတော့ မင်းအသိအမှတ်ပြုပေးပါလို့ ငါတောင်းဆို ပါတယ်"

နှိုင်းမျက်နှာလေး ဖျတ်ခနဲငိုကျသွားသည်။

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ... သူ နှိုင်းကို တကယ်ချစ်ခဲ့တာပဲ။

သူမှာမိကြောင့် နှိုင်း ဘဝပျက်သွားခဲ့ရတာကို ဒီနေ့အ စာနာနားလည်စိတ်နဲ့ နှိုင်းကို ပြန်ရှာတွေ့တဲ့နေ့ကို သူစောင့်နေ တာပဲ။

ဒါကိုတော့ ကျွန်မ ကျေးဇူးတင်ပါတယ် ရင်ခွင်ညီ။

ဒါပေမဲ့ ရှင်တို့ဘက်က ပြန်ပေးရမယ့်လျော်ကြေးကိုတော နောက်ဆုံးတစ်နေ့မှာ ကျွန်မ ပြန်ယူရလိမ့်မယ်။

"ရှင် ပြောချင်တာ ဒါပဲလားဟင် ရင်ခွင်ညီ၊ ခိုင်းစရာမ ရင် ကျွန်မ သွားတော့မယ်"

"ဟာ... နေဦး၊ မင်း မသွားနဲ့ဦး"

နှိုင်း လှည့်ထွက်သွားဖို့ ပြင်လိုက်ပေမယ့် သူက လက်က ပြီး လှမ်းတား၏။

သေချာတာကတော့ သူ့မျက်ဝန်းတွေကိုကြည့်ကာ နှိုင်း ကိုယ်တိုင် ရင်ခုန်မိတော့မလို ဖြစ်သွားခဲ့တာပင်။

နှိုင်း အခုမှ သူ့ကို အချိန်ကြာကြာလေး ငေးစိုက်ကြည့်မိ သွားတာပါ။

ယောကျ်ားလေးတစ်ယောက်ပေမယ့် မျက်ဝန်းစိုစိုလက် လက်ကလေးများကို ကာရံပေးထားသည့် ကော့နက်နက်မျက်တောင် ရှည်ကြီးတွေ စင်းကော့ဖြာကျနေတာကအစ ယောကျ်ားလေးတ ထဲမှာတော့ အလွန်ရှားပါးသည့် မျက်တောင်ရှည်ကြီးတွေပါပဲ။

နှုတ်ခမ်းအစုံက ဝင်းစိုသန့်ပြန့်ပြီး သွေးရောင်ရဲရဲလေးတေ



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းနေသလို အဖျားလေးလုံးချွန်ပြီး ဖြောင့်စင်းကျလာသည့် ...သွယ်သွယ်ချွန်ချွန်ကလေးက ဝင်းနုစ်တည်တင်းသော မျက်နှာ ...ကလေးနှင့် လိုက်ဖက်လွန်းလှသည်။

သူကလည်း နှိုင်းမျက်နှာလေးကို တမက်တမော ပြန်ငေး ...ည့်ကာ–

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မင်းဟာ ငါသိပ်တွေ့ချင်နေတဲ့ ...ပ်စစ်မဟုတ်ခဲ့ရင်တောင် အခု ငါ့ရှေ့မှာရောက်နေတဲ့ အနှိုင်းမဲ့ကို သိပ်ချစ်တယ်လို့ ငါပြောပါရစေ၊ ငါတွေ့ဖူးခဲ့သမျှ မိန်းကလေး ...ထဲမှာ မင်းဟာ ငါ့စိတ် ငါ့နှလုံးသားတွေကို အညှို့ခံ ဒူးထောက် ...အောင် အလှပဆုံး သိမ်းပိုက်သွားနိုင်တဲ့ မိန်းကလေးတစ်ယောက် ... အဲဒါ ငါ့တစ်သက်လုံးမှာ ဘယ်တော့မှ မေ့လို့မရအောင် စွဲလမ်း ...ခဲ့ရတဲ့ မျက်ဝန်းလေးတွေကို မင်းဆီကနေ မမျှော်လင့်ဘဲ ငါပြန် ...တွေ့ခဲ့တယ်ထင်လို့"

"ကျွန်မ၊ ကျွန်မ"

"မင်း ခေါင်းမခါနဲ့လေ အနှိုင်းမဲ့"

သူက နှိုင်းနှင့်အနီးဆုံးနေရာအထိ လျှောက်လာပြီး လက် ...ကမ်းအကွာလေးမှာပဲ မျက်နှာချင်းဆိုင်ပြီးတော့ လာရပ်သည်။ ...ခေါင်းကလေးခါရင်း သူ့ကို မကြည့်ရဲတော့သလို မျက်နှာကို ...ပစ်လိုက်ရ၏။

"အခုတော့ မင်းအိမ်ကိုလည်း ငါရောက်ခဲ့သလို ကိုးလသား ...ယ် ကလေးတစ်ယောက်နဲ့ မင်း ဒုက္ခရောက်နေတာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါမြင်ခဲ့ပါပြီ၊ ဒီအကြောင်းတွေ မာမီ့ကို ငါပြောပြတော့ မာမီနဲ့ ငါ အကြီးအကျယ်စကားများတယ်လေ၊ မာမီ လက်မခံနိုင်တာက မင်း ဟာ ကလေးတစ်ယောက်အမေ ဖြစ်နေလို့ပါ၊ ဒီကိစ္စကြောင့်လည်း မာမီ အကြီးအကျယ်တုန်လှုပ်သွားတယ်၊ မင်းကိုလည်း ဒီကုမ္ပဏီ မာမီက Lesson ပေးတော့မှာ၊ မင်း ကြည့်နေပေါ့၊ တစ်ခုခုဖြစ် မင်းဘက်မှာ ငါအမြဲရှိမယ်၊ ဟုတ်ပြီနော်။ အဲဒါပြောချင်လို့ မင်း ငါခေါ်လိုက်တာ၊ ကဲ… မင်း သွားနိုင်ပါပြီ"

"ဟုတ်"

ခေါင်းကလေးငုံ့ကာ သူ့ရှေ့ကနေ ပြန်လှည့်ထွက်ခဲ့ရ မယ့် နှိုင်း နှုတ်ခမ်းလေးမှာ ချိတ်ပါလာခဲ့ရတာက အပြုံးမဲ့မဲ့လေး

"ဟော… ကြည့်၊ ပြန်လာတော့လည်း မျက်နှာလေး ပြုံးလို့"

"နူးညံ့နော်၊ ပေါက်ကရတွေ လာမပြောနဲ့နော်"

"ဘာပေါက်ကရလဲဟင် နှိုင်း။ နူးညံ့က အမှန်တွေကို ပြော နေတာ၊ နှိုင်း ဝန်မခံရင် ဟောဒီပိုက်သားရှပ်ရှပ်လေးကို တအား လိမ်ဆွဲပစ်လိုက်မယ်"

"ဟာ… မလုပ်ပါနဲ့ နူးညံ့"

နှိုင်း လက်ကလေးက တားရင်း မျက်စောင်းကလေးဝဲက နူးညံ့မေးတာကို ဖြေရ၏။

"ဘာရယ်လို့တော့ မဟုတ်ပါဘူး နူးညံ့ရယ်၊ သူတို့က လူများပြီး နှိုင်းကို စစ်လားဆေးလား မေးလားမြန်းလားတွေ လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



...၊ နှိုင်း ဖြေရှင်းနေရတာပါ၊ နှိုင်းကို သူတို့သိခဲ့တဲ့ အရိပ်စစ်ဆိုတဲ့ ...ကောင်မလေးတစ်ယောက် ဖြစ်နေမယ်ထင်လို့တဲ့''

''အရိပ်၊ အရိပ်စစ် ဟုတ်လားဟင် နှိုင်း၊ ဘယ်က အရိပ် ...လဲ''

''ဟာ အဲဒါ နှိုင်းလည်း မသိဘူးလေ''

နှိုင်း ဖြေနေရပေမယ့် စိတ်ထဲမှာတော့ လိပ်ပြာမလုံသလို ...။

သားကောင်က ပစ်မှတ်ထဲကို ဝင်လာတာ မြန်ပေမယ့် ...ချင်းကြီးပစ်ချလိုက်ဖို့ကိုတော့ နှိုင်း သတ္တိမရှိခဲ့တာ အမှန်ပဲ ...သည်။ နှိုင်း နည်းနည်းလေးတော့ အချိန်တစ်ခုရောက်အောင် ...ချင်ပါသေးသည်။ ခိုင်မာသော သံယောဇဉ်တွေ အုံဖွဲ့ချည်နှောင် ...သည်အထိ စောင့်ဆိုင်းချင်ပါသေးသည်။

''ကဲ… ဒါဆိုလည်း မရွှေနှိုင်းလေး သိတာ ဘာရှိသေးလဲ ...င်''

''ရင်ခွင်ညီတော်တော်ချောတယ် သိလား နှုးညံ့၊ မျက် ...တောင်ကြီးတွေ စင်းကော့ပြီး ရှည်နေတာ သဘောအကျဆုံးပဲ''

''မျက်တောင်ရှည်တာပဲ သဘောကျတာလား နှိုင်းရဲ့''

''ဟာ နှုးညံ့နော်''

''အရပ်ရှည်တာကိုလည်း သဘောကျဦးလေကွာ၊ ဟား၊ ...ား''

နှစ်ယောက်သား အတူတူရယ်လိုက်မိတာက ကြည်နူးစွာ။



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ မကြားနိုင်သည့် စကားလေးတွေကိုတော့ နှိုင်း ရင်ထဲကနေ တစ်ယောက်တည်း ပြောနေမိသည်။

နူးညံ့ရယ်။

နှိုင်း ဒီကုမ္ပဏီမှာ သန့်ရှင်းရေးအကူဝန်ထမ်းမလေးအဖြစ် နဲ့ အလုပ်ဝင်လာတယ်ဆိုတာ ဒေါ်သွန်းသီရိရဲ့ ရင်ထဲကို အဆိ လှုံ့မြှားတွေ တစ်စင်းပြီးတစ်စင်း ပစ်စိုက်အနိုင်ယူချင်လို့ ဝင်လာတာ ပါ။ အခုပဲကြည့်လေ။ ဝင်လာတဲ့ တစ်ရက် နှစ်ရက်အတွင်းမှာကိုပဲ ရင်ခွင်ညီနဲ့ အနီးဆုံးနေရာအထိ နှိုင်း ရောက်နေခဲ့ရပြီလေ။

"နှိုင်းရေ၊ နှိုင်း"

နှိုင်းနဲ့ နူးညံ့ ရှေ့ကို အပြေးအလွှားရောက်လာတာ သီကျူး

"ဟင် သီကျူး၊ အရေးတကြီးနဲ့ ဘာဖြစ်လာတာလဲ"

"ဒေါ်၊ ဒေါ်သွန်းသီရိ မင်းကိုခေါ်နေပြီ"

"ဟင်"

နှိုင်းမျက်ဝန်းလေးတွေ ဖြူဖျော့သွားသည်။

နှိုင်းကို သူ့အနားမှာနေဖို့ ဒေါ်သွန်းသီရိ ခေါ်ထားတာပဲ

"သူ... သူ အရမ်းပေါက်ကွဲနေတယ် သိလား နှိုင်း သူ့သား ကားပေါ်မှာ မင်းပါသွားလို့တဲ့၊ မင်း ပြဿနာတက်တော့မယ် သွား... သွား မြန်မြန်သွားလိုက်"

"ဟင်"

နှိုင်းတစ်ကိုယ်လုံး အေးစက်သွားခဲ့ရပြီ။

❧ ❧ ❧

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# ခရမ်းပြာမာယာတံတား
# အပိုင်း (နှစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ခုနစ်)

"အဲဒါ ငါ့ကို ညာဦး"

"ဖြန်း"

"ဟာ"

နှိုင်းကို မြင်လိုက်တာနှင့် စားပွဲကထလာပြီး နှိုင်းပါး ရိုက်ချလိုက်တာ နှိုင်းကိုယ်လေး ချာချာလည်ထွက်သွားသည်။ ဒါ နှိုင်း ဘယ်လိုမှမျှော်လင့်မထားခဲ့တဲ့ ဒေါ်သွန်းသီရိရဲ့ တုံ့ပြန်မှုပါ

"ညည်း… ညည်း တော်တော်လည်တဲ့ မိန်းမ၊ ညည်းဟ ဦးနိုင်သိခ်ရဲ့သမီး အရိပ်စစ်ဆိုတာ ဖြောင်မကြေညာဘဲ ညည် ဘာဖြစ်လို့ ငါ့ကုမ္ပဏီထဲကို ခိုးကြောင်ခိုးဝှက်ဝင်လာပြီး ငါ့သား အချောင်နိုက်ဖို့ ကြိုးစားခဲ့တာလဲ၊ ဟိုမှာ ဘယ်သူလဲဆိုတာ ညည် လှည့်ကြည့်လိုက်စမ်း အနှိုင်းမဲ့"

"အို… ဘုရားရေ"

နှိုင်း အိမ်ကထွက်ပြေးသွားခဲ့စဉ်တုန်းက နှိုင်းကို မြော ဥက္ကလာအပိုင်းထိပ် လမ်းဘေးပလက်ဖောင်းလေးကနေ ရေဝေ



www.burmeseclassic.com

www.burmeseclassic.com



ချိုင်းနားက ရပ်ကွက်ကလေးဆီကို ခေါ်သွားခဲ့သည့် ကုန်စိမ်းသည်မကြီး ဒေါ်ရွှေရွက်။

"ဒေါ်ရွှေရွက် ပြောလိုက်စမ်းပါ၊ ညည်းကို ဘယ်လိုအချက်နဲ့ ရိပ်စစ်ဆိုတာ သိပြီး မိအောင်ဖမ်းလိုက်သလဲဆိုတာ"

"ဟိုလေ မမသွန်း၊ ဒီကောင်မလေးရဲ့ ခြေသလုံးလေးမှာ အမာရွတ်ကလေးတစ်ခု ရှိပါတယ်၊ အိမ်မှာ ထမင်းအိုးတည်နိုင်းရင်း ထမင်းအိုးမှောက်သွားလို့ မီးစွဲနေတဲ့ထင်းစနဲ့ ကောက်ပစ်လိုက်တာ အဲဒီတုန်းက ရထားတဲ့ ဒဏ်ရာအမာရွတ်ကလေးပါ၊ အခုထိ အဲဒီ အမာရွတ်ကလေး ခြေသလုံးလေးမှာ ရှိနေတာကို မြင်နေရလို့ အရိပ်စစ်ဆိုတာ အဲတပ်ပြောနိုင်တာပါ"

"ကဲ... ညည်း ဘာပြောချင်သေးလဲ အရိပ်စစ်ဆိုတဲ့ အနှိုင်းရဲ့"

"အဟင့်၊ နှိုင်းလေ၊ နှိုင်း"

"ဒီမှာ ညည်း အဲဒီတုန်းက ဒေါ်ရွှေရွက်အိမ်ကို ရောက်သွားတာ ငါသိရဲ့သားနဲ့ ညည်းကို တမင်ပြန်မခေါ်ဘဲထားခဲ့တာ၊ အခု ညည်းကို မသက်သာလို့ ဒေါ်ရွှေရွက်ကိုခေါ်လာပြီး စစ်လိုက်တာလေ"

"အရိပ်စစ်ရယ်၊ ညည်းဘဝ ဒီလောက်တောင် ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေတာ မမသွန်းကို အမှန်အတိုင်းပြောပြီး အလုပ်ဝင်လုပ်ပါလား"

"ရတယ် ဒေါ်ရွှေရွက်၊ ရှင် အခုလို တကူးတကလိုက်လာပြီး သက်သေခံပေးတာ ကျေးဇူးတင်တယ်၊ ကျွန်မတို့ကလည်း မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



သလို မမှတ်မိသလို ဇဝေဇဝါဖြစ်နေလို့ ၊ ကဲ… ရိုက်ခတ်ည ဒေါ်ရွှေရွက်ကို ပိုက်ဆံပေးပြီး ပြန်လွှတ်လိုက်၊ ပြီးရင် ဒီအခန်း ကို ဘယ်သူမှဝင်မလာစေနဲ့၊ အားလုံး အပြင်မှာစောင့်နေကြ''

အားလုံးကို ဒေါ်သွန်းသီရိ မောင်းထုတ်နေပြီ။

ကျန်ခဲ့တာ နှိုင်းနဲ့ ဒေါ်သွန်းသီရိ နှစ်ယောက်တည်း။

နှိုင်း မာယာများရတော့မည်။ မျက်ရည်စက်တွေနဲ့ ဒေါ်သွန်း သီရိကို အသနားခံရတော့မည်။ အရေးကြီးတာ တစ်ခါတုန်းက အရိပ်စစ်ဆိုတာ ဒေါ်သွန်းသီရိ ဘယ်လိုပဲ သိသွားသိသွား ဒီကုမ္ပဏီ ကြီးထဲကနေ နှိုင်း ထွက်သွားဖို့ မဖြစ်နိုင်သေးလို့ပါ။

ဒီကုမ္ပဏီကြီးထဲမှာ အလုပ်ဝင်လုပ်ဖို့ နှိုင်း ဆုံးဖြတ်ခဲ့ ကတည်းက နှိုင်းကို သိသွားခဲ့လျှင် ဘယ်လိုမာယာလက်နက်တွေ ထုတ်သုံးရမယ်ဆိုတာ နှိုင်း စဉ်းစားခဲ့ပြီးသား။

''ကဲ… ညည်း ပြောစမ်း အနှိုင်းမဲ့၊ ညည်းကို အရိပ်စစ် ဆိုတာ လူတွေမသိစေချင်လို့ ညည်းကို အနှိုင်းမဲ့လို့ပဲ သဘောထား ပြီး ငါဆက်ဆံမယ်၊ ညည်း ဒီလိုပုံစံမျိုးနဲ့ ကလေးတစ်ယောက် အမေဘဝကိုရောက်တော့မှ ညည်း ငါ့ဆီကို ဘာဖြစ်လို့ ပြန်လာခဲ့ ရတာလဲ၊ ငါ့ကို ဒုက္ခပေးမလို့လား၊ ငါ့သားရင်ခွင်ညီကို အပိုင်‌ ပြီး ငါ့ကို Lesson ပေးမလို့လား၊ ဟား… ဟား… ငါက သွန်းသီရိ လေ အနှိုင်းမဲ့ရဲ့၊ ငါ့လက်ဖျားလေးပေါ်ကနေ ညည်းကို ဟောဒီလို တစ်ချက်တည်း ခါချပစ်လိုက်လို့ရတယ် သိလား အနှိုင်းမဲ့ရဲ့ ဟား၊ ဟား''



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်း... နှိုင်း အန်တီသွန်းကို ကြောက်လို့ မပြောရဲခဲ့တာ ။ နှိုင်းမှန်းသိသွားရင် အန်တီသွန်း နှိုင်းကို မောင်းထုတ်လိုက်မှာ လို့ပါနော် အန်တီသွန်း၊ အပြင် နှိုင်းကို သနားပါနော် အန်တီသွန်း။ နှိုင်း... နှိုင်း စားစရာမရှိ သောက်စရာမရှိဘဝမှာ ကလေးတစ် ယောက်နဲ့ ဒုက္ခရောက်နေလို့ အန်တီသွန်းဆီကို တိတ်တိတ်လေး ပြန်လာခဲ့တာပါ အန်တီသွန်းရယ်"

'ဟား၊ ဟား"

"နှိုင်းကို မောင်းမထုတ်ပါနဲ့နော် အန်တီသွန်း၊ အန်တီသွန်း ကို နှိုင်း ကြောက်ပါတယ်၊ အခုလည်း အန်တီသွန်းဆီက ဘာကို မတောင်းဆိုဘဲ အန်တီသွန်းကုမ္ပဏီမှာ သန့်ရှင်းရေး ဝန်ထမ်းမလေး နှိုင်း ဝင်လုပ်နေတာပါ၊ ဘယ်သူကမေးမေး ဟိုတုန်းကအကြောင်း တွေ နှိုင်း ဘယ်သူ့ကိုမှ မပြောပါဘူး၊ နှိုင်းအပြစ် နှိုင်းခံပါ့မယ်၊ ကလေးနို့မှုန့်ဖိုးလေးနဲ့ ထမင်းလေးတစ်လုတ် စားရရင် နှိုင်း ကျေနပ် ပါပြီ၊

အပြင်၊ နှိုင်းကို သနားပါနော် အန်တီ သွန်း၊ နှိုင်းကို မောင်း မထုတ်ပါနဲ့"

ထင်မှတ်မထားသည့် အချိန်တိုကလေးအတွင်းမှာပဲ အခြေ အနေတွေအားလုံး ပြောင်းလဲသွားခဲ့ရပါပြီ။

အားလုံးကို နှိုင်း ရင်ဆိုင်လိုက်ပါတော့မည်။

ဒီကုမ္ပဏီကြီးထဲကနေ ထွက်မသွားရအောင် နှိုင်း ကြိုးစား ရပါတော့မည်။ ဖြီးတော့လည်း ဒေါ်သွန်းသီရိရဲ့ အငြိုးအာဃာတတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတ္တကြီးမှုတွေအောက်မှာ နှိုင်း ဆက်ပြီးတော့ ရှင်သန်နေရ
မှာလေ။

သူ နှိုင်းကို ဘယ်လိုအပြစ်ဒဏ်တွေ ခတ်လေမလဲ။

ဘယ်လိုအကြောင်းပြချက်မျိုးတွေနဲ့ နှိုင်းကို နှိပ်စက်
ဦးမလဲ။

"ညည်းကိုမြင်တိုင်း ညည်းအမေ မြင့်လွန်းမေကို သ
ရပြီး ငါ အရမ်းစိတ်နာတယ်ဟဲ့ အနှိုင်းမဲ့ရဲ့၊ အဲဒါ ညည်း သိလ

"ရှင် အန်တီ"

"ညည်းဟာ မြင့်လွန်းမေ ငယ်ငယ်က ပုံစံကလေး
တစ်ထေရာတည်းတူတဲ့မိန်းမ"

ဒေါ်သွန်းသီရိကိုယ်တိုင်လည်း အတိတ်က နာကျင်ခဲ့ရ
တွေကို ဘယ်လိုမှ ဖျောက်ဖျက်လို့မရ။

"ငါက ဆင်းရဲဒုက္ခရောက်နေလို့ ညည်းအဖေပိုင်တဲ့ ဟော
ကုမ္ပဏီ အဆောက်အအုံကြီးမှာ အလုပ်လာတောင်းတော့ ငါ့
ရက်ရက်စက်စက် ကြမ်းတိုက် သန့်ရှင်းရေးလုပ်ရတဲ့နေရာမှာ ညည်
အမေက ခိုင်းခဲ့တာလေ၊ အခု မြင့်လွန်းမေ ဝဋ်လည်ပြီလေ၊ ညည်
ကိုယ်တိုင် ငါမခိုင်းရဘဲနဲ့ ငါ့ကုမ္ပဏီမှာ ကြမ်းတိုက် သန့်ရှင်း
အလုပ်သမား ပြန်ဖြစ်လာပြီလေ၊ အခုတော့ မြင့်လွန်းမေ ငါ
ရက်စက်ခဲ့သလို ညည်းကို ပြန်ရက်စက်မယ်၊ ညည်း ဆီ
ပြန်ရောက်လာတာ ညည်း သိပ်ကံဆိုးတယ်၊ ညည်းရဲ့ ဟန်ဆော
လှည့်ဖြားမှုတွေအားလုံးကို ငါသိပ်ရယ်ချင်တယ်၊ မနေ့ကလည်



www.burmeseclassic.com

www.burmeseclassic.com



...ခါတ်ပုံမှန်ဘောင်ကြီးကို ညည်း တမင်လွှတ်ချပြီး ခွဲလိုက်တာ''

"ဟာ… အဟင့်၊ အဲဒါ မဟုတ်ပါဘူး အန်တီသွန်းရယ်၊ ...း မတော်တဆ''

"ဘာမတော်တဆလဲဟင် အနှိုင်းမဲ့၊ ကုမ္ပဏီမှာ ညည်း အလုပ်လာလျှောက်တဲ့နေ့ကတည်းက CCTV လုံခြုံရေးကင်မရာ ...တွေထဲကနေ မြင့်လွန်းမေနဲ့ တစ်ထေရာတည်းတူနေတဲ့ ညည်းကို ...ါ မသင်္ကာလို့ စောင့်ကြည့်နေခဲ့တာ၊ ညည်းကို အလုပ်ခန့်ဖို့ ဦးစိုးကို ...မ်းပြောလိုက်တာလည်း ငါပဲ၊ ငါ့ဓာတ်ပုံမှန်ဘောင်ကြီးကို နာကျင် ...နေတဲ့မျက်လုံးတွေနဲ့ ညည်း စိုက်ကြည့်ပြီး တမင်ဖြုတ်ချလိုက်တာ ...CTV ထဲမှာ တွေ့လိုက်ရလို့ ဦးနိုင်သိခ်သမီးလားလို့ ညည်းကို ...ါလာမေးတာ၊

ဟား… ဟား၊ ညည်း… ညည်း… တော်တော် ဟန် ...ဆောင်ကောင်းတာပဲ အနှိုင်းမဲ့ရယ်၊ ဟား၊ ဟား''

ဒေါ်သွန်းသီရိက သဘောကျစွာ တဟားဟားရယ်လေ နှိုင်း ...တစ်ကိုယ်လုံး နာကျင်စွာ အေးစက်ရလေပါပဲ။

"ငါယယ်ငယ်တုန်းက ညည်းအမေ မြင့်လွန်းမေနဲ့ ပြိုင်ခဲ့တိုင်း ...ါရှုံးခဲ့ရတာတွေအားလုံးအတွက် ညည်း ပြန်ပေးဆပ်ရတော့မယ့် အချိန်ကို ရောက်နေပြီဆိုတာ ညည်း သိရဲ့လားဟင် အနှိုင်းမဲ့''

"ရှင်''

လျှော့တွက်လို့မရတဲ့ ဒေါ်သွန်းသီရိပဲ။

လုံခြုံရေးကင်မရာတွေထဲကနေ နှိုင်းရဲ့ လှုပ်ရှားမှုတွေကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေခဲ့တာတဲ့။ ဓာတ်ပုံမှန်ဘောင်ကြီးကို တမင်လွှတ်
လိုက်တာလည်း သူမြင်လိုက်သတဲ့။

"ညည်း အလုပ်ဝင်လာတဲ့ နေ့ကတည်းက ညည်းကို
အပြတ်မောင်းထုတ်ပစ်လိုက်ရမှာလေ မိအန္တိုင်းမဲ့ရဲ့၊ ဒါပေမဲ့
ညည်းရဲ့ လှုပ်ရှားမှုတွေကို သိချင်လို့ ငါ တမင်မသိချင်ဟန်ဆော
ပြီး စောင့်ကြည့်နေခဲ့တာ၊ ခုတော့ ညည်းရဲ့ မဖြစ်စလောက်ဉာဏ်
ကလေးနဲ့ သွန်းသီရိကိုတုပြိုင်ဖို့ ညည်း ကြိုးစားခဲ့တာတွေအား
လုံးခြုံရေးကင်မရာတွေက ညည်းကို စောင့်ဖမ်းလိုက်ပြီလေ၊
တော့လည်း ဆံပင်ရှည်ကြီးတွေတယမ်းယမ်းနဲ့ ငါ့သား ရင်ခွင်
ကိုပါ ပစ်မှတ်တစ်ခုလို ရွေးချယ်ပြီး လက်ထပ်ယူဖို့အထိ ညည်း
က ကြံစည်ချင် ကြံစည်နေမှာလေ"

ကြည့်စမ်း။

သူ့ဘက်ကို လှည့်လာမှာတော့ စိုးရိမ်တတ်လိုက်တာ။

ရှင်ကြီးကိုယ်တိုင်လည်း ကြမ်းတိုက် ဖုန်သုတ် သန့်ရှင်းရေး
အလုပ်သမားဘဝနဲ့ ကုမ္ပဏီပိုင်ရှင် ဖေဖေ့ကို အိတ်ထဲကောက်ထည့်
သွားတာ၊ ဒါကို ဝင့်လည်မှာလည်း ရှင်ကြီး ကြောက်တယ်ပေါ့။

နှိုင်းရင်ထဲမှာ တူးခါးနေအောင် မုန်းမိပေမယ့် ဟန်ဆောင်
လိုက်တဲ့ နှိုင်းမျက်နှာထားလေးနဲ့ လေသံကလေးက–

"အဟင့်၊ နှိုင်း တောင်းပန်ပါတယ် အန်တီ၊ နှိုင်း အန်တီ
သွန်းကို တုပြိုင်ဖို့ ဘယ်တော့မှ မကြိုးစားပါဘူး။ အဲဒီလောက်လည်း
နှိုင်း သတ္တိမရှိပါဘူး၊ နှိုင်း ကလေးတစ်ယောက်အမေမဆိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ခင်ခွင့်ညီ သိပါတယ်၊ ဒီကုမ္ပဏီကြီးမှာ အန်တီသွန်း ကြိုက်သလို
နိုင်းကို ခိုင်းပါ၊ နှိုင်း လုပ်ပေးပါ့မယ်၊ အိမ်မှာ အဝတ်လိုက်လျှော်ဆိုလည်း
နှိုင်း လိုက်လျှော်ပေးပါ့မယ် အန်တီသွန်းရယ်၊ နှိုင်း အရမ်းဆင်းရဲ
နေလို့ပါ"

"အဟင်း... ငါကလည်း ညည်းလောက်လေးကို ကြောက်
ပြီး အလုပ်ကနေ မောင်းထုတ်ပစ်လိုက်မယ် ထင်နေလို့လား၊ ဒီမှာ
ဟိုတုန်းက ညည်းအဖေ ဦးနိုင်သိန်းနဲ့ ငါ ဘယ်လိုပဲပတ်သက်ခဲ့
ပတ်သက်ခဲ့ အခုချိန်မှာ ညည်းဟာ ငါ့ကုမ္ပဏီထဲမှာ သန့်ရှင်းရေး
လုပ်ရတဲ့ အလုပ်သမားတစ်ယောက်ပဲ၊ ညည်း ဆက်ပြီးတော့
ဒီကုမ္ပဏီမှာ ကြမ်းတိုက်ရမယ်၊ တံမြက်စည်းလှည်းရမယ်၊ ညည်းကို
စိတ်ပြတ်သတ်နေအောင် ခိုင်းပြီးတော့မှ ငါ သဘောတူတဲ့ ဒရိုင်ဘာ
တစ်ယောက်နဲ့ ပေးစားပစ်မယ်"

"ရှင်... အန်တီသွန်း"

"ညည်း သဘောတူရင် ဆက်လုပ်၊ သဘောမတူရင်
ဒီကုမ္ပဏီထဲကနေ ထွက်သွား"

"အဟင့်၊ မလုပ်ပါနဲ့"

နှိုင်းကိုတောင် ယောက်ျားပေးစားဦးမတဲ့။

ဒါပေါ့လေ။ မိထွေးဆိုတာ လင်ပါသမီးလေးတစ်ယောက်
ကို ဒရိုင်ဘာလုပ်နေတဲ့လူမျိုးတစ်ယောက်နဲ့ ပေးစားရမယ့်တာဝန်
ရှိနေတာပဲ။ တချို့ ကောင်းတဲ့မိထွေးတွေရှိပေမယ့် ဒီမိထွေးကတော့
ကမ္ဘာပေါ်မှာ အယုတ်ညံ့ဆုံး မိထွေး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကုမ္ပဏီထဲကနေတော့ နှိုင်း ဘယ်ကိုမှ မသွားပါရစေ
အဟင့်… အန်တီသွန်း စီစဉ်တာကို နှိုင်း နာခံပါ့မယ်၊ အန်တီသွ
သဘောတူရင် ဘယ်လိုယောကျ်ားမျိုးကိုမဆို နှိုင်း ယူပါ့မယ်"

"ဟင်… ညည်း တကယ်ပြောနေတာ"

"တကယ်ပြောတာပါ အန်တီသွန်းရဲ့"

သူမရင်ထဲက နာကျင်မှုတွေကို မမြင်အောင် ဖုံးကွယ်
ကြိုးစားရင်း ကျလာရတဲ့ မျက်ရည်တွေက မဆုံးနိုင်အောင်ပါပဲလ
ဟိုတုန်းက နှိပ်စက်ခဲ့တာတွေကိုတောင် အားမရဘဲ ကလေး
ယောက်အမေ တစ်ခုလပ်ဘဝကို ရောက်နေရပါတယ်လို့ ပြော
တာတောင်မှ အငြိုးမပြေ။ ကမ္ဘာမကျေနိုင်သေးတဲ့ ဒေါ်သွန်းသိ

သူကပဲ ရက်စက်နိုင်မလား။

နှိုင်းကပဲ ဟန်ဆောင်ကောင်းနိုင်မလား။

မျက်ရည်တွေကြားထဲက ဒေါ်သွန်းသီရိ မျက်နှာကို
မော့ကြည့်တော့ နှုတ်ခမ်းတွေကို တင်းပြတ်နေအောင် သူမက မဲ့
လျက်။ မျက်ဝန်းတွေထဲမှာလည်း အမုန်းမီးလျှံတွေ တဖျတ်ဖျ
လက်ခါနေဆဲ။

"ညည်းကို တစ်ခုပဲ ဖါထပ်ပြောလိုက်မယ်၊ ငါ့သား ရင်
ညီနဲ့ပတ်သက်ဖို့ ညည်း ဘယ်တော့မှမကြိုးစားပါနဲ့၊ ဒါကို ညည်
အယောင်ဆောင်စီမံကိန်းတွေချပြီး ရင်ခွင်ညီနဲ့ပတ်သက်ဖို့ထပ်
တော့ ကြိုးစားလာဦးမယ်ဆိုရင် ညည်းကို ဒီကုမ္ပဏီထဲကနေ မော
ထုတ်ဖို့ ဝန်လေးနေမှာမဟုတ်ဘူးဆိုတာ ညည်းမှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်း သိပါတယ် အန်တီ"

တစ်ခါတုန်းက ဒေါ်သွန်းသီရိဟာ နှိုင်းမေမေကို မကျေနပ်…သည့် အမုန်းစိတ်၊ နာကြည်းစိတ်တွေနှင့် ဖေဖေ့ကို မရရအောင်…က်ထပ်ယူပြသွားခဲ့သည်။ ဆယ်နှစ်သမီးအရွယ်လေး နှိုင်းကိုလည်း…ပြုံးအတေးထားကာ နှိပ်စက်ခဲ့လို့ ဖေဖေ စိတ္တဇလေဖြတ် ဝေဒနာ…ည်ကြီး ဖြစ်သွားချိန်မှာ နှိုင်း အိမ်ကနေ ထွက်ပြေးခဲ့ရသည်။

အခု ပြန်တွေ့ကြတော့လည်း ဒေါ်သွန်းသီရိရဲ့ အမုန်းမီး…တွက မငြိမ်းနိုင်အောင် လောင်မြိုက်နေဆဲ။ ပိုဆိုးတာက ဒီကုမ္ပဏီ…အဆောက်အအုံကြီးက ဟိုတစ်ချိန်တုန်းက နှိုင်း ကိုးနှစ်သမီးအရွယ်…လေးတုန်းက နှိုင်းကိုယ်တိုင် ဂါဝန်ဖားဖားလေးဝတ်ပြီး ဖဲကြိုးဖြတ်…ပွင့်ပေးခဲ့ရတဲ့ မိုးတိမ်နန်းတော်ကုမ္ပဏီ အဆောက်အအုံကြီးပါပဲ။

ခုတော့ ထိုအဆောက်အအုံကြီးထဲမှာ နှိုင်းဟာ မျက်ရည်…က်လက်လေးကျပြီး ကြမ်းတိုက်၊ ဖုန်သုတ်၊ သန့်ရှင်းရေးလုပ်နေ…တဲ့ ကောင်မလေးတစ်ယောက်တဲ့။

"အဟင့်"

ကြေကွဲစွာ နှိုင်း ရှိုက်လို့မဆုံး။

"အခုမှ ညည်း ငိုနေလည်း အလကားပဲ အနှိုင်းမဲ့၊ ဒီကုမ္ပဏီမှာ ညည်းရှိနေသမျှ ညည်းဟာ ငါနဲ့ပတ်သက်ခဲ့ဖူးတဲ့ ဦးနိုင်…သိခ်ရဲ့ သမီးဆိုတာ ညည်း နှုတ်ပိတ်ထားရမယ်၊ အရိပ်စစ်ဆိုတဲ့…ကောင်မလေးကို မီးသဂြိုဟ်စက်ထဲထည့်ပြီး ညည်းကိုယ်တိုင် ဖျောက်…ဖျက်ပစ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

အရိုပ်စစ်ဆိုတဲ့ ကောင်မလေးတစ်ယောက်ကိုတောင် သဂြိုဟ်စက်ထဲထည့်ပြီး နှင်းကိုယ်တိုင် ဖျောက်ဖျက်ပစ်ရဦးမ

မျက်နှာလေးကို နှင်းမော့လိုက်တော့ မခြောက်တတ်သေ တဲ့ မျက်ရည်လေးတွေက နှင်း ပါးပြင်လေးပေါ်ကို စီးကျလို့လာ ဆဲပါလား။

၆ ၆ ၆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ရှစ်)

"ဘယ်၊ ဘယ်လို ဦးသီလထွန်း၊ ဒါ ကျွန်မတို့ မဟာ ...ရွှေကုန္တာ Super Market ကြီးထက် ငါးဆပိုကြီးတဲ့ Three ...er Trooper Market ကြီးဆောက်မယ့် Master Plan တဲ့လား။ ...း၊ ဘုရား။ တော်တော်ကြီးပြီး တော်တော်ခေတ်မီတဲ့ Plan ...ပဲ ရှင်... ရှင်... ဒါကို ဘယ်ကရတာလဲဟင် ဦးသီလထွန်း"

"ဒေါ်မေ့ပါနိုင်က Internet E-mail ထဲကနေ ကျွန်တော့် ...တနဲ့ ပို့လိုက်လို့ ဒီနေ့ပဲ ကျွန်တော် ရလိုက်တာပါ"

Master Site Plan ကိုကြည့်ကာ ဒေါ်သွန်းသီရိ မျက်ဝန်း... တဖျတ်ဖျတ်လက်နေသလို ထိတ်လန့်သွားသောမျက်နှာပေါ် ...သွေးရောင်ကလည်း တစ်စက်မှမရှိ။

"ဒါ... ဒါ... ကျွန်မတို့ မဟာကုန္တာရွှေကုန္တာရဲ့ ရှင်သန် ...ည်မှုကို သက်သက်မဲ့ ခြိမ်းခြောက်လာတာ၊ ကျွန်မ၊ ကျွန်မ"

နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာရသလို မျက်တောင်ကို ...း ဒေါ်သွန်းသီရိ မခပ်နိုင်ပါ။ ကိုယ်မှာဝတ်ထားသည့် တဖျော်



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်လက်ခဲ့သော စိန်တွေကပင် အရောင်တွေ အားဖျော့ညှိုးငေ
သွားသည့်နှယ်။ ဦးသီလထွန်းကတော့ အခြေအနေတွေအားလုံး
သိနေသူမို့ ပင့်သက်ချရင်း ဒေါ်သွန်းသီရိမျက်နှာကို လှမ်းကြည့်သည
သူလည်း အခါအခွင့်သင့်လျှင် သင့်သလို အစည်းအဝေး
တိုင်းမှာ ဒီကိစ္စကို မမေ့မလျော့ တင်ပြနေတာပဲ။ သူ့တာဝန်ကလည်း
ကုန်နေပါပြီ။

"ကျွန်မ ဘာလုပ်သင့်သလဲဟင် ဦးသီလထွန်း"

ဒါကိုလည်း ဦးသီလထွန်း ရုတ်တရက် အဖြေမပေးနိုင်
ခုတစ်လော Three Flower ကုမ္ပဏီရဲ့ ပြိုင်ဆိုင်မှုတွေ
ပြင်းထန်လာလို့ အမာခံဖောက်သည်တွေ ဆုံးရှုံးလိုက်ရတာလည်း
အများကြီးပါ။ စက်ပူနှင့် ပောင်ကောင်ကိုပို့လိုက်သည့် ပစ္စည်းတွေ
ကလည်း အရှုံးတွေပြပြီး လေလွင့်ပျက်စီးကုန်တာတွေက များ
သည်။ လချုပ်စာရင်းတွေမှာ မြှုပ်ထားသည့်ငွေပင် ပြန်မပေါ်
တော့ဘဲ ကုမ္ပဏီအထိနာနေတာ ဒေါ်သွန်းသီရိကိုယ်တိုင် လက်
လိုက်ရပြီပဲ။

ဘာဆက်လုပ်သင့်သလဲဆိုတာ ဒေါ်သွန်းသီရိရဲ့ အ
အဖြတ်ကိုပဲ နာခံနေကြရတာပဲ။

"မေ့ပါနိုင်ကို ဒီကိုခေါ်ပြီး ဆွေးနွေးကြည့်ရင် ကောင်းမလ
ဆိုတာ ကျွန်မကို အကြံပေးဦးလေ ဦးသီလထွန်းရဲ့၊ သူ့အကြော
တွေကိုရော ဦးသီလထွန်း အသေအချာစုံစမ်းထားပြီးပြီလား၊ ရုံး
တော့ရော ဘယ်မှာထိုင်သတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီမှာ ဆုံးရှုံးနစ်နာမှုတွေ သိပ်များလာရင် ကုမ္ပဏီ ...ဘွှ ဒေါ်သွန်းသီရိကပဲ နစ်နာဆုံးရှုံးရသမျှတွေကို တာဝန်ခံရမှာ ...လ။ ဒါကိုလည်း ဒေါ်သွန်းသီရိက အဖြစ်မခံနိုင်ပါ။

ခုတစ်လော စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စရာအကြောင်း ...တွေက အများကြီး။

ဦးသီလထွန်းက မျက်မှန်ကိုပင့်ကာ ဝင့်ခနဲလှည့် ကြည့် ...သည်။

"သူ ဘယ်မှာ ရုံးထိုင်သလဲဆိုတာ ကျွန်တော် မသိပေမယ့် ...ျွန်တော့်ဆီကိုတော့ ညပိုင်းတွေမှာ သူ အမြဲ Phone ဆက်ပါ ...ယ်"

"ဟင် Phone ဆက်ပြီး သူက ဘာတွေပြောသလဲ"

"ကျွန်တော်တို့ရဲ့ မဟာကုမ္ပဏီကုမ္ပဏီ Super Market ကြီးကို ...ကိုယ်တိုင်လာကြည့်ပြီးသွားပြီတဲ့"

"အို ကြည့်စမ်း"

ဒါကို ထိတ်လန့်မသွားဘဲလည်း ဒေါ်သွန်းသီရိ မနေနိုင်။

မျက်တောင်ခတ်ဖို့ကိုပင် သတိမရတော့ဘဲ ဦးသီလထွန်း ...က်နှာကို အားကိုးတကြီး လှမ်းကြည့်သည်။

"မဟာကုမ္ပဏီကုမ္ပဏီရဲ့ လိုအပ်ချက်တွေ၊ အားနည်းချက် ...တွေကိုလည်း Phone ထဲမှာ သူက တစ်ခုချင်းထောက်ပြသွားသေး ...ယ်"

"ဟင် ဘာတွေထောက်ပြသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကား Parking မကောင်းလို့ စိတ်ညစ်သတဲ့"

"အမလေး"

"ကားအစီးရေ နှစ်ရာ သုံးရာလောက် တစ်ပြိုင်တည်း ထားနိုင်မယ့် ကား Parking မျိုး လိုအပ်သတဲ့"

ရင်ခွင်ညီက ဘေးကနေ နားထောင်ရင်း နှုတ်ခမ်းလေး ကာ ပြုံးသည်။

"အဲဒါ ရင်ခွင်ညီဆိုတဲ့ Super Market ကြီးရဲ့ အုပ်ချုပ်ရေးမှူး၊ ကုမ္ပဏီရဲ့ အမှုဆောင်ဒါရိုက်တာ ကားနဲ့ ကား Parking မှာ မတော်တဆတိုက်မိသွားလို့တောင် သူက ပြောခဲ့သေးသတဲ့"

"ဗျာ၊ ကျွန်တော့်ကားနဲ့ တိုက်မိတာ"

"ဟုတ်တယ်လေ၊ ဟိုက မင်းနာမည်ကိုရော မင်းစီး ကားနံပါတ်ကိုပါ အတိအကျပြောသွားတာ"

"ဟာ ဒါဆို ကျွန်တော်သိပြီ"

ဦးသီလထွန်း ပြောမှ ရင်ခွင်ညီ မျက်လုံးပြူးသွားသည်။

အဲဒီနေ့က ကား Parking မှာ သူတွေ့လိုက်တာ ဝတ် စားပုံလေးကအစ ခေတ်ရှေ့ပြေးလွန်းနေသော ကောင်မလေးတစ် ယောက်။ ဈေးအရမ်းကြီးသည့် Sky Blue မျက်မှန်ဝိုင်းဝိုင်းလေး တပ်လို့၊ လက်တစ်လုံးကြိုးအကျီလေးနဲ့ ကားပေါ်က ဆင်းလာတာ ဟွန်း အဲဒါ မေ့နိုင်ပါတဲ့လား။ ဒီလို Design နဲ့ ကောင်မလေး တစ်ယောက်ကများ Three Flower ကုမ္ပဏီရဲ့ စက်ရုံပူ့နဲ့ အရှေ့ တောင်အာရှဆိုင်ရာ ဒါရိုက်တာမလေးတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ညီက ဒါကို မသိလိုက်လို့ပါ။

သိလိုက်လို့ကတော့ ခေါင်းချင်းဆိုင်ပြီး လုံးဝတိုက်ပစ်တယ်။

တိုနိုနို ဆံပင်ကလေးနဲ့ ဟိုက်ဟည်းဒေါက်မြင့်ကို လန်ထွက်အောင် စီးထားတာ သူ တစ်စက်မှကြည့်လို့မရခဲ့တဲ့ ကောင်မလေး။

"ဟုတ်... ဟုတ်လားဟင် သား၊ မေ့ပါနိုင် ပြောသလိုကားနဲ့ တိုက်မိသွားတာလား"

ဒေါ်သွန်းသီရိက သားလုပ်သူကိုပဲ အသည်းအသန်လှမ်းမေးသည်။

"ဟုတ်တယ် မာမီ၊ သူ့ဒီဇိုင်းက လုံးဝအလန်းဒီဇိုင်း၊ အင်္ကျီတစ်လုံးကြိုး နောက်ခွဲကျောပြင်ပြောင်အကျပ်နဲ့ အောက်မှာဝတ်ထားတာလည်း ဘောင်းဘီအကျပ်အတိုကလေးကို စတော့ကင်ရှည်ကြီးနဲ့ တွဲဝတ်ထားတာ၊ ဦးသီလထွန်းပြောမှ ဒီကောင်မလေးကို ကျွန်တော် ပြန်မြင်လိုက်တာ"

ထိုနေ့က Car Parking ကနေ ကားနှစ်စီး ပြိုင်အထွက်မှာကစပြီး တိုက်သွားတာကိုများ။

"ဒုန်း"

"ဟာ"

ကားတံခါးဖွင့်ကာ သူဆင်းတော့ ဟိုဘက်ကားကလည်း ကောင်မလေးတစ်ယောက် ဆင်းလာသည်။ ကိုယ့်ကားကိုယ် ပြန်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း Sorry နော်၊ I haven't saw your car is coming."

အင်္ဂလိပ်လိုတောင်းပန်လိုက်တဲ့ လေယူလေသိမ်းကအ လုံးဝလန်ထွက်နေတဲ့ မိန်းမ။

ရှင့်ကားကို ကျွန်မ မမြင်လိုက်လို့ပါတဲ့။

သူ့ဆီက အကြည့်ကို ချက်ချင်းလွှဲပြီး ကိုယ့်ကားနော ဘန်ပါကိုပဲ သူကြည့်မိသည်။

"ရတယ်၊ ငါက ဒီ Super Market ကြီးရဲ့ အုပ်ချုပ်ရေး ရင်ခွင်ညီပါ၊ ကိုယ့် Super Market ကို လာအားပေးတဲ့ Customer တစ်ယောက်မို့ မင်းတိုက်မိတာကို ခွင့်လွှတ်ပေးလိုက်မယ် No Problem ဟုတ်ပြီလား"

"ဟွန်း၊ you တို့ super market က Car Parking လုံးဝညံ့တယ် သိလား"

သူမက ပြန်လှည့်အထွက်မှာ လှမ်းအော်ပြီး ပြောမြ အောင် ပြောလိုက်ပေမယ့် သူ့ကို လှည့်မကြည့်တော့ဘဲ ကားစ နှိုးကာ ရင်ခွင်ညီ မောင်းထွက်ခဲ့သည်။

ခုတော့ ကြည့်ပါဦး။

ဝတ်တာစားတာ ဒီလောက်ရှုပ်ယှက်ခတ်နေတဲ့ အဲဒီအလ ဇယားလေးဟာ မာမီတို့ တုန်လှုပ်နေရတဲ့ ဒေါ်မေ့ပါနိုင်တဲ့။

ရင်ခွင်ညီ နှုတ်ခမ်းလေးက အမြင်ကတ်ကတ်နဲ့ မှုံ့ပြီး ရင် မဲ့ရင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ပြောပါဦး ဦးသီလထွန်း၊ မေ့ပါနိုင်က နောက်ထပ် …ဘာတွေပြောသေးသလဲ"

"ဟွန်း၊ ကျွန်တော်ပြောရင် ဒေါ်သွန်းသီရိရော ရင်ခွင်ညီ …မေ့ပါနိုင်ကို လက်ဖျားခါသွားမယ်၊ သူက Phone ထဲမှာ ကျွန်တော့် …ကို ဘာတွေပြောသွားတယ် ထင်လို့လဲ"

"ဟင် ဘာတွေပြောလဲ"

"ကုမ္ပဏီအုပ်ချုပ်ရေးမှူး ရင်ခွင်ညီ Style ကို သူ အရမ်း …သဘောကျသွားပြီတဲ့"

"ဗျာ၊ ဘယ်လို ဦးသီလထွန်း"

မျက်တောင်တွေပင့်ကော့ကာ ရင်ခွင်ညီ မျက်လုံးပြူးသွား …သလို ဦးသီလထွန်းက တဟားဟားအော်ရယ်ရင်း ဆက်ပြော သည်။

"ဟား၊ ဟား၊ ဒေါ်မေ့ပါနိုင် ပြောသွားတာ ငါတောင် …ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားတယ် ရင်ခွင်ညီရေ၊ မြန်မာပြည် …ကို စီးပွားရေးလုပ်မလို့ ပြန်လာတာ၊ သူ့ရဲ့ဖူးစာရှင်ကို အခုမှ လာတွေ့ …နေရပြီတဲ့လေ၊ ပြောလိုက်တာ ဖြောင်ပဲ၊ ဖြောင်ပဲ၊ လုံးဝ Open …ပဲ မင်းဝတ်ထားတဲ့ စတိုင်လ်၊ မင်းလမ်းလျှောက်လာတဲ့ စတိုင်လ် …မင်း စကားပြောတဲ့ စတိုင်လ်၊ လုံးဝမိုက်နေလို့ သူ့မျက်လုံးထဲက …တောင် မင်းစတိုင်လ်လေးက မထွက်တော့ဘူးတဲ့၊ မင်းဘက်ကသာ …တွေ့ဖို့တောင်းဆိုလိုက်မယ်ဆိုရင် သူ့ဘက်က ချက်ချင်းခေါင်းညိတ် …လက်ခံလိုက်ဖို့ သဘောတူတယ်တဲ့၊ ရင်ခွင်ညီရေ တို့ကုမ္ပဏီကို …ပြိုင်ဖို့ရောက်လာတဲ့ မေ့ပါနိုင်ဆိုတာ အဲဒါမျိုးလေးဟ"



www.burmeseclassic.com

www.burmeseclassic.com



"မုန်းဖို့ကောင်းလိုက်တာဗျာ"

"မင်း သူ့ကို မမုန်းနဲ့ ရင်ခွင်ညီ"

"ဗျာ"

"ဒါ မဟာကုဋေကုဋာကို နတ်တွေ သိကြားတွေက ပေး
လိုက်တဲ့အခွင့်အရေး"

"ဘယ်... ဘယ်လို မာမိ"

ရင်ခွင်ညီ နားမရှင်း။

"မာမိ သူ့ကို အသုံးချမယ်"

"ဟား၊ ဟား"

ဒေါ်သွန်းသီရိ အခုမှ ဟက်ဟက်ပက်ပက် ရယ်နိုင်သွားပြီ

မေ့ပါနိုင်ဆိုတာ ကိုယ့်ရဲ့ ထောင်ချောက်ထဲကို တောခြော
နေစရာတောင်မလိုဘဲ သူ့အလိုလို တိုးဝင်လာတဲ့မိန်းမ။

သားရင်ခွင်ညီနဲ့ ထိပ်တိုက်လွှတ်ပေးလိုက်ရုံနဲ့ ပွဲက ပြတ်
နေပြီ။

"ဟား၊ ဟား"

စဉ်းစားကြည့်လေ အဖြေက ရှင်းလေ။

သူနဲ့ ပေးစားလိုက်ရုံပဲ။ အဟင်း လွယ်လွယ်လေး။ ဒါကို
ဘာတွေများ ခက်ခက်ခဲခဲ တွေးနေစရာလိုသေးလို့လဲ။

ဒေါ်သွန်းသီရိ ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်နေသည်။

မျက်နှာလေးတပြုံးပြုံးနဲ့ ခေါင်းတညိတ်ညိတ် လုပ်နေခါ

ရင်ခွင်ညီကလည်း မာမိ့အကြောင်းကို သိနေတာမို့ ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ာလိုက်တာနဲ့ ချက်ချင်းသဘောပေါက်သည်။ ကိုယ့်မာမီပဲ၊ အကြောင်း
ာတစ်ခုကို ကိုယ့်ဘက်ကသာ အသာစီးရမယ်ဆိုလျှင် ချက်ချင်း
အကောင်အထည်ဖော် သိမ်းပိုက်တာ မာမို့ရဲ့ ကြောက်စရာအကောင်း
ဆုံး နှလုံးသားတွေပဲ။

"ဟာ... မာမီက သူ့ကို ဘယ်လိုအသုံးချမှာလဲ"

"သူ့ကို မာမို့ရဲ့ ချွေးမလောင်းလေးအဖြစ် အသိအမှတ်
ပြုလိုက်မယ်"

"ဟာ... အဲဒါ ကျွန်တော် သဘောမတူဘူး မာမီ၊ အခု
ကျွန်တော် လက်ထပ်ရမယ့် ကောင်မလေးတစ်ယောက်ကို တွေ့နေ
ပြီ သူကလွဲရင် တခြား ဘယ်သူနဲ့မှ လက်ထပ်ဖို့အစီအစဉ် မရှိတော့
ဘူး"

"ဘာပြောတယ်ကွ"

"ဒုန်း"

ဒေါ်သွန်းသီရိက အရယ်ကိုရပ်ကာ စားပွဲမျက်နှာပြင်ကို
လက်သီးဆုပ်ဖြင့် ထုချသည်။

ဒီကောင် ဘယ်သူ့ကိုရည်စူးပြီး ပြောလိုက်တယ်ဆိုတာ
ဒေါ်သွန်းသီရိ မသိဘဲနေပါ့မလား။ အရိပ်စစ်ဆိုတဲ့ ကောင်မလေးကို
ပြောနေတာ။

အနှိုင်းမဲ့ဆိုတဲ့ကလေးတစ်ယောက်အမေကို သံယောဇဉ်
ဖြစ်နေတာ။

"မင်း... မင်း ဘာဖြစ်လို့ ဒီကောင်မလေးကို အခုမှ



www.burmeseclassic.com

www.burmeseclassic.com



တမ်းတမ်းစွဲဖြစ်သွားရတာလဲဟင် ရင်ခွင်ညီ၊ မင်းသိတဲ့အတိုင်း သ
ကလေးတစ်ယောက်အမေလေ''

ဒီကောင်မလေး အရိုပ်စစ်ဆိုတာ သားကို အသိပေ
မဖြစ်။

ဒီကိစ္စဟာ တတ်နိုင်သမျှ ဖုံးဖိလျှို့ဝှက်ထားရမယ့်ကိစ္စ
သားသိတာနဲ့ ပိုဆိုးလာတော့မှာ။

ဒီကောင်မလေး အိမ်ကနေ ထွက်ပြေးပျောက်ဆုံးသ
ကတည်းက သားက စိတ်မချမ်းမသာဖြစ်ပြီး ဒေါ်သွန်းသိ
အပြစ်တင်မဆုံး ဖြစ်လာခဲ့တာလေ။ မာမီ မတရားမလုပ်ပါနဲ့
ဒီကောင်မလေးကို မတွေ့တွေ့အောင်ပြန်ရှာပြီး သူရသင့်ရ
တဲ့အမွေတွေ ခွဲပေးရမှာပေါ့တဲ့။

အရိုပ်စစ်ဆိုတဲ့ ကောင်မလေးတစ်ယောက်အပေါ်မှာ
ငယ်လေးကတည်းက ကရုဏာကြီးလာခဲ့တဲ့ သားပါ။ အခုတော
အနှိုင်းမဲ့ကို အရိုပ်စစ်ဖြစ်နိုင်တယ်လို့ သားက သံသယဝင်နေ
လေ။ ဒီသံသယတွေနဲ့ ကောင်မလေးကို တာဝန်ယူစောင့်ရှော
ချင်နေတာ။ ဒါကိုတော့ ဒေါ်သွန်းသိရီ လက်မခံနိုင်ပါ။

မြင့်လွန်းမေသမီးကို ချွေးမတော်သင့်သလား။

''မင်း စိတ်ကူးယဉ် ရှုးသွပ်နေတာကို ချက်ချင်းရပ်
စမ်း ရင်ခွင်ညီ''

''အဟွန်း''

ရင်ခွင်ညီ နှုတ်ခမ်းလေးကိုမဲ့ပြီး မျက်နှာလေးကို လွှဲမိသ



www.burmeseclassic.com

www.burmeseclassic.com



“မေ့ပါနိုင်ကသာ ခွင့်ပြုပြီဆိုရင် အဲဒီလက်ထပ်ပွဲကို အကြီး
ယ်ဆုံးနဲ့ အခမ်းနားဆုံးဖြစ်အောင် မာမီ စီစဉ်မယ်”

“ရိုက်ခတ်ညံ့ကိုကျတော့ မာမီ ဘယ်လိုလုပ်မှာလဲ”

“မေ့ထားလိုက်”

“ဗျာ”

တော်တော်မတရားတဲ့ မာမီပဲ။

“ဒီမှာ မေ့ပါနိုင်က သူဌေး၊ သူ့နောက်မှာ အကြီးအကျယ်
မ်းသာလို့ ဒီလို စီးပွားရေးလုပ်ငန်းတွေ လုပ်နေတာ၊ သူ့ကို မင်း
က်ထပ်ယူနိုင်ရင် မာမီလည်း ခိုင်သွားပြီ၊ မင်းစိတ်ကူး မလွဲနဲ့၊
ကို ရင်းနှီးအောင်ပေါင်းထားဖို့ပဲ လိုတယ်”

“အဲဒါ ငါလည်းထောက်ခံတယ် ရင်ခွင်ညီ၊ တို့ကုမ္ပဏီ
ခြေအနေမကောင်းဘူး၊ သူ့ကို မင်း ထိန်းထားနိုင်ရင် တို့ကုမ္ပဏီ
တွက်လည်း အကျိုးရှိလာလိမ့်မယ်၊ အဲဒါကြောင့် မင်းမာမီက
ပြောနေတာ၊ မေ့ပါနိုင်ကို ကိုယ့်ရဲ့ ကိုင်းဖျားမှာ လာနားတဲ့ငှက်
စ်ကောင်လို သဘောထားပြီး လိုအပ်ရင် အပိုင်တစ်ချက်တည်း
ွဲတင်မယ်၊ မလိုအပ်ရင် ကိုင်းဖျားကိုရိုက်ချပြီး အဝေးကိုထွက်သွား
အောင် လုပ်မယ်”

“အို ဒါသိပ်ကောင်းတဲ့အကြံအစည်ပဲ ဦးသီလထွန်း”

ဒေါ်သွန်းသီရိ တက်တက်ကြွကြွ ထောက်ခံသည်။

“ရင်ခွင်ညီရာ၊ မင်းတို့ ငါတို့ဟာ ဒီကုမ္ပဏီရဲ့ အမှုဆောင်
ရိုက်တာတွေပါကွာ၊ ကုမ္ပဏီယိုင်လဲသွားမယ့် အခြေအနေတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို မင်းသိနေသလို ငါလည်းသိနေတာပဲ၊ ကုမ္ပဏီရှင်သန် ရပ်တ နိုင်ရေးအတွက် မေ့ပါနိုင်ကို ငါတို့ရဲ့ အတွင်းစည်းထဲမှာ အ ထိန်းချုပ်ထားနိုင်ဖို့ လိုတယ်၊ သူ့ဘက်က ထူးခြားတာရှိရင် မင်းကို ပြောမယ်လေ''

''သား ရင်ခွင်ညီ၊ မာမီ့စကားကို မင်း နားထောင်

''ကျွန်တော်... ကျွန်တော် အဲဒီကောင်မလေးကို အထင်ကြီးလို့မရဘူး မာမီ၊ ချစ်လည်း မချစ်နိုင်ဘူး၊ ပတ် မပတ်သက်ချင်ဘူး၊ မာမီတို့ကုမ္ပဏီ မလဲစေချင်ရင် သူ့ပြော ရှယ်ယာခြောက်ဆယ်ရာနှုန်း ဝင်ခွင့်ပြုလိုက်ပေါ့''

''အဲဒါဆို မာမီက ဥက္ကဋ္ဌအဖြစ်က နုတ်ထွက်ပေးလိုက် ကွ''

''ဒါကတော့ ကံကြမ္မာတရားရုံးက ဆုံးဖြတ်တာပဲလေ ရဲ့၊ ကျွန်တော်တို့အားလုံး ခေါင်းငုံ့နာခံလိုက်ရုံပဲ ရှိတော့တာ

''ဟာ... နေဦးလေ ရင်ခွင်ညီ၊ မင်း ထွက်မသွားနဲ့

မာမီ့အော်သံကို ကြားလိုက်ရပေမယ့် ရင်ခွင်ညီ မကြည့်တော့ပါ။

သူတို့ ဘာတွေပဲပြောပြော ရင်ခွင်ညီ မျက်ဝန်းကလေးထဲ စွဲနေရတာက အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ကလေးပါပဲ။ ကလေးတစ်ယောက်အမေဘဝကို သူ ရောက်နေပါစေ ကြင်နာစွာ ထွေးပွေ့အားပေးရမှာ ဆိုတာ လေ။

*



www.burmeseclassic.com

www.burmeseclassic.com



အနိုင်းမဲ့ရယ်။
ငါ မင်းကို တကယ်ချစ်ခဲ့တာပါကွာ။
မင်းကလွဲရင် ဘယ်သူ့ကိုမှ ငါ လက်မထပ်နိုင်တော့ပါဘူး။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (ကိုး)

ထုံးစံအတိုင်း ညနေ အလုပ်သိမ်းပြန်တော့ Aircon B[us] ကားဂိတ်မှာ နှိုင်းတစ်ယောက်တည်းပေါ့။

"ဟင်... ရင်ခွင်ညီ"

"လာ... နှိုင်း၊ ကားပေါ်ကို တစ်ခါတည်းတက်လိုက်"

နှိုင်း မတက်ရဲပါ။

သည်တစ်ခါ တက်လိုက်သွားဖို့ဆိုတာ နှိုင်း အလွယ်တ[ကူ] မဆုံးဖြတ်နိုင်သေးပါ။

"ဟို... ဟိုလေ ရင်ခွင်ညီ၊ ကျွန်မ မလိုက်ပါရစေန[ဲ့] တော်ကြာ မမရိုက်ခတ်ညီက ကျွန်မကို"

"အဲဒါ မင်း ဂရုစိုက်နေစရာလားဟင် နှိုင်း"

"အန်... အန်တီသွန်းကိုလည်း ကျွန်မ ကြောက်တယ်"

ရင်ခွင်ညီ အံ့သြစွာ နှုတ်ခမ်းလေးတွန့်သွားသည်။

"ဒီမှာ ငါ့ကားပေါ်ကို မင်းတက်မလား မတက်ဘူးလား ဆိုတာ တစ်ခွန်းတည်းပြော၊ မင်း မတက်ဘူးဆိုရင် ငါ ကားကို[...]



www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းဘေးပလက်ဖောင်းမှာ သော့ပိတ်ရပ်ထားခဲ့ပြီး ငါ မင်းနဲ့ အတူ Aircon Bus လိုက်စီးမယ်၊ ဟွန်း ငါ မစီးရဲဘူးမထင်နဲ့နော် နှိုင်း၊ ခင်ခွင်ညီဆိုတာ ဘာလုပ်လုပ် သိပ်ကိုပြတ်ပြတ်သားသား လုပ်တတ်တဲ့ကောင်၊ သိလား''

''ရှင်''

နှိုင်း သူ့ကိုကြည့်ကာ မျက်တောင်မခတ်နိုင်။

''ဘယ်လိုလဲ နှိုင်း၊ မင်း ဖြေလေ၊ မင်းလုပ်သင့်တာကို ရွေးချယ်မလား၊ ငါလုပ်သင့်တာကို ငါကိုယ်တိုင် ရွေးချယ်လိုက်ရမလား''

နောက်ဆုံးမှာတော့ ကားဂိတ်မှာ ကားအတူရပ်စီးနေသည့် သူတချို့က နှိုင်းကို စူးစမ်းသလိုလေး ဝိုင်းကြည့်နေကြပြီမို့ စိတ်တွေ ဆုပ်ပူကာ သူ့ကားလေးပေါ် နှိုင်း တက်လိုက်ရသည်။

ကားပေါ်ရောက်မှ အုပ်ဝဲနေသည့် ဆံပင်ရှည်တွေကို နှိုင်း သိမ်းလိုက်ရ၏။

''ဒီမှာ နှိုင်း၊ ငါ အခု မင်းနောက်ကို လိုက်လာတာ မင်း အတွက် ဘာကိုမှမခံစားနိုင်တော့လို့ လိုက်လာတာ၊ မင်း ဘာဖြစ်လို့ မာမီပေးစားမယ့် ချစ်ကိုဆိုတဲ့ ဒရိုင်ဘာကို လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ရတာလဲ အနှိုင်းမဲ့''

''ရှင်''

သတင်းက တိကျလှချည်လား။

ဒေါ်သွန်းသီရိ စီစဉ်လိုက်တာတွေက မြန်ဆန်လွန်းလှချည်လား။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကိုတဲ့။ ဘယ်က ချစ်ကိုလဲ။

"ဟွန်း အရက်သောက် ဖဲရိုက် မိန်းမလိုက်စားနဲ့ ကုမ္ပ မှာ အရမ်းပွေရှုပ်လွန်းလို့ ခဏခဏသတိပေးခံနေရတဲ့ကောင် များ မင်း အလွယ်တကူ ခေါင်းညိတ်လက်ခံလိုက်တာ ငါ အံ့ဩတယ်၊ ကဲ ပြောစမ်းပါ အနှိုင်းမဲ့၊ မာမီ ဒီလိုစီစဉ်တာကို မ နာခံလိုက်ရအောင် မာမီ့ကို မင်း ဘာဖြစ်လို့ ဒီလောက် ကြောက် တာလဲ"

"အဟင့်... ကျွန်မ... ကျွန်မ ချစ်ကိုဆိုတဲ့လူကို မြ တောင် မမြင်ဖူးသေးပါဘူး ရင်ခွင်ညီရယ်၊ ရှင့်မာမီကလေ ညည် ဒီကုမ္ပဏီမှာ ဆက်လုပ်ချင်တယ်ဆိုရင် သူစီစဉ်တဲ့အတိုင်း နာခံရမယ် ဆိုလို့ ကျွန်မ ခေါင်းညိတ်လိုက်မိတာပါ"

နာကျင်မှုတွေကြောင့် နှိုင်းမျက်ဝန်းလေးနှစ်ဖက်စလုံးမှ မျက်ရည်လေးတွေ ချက်ချင်းဝဲတက်သွားရ၏။ နှိုင်း မထင်ခဲ့ ဒေါ်သွန်းသီရိဟာ နှိုင်းကို မတန်မရာ ချောက်တစ်ခုထဲ ရက်ရက်စ စက် ပစ်ချလိုက်ဖို့ ချစ်ကိုဆိုတဲ့ ဒရိုင်ဘာတစ်ယောက်ကို ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ရွေးချယ်ပစ်လိုက်မယ်ဆိုတာ နှိုင်း ဘယ်လို ကြိုတင်မတွေးထားခဲ့တဲ့အရာ။

သူကတော့ တုန်ယင်လှိုက်ဖြာနေတဲ့ အသံကလေးနဲ့။

"ငါ... ငါလက်မခံဘူး အနှိုင်းမဲ့၊ ငါ့မာမီရဲ့ နှိပ်စက်အနိ ကျင့်မှုတွေအောက်မှာ မင်း အညွှန့်ခံအူးထောက်နေရတာကို ငါ မကြည့် ရက်နိုင်ဆုံးပဲ၊ ဒီနေ့မနက်ကလည်း ငါ့မာမီခိုင်းလို့ Super Market ကြီးရဲ့ ပထမထပ်မှာ မင်းတစ်ယောက်တည်း ကြမ်းတိုက်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



...မြင်တယ်၊ အခုလည်း ကုမ္ပဏီက မာမီ့ရုံးခန်းထဲမှာ မင်း ပြဿနာ ...သွားလို့ မာမီ ပေါက်ကွဲပြီး ကျန်ခဲ့ပြီလေ"

"ဟင် ကျွန်မ ဘာပြဿနာရှာခဲ့လို့လဲ"

"ဟောဒီမှာလေ... မင်းကြည့်လိုက်"

"အို"

သူ့ကားထဲကနေ ဆွဲထုတ်ယူပြီး နှိုင်းကိုပြလိုက်တာ ကလေး ...စားစရာ လျှာထိုးစက္ကူရုပ်ကလေးပါ။ ကြိုးကလေးကို ဆွဲခွဲလိုက် ...နဲ့ လျှာတစ်လစ်လေးထုတ်ထုတ်ပြပြီး မျက်စိလေးကိုပါ မှိတ်မှိတ် ...တဲ့ အရုပ်ကလေးလေ။

"မင်း... မင်း ဒီအရုပ်ကလေးကို မေ့ချင်ယောင်ဆောင်ပြီး ...မီ့ရုံးခန်းထဲမှာ ဘာဖြစ်လို့ ထားခဲ့တာလဲ၊ ရိုက်ခတ်ညံ့ပြောတော့ အရုပ်ကလေးဟာ အနှိုင်းမဲ့ယူလာတဲ့ အရုပ်ကလေးတဲ့၊ အခု အရုပ်ကလေးကိုမြင်ပြီး မာမီ သွေးပျက်သွားလို့ မနည်းပြုစုလိုက် ...ာယ်လေ"

"အို... အဲဒါ ကျွန်မကလေးအတွက် တမင်ဝယ်ထားတဲ့ ...ရုပ်ကလေးပါ"

"မင်း... မင်း ဟန်ဆောင်ကောင်းကောင်းနဲ့ ငါ့ကို မလိမ်နဲ့ ...ော် အနှိုင်းမဲ့၊ မင်း ဒီလိုစက္ကူရုပ်ကလေးကို မာမီ့အခန်းထဲရောက် ...အောင် ဘာသဘောနဲ့ယူလာခဲ့ရသလဲဆိုတာ ရိုက်ခတ်ညံ့က မသိပေ ...ယ့် ငါနဲ့ မာမီကတော့ ဒါကို သိနေခဲ့တာလေ၊ ငါ့မာမီငယ်ငယ်တုန်း ... ဆင်းရဲနေတဲ့ဘဝမှာ ဒီလို လက်ထိုးစက္ကူရုပ်ကလေးတွေကို ...း်းထမ်းစင်ပေါ်မှာချိတ်ပြီး ဘုရားပွဲဈေးတွေ၊ သီတင်းကျွတ်မီးထွန်း



www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်တွေမှာ တစ်လမ်းဝင် တစ်လမ်းထွက် လိုက်ရောင်းခဲ့ရတ
ခုတော့ ငါ့မာမီ လိုက်ရောင်းခဲ့ဖူးတဲ့ ဒီလိုစက္ကူရုပ်ကလေးကို မာမီ့စာ
ထောင့်က နံရံမှာ မင်း ချိတ်ထားခဲ့တာက မာမီ့နှလုံးသားဘေ
တစ်ချက်တည်း စုတ်ပြတ်သတ်သွားအောင် အသံတိတ်ပုံးတစ်လုံး
မင်းကြဲချလိုက်တာလေ အနှိုင်းမဲ့ရဲ့၊ မာမီ့ ဘဝဟောင်းကို သိနေတ
ဒီကုမ္ပဏီမှာ အရိပ်စစ်ဆိုတဲ့ ကောင်မလေးပဲ''

''ရှင်''

''မင်းဟာ အရိပ်စစ်ပဲ၊ မာမီ့ရှေ့မှာ မျက်ရည်စက်လ
လေးကျပြီး မင်း ဘယ်လိုပဲ အနှိုင်းမဲ့အဖြစ်နဲ့ ဟန်ဆောင် ဟန်ဆော
မင်းဟာ နာကြည်းချက်များစွာနဲ့ မာမီ့ရှေ့ကို ပြန်ရောက်လာတဲ့ အ
စစ်ပဲ''

''ကျွန်မ၊ ကျွန်မ''

''မင်း ဝန်ခံလိုက်ပါ အနှိုင်းမဲ့၊ မင်းဟာ ရည်ရွယ်ချက်
နဲ့ ဒီကုမ္ပဏီထဲကို ပြန်ဝင်လာတဲ့ အရိပ်စစ်ဆိုတာ အရမ်းသေ
တယ်''

''မဟုတ်ဘူးနော် ရင်ခွင်ညီ၊ ဒီစက္ကူရုပ်ကလေးဟာ ကျွ
ကလေးအတွက် ကျွန်မ လမ်းမှာတွေ့လို့ ဝယ်လာတဲ့ စက္က
ကလေး''

နှိုင်း လိပ်ပြာမလုံစွာ အားတင်း၍ ခေါင်းခါငြင်းသည်။

''ဟား၊ ဟား၊ မင်း သိပ်ဟန်ဆောင်ကောင်းတယ် အနှိ
ရာ၊ မာမီကတော့ မင်းလုပ်ချလိုက်တာနဲ့ သူ့ဘဝဟောင်းကိုလူ
သိမှာကြောက်ပြီး အရမ်းတုန်လှုပ်သွားပြီလေ၊ ဒါကြောင့်မို့ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ဘာချစ်ကိုနဲ့ အမြန်ဆုံးပေးစားဖို့ ငါ့ကို ထုတ်ပြောလိုက်တာ၊ ...င်းကို အပြတ်ရှင်းမယ်တဲ့''

''အဟွန်း... ကျွန်မကလည်း လက်ထပ်မှာပါ''

''ဘာရယ်၊

ကျွန်မလို ဘဝပျက်နေတဲ့ ကလေးတစ်ယောက်အမေဟာ ...ရက်သမား၊ ဖဲသမား၊ လူရှုပ်လူပွေ ဒရိုင်ဘာတစ်ယောက်နဲ့ပဲ ...န်ပါတယ်''

ဒီစကားကိုတော့ နှိုင်း တမင်ပြောလိုက်တာပဲ ဖြစ်သည်။

''အဲဒါ ငါ ခွင့်မပြုဘူး''

''ရှင်''

''မင်းဟာ ငါသိပ်တွေ့ချင်နေတဲ့ အရိပ်စစ်ပဲဖြစ်ဖြစ်၊ ကလေး ...စ်ယောက်အမေ အနှိုင်းမဲ့ပဲဖြစ်ဖြစ် မင်းကိုငါ သိပ်ချစ်တယ်''

နောက်ဆုံးမှာတော့ နှုတ်ခမ်းမဲ့မဲ့လေးနှင့်ပဲ ရင်ခွင်ညီ ပြုံးကာ ...က်နှာလေးကို လွှဲသည်။

''ရှင်၊ ရှင်ပြောချင်တာ ဒါပဲလား ရင်ခွင်ညီ၊ ဒါပဲဆိုရင် ...်ရှေ့နားက ဘတ်စ်ကားမှတ်တိုင်မှာပဲ ကျွန်မကို ရပ်ပေးလိုက် ...''

သူမေးနေတာကို ကြည့်လျှင် နှိုင်းဟာ အရိပ်စစ်ပါလို့ ...ဒေါ်သွန်းသီရိ မပြောခဲ့တာ သေချာနေ၏။ ဒေါ်ရွှေရွက် ရောက်လာ ...ာ ဒေါ်သွန်းသီရိကိုယ်တိုင် အရိပ်စစ်မှန်း သိသွားတာတွေကို ရင်ခွင် ...ညီဟာ ဘာတစ်ခုမှ သိထားခဲ့ပုံမရ။

ဒေါ်သွန်းသီရိဟာ ဘာကြောင့် ဒီကိစ္စကို လျှို့ဝှက်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ညီ သိလျှင် ခုထက် နစ်ဆပိုဆိုးသွားမှာ ကြောက်လို့လား။

နိုင်း ရယ်ချင်ပါသည်။

မပြုံးဘဲနဲ့ ဝါးလုံးကွဲအောင်ကို နိုင်း ရယ်ချလိုက်ချင်ပါသည်။

ရှင်ကြီးအလှည့်ကျတော့ ကလေးတစ်ယောက်အမေဟာ ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက်နဲ့ မတန်တော့ဘူးပေါ့လေ။ ရှင်ကြီးအတွက် ကလေးတစ်ယောက်အမေဘဝတုန်းကတော့ ဖုန်သုတ်ကြမ်းတိုက် တံမြက်စည်းလှည်းရင်း ကုမ္ပဏီပိုင်ရှင် ဦးနိုင်သိခ်ကအပိုင်ချိုင်လိုက်တာကျတော့ သိပ်ကိုထိုက်တန်လွန်းလှတယ်ပေါ့။

သိပ်ကိုလည်း တရားမျှတတယ်ပေါ့။

ဘာပဲပြောပြော ခုချိန်မှာတော့ နိုင်း သူ့ကို ဝန်မခံချင်သေးပါ။

တတ်နိုင်သမျှ စိတ်ကိုတင်းပြီး ဟန်ဆောင်နေရဦးမှာ နိုင်း၏တာဝန်ပဲ။

ဖွာဆန်လေး ကြဲသွားရသည့် ဆံပင်လေးတွေကိုလည်း ခပ်မာမာမျက်နှာလေးနဲ့ နိုင်းပြန်ပြီးတော့ သိမ်းရ၏။

"အဟွန်း၊ ငါသိပ်ချစ်မိတဲ့ မိန်းကလေးတစ်ယောက်ကို မှတ်တိုင်မှာရပ်ပေးပြီး ဆင်းခိုင်းတဲ့အလုပ်မျိုး ငါ ဘယ်တော့မှ မလုပ်ဘူး၊ အိမ်အထိလိုက်ပို့မယ်၊ ဒီနေ့ ညစာ ထမင်းကို မင်းနဲ့ အတူတူ ငါစားမယ်"

"ရှင်"

ညစာထမင်းကိုတောင် အတူတူစားဦးမတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ ရင်ခွင်ညီ၊ ကျွန်မဘဝထဲကို ဒီလောက်အထိ
င်ခွင့်ပြုဖို့ဆိုတာ မဖြစ်နိုင်လို့ပါ၊ အကောင်းဆုံးကတော့ နှစ်ခုတွဲ
ညီလို့ မဖြစ်နိုင်တဲ့ ကြိုးနှစ်စကို ရှုပ်ထွေးမလာခင်မှာ ဖြတ်ချလိုက်
တာ အကောင်းဆုံးပဲ၊ ကျွန်မဟာ ရှင်တို့ကုမ္ပဏီမှာ အနိမ့်ကျဆုံး
လုပ်ကို လုပ်နေရတဲ့ ဝန်ထမ်းမလေးတစ်ယောက်ပါ၊ ရှင်နဲ့အတူ
ပြီး ထမင်းလက်ဆုံစားသင့်တဲ့ အဆင့်အတန်းမျိုးမှာ ကျွန်မ မရှိ
ဘူး"

"မလိုပါဘူး၊ ငါသိပ်ချစ်တဲ့ ကောင်မလေးဆီမှာ ဘာအဆင့်
အတန်းမှ ရှိနေစရာမလိုဘူး"

"ရှင် တကယ်စိတ်ကူးယဉ်တာပဲနော် ရင်ခွင်ညီ၊ ရှင်က
ကျွန်မဆီက အချစ်ကို မျှော်လင့်နေတော့ရော ရှင့်မာမီ ဒေါ်သွန်း
ရီက ကုမ္ပဏီအောက်ခြေအလုပ်သမားတစ်ယောက်ကို ချွေးမ
ဖြစ်နဲ့ လက်ခံသဘောတူပါ့မလား၊ ရှင် စဉ်းစားပါဦး၊ မြေထဲကို
က်ဆင်းပြီးကျလာတဲ့တိမ်ဆိုတာ ကမ္ဘာပေါ်မှာ မရှိဘူး၊ ကောင်းကင်
ပေါ်က မိုးစက်တွေ အောက်ကို ဘယ်လိုပဲရွာချရွာချ နောက်ဆုံး
တစ်နေ့မှာတော့ ရေခိုးရေငွေ့အဖြစ်နဲ့ ကောင်းကင်ပေါ်ကို ပြန်တက်
သွားကြတာပဲ မဟုတ်လား၊ ကျွန်မ တောင်းပန်ပါတယ် ရင်ခွင်ညီ၊
င် ကျွန်မကို မေ့လိုက်ပါ၊

ကဲ... ရှေ့မှာ ကျွန်မဆင်းမယ်"

နှိုင်းက မျက်နှာထားတည်တည်လေးနဲ့ ပြောပြီး ကားကို
ပ်ခိုင်းသည်။

ဒါလည်း သူ မရပ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်ခနဲအသံမြည်သွားအောင် ကားကက်ဆက်ကိုဖွင့်
သီချင်းနားထောင်ကာ ကားကိုဆက်မောင်းသည်။

"ပြဿနာပဲ"

နိုင်းက ရပ်ခိုင်းလေ သူက လီဗာကို ဖိနင်းလေ။

ထိုအချိန်မှာ ဝေါခနဲ ကျော်တက်လာသည့် ကားတစ်စီး
ကြည့်ကာ ရင်ခွင်ညီ မျက်လုံးပြူးသွားသည်။ ကားတစ်စီးလုံး
Sticker အမည်းတွေကပ်လျက် လက်ပြောင်တောက်ပသော နောက်
ပေါ်ကားလှလှလေးတစ်စီး။

နံပါတ်နဲ့ ကားကို မြင်လိုက်ကတည်းက ဘယ်သူ့ကားလဲ
တာ ရင်ခွင်ညီက သိနေခဲ့ပြီ။

Three Flower ကုမ္ပဏီက ဒေါ်မေ့ပါနိုင်ရဲ့ကား။

မောင်းလာသူကို မမြင်လိုက်ရပေမယ့် သူမရဲ့ကားက
ချင်းယှဉ်ပြီး မောင်းလိုက်လာတာလေ။ ကျော်လည်းတက်မသွား
နောက်မှာလည်း ချန်မနေ။

နှုတ်ခမ်းလေးမဲ့ကာ ရင်ခွင်ညီ ပြုံးမိ၏။

ဦးသီလထွန်း စကားကို နားမှာ ပြန်ကြားလိုက်ရလို့ပါ။

"ဟား၊ ဟား၊ သူပြောတော့ ငါတောင် ဘာပြန်ပြောရမှန်း
မသိအောင် ဖြစ်သွားတယ် ရင်ခွင်ညီရေ၊ မြန်မာပြည်ကို စီးပွားရေး
လုပ်မလို့ ပြန်လာတာ၊ အခုမှ သူ့ရဲ့ဖူးစာရှင်ကို တွေ့နေရပြီတဲ့လေ"

ဒါဆို ဒေါ်မေ့ပါနိုင်ဟာ သူ့ကားနောက်ကနေလိုက်လာပြီ
Open the door လုပ်ချင်နေပြီပေါ့။ Classic romance တွေ ဖန်တီး
ချင်နေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးမှဲ့ကာ သူ ပြုံးလိုက်ပေမယ့် မေ့ပါနိုင်ရဲ့ အရိပ်တွေ ရင်ထဲအထိပါလာခဲ့တာဟာ သူ့နံဘေးမှာ အနိုင်းမဲ့ဆိုတဲ့ ကောင်မလေးတစ်ယောက်က နေရာယူပြီးသား ဖြစ်နေလို့ပါပဲ။

"ဒီမှာ ရှင်တစ်ယောက်တည်း ဘာတွေသဘောကျပြီး ပြုံးလိုက်တာလဲ ရင်ခွင်ညီ၊ ရှင်ပြုံးလိုက်တာ ကျွန်မမြင်တယ်"

"ဒေါ်မေ့ပါနိုင်ရဲ့ကားကို တွေ့လိုက်လို့ပါ"

"ဟင် ဘယ်က ဒေါ်မေ့ပါနိုင်လဲ"

"ဟိုတစ်ခါ အစည်းအဝေးမှာတုန်းက Projector ပေါ်မှာ ရှင့်ပြလိုက်တဲ့ ခပ်လန်းလန်းကောင်မလေးလေ၊ ငါတို့ကုမ္ပဏီကို အမြစ်ကနေ ဖြုတ်လှဲချင်နေတဲ့ ကောင်မလေးပေါ့၊ ထားပါ၊ ဒါ ကုမ္ပဏီကိစ္စပါ၊ မင်းလည်း စိတ်မဝင်စားနဲ့၊ ငါလည်း စိတ်မဝင်စားဘူး"

ရင်ခွင်ညီ ခပ်ပြတ်ပြတ်ပဲ ခေါင်းခါလိုက်ခြင်းဖြစ်သည်။

ခဏနေတော့ မေ့ပါနိုင်ရဲ့ ကားလေးက မြင်ကွင်းထဲကနေ ပျောက်ကွယ်သွားသည်။

"ဒီမှာ ရှင့်ဘဝမှာ ကျွန်မကလွဲရင် တခြားစိတ်ဝင်စားဖို့ကောင်းတာတွေ မရှိတော့ဘူးလားဟင်"

"မရှိတော့ဘူး"

သည်တစ်ခါ နှုတ်ခမ်းတွန့်၍ပြုံးလိုက်သူက နှိုင်း။

အိမ်ရှေ့မှာ ကားရပ်လိုက်သည်နှင့် ကလေးငိုသံလေးက အိမ်ထဲကနေ နှိုင်းကို ဆီးကြိုနေ၏။

"ကလေးက တော်တော်ငိုနေတာပဲ နှိုင်းရဲ့၊ နို့ဆာနေပြီနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းဆံပင်ရှည်တွေ တယမ်းယမ်းနဲ့ အိမ်ပေါ်ကို ခပ်သွ သွက်ပြေးတက်သည်။

ပြီးတော့ အန်တီချို့လက်ထဲက ကလေးကို ဆွဲယူလို ကာ–

"အို... မေမေ့သားလေးရယ်၊ ငိုထားတာ မျက်ရည်ဥ တွေတောင် သီးလို့ပါလား။ အန်တီချို ကလေးကို နို့ဘူးလေး မတိုက်ဘူးလားဟင်"

စိတ်ထဲက ရယ်ချင်ပေမယ့် နှိုင်း မရယ်နိုင်ပါ။

ဘာပဲပြောပြော သဏ္ဍာန်တူအောင်တော့ နှိုင်း ကြိုးစားရ ပေါ့။ ကလေးတစ်ယောက်အမေအဖြစ်နဲ့ သရုပ်ဆောင်ပြရတာ ခ လို့လား။ အရေးကြီးတာ နှိုင်းက ကလေးတစ်ယောက်နဲ့ ဒုက္ခရော နေတာကို ရင်ခွင်ညီ သိစေချင်လို့ပါ။

အန်တီချိုကလည်း နှိုင်းအတွက်လိုအပ်တာမှန်မျှကို အက စီစဉ်ပေးထားသည်။ အိမ်ရှေ့ကြမ်းပြင်လေးပေါ်မှာချထားတာ ကလေ ပုခက်လေးတစ်ခုနဲ့ ရေနွေးဘူးတွေ၊ နို့ဘူးတွေ၊ ဖွန်းခွက်ကလေးတွေ ဖြစ်သည်။

"တိုက်ထားတယ်လေ နှိုင်းရဲ့၊ နှိုင်း ရောက်လာခါနီး ကလေးက ကောက်ကာငင်ကာ ထငိုတာ၊ ပေး၊ ပေး၊ ကလေးက အန်တီချို့ဆီ ပြန်ပေး၊ ဟိုမှာ ညည်းသည်ပါလာတာ"

"အဲဒါကြောင့် ကလေးကိုထားခဲ့ပြီး နှိုင်းအလုပ်ထွက်လုပ် နေရတာ စိတ်မဖြောင့်တာ၊ အို၊ အို၊ မေမေ့သားလေးရယ်၊ တိတ်ပ ကွယ်၊ အင့်၊ အင့်"



www.burmeseclassic.com

www.burmeseclassic.com



နိုင်း ကလေးကို ပွေ့ချီထားတာက မချိတတ် ချီတတ်။

ကံကောင်းထောက်မစွာ ကလေးကလည်း နိုင်းလက်ပေါ် ...ာက်မှ အငိုတိတ်သွားသည်။ မချော့တတ် ချော့တတ်နှင့် ချော့ ...င်က်တော့ ကလေးက အိပ်သွား၏။

နိုင်း ကလေးကို ပုခက်ထဲထည့်သည်။

ဒါကို မျက်တောင်မခတ်ဘဲ နိုင်း လုပ်ရှားမှုတွေကို စိုက် ...ကြည့်နေတာ ရင်ခွင်ညီ။ ရိုဝေသောအပြုံးလေးတစ်ခုက သူ့နှုတ်ခမ်း ...သားတွေပေါ်မှာ ချိတ်တွယ်နေခဲ့ပြီးသား။

သူ ဘာပြောမလဲဆိုတာ ခုချိန်မှာ နိုင်းက စိတ်အဝင်စားဆုံး ...။

"ဒီကလေးအဖေက အခု ဘယ်မှာလဲဟင်"

"ရှင်"

"ကလေးအဖေလေ"

"ကွဲ၊ ကွဲသွားပြီ"

သူ့မျက်နှာကို မကြည့်ဘဲဖြေရင်း နိုင်း မျက်လွှာကို သိမ်း ...သည်။

"ကလေးကို မင်းနဲ့မတိုက်ဘူးလား"

"ရှင်"

"ကလေးဆိုတာ မအေနဲ့တိုက်တာ အကောင်းဆုံးပဲ"

နိုင်း မျက်နှာမထားတတ်အောင် တစ်ကိုယ်လုံးထူပူသွား ...သည်။

ပြောစရာလား။



www.burmeseclassic.com

www.burmeseclassic.com



နှိုင်း မျက်နှာလေးငုံ့ကာ မျက်တောင်ရှည်လေးတွေ အောက်ကိုစိုက်ကျနေ၏။

"ရှင်၊ ရှင် ပြန်တော့လေ ရင်ခွင်ညီ"

သူ့ကိုလည်း နှိုင်း နှင်ထုတ်မိ၏။ တကယ်တမ်းကျ ဟန်ဆောင်ရတယ်ဆိုတာ လွယ်တာမှ မဟုတ်တာ။ ဒါ အနိတ်ချိုက နှိုင်းမှာထားသည့်အတိုင်း ကွက်တိလေးဖြစ်အောင် ထားနိုင်လို့။

နှိုမှိုဆို မလွယ်။

"အဟင်း၊ ငါ မင်းနဲ့အတူ ထမင်းလက်ဆုံစားပြီးမှ ပြန် လို့ ပြောထားတာလေ နှိုင်းရဲ့၊ အခု မင်းအိမ်မှာ ဘာဟင်း ချက်ထားလဲ၊ ငါဗိုက်ဆာနေပြီကွ"

"ပြဿနာပဲ"

"ငါ အခု မင်းဘဝကို နားလည်နေပါပြီ နှိုင်းရာ၊ တစ် နေ့မှာ ဒီကလေးရယ် ငါရယ် မင်းရယ် ဘဝကို အတူတူဖြတ်သ ကြည့်ကြသေးတာပေါ့။ ငါထင်တာတစ်ခုကိုပြောရမယ်ဆိုရင် က တစ်ယောက်အမေကို ချစ်ရတာ ပိုချိုမယ်ထင်တယ်"

"ရှင်"

ဘာချိုတာလဲ။

နှိုင်း နားမလည်တာမို့ မျက်တောင်လေးတွေ ကော လျက် သူ့မျက်နှာလေးကို လည်ပြန်လေး ပြန်လှည့်ကြည့်မိသ

"ငါ ဆုံးဖြတ်ပြီးပြီ သိလား အနှိုင်းမဲ့၊ ငါ င်းကို တယ်၊ အိပ်မက်လေးတစ်ခုကို နှစ်ယောက်အတူမက်ခွင့်ရဖို့ ဘ



www.burmeseclassic.com

www.burmeseclassic.com



ချိန်ထိပဲ စောင့်ရ စောင့်ရ စောင့်မယ်၊ ဟုတ်ပြီနော်၊ ငါ့မာမီ ဘောတူတာတွေ မတူတာတွေ မင်း လုံးဝစဉ်းစားနေစရာမလိုဘူး။ င်းဆီက အဖြေကို ဒီတစ်ပတ်ထဲမှာပဲ ငါသိချင်တယ်၊ ကိုယ်မက်ခွင့် တဲ့ အိပ်မက်လေးဖြစ်ဖြစ် ကိုယ်မက်ခွင့်မရှိတဲ့ အိပ်မက်လေးဖြစ်ဖြစ် ဒီအိပ်မက်ကလေးကို ငါလိုချင်တယ်''

လုံးဝအပြတ်ပဲ။

ဒါနဲ့ပဲ အိမ်မှာ ထမင်းလည်းအတူစားသွားသည်။

စကားတွေ အားရအောင်ပြောပြီး ညနက်မှ သူပြန်သွား၏။

''နှင်း''

''ဟင်... ဘာလဲ အန်တီချို''

''သူက ရင်ခွင်ညီနော်''

''ဟုတ်တယ်လေ အန်တီချို၊ ဒေါ်သွန်းသီရိကို မကျေနပ် တဲ့စိတ်နဲ့ နှင်း ပြန်လက်ထပ်ချင်တဲ့ ရင်ခွင်ညီဆိုတာ သူပဲ''

''ဟိုတစ်ခေါက်လိုက်လာတုန်းကထက်တောင် ရင်ခွင်ညီ ချောလာသလိုပဲနော် နှင်း''

''အဟင်း... မဆိုးပါဘူး''

''နှင်းနဲ့ဆို အရမ်းလိုက်မယ်၊ သိလား''

''အရေးထဲမှာ သူက နှင်း ဆယ်နှစ်သမီးအရွယ်က သုံးခဲ့တဲ့ ဆွည်းဟောင်းကလေးတွေကို ပြန်ထုတ်ပြပြီး နှင်းကို ဘယ်လောက် စ်ခဲ့တယ်ဆိုတာ သက်သေပြနေလို့ နှင်းစိတ်ထဲက ရယ်မိသေး ယ်၊ တကယ်တော့ ဒီဇာတ်လမ်းလေးက သိပ်ကိုရင်နာဖို့ ကောင်းခဲ့ တဲ့ ဇာတ်လမ်းလေးပါ အန်တီချို၊ သူက သူ့အမေ ဒေါ်သွန်းသီရိ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တဲ့ လုပ်ရပ်တွေကို မကျေနပ်လို့ နှိုင်းဘက်ကနေ ဒီနေ့အ
သူ ရပ်တည်နေခဲ့တာ၊ သူ့ကိုတော့ နှိုင်း သနားပါတယ်၊ ဒါပေ

"အို... နှိုင်းလေးရယ်၊ ဒေါ်သွန်းသီရိကို နှိုင်း ဘ
လောက် ပဲမုန်းခဲ့မုန်းခဲ့ သူ့သား ရင်ခွင်ညီကျတော့ တကယ်
အပြစ်ကင်းစင်တဲ့စိတ်နဲ့ နှိုင်းလေး သူ့ကို လက်မထပ်နိုင်ဘူးလ

"ဟင့်အင်း"

"ဘာရယ်"

အန်တီချို မျက်ဝန်းတွေ ဝိုင်းစက်လျက်။ နှိုင်းမျက်နှာ
ကို ချာခနဲလှည့်ကြည့်သည်။

နှိုင်း လုပ်နေတာတွေကို 'ဘာမှ' နားမလည်တဲ့သဘော
နှိုင်းက ရယ်ပါသည်။

သို့သော် နှိုင်းရယ်လိုက်တာက ရင်နင့်နင့်လေးရယ်။

"ဒါ... ဒါဆို ရင်ခွင်ညီကို နှိုင်းလေး မရရအောင်လက်
ပြီးတာနဲ့ သူ့ကို ဘယ်လိုသဘောထားမှာလဲဟင် နှိုင်းလေး"

"အရုပ်ကလေးတစ်ရုပ်လို သဘောထားပြီး ဒေါ်သွန်း
ကို လက်စားချေမယ်"

"အို... ကြည့်စမ်း"

ဒါထက်ပိုပြီးတော့လည်း အန်တီချိုကို ရှင်းမပြနိုင်သေး

ဒီနေ့လည်း ကုမ္ပဏီက ဒေါ်သွန်းသီရိ ရုံးခန်းကြီးထဲ
ကလေးကစားစရာ လျှာထုတ်ရုပ်ကလေးကို နှိုင်း မသိချင်ဟန်ဆေ
ပြီး ခပ်တည်တည်ချိတ်ထားခဲ့တာလေ။ ဘဝဟောင်းကို သတိရအေ
နှိုင်း အချက်ပေးခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုမြင်တော့ ဒေါ်သွန်းသီရိ စိတ်တွေ တုန်လှုပ်ချောက်ချားသွားခဲ့သတဲ့။

နောက်တစ်နေ့ ကုမ္ပဏီမှာ ဘာတွေဖြစ်လာဦးမလဲ။

ဒေါ်သွန်းသီရိရဲ့ တုန်လှုပ်ချောက်ချားမှုတွေက နှိုင်းကို ဘယ်သို့ရိုက်ခတ်လာဦးမလဲ။

ဒါကိုတော့ သန့်ရှင်းရေးအကူဝန်ထမ်း အနှိုင်းမဲ့က စိတ်စောမှာ သိချင်ပါသည်။

နူးညံ့နဲ့ သီကျူးတို့နှစ်ယောက်ကဆို–

"နှိုင်းနော်၊ နှိုင်းလုပ်နေတာတွေကို ကြည့်ရင်း ကြည့်ရင်းနဲ့ တို့နှစ်ယောက်တောင် နှိုင်းကို ကြောက်လာပြီ သိလား၊ မျက်ရည်တွေ ဘယ်လောက်ပဲကျကျ နှိုင်းမျက်ဝန်းလေးတွေကို ကြည့်လိုက်တိုင်း နာနာကျင်ကျင်လေးနဲ့ တအားအေးစက်နေတာ"

ဒါကို ရင်ထဲကနေ နှိုင်း ပြန်ပြောမိတာက–

"အဲဒါ အေးစက်နေတာ မဟုတ်ဘူးလေ သီကျူးနဲ့ နူးညံ့ရဲ့၊ ခါးသီးနာကျင်ခဲ့ရတဲ့ ခံစားချက်တွေက တို့မျက်ဝန်းထဲမှာ ပုံရိပ်ထင်စွဲနေတာ၊ မကြာခင်မှာ ပေါက်ကွဲလာတော့မယ်၊ မီးတောက်တွေထဲက အောင်နိုင်သူတစ်ယောက်ရဲ့ အပြုံးတွေကို မင်းတို့ မြင်ရတော့မှာလေကွာ၊ ခဏလေးပါကွာ၊ သိပ်မစောင့်ရတော့ပါဘူး"

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (တစ်ဆယ်)

"ဟား၊ ဟား၊ ဟား"

ကျော့ရှင်းဝင်းနှစ်သောလည်တိုင်တွေကို စင်းကော့နေအော မော့လျက် ခါးကလေးနှစ်ဖက်ကို ဖျတ်ခနဲထောက်ကာ ရယ်ချလိုက် ပါလေသည့် ဒေါ်သွန်းသီရိရဲ့ ရယ်သံတွေအောက်မှာ နှိုင်းကိုယ်လေ အေးစက်သွားရတာက ဆံပင်ဖျားလေးထိပ်မှနေ ခြေဖျားထိပ်လေ ဆုံးသွားသည့်တိုင်အောင်ပါပဲ။

နှိုင်းမှာတော့ ကောညွတ်သော မျက်တောင်ရှည်တွေက ခတ်လိုက်ဖို့ သတိမရခဲ့သည့်အဖြစ်။ ထိုမျှ နာကျင်ဖွယ်ကောင်းလ ပါသော ရယ်သံတွေရဲ့အောက်မှာ ညှို့ယူခံထားရသူတစ်ယောက်လ စီးမျောလွှင့်ပါခဲ့ရတာဟာလည်း စက္ကန့်ပေါင်းများစွာ ကြာမြင့်သွား သည်အထိ ဖြစ်သွားခဲ့ရသည်။

ဒေါ်သွန်းသီရိ ရယ်နေပါသည်။

တဖျတ်ဖျတ် လှုပ်ခါနေသော ခန်းဆီးလိုက်ကာတွေဘက် ကို မျက်နှာမူကာ ထီမထင်သူတစ်ယောက်လို နှုတ်ခမ်းလေးတွေ တွန့်ကာ ရယ်နေလိုက်ပုံက လောကကြီးတစ်ခုလုံးကိုပင် အိမ်းပိုက် နင်းချေ အနိုင်ယူပစ်လိုက်နိုင်သည့် ရယ်သံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဟား၊ ဟား၊ မင်း သိပ်ကိုရယ်ဖို့ကောင်းလိုက်တာ အနိုင်းမဲ့ ခယ်၊ ဒီကုမ္ပဏီကြီးထဲကို ဝင်လာပြီး သွန်းသီရိရဲ့ ငယ်ကျိုးငယ်နာတွေ ကို မင်းက ဖော်ထုတ်ဖို့ စက္ကူလေးတစ်ရုပ်နဲ့ ငါ့ကို တပ်လှန့်လိုက်တာ ဆိုပါလား၊ ဟား၊ ဟား"

မဆုံးနိုင်အောင် ဒေါ်သွန်းသီရိ ဆက်ရယ်ပြန်သည်။

ရိုက်ခတ်ည်ကာ အမိန့်ကို နာခံတော့မယ့် သူတစ်ယောက်လို ပုံစံမျိုးနဲ့ နိုင်းမျက်နှာလေးကို ဒေါ်သတကြီး စိုက်ကြည့်လျက်။

"အဲဒါပဲ အန်တီသွန်း၊ ရိုက်ခတ်ည်လည်း သူလုပ်နေတာ တွေကို မသက်ာလို့ စောင့်ကြည့်နေတာ၊ မနေ့ညကလည်း ကိုညီ ဘားနဲ့ သူပါသွားတယ်၊ အန်တီသွန်း မမြင်ချင်တဲ့ စက္ကူလျှာထိုး ချုပ်ကိုလည်း သူပဲ အခန်းထဲမှာ ချိတ်သွားတာ၊ သူ ဒီကုမ္ပဏီထဲကို ဝင်လာတာ တစ်ခုခုလုပ်ဖို့ဆိုတာ သိသာနေပြီ"

"ဟား၊ ဟား"

ရိုက်ခတ်ည် ဝင်ပြောတော့လည်း ရယ်ချလိုက်တာ ခွက်ထိုး ခွက်လှန်၊ အူလှိုက်သည်းလှိုက်။ ဒေါက်မြင့်ချွန်ချွန်လေးပင် စီးစရာ မလိုဘဲ အရွယ်နှင့်မမျှအောင် တင်းကြွနေသည့် ဒေါ်သွန်းသီရိရဲ့ ကိုယ်လုံးလေးက ရယ်သံတွေနဲ့ စည်းဝါးညီနေအောင် ချိန်ကိုက် လှုပ်ရှားနေသည့်နှယ်။

မျက်နှာလေးကိုမော့ကာ မော့ကာရယ်တော့ ကိုယ်လုံးလေး ကပါ တင်းတင်းကြွကြွလေး လိုက်မော့သလို တင်ပါးမို့မို့တွေကပါ လိုက်ကော့သည်။

ခုထိလည်း ဒေါ်သွန်းသီရိမျက်နှာကို မော့ကြည့်ရင်း နိုင်း



www.burmeseclassic.com

www.burmeseclassic.com



အသက်မရှူနိုင်သေးပါ။ စိုထန်းထန်း အေးစက်စက်ဖြစ်လာသော လက်တွေကိုလည်း ခန္ဓာကိုယ်လေးဘေးမှာ ဆန့်ချထားလိုက်ရ မလား။ ရင်ခွင်လေးမှာပဲ တင်းကျပ်နေအောင် ပိုက်ထားလိုက်ရမော မလား။ နှိုင်း တွေဝေနေဆဲမှာပင် ဒေါ်သွန်းသီရိဆီက နာကြည်းမှု ကောင်းသော စကားသံတွေ ပြန်ပေါ်လာသည်။

"ဒီမှာ အနှိုင်းမဲ့"

"ရှင် အန်တီသွန်း"

"ညည်းကို ရိုက်ခတ်ညံ့ရှေ့မှာမို့ မပြောချင်လို့ ငါကြည့်နေ တာ၊ ဒီကုမ္ပဏီထဲကို ညည်းဝင်လာတာ ငါ့ကို လက်စားချေမလို့လား ငါ့ကို တုဖက်ပြိုင် အနိုင်ယူချင်သေးလို့ ပြန်ဝင်လာခဲ့တာလား၊ အး ကြည့်စမ်း၊ ရင်ခွင်ညီနဲ့ ညည်းနဲ့က ပတ်ဝန်းကျင်မှာ အားလုံး ပြောစရာဖြစ်နေပြီ"

"ဟင်... အန်တီသွန်း၊ အဲဒါ နှိုင်းဘက်က ရိုးရိုးသားသား"

"ဘာပြောတယ်"

ဖျတ်ခနဲတုန်သွားသော ကိုယ်ကို ဆတ်ခနဲ ဒေါ်သွန်းသီ လှည့်သည်။

"ငါ့သား ရင်ခွင်ညီကို မြှူဆွယ်ဖြားယောင်းမှုတွေအမျိုးမျိုးနဲ့ ကျုံးသွင်းလှုပ်ရှားနေတာ ညည်းက ရိုးသားတယ်"

မျက်တောင်တွေကလည်း အဆုံးထိပင့်တက်သည်။

"အဲဒါ ရိုးသားတယ်ပြောဦး"

"ဖြန်း"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချလိုက်သည့် လက်တွေအောက်မှာ နှင်းကိုယ်လေး တစ်ပတ်လည်ထွက်သွားသည်။ နာကျင်လွန်း၍ နှင်းပါးလေးတစ်ချက်ကို အုပ်ကိုင်လိုက်မိရတဲ့အထိ။ ပြီးတော့ မျက်ရည်က ချက်ချင်းဆုတက်သည်။

"တော်တော်ရိုးသားတဲ့မိန်းမ"

"ညည်း တော်တော်အောက်တန်းကျတဲ့ မိန်းမ"

"ညည်းကြောင့် ကုမ္ပဏီထဲမှာ ငါ့သားလေး အပြောခံနေပြီ"

"ဒီကိစ္စကို ကုမ္ပဏီလူကြီးတွေအားလုံးရှေ့မှာ ရှင်းရမယ်၊ ညည်းကြောင့် ငါ့သားလေး နာမည်ပျက်တာ ငါ မလိုချင်ဘူး"

"ရိုက်ခတ်ည သူ့ကို အစည်းအဝေးခန်းထဲ ခေါ်ခဲ့"

"ဟုတ်ကဲ့ အန်တီသွန်း"

ရိုက်ခတ်ညံကလည်း ဒါကို သဘောကျသည်။

ကုမ္ပဏီမှာ ဒီကိစ္စကို အားလုံးက ဖေဝန်နေကြ၏။

အနှိုင်းမဲ့ဆိုတာ ကလေးတစ်ယောက်အမေ။ ကုမ္ပဏီရဲ့ အောက်ခြေအနိမ့်ဆုံးဝန်ထမ်း။

ဒါကို ဒေါ်သွန်းသီရိက တစ်စက်ကလေးတောင် သူ့သားနဲ့ ထင်အမြင်လွဲမခံနိုင်ပါ။

ခုတော့ လူတွေအားလုံးရှေ့မှာ ညည်း ရှင်းစမ်း။

"ဘယ်လိုဖြစ်တာလဲ ဒေါ်သွန်းသီရိရာ၊ ဒီကောင်မလေး ကလေးတစ်ယောက်အမေဆိုတာ ကုမ္ပဏီတစ်ခုလုံးရော Super Market ကြီးတစ်ခုလုံးပါ သိနေကြတဲ့ဥစ္စာ၊ ဒါကိုတောင် ကိုညီ့လို



www.burmeseclassic.com

www.burmeseclassic.com



အမှုဆောင်ဒါရိုက်တာတစ်ယောက်ကို မြှူဆွယ်တာ ဖြစ်နိုင်ပါ့မလား"

ဦးသီလထွန်းက ဝင်ပြောသည်။

"အို... ရှင်တို့က ဘာသိလို့လဲ၊ ရင်ခွင်ညီနဲ့ပဲ သူတို့နှ ယောက်က ဖြစ်နေသယောင်ယောင် သတင်းလွှင့်ထားလို့ ကျွန်မသာ လေး သိက္ခာကျနေတာ၊ ဒါ မဟုတ်ဘူးဆိုတာ ဒီအစည်းအဝေးမှ လူတွေဆုံတုန်း သူကိုယ်တိုင် ပြောပြမှဖြစ်မှာပေါ့"

ရိုက်ခတ်ညံကလည်း အနှိုင်းမဲ့ကို အစည်းအဝေးခန်းထဲ ခေါ်လာသည်။

"ထိုင်... အနှိုင်းမဲ့၊ ဒီခုံမှာ မင်းထိုင်လိုက်"

မျက်ရည်လေးကိုသုတ်ကာ နှိုင်း ဝင်ထိုင်ပါသည်။

အစည်းအဝေးခန်းထဲမှာလည်း လူတွေက အများကြီးပါ

အားလုံးက နှိုင်းမျက်နှာလေးကိုပဲ စိတ်ဝင်တစား လိုက် ကြည့်နေကြသည်။

သီကျူးနဲ့ နုးညံ့က ဘာဖြစ်မှန်းမသိဘဲ ဖုန်သုတ်စက်ထွေ တွန်းကာ နှိုင်းမျက်နှာလေးဆီကို ရင်ခုန်အေးစက်စွာ မသိမသာ ကလေး ဝေ့ကာကြည့်လျက်။ ဒေါ်မဉ္ဇူကလည်း မင်းတို့သူငယ်ချင်း အနှိုင်းမဲ့ ပြဿနာတက်နေပြီဆိုတာ စောစောကပဲ သတင်းပေးသွား လို့။

ထူးခြားတာက ဒီအစည်းအဝေးမှာ ပျောက်နေတာ ရင်ခွင် ညီပါ။

ဒေါ်သွန်းသီရိပဲ။

နိုင်ငံခြားပို့မယ့် ကွန်တင်နာအလုံးတွေကို ဆိပ်ကမ်းသ



www.burmeseclassic.com

www.burmeseclassic.com



စ်ဆေးကြည့်ဖို့ တမင်လွှတ်ထားလိုက်တာလေ။ ရင်ခွင်ညီ ကွယ်ရာ
မှာ အမုန်အတိုင်းဝန်ခံခိုင်းတာ အကောင်းဆုံးပဲ။

"အနှိုင်းမဲ့... မင်းကို အန်ကယ်ဦးသီလထွန်းက မေးစရာ
ိတာတွေ မေးလိမ့်မယ်၊ မဟုတ်တာတွေ ဖြေဖို့တော့ လုံးဝမစဉ်းစား
နဲ့ မင်းကို အန်တီသွန်းက ခွင့်လွှတ်မှာမဟုတ်ဘူး"

"နှိုင်း... နှိုင်းဘာဖြေရမှာလဲဟင်"

သန့်ရှင်းရေးဝန်ထမ်း ဝတ်စုံလေး ဝတ်ထားသည့် နှိုင်း
က်နှာလေးမှာ ဖြူဖျော့ကာ သွေးရောင်ပင် တစ်စက်မှမရှိတော့။

"ဒီမှာ ကိုညီနဲ့ ပတ်သက်နေတဲ့ ကောလာဟလတွေ တစ်ခု
မဟုတ်ဘူးဆိုတာ ဖြေရှင်းခိုင်းဖို့ ဒီလူကြီးတွေရှေ့ကို ခေါ်လာတာ၊
ဒေါ် အမုန်အတိုင်းဖြေလိုက်"

'အဟမ်း၊ အဟမ်း၊ ဒီလိုပါ၊ ဒီလိုပါ"

ဖြတ်ဝင်လာတာ ဒေါ်သွန်းသီရိဆီက အသံ။

ဝတ်ထားသည့် စိန်တွေ တဖျတ်ဖျတ်လက်နေသလောက်
စည်းအဝေးခန်းထဲရောက်မှ ဒေါ်သွန်းသီရိမျက်နှာက ပြုံးချိုလို့နေ
လား။

ဘာဖြစ်လို့ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ပြောင်းလဲသွား
တာလဲ။ လူတွေအားလုံးရှေ့မှာ သိပ်ကို သဘောကောင်းချင်ဟန်
ဆောင်လိုက်တာလား။

နှိုင်းကိုယ်တိုင်ပင် အသက်မဲ့နေသူတစ်ယောက်လို ဒေါ်သွန်း
ရီရိကို ငေးစိုက်ကြည့်မိသွား၏။ သူ ဘာပြောမှာလဲဆိုသည့် ခံစား
က်လေးနှင့်လည်း နားစွင့်ထားရတာ ရင်တထိတ်ထိတ်။



www.burmeseclassic.com

www.burmeseclassic.com



“အခု ဒီမှာ ခေါ်ထားတဲ့ ကောင်မလေးက အနှိုင်းမဲ့ ခေါ်ပါတယ်၊ သူက ကျွန်မတို့ကုမ္ပဏီရဲ့ သန့်ရှင်းရေးအကူဝန်ထမ်း လေးပါ၊ ဒီလိုပါရှင်၊ အခုဖြစ်တာက ဒီအနှိုင်းမဲ့ဆိုတဲ့ ကလေးတ ယောက်အမေ ဝန်ထမ်းမလေးကို ကျွန်မသား ရင်ခွင်ညီနဲ့ ပတ်သ စွပ်စွဲနေတဲ့ကိစ္စအတွက် အမှန်အတိုင်း ဖြေရှင်းပေးစေချင်လို့ လူ တွေ့ရှေ့ရောက်အောင် ကျွန်မ ခေါ်ထုတ်လိုက်တာပါ၊ ကဲ… သူ့ မေးစရာရှိတာတွေ ဦးသီလထွန်းကပဲ မေးပေးပါ”

“ဟုတ်ကဲ့၊ ကျွန်တော် မေးပါမယ်”

ဦးသီလထွန်းက နှိုင်းမျက်နှာလေးကို တစ်ဖက်မျက်နှာချင်း ဆိုင် ထိုင်ခုံကနေ တည့်တည့်စိုက်ကြည့်ရင်း လှမ်းမေးသည်။

“မင်းနာမည်က အနှိုင်းမဲ့နော်”

“ဟုတ် ဦး၊ သမီးက အနှိုင်းမဲ့ပါ”

“အခု ဒီကုမ္ပဏီမှာလေ အများက ပြောနေကြသလို မင်း ရင်ခွင်ညီ ပတ်သက်နေတယ်ဆိုတာ ဟုတ်သလား၊ ငြိစွန်းနေတယ် ဆိုတဲ့သတင်းကရော အမှန်ပဲလား၊ အဲဒါ အားလုံး ရှင်းလင်းသွား အောင် သမီးကပဲ ဖြေပေးပါ”

နှိုင်း ဘာပြောရမလဲ။

ဒေါ်သွန်းသီရိကို စိတ်နာနာနဲ့ အဖြစ်မှန်တွေအားလုံးကို နှိုင်း တစ်ခါတည်းဖွင့်ချလိုက်ရင် ကောင်းမလား။

“ဟဲ့… ဖြေလိုက်လေ အနှိုင်းမဲ့”

ရိုက်ခတ်ညံက ဘေးကနေ မျက်စောင်းပင့်ကြည့်ကာ သတိ ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းမျက်နှာလေးကို မော့လိုက်ရ၏။

"ဟို၊ ဟိုလေ"

ပြောစရာရှိတာကိုတော့ အမှန်အတိုင်းပြောမှ ဖြစ်တော့မည်။

"ကျွန်မက ကလေးတစ်ယောက်အမေပါ၊ ဆင်းရဲလို့ ဒီကုမ္ပဏီ ...ပါမားကက်ကြီးမှာ အလုပ်လာလုပ်နေတာပါ၊ ဒီလို အလုပ်လုပ် ...င်းနဲ့ ရင်ခွင်ညီဆိုတဲ့ အမှုဆောင်ဒါရိုက်တာက ကျွန်မကိုတွေ့သွား ... အလုပ်ကအပြန်မှာ ကျွန်မဆီကနေ လက်ထပ်ခွင့်တောင်းခဲ့ပါ ...ယ်"

"ဟာ"

"ဟင်"

"အို... ကြည့်စမ်း"

"မင်း... မင်း ဘာတွေလျှောက်ပြောနေတာလဲ အနှိုင်းမဲ့၊ ...ကြီးတွေရှေ့မှာ မဆိုင်တာတွေ မင်း လျှောက်မပြောနဲ့လေ၊ ဒုက္ခ ...ပဲ"

ရိုက်ခတ်ညံ့ မျက်နှာတွေပျက်လျက်။

ဒေါ်သွန်းသီရိက စားတော့ ဝါးတော့မတတ် မျက်လုံးတွေ ...င် နှိုင်းကို စိုက်ကြည့်နေတာ မီးတောက်တွေ ဝုန်းခနဲထတော့ ...တော့မယ့်အတိုင်း။ ဦးသီလထွန်းအပါအဝင် ကုမ္ပဏီလူကြီးတွေ ...ားလုံး ခေါင်းလေးကိုယ်စီညိတ်ကာ နှိုင်းစကားကိုပဲ နားစွင့်နေကြ ...သည်။

"သူက ဒီလို လက်ထပ်ခွင့်တောင်းတော့ ကျွန်မ ငြင်းခဲ့ပါ ...ယ်၊ သူ့ဘဝနဲ့ ကျွန်မဘဝက မထိုက်တန်လို့ပါ၊ ကျွန်မဟာ ခပ်ညံ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဆိုး ခပ်ပေပေ ယောကျ်ားတစ်ယောက်နဲ့ မထင်မှတ်ဘဲ ညားခဲ့ ကျွန်မ ဘဝပျက်ခဲ့ရလို့ပါ''

''နေ... နေပါဦး အန္တိုင်းမဲ့၊ ရုပ်ရည်ကလည်း ချောမော ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်က လက်ထပ်ခွင့်တောင်းတာ မင်း ဘာဖြစ်လို့ ဒီလို ပြတ်ပြတ်သားသား ငြင်းဆန်ပစ်လိုက်ရတာ တချို့ကောင်မလေးတွေဆိုရင် ချမ်းသာတဲ့ကောင်လေးကိုပဲ ရွေးခ လက်ထပ်ဖို့ စိတ်ကူးတွေယဉ်ပြီး ကြိုးစားနေကြတာလေ''

ဒီမေးခွန်းကို မေးလိုက်တဲ့အချိန်မှာ ဒေါ်သွန်းသီရိ နေစ မရှိတော့ပါ။

မျက်လုံးတွေကို ထောင့်ကပ်လှဲရင်း ဂနာမငြိမ်ဖြစ်သွား က သိပ်ကို သိသာလွန်းနေသည်။

''အဲဒီလိုလုပ်ရမှာကို ကျွန်မ အရမ်းရွံပါတယ်၊ အဲဒီလို တဲ့ စိတ်ဓာတ်မျိုးဟာ အရမ်းအောက်တန်းကျတဲ့ စိတ်ဓာတ် ပါ''

''ဘုရားရေ... ကြည့်စမ်း''

ဒေါ်သွန်းသီရိ ကိုယ့်အတတ်ကိုယ် စူးရပြီ။

''ကုမ္ပဏီကြီးမှာ အောက်ခြေသိမ်း ဖုန်သုတ် အမှိုက်လှည် ကြမ်းတိုက်နေတဲ့ ကောင်မလေးဟာ ကုမ္ပဏီပိုင်ရှင်တစ်ယောက် ဖြစ်နေတဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ယူဖို့ဆိုရင် တော တော့်ကို အရှက်နည်းမှုဖြစ်မှာပါ''

ရင်နာနာနဲ့ နှိုင်းပြောနေတာ ဒေါ်သွန်းသီရိ သိချင်လ နှိုင်း တစ်သက်လုံး ပြောချင်လာခဲ့တဲ့ စကားတွေကို ဒီနေ



www.burmeseclassic.com

www.burmeseclassic.com



ာ ဒေါ်သွန်းသီရိ ကြားစေချင်လို့။ သူကိုယ်တိုင် နှိုင်းဖေဖေကို
ဒီလိုဘဝမျိုးမှာ လက်ထပ်ယူခဲ့တာပဲ။

"ညည်း... ညည်း... ဆက်မပြောနဲ့ အနှိုင်းမဲ့"

"ရှင်... အန်တီ"

"ငါ့သားက ညည်းကို မကြိုက်ဘူး၊ ငါ့သား ညည်းကို
လက်ထပ်ခွင့်တောင်းတာ လုံးဝမဖြစ်နိုင်ဘူး"

ထိုင်ခုံမြင့်ကြီးကနေ ထလာကာ နှိုင်းကို တွန်းချတော့ နှိုင်း
ခဲတော့မလိုဖြစ်ကာ ဆံပင်လေးတွေပါ ဖရိုဖရဲ ကစဥ့်ကလျားလေး
ဖြစ်သွားရသည်။

"အန်... အန်တီသွန်း သတိထားနော်၊ ဒီကောင်မလေး
တရားပြောနေတာ အန်တီသွန်း သိရဲ့သားနဲ့"

"ဟုတ်တယ်၊ အနှိုင်းမဲ့ ပြောတာ အမှန်ပဲ၊ ကျွန်တော်
လက်ထပ်ခွင့်တောင်းခဲ့တာကို ဒီနေ့အထိ သူ့ဘက်က ငြင်းနေတာ"

"ဟာ"

"ဟင်"

အစည်းအဝေးခန်းထဲကို ရင်ခွင်ညီ ဝင်လာပြီ။

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ မခံစားနိုင်သော အပြုံးကလေးနဲ့။

နှိုင်း ဟင့်ခနဲရှိုက်ငိုကာ ထွက်ပြေးလာခဲ့တော့လည်း နှိုင်း
ကို တားဆီးဖို့ ဘယ်သူမှ သတိမရခဲ့တာဟာ နှိုင်း မနေချင်တော့ပါ။
အခန်းကြီးထဲက မျက်လုံးတွေအောက်မှာ ဆက်နေဖို့လည်း နှိုင်းမှာ
ခင်အားမရှိတော့လို့ပါ။

အမှန်တရားကို ရင်ခွင်ညီကိုယ်တိုင် သိနေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်းရယ်၊ သွားပါပြီကွာ၊ လူကြီးတွေရှေ့မှာ မေးတာကို နှိုင်း ဘာလို့ ဒီလိုဖြေလိုက်ရတာလဲ၊ ဒေါ်သွန်းသီရိက မင်းကို ပိုပြီး တော့ အငြိုးထားတော့မယ်၊ ပိုပြီးတော့ နှိပ်စက်တော့မယ်၊ ဟိုမှာ ဟိုအခန်းထဲမှာ ဒေါ်သူပုန်ထပြီး ဒေါ်သွန်းသီရိ ကျန်ခဲ့ပြီကွ"

နူးညံ့က နှိုင်းကို ကရုဏာဒေါသောအသံကလေးနှင့် အပြစ် တင်သည်။

"နှိုင်း ဒီလိုဖြေလို့ သူ နှိုင်းကို အလုပ်ကထုတ်ပစ်မယ်ဆို လည်း ထုတ်ပါစေတော့၊ နှိုင်း ကျေနပ်ပြီ သိလား နူးညံ့၊ နှိုင်း အခုပြောခဲ့တဲ့ စကားတွေဟာ နှိုင်းရင်ထဲမှာ မဆန့်တော့လို့ ပြောလိုက် မိတဲ့ စကားတွေပါ နူးညံ့ရယ်"

နူးညံ့ကို ပွေ့ဖက်ကာ တဟင့်ဟင့်လေး နှိုင်းက ငိုမိသည်။

အစည်းအဝေးခန်းထဲမှာ တယ်လိုတွေဖြစ်ပြီး ကျန်ခဲ့သလဲ ဆိုတာလည်း နှိုင်းမသိချင်တော့ပါ။

နှိုင်း ညနေ အလုပ်သိမ်းလို့ အိမ်ပြန်တော့မှ–

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်တစ်)

"ဒီမှာ မင်းကို ငါပြောနေတာ ငါ့ရင်ထဲက စကားကို ......
...ုံးအောင်ပြောနေတာ၊ နှလုံးသားထဲက ပုဏ္ဏာတစ်ပုဒ်ကို လွယ်အောင် ...ပဲတွက်တွက် ခက်အောင်ပဲ စဉ်းစားစဉ်းစား နောက်ဆုံးထွက်လာမယ့် အဖြေက တစ်ခုတည်းပဲ၊ နှလုံးသားနဲ့ ဖြေရှင်းယူမှရမယ့် အခြေအနေ ...တစ်ခုကို ရောက်လာလို့ မင်းကို ငါပြောနေတာ"

ကားပေါ်ကိုလည်း သူပဲ ဖွတ်တရွတ်ဆွဲတင်သည်။

မေးတော့လည်း နိုင်းဘယ်လိုမှမဖြေနိုင်သည့် မေးခွန်းတွေ။

မဟာကုဋေကုဋာမှာ နေ့လယ်က ဖြစ်သွားခဲ့သည့်ကိစ္စ၊ ...ကောလာဟလသတင်းတွေ ဒါကို မကျေနပ်လို့ အစည်းအဝေးပွဲမှာ ...ဖြေရှင်းခဲ့တာတွေ၊ နောက်ဆုံးမှာ နိုင်း ပြောသွားခဲ့သည့် စကား ...တွေအတွက် အသည်းတွေတဆတ်ဆတ်ခါနာပြီး အစည်းအဝေးခန်း ...ထဲမှာ ဒေါ်သွန်းသီရိ မူးမေ့လဲကျသွားတာတွေ။

ဒါကို ရင်ခွင်ညီ နားလည်အောင် နိုင်း ဘယ်လိုဖြေရှင်းရ ...လဲ။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း နှိုင်း ကားပေါ်ကို ပါလာကတည်းက ခံစား ချက်တွေနဲ့ တစ်လမ်းလုံး ပေါက်ကွဲလာသည်။ သူ ဖွတ်တရွ ကားပေါ်ကို ဆွဲတင်လိုက်သဖြင့် ဖွာဆန်ကြဲသွားသော ဆံပင်လေး တွေကို နှိုင်း ပြန်သိမ်းသည်။

ပြီးတော့ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပဲ ရင်ခွင်ညီကို နှိုင်း လှည့်ကြည့် မိ၏။

"ဖြေလေကွာ အနှိုင်းမဲ့၊ မင်း အခု ဘာလုပ်မှာလဲ၊ ငါ့မာမီ ကို လက်စားချေမှာလား၊ ငါ့ကို လက်ထပ်ဖို့ မင်း ရွေးချယ်မှာလား"

"ကျွန်မ ဘယ်လိုဖြေရမလဲ ရင်ခွင်ညီ"

ရင်ခွင်ညီ နှုတ်ခမ်းပါးလေးတွေ တွန့်ခနဲမဲ့ကျသွားသည်။

မျက်တောင်ရှည်တွေ ပင့်ကော့စူးစိုက်လျက် နှိုင်းကို လှည့် ကြည့်နေပုံလေးက ခံစားချက်တွေနဲ့ အရာရာကို သိမ်းပိုက်ပစ်ဖို့ အဆင်သင့်ဖြစ်နေခဲ့သည့် မျက်နှာထားမျိုး။

ငါ့မာမီကို လက်စားချေမှာလား၊ ငါ့ကို လက်ထပ်ဖို့ ရွေးချယ် မှာလားတဲ့။

ဒါဆို ရှင်ဟာ ကျွန်မကို အရိပ်စစ်လို့ တိုက်ရိုက်စွပ်စွဲလိုက် တာပေါ့။

ကျွန်မ လှမ်းတော့မယ့် ခြေလှမ်းတွေကို ရှင့်မာမီ ဒေါ်သွင် သိရှိရော ရှင်ကပါ သိနေကြပြီဆိုတဲ့သဘောပေါ့။

"မင်းဟာ တစ်ခါတုန်းက အရိပ်စစ်ပဲဖြစ်ဖြစ် အခု အနှိုင်း ပဲဖြစ်ဖြစ် ငါကတော့ မင်းကို လက်ထပ်ဖို့ရွေးချယ်တယ်၊ အနှိုင်းအစည်း အဝေးခန်းက လူကြီးတွေရှေ့မှာလည်း ဒီအချက်ကိုပဲ သတ္တိရှိရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခဲ့တယ်၊ ဒါပေမဲ့ အခု ငါ့ရင်ထဲမှာ လောင်နေတဲ့မီးတွေကို
ငြိမ်းအောင် မြင်ရဲ့လား အနှိုင်းမဲ့၊ မာမီက ချစ်ကိုနဲ့ပဲ မင်းကို ပေးစားတော့
မယ်၊ ငါ့အနားကနေ မင်းကို ပျောက်ဆုံးသွားအောင် ရိုက်ခတ်ညံ့နဲ့
ပေါင်းပြီး သူတို့ရဲ့ မဟာအကြံအစည်ကို အောင်မြင်အောင်လုပ်ကြ
တော့မယ်"

"အဟွန်း"

နှုတ်ခမ်းလေးကိုမဲ့ကာ နာကျင်စွာ နှိုင်းက ရယ်မိသည်။

"အခုလည်း မင်းနဲ့ပတ်သက်နေတဲ့အကြောင်းတွေ ရိုက်
ခတ်ညံ့ ငါ့ကို အများကြီးပြောလိုက်တယ်၊ မင်းဟာ ယောကျ်ားလေး
တွေအများကြီးနဲ့ လေလွင့်ပွေရှုပ်ပြီးတော့မှ ဒီကလေးကို ရခဲ့တာတဲ့၊
ကလေးချောသလောက် နာမည်ပျက်တွေကလည်း မင်းမှာ အများ
ကြီးတဲ့၊ ကုမ္ပဏီထဲမှာ ဒီလိုသတင်းမျိုးတွေကအစ မကြားချင်မှအဆုံး
ဖြစ်နေတာ၊ ရိုက်ခတ်ညံ့ကလည်း မင်းနဲ့ပတ်သက်လာသမျှ သတင်း
အတ်တော်များများကို သူက သိထားတယ်၊ သူ့ဘာပြောပြော ဒီနေ့
အထိ မင်းကို အထင်သေးတဲ့စိတ် ကလေးနဲ့တောင် ငါ ကြည့်မိခဲ့
လို့လား"

နှိုင်း ရယ်ချင်ပါသည်။

တကယ်တော့ ဒီသတင်းဟာ ရိုက်ခတ်ညံ့ နားထဲကို
ရောက်ရောက်အောင် နှိုင်း တစ်ဖက်လှည့်နဲ့ စိတ်ကြိုက်ဖွခဲ့တဲ့
သတင်းတွေပါ။ နှိုင်း ဖြစ်စေချင်တာ ဒီကုမ္ပဏီမှာ အနှိုင်းမဲ့ဆိုတဲ့
ကောင်မလေးတစ်ယောက်ဟာ နာမည်ပျက်တွေအများကြီးနဲ့ ကောင်မ
လေးဆိုတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကောင်မလေးကို ရင်ခွင်ညီ ယူလိုက်ရတယ် ဒေါ်သွန်းသီရိ ရင်ကွဲနာကျမှာလေ။

အသည်းတွေ တဆတ်ဆတ် ခါအောင်နာကြည်းပြီး အ မီးဝိုင်းသလို ခံစားသွားရမှာလေ။ ဒါကို ဖြစ်လာအောင် တမင်ဖန် ခဲ့တာ အန္တိုင်းမဲ့ပဲ။

ပွဲကတော့ တဖြည်းဖြည်း ကြည့်လို့ကောင်းလာခဲ့ပြီ။

"အဟင်း။ ငါ့ကိုလည်း မင်းနဲ့ ထပ်မပတ်သက်တော မာမီက ပြင်းပြင်းထန်ထန်သတိပေးတယ်၊ ဒါပေမဲ့ ငါ မနေနိုင် အန္တိုင်းမဲ့ မင်းအနောက်မှာ ဘယ်တော့မှ ပျောက်ကွယ်မသွားနိုင် မယ့် အရိပ်ကလေးတစ်ခုအဖြစ်နဲ့ ငါ ဆက်ပြီးတော့ ရှိနေချင်တ ကောင်းတူဆိုးဖက်ဘဝတစ်ခုမှာ နှလုံးသားတွေကို အတူချည်နှေ ပြီး တစ်နေရာတည်းမှာ ထာဝရမြှုပ်နှံချင်တယ်"

"ရှင်၊ ရှင် စဉ်းစားပါဦး ရင်ခွင်ညီရယ်"

"အဟင်း"

နာကျင်စွာပြုံးလိုက်သည့် အပြုံးလေးကိုတော့ သူ နားလ သင့်ပါသည်။

အခုလိုအချိန်မျိုးမှာ ရှင့်ကို လက်ထပ်ယူပြီး ကျွန်မရင်ထဲ နာကြည်းမှုတွေကို အဆုံးသတ်ဖောက်ခွဲပစ်လိုက်ဖို့ အကောင်း အချိန်ဆိုတာ ကျွန်မ နားမလည်ဘဲနေပါ့မလား ရင်ခွင်ညီ ဒါပေမဲ့ ဒါဟာ သိပ်ကို စောလွန်းနေသေးတယ်လို့ ကျွန်မ ထင် လေ။

ကျွန်မက ရှင့်မာမီ ဒေါ်သွန်းသီရိရဲ့ အသည်းနှလုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ချောကလက်လေးမြှုထားသလို တစိမ့်စိမ့်လေးနဲ့ အရသာခံ ဖောက်စားချင်နေတာ။

"ဆုံးဖြတ်ပြီးသား အလုပ်တစ်ခုကို ပြန်စဉ်းစားရတာ ငါ အမုန်းဆုံးပဲ အနှိုင်းမဲ့၊ မင်းဟာ ငါ့မာဓိ နိုပ်စက်သမ္ပဒါဏ်ကို ခံပြီး အိမ်ကထွက်ပြေးခဲ့ရတဲ့ အရိုပ်စစ်ဆိုတာ ငါ့နှလုံးသားတွေက လက်ခံထားသရွေ့ ရိုက်ခတ်ည့် ဘာတွေပြောပြော မာဓိက ဘယ်လိုပဲတားတား အဲဒါတွေအားလုံး ငါ ဘာမှစိတ်မဝင်စားဘူး။

ငါ စိတ်ဝင်စားတာက မင်းကို ချစ်တယ်၊ ငါပိုင်ဆိုင်ထားသမျှ အရာအားလုံး ဘာနဲ့ပဲ ပုံပြီးလဲရလဲရ မင်းကို ငါလိုချင်တယ်၊ ဒါပဲ"

"ကျွန်မကို လက်ထပ်လိုက်ရင် ရှင့်ဘဝပျက်သွားလိမ့်မယ် ရင်ခွင်ညီ"

"အဲဒါ ငါ ဂရုမစိုက်ဘူး"

ဒီဇာတ်လမ်းမှာ နှိုင်း တကယ်အံ့ဩခဲ့ရတာ ရင်ခွင်ညီ ပါပဲ။

မခံချင်စိတ်ကလေးနဲ့ အမုန်တရားဘက်က ရှင် ရပ်တည်ပေးခဲ့တာကိုပါ။

ပြီးတော့ နှစ်ပေါင်းများစွာကြာအောင် ကျွန်မကို တွေ့ချင်လို့ ရှင် လိုက်ရှာနေခဲ့တယ်ဆိုတာလည်း ကျွန်မကို ငယ်ငယ်လေးကတည်းက ရှင် စွဲလမ်းနေခဲ့လို့ ဖြစ်မှာပေါ့။

လက်ရှိအချိန်မှာ ဒေါ်သွန်းသီရိရဲ့ အနိုင်းခံ အနှိမ်ခံ အနှိပ်စက်ခံနေရတဲ့ အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးဟာ နာကြည်းချက်တွေနဲ့ပဲ အဆုံးမဲ့တဲ့ ရပိုင်ခွင့်တွေကို ပြဌာန်းစီရင်မယ် ရှင်ခွင်ညီ။



www.burmeseclassic.com

www.burmeseclassic.com



ခံစားကြေကွဲနေရတဲ့ကောင်မလေးတစ်ယောက်ရဲ့ မျက်ဝန်းထဲက ကဗျာတစ်ပုဒ်ကို အလွယ်တကူ ဘာသာပြန်ဖတ်နိုင်ဖို့အတွက် ဆိုရင် ခံစားကြေကွဲနေတဲ့ မျက်ဝန်းတွေနဲ့ကြည့်မှ အလွယ်တကူမြင်ရမှာပါ။

"အို... ကြည့်စမ်း၊ ရင်ခွင်ညီ"

"ဟင်၊ ဘာဖြစ်လို့လဲ"

"ရှင်... ရှင် အခုဘယ်ကိုမောင်းနေတာလဲ"

အခုမှ သတိရပြီး နှိုင်း အထိတ်တလန့် သူ့ကို လှမ်းမေးလိုက်မိတာ ဖြစ်သည်။

"မင်းကိုခေါ်ပြီး ငါသွားချင်တာ ကမ္ဘာမြေရဲ့ အဝေးဆုံးတစ်နေရာ"

"ဘုရားရေ"

ပြောလည်းပြော ကားအရှိန်ကိုလည်း နှစ်ဆပိုတင်၏။

နှိုင်း ဘုရားတပြီး သူခေါ်တဲ့နေရာကို လိုက်လာခဲ့ရပြီ။

ရန်ကုန်မြို့နဲ့ အဝေးဆုံးနေရာထိ နှိုင်း ပါလာခဲ့ပြီ။

"ရှင်... ရှင် ဘယ်အထိ မောင်းနေတာလဲ ရင်ခွင်ညီ၊ ကျွန်မ မလိုက်ဘူးနော်"

ကားလေးက အရှိန်ပြင်းပြင်းလေးနဲ့ လေဟုန်ကို ခွင်းနေဆဲ။

မော်ဘီမြို့ကို ကျော်လာပြီးတော့မှ ညာဘက်လမ်းလေးက တောအုပ်ကလေးထဲကို အရှိန်ပြင်းပြင်းနဲ့ ကွေ့ချိုးချသည်။

မြေလမ်းကလေးရဲ့ အဆုံးထိပ်မှာ တောင်ကုန်းမြင့်မြင့်လေး။



www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်ကုန်းမြင့်မြင့်လေးရဲ့ ထိပ်မှာတော့ မီးရောင်တွေ
ဆင်းထိန်နေသည့် တစ်ထပ်တိုက်ပုလေးတစ်လုံးက ငြိမ်သက်ခန့်ထည်
မှာ။

တက်လာသည့် ကားမီးရောင်ဖွေးဖွေးကို မြင်ပြီးကတည်း
က ခြံတံခါးတွေကို အစောင့်အရှောက်တွေက အဆင်သင့်ပြေးဖွင့်
ထားပြီးသား။

"ဝေါ၊ ဝေါ"

ကားကလေးက တောင်ကုန်းလေးထိပ်ပေါ်ကို အရှိန်နှင့်
ပြေးတက်သည်။

"ရင်၊ ရင်ခွင်ညီ၊ ဒါ၊ ဒါ"

ကြည့်ပါဦး။ ခြံတံခါးလေးထိပ်မှာ ရေးထားတဲ့ ဆိုင်းဘုတ်
ကလေးက မိုးတိမ်နန်းတော်တဲ့။ ဒါ နှိုင်းဖေဖေပေးခဲ့တဲ့ ကုမ္ပဏီ
နာမည်ပဲ။

ဒီနာမည်လေးနဲ့ ဒီတစ်ထပ်တိုက်လေးဟာ ဘယ်လိုပတ်
သက်နေခဲ့လို့လဲ။

မေးလိုက်သည့် နှိုင်းအသံလေးက တုန်နေသလို နှိုင်း မျက်
တောင်ရှည်လေးတွေကပါ တအံ့တသြလေး ပင့်ကော့လျက်။ ကား
ပြတင်းမှန်မှတစ်ဆင့် ခပ်ပြင်းပြင်းတိုးဝင်လာခဲ့သည့် လေတွေကြောင့်
ဖရာဆန်ကြွသွားရသည့် ဆံပင်ကလေးတွေကိုလည်း ကလစ်ကလေး
တစ်ချောင်းဖြင့်ညှပ်ကာ သပ်သပ်ရပ်ရပ်လေးဖြစ်သွားအောင် နှိုင်းက
ပြန်သိမ်းသည်။

နှိုင်းမေးတာကို ရင်ခွင်ညီက နှုတ်ခမ်းတွန့်ကာ ပြုံးလျက်။



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း၊ အဲဒါ အရိပ်စစ်ဆိုတဲ့ ကောင်မလေးတစ်ယော ကို ပြန်ရှာတွေ့တဲ့တစ်နေ့မှာ တစ်သက်လုံးအတူနေဖို့ ငါ ဆော ထားတဲ့တိုက်"

"ဟင်"

သူ့မျက်နှာကို နှိုင်း လှည့်ကြည့်လိုက်တာ ဖျတ်ခနဲ။

"ကဲ... အနှိုင်းမဲ့၊ တစ်ဆိတ်လောက်ကျေးဇူးပြုပြီး အောက်ကို မင်း ဆင်းလိုက်ပါ၊ ဟိုမှာ မင်းရောက်လာရင် ဝမ်း အားရကြိုဆိုဖို့ စောင့်နေကြတဲ့လူတွေ ဘယ်သူတွေလဲဆိုတာ ကြည့်လိုက်ပါဦး"

ခြံထဲက မြေကွက်လပ်ကျယ်မှာ ကားကလေး ဝေ ထိုးရပ်လိုက်သည်နှင့် ပြေးထွက်လာတာ အဘိုးကြီးတစ်ယောက်န အဘွားကြီးနှစ်ယောက်။

သူတို့ နှိုင်းဆီကို ပြေးထွက်လာ၏။

ဘာတွေလဲ။

သူတို့ ဘယ်သူတွေလဲ။

နှိုင်း အသေအချာကြည့်လိုက်တော့လည်း သူတို့ကို နှိုင် တွေ့ဖူးနေခဲ့သလိုလို။

"အရိပ်လေး၊ အရိပ်လေး"

"အို"

"အရိပ်လေးရယ်၊ အရိပ်လေး ကြီးကြီးတင်ကို မမှတ် တော့ဘူးလားဟင်၊ ကြီးကြီးတင်လေ ဒေါ်သွန်းသီရိက မောင်းထုတ် လို့ အိမ်ပေါ်ကဆင်းခဲ့ရတဲ့ ကြီးကြီးတင်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါက ဦးဦးစော၊ သမီး လေးတို့အိမ်က ကားကိုမောင်းခဲ့တဲ့ ဦးဦးစော''

''ရှင် ကြီးကြီးတင်''

''အမလေး... သမီးလေးရယ်''

နှိုင်းကိုပွေ့ဖက်ကာ ကြီးကြီးတင် ငိုရပါလေပြီ။

ဆန်းကြယ်လွန်းတဲ့ ကံကြမ္မာကိုပဲ နှိုင်း အံ့ဩရတော့မှာပါ။

တစ်ခါတုန်းက မေမေ့ရဲ့ လူယုံတော် အလုပ်သမားကြီးကြီးကြီးတင်။

ဦးဦးစောက အိမ်က ကားတွေကို တာဝန်ယူမောင်းခဲ့တာ။ နောက်မှာရပ်နေသည့် ထမင်းချက် အဝတ်လျှော် ဒေါ်ညိုက ဦးဦးစောရဲ့ မိန်းမပေါ့။

ကြည့်ပါဦး၊

သူတို့ တစုတဝေးတည်း ရောက်နေတာ မိုးတိမ်နန်းတော်လို့ အမည်ပေးထားတဲ့ တိတ်ဆိတ်ငြိမ်သက်ရာ ခြံကျယ်ကြီးထဲမှာ ဖြစ်နေတာ နှိုင်း အံ့ဩလို့မဆုံးအောင် ဖြစ်နေသည်။

''အဟင့်၊ ဟင့်၊ အရိပ်လေးရယ်၊ သမီးလေးကို မသေကောင်း မပျောက်ကောင်း ကြီးကြီးတင် ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ၊ ကြီးကြီးတင်တို့ အလုပ်ထုတ်ခံရပြီးတဲ့နောက်မှာ ဒေါ်သွန်းသီရိ ပဲစက်လို့ သမီးလေးအိမ်က ထွက်ပြေးခဲ့တာဆို၊ အခု ရင်ခွင်ညိုက ဆက်ဆက်ပြီး ကြိုပြောထားလို့ သမီးလေးကို ပြန်တွေ့ရတော့မယ်ဆိုပြီး ကြီးကြီးတင် ဝမ်းသာနေတာ''



www.burmeseclassic.com

www.burmeseclassic.com



"နေ၊ နေပါဦး ကြီးကြီးတင်၊ ရင်ခွင်ညီက ကြီးကြီး တို့ကို"

"အို ဒါကို သမီးလေး မသိဘူးလား၊ ရင်ခွင်ညီက မတ အလုပ်ထုတ်ခံလိုက်ရတဲ့ ကြီးကြီးတင်တို့ အလုပ်သမားတွေ အား ကို ပြန်ရှာပြီး စောင့်ရှောက်ထားခဲ့တာလေ"

"ရှင်"

နှိုင်း ထပ်ဆင့်လို့ အံ့သြခဲ့ရပြန်ပါပြီ။

ဒေါ်ညိုကလည်း နှိုင်းကိုပွေ့ဖက်လို့ ငိုရှာသည်။

နှိုင်း သူ့မျက်နှာလေးကို ဖျတ်ခနဲမော့ကြည့်လိုက်တော့

"ဘာလဲ အနှိုင်းမဲ့၊ မင်းဟာ မင်းကိုယ်မင်း အရိပ် မဟုတ်ပါဘူးလို့ ဆက်ပြီးဟန်ဆောင်ထားချင်သေးလို့ ငါ့ကို လု ကြည့်နေတာလား၊ ဟွန်း... မလုပ်ပါနဲ့၊ မင်းတို့ ပြန်တွေ့လိုက် ကတည်းက မင်းဓာတ်ပုံကို ပို့ပေးပြီး ဒါဟာ အရိပ်စစ် ဟုတ်မဟု ကြီးကြီးတင်တို့ကို စစ်ဆေးခိုင်းပြီးသား၊ ကြီးကြီးတင်တို့ကလည် မင်းကိုမွေးကတည်းက သူတို့ပဲ ချိုပိုးထိန်းလာခဲ့ရလို့ မင်းရဲ့ အဖျ လေးညွှတ်ပြီး စင်းကော့နေတဲ့ မျက်တောင်ရှည်ကလေးတွေ မျက်ဝ နက်နက် ဝိုင်းဝိုင်းလေးတွေကို စတွေ့လိုက်ရကတည်းက သူတို့က အရိပ်စစ်ဆိုတာ ထောက်ခံခဲ့တာ၊

ကဲ... ကျွန်တော်ပြောတာ ဟုတ်တယ်နော် ကြီးကြီးတင်"

"အို... သိပ်ဟုတ်၊ သိပ်ဟုတ်၊ ရိပ်ခနဲမြင်လိုက်တာနဲ့ တင် သမီးလေးအရိပ်စစ်ဆိုတာ ကြီးကြီးတင်တို့က သိတယ်၊ အခု ဘယ် နယ်လိုဖြစ်ပြီး အနှိုင်းမဲ့ ဖြစ်သွားရတာလဲ"

www.burmeseclassic.com



ဒါကို နှုတ်ခမ်းလေး သူကမဲ့လျက်။

"ဟွန်း… ကြီးကြီးတင် သမီးက အနိုင်းမဲ့ဆိုတဲ့နာမည်ကို ပြောင်းပြီး ကျွန်တော့်ကုမ္ပဏီမှာ အလုပ်တွေလာဝင်လုပ်နေတာလေ"

နှိုင်း သူ့ကို မျက်စောင်းလေးရွယ်ကာ လှမ်းကြည့်မိသည်။

ပြောရရင် နှိုင်းကို ကွက်တိ တစ်ခါတည်းမိအောင် သူစီစဉ်ထားလိုက်တာ။

"ဟောဗျာ၊ နှုတ်ခမ်းစူပြီး မျက်စောင်းလေးတော့ လှမ်းမထိုးလိုက်ပါနဲ့၊ ငါ မင်းကို ဘယ်လောက်ထိချစ်တယ်ဆိုတာ ကြီးကြီးတင်တို့အားလုံး သိတယ်။ မာမို့ကြောင့် အလုပ်ထွက် ဒုက္ခရောက်နေတဲ့ ကြီးကြီးတင်တို့ကို ရှာဖွေပြီး ခုလို စောင့်ရှောက်ထားရတာလည်း မင်းမျက်နှာကြောင့်ပဲ"

"ဟုတ်တယ် အရိပ်လေး၊ ဒီစကားကို ရင်ခွင်ညီပြောတာ သူရင်ထဲက ဆန္ဒအမှန်အတိုင်း ပြောတာ၊ တကယ်ဆို ဒေါ်သွန်းသီရိ ချယ်လှယ်ချင်တိုင်း ချယ်လှယ်ထားတဲ့ အမွေတွေကို ပြန်ပေးချင်လို့ ရင်ခွင်ညီက အရိပ်လေးကို ရှာနေတာ၊ ဟော… အခု ပြန်တွေ့ကြပြီဆိုတော့ ရင်ခွင်ညီဆန္ဒလည်း ပြည့်ပြီပေါ့"

"အမွေတွေ လွှဲပေးချင်တာ မဟုတ်ဘူး ကြီးကြီးတင်၊ သူက လူကိုပါ အပိုင်သိမ်းချင်တာ၊ အဟွန်း"

နှိုင်းမျက်စောင်းလေး သူ့ဆီ ထပ်ဝဲသွားသည်။

သူကတော့ နှိုင်းကို ပြုံးကြည့်ပြီး–

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ၊ သူ့ကို အပိုင်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှ အမွေတွေ လွှဲပေးလို့ရမှာ၊ အချစ်ဆိုတာ ရယူပိုင်ခွင့်ရှိသလို တူညီတဲ့ တုံ့ပြန်မှုတွေနဲ့ ပြန်ပေးဆပ်ရတာလည်း ရှိမှာပဲ၊ အခု မင်းကို ပြန်တွေ့ရလို့ ငါ အရမ်းပျော်တယ်၊ မင်း ဒုက္ခရောက်နေတာ တွေ့ရ လို့လည်း ငါ စိတ်မကောင်းဖြစ်ရတယ်၊ ဒါကို အတ္တကြီးကြီးနဲ့ ငါ လက်ပိုက်ကြည့်နေသင့်သလား''

''တွေ့လား သမီးလေး၊ ရင်ခွင်ညီဆိုတာ အဲလိုစိတ်ကောင်း ရှိတဲ့ ကလေး၊ ကြီးကြီးတင်တို့ကတော့ ခုချိန်ထိ အရိပ်လေးနဲ့ ရင်ခွင်ညီကို ကလေးလို့ပဲ မြင်နေသေးတယ်''

ကြီးကြီးတင်က အရိပ်စစ်တစ်ဖြစ်လဲ၊ နှိုင်းကိုပြန်တွေ့ရလို့ ပျော်နေသလို ရင်ခွင်ညီကလည်း နှိုင်းမျက်နှာလေးကိုပဲ တစိမ့်စိမ့် ကြည့်ကာ လက်ပိုက်ရပ်နေလျက်။

ပြီးတော့မှ ခပ်မဲ့မဲ့လေး တစ်ချက်ပြုံးလိုက်ကာ–

''အဟင်း၊ ဒါကိုတောင် ကြီးကြီးတင်သမီး အရိပ်စစ်က သူ့ကိုယ်သူ အနှိုင်းမဲ့ပါပြောပြီး ဟန်ဆောင်ချင်နေသေးတယ်လေ၊ ကျွန်တော်ကလည်း သိပါတယ်''

''ဒီမှာ ရင်ခွင်ညီ''

''ပြောလေ အနှိုင်းမဲ့''

''ကျွန်မဟာ ကလေးတစ်ယောက်အမေဘဝနဲ့ ရှင်တို့ဆီ ပြန်ရောက်လာခဲ့တဲ့ အနှိုင်းမဲ့ပါ၊ ဒီကမ္ဘာလောကကြီးတစ်ခုလုံးမှာ ကျွန်မ အမုန်းကြီးမုန်းခဲ့ရတဲ့ ရှင့်အမေ ဒေါ်သွန်းသီရိကို လက်စားချေ ချင်လို့ ရှင်တို့ဆီကို ကျွန်မ ပြန်လာခဲ့တာ''

''ဘာပြောတယ်''



www.burmeseclassic.com

www.burmeseclassic.com



သူမျက်တောင်တွေ ကော့ညွတ်သွားအောင် အံ့ဩသွားခဲ့ရ
လောက် နှိုင်းကတော့ မျက်နှာလေးကို ခပ်မာမာလေးမော့လိုက်
ာ ရင်ထဲက ခံစားချက်ကို အမှန်အတိုင်းပဲ ဝန်ခံသည်။

"ဟွန်း"

ဒါကို ဂရုမစိုက်ဘဲ နှုတ်ခမ်းလေးမဲ့ကာ ရင်ခွင်ညီ ပြုံးနေ

ဒီလိုလက်စားချေမယ်ဆိုရင် သူတုန်လှုပ်နေစရာလိုသလား။

မင်းကြိုက်သလိုလုပ်လေ အနှိုင်းမဲ့။

ယူထားတာရှိရင် ပြန်ပေးရမှာ ကိုယ့်တာဝန်ပဲ။

မုန်းသင့်မုန်းထိုက်လို့၊ နာကြည်းသင့် နာကြည်းထိုက်လို့
င်း မုန်းခဲ့၊ နာကြည်းခဲ့တာတွေအားလုံး ငါ မင်းဘက်က ထောက်
တယ်။

အကြွေးရှိရင်လည်း ကျေအောင် ငါပြန်ဆပ်မယ်။

"အဲဒီအမုန်းက ကမ္ဘာမကျေတဲ့ အမုန်းပဲ၊ သိလား ရင်ခွင်
ညီ၊ ဒီအမုန်းကို ကြီးကြီးတင်တို့အားလုံး သိတယ်။ တစ်ချိန်တုန်းက
တိမ်နန်းတော်မှာ နေခဲ့ကြတဲ့သူတွေအားလုံး ရှင့်အမေကို မုန်းတယ်
င်ခွင်ညီရဲ့၊ အဟင့်"

နှိုင်း ရင်နာနာနဲ့ ဖက်ပြီး ငိုလိုက်မိတာ ကြီးကြီးတင်ရယ်
း

"ရတယ်လေ၊ မင်း ဒီလောက်ပြောရင် ငါ ဘာဆက်လုပ်
မလဲဆိုတာ သိပါပြီ။ ကဲ ကားပေါ်ကို မင်း ပြန်တက်လိုက်ပါ"

"ဟင်၊ မင်းတို့ ပြန်ကြတော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးတင်တို့မှာတော့ ပြန်တော့မယ်ဆိုရှ် မျက်နှာငေ
တွေငယ်ကာ စိတ်မကောင်းဖြစ်သွားကြ၏။

"ဒီကမ္ဘာပေါ်မှာ အရေးအကြီးဆုံးက သူ့ စိတ်ချမ်းသ
ပျော်ရွှင်ဖို့ပဲ ကြီးကြီးတင်"

အပြန်လမ်းမှာတော့ နှစ်ယောက်သား တိတ်ဆိတ်ငြိမ်သ
လျက်။

ရင်ခွင်ညီကတော့ စိတ်ဓာတ်လေးကျကာ ကြေကွဲလို့မဆ
မာမို့ကို လက်စားချေချင်လို့တဲ့။

အဲဒါဆိုလည်း မင်း ငါ့ကို လက်ထပ်လိုက်ပေါ့။

ဒါမှ မာမို့ကို မင်း အနိုင်ရသွားမှာလေ။

ငါကတော့ မင်းရဲ့အမုန်းတွေအောက်မှာ။

"ဟွန်း"

နှုတ်ခမ်းစွန်းအဖျားမှာ ချိတ်ပါလာခဲ့တာ မခံချင်မှုတွေလာ
ရင်နင့်မှုတွေလား။

ဿ ဿ ဿ



www.burmeseclassic.com

www.burmeseclassic.com

# ခရမ်းပြာမာယာတံတား
# အပိုင်း (သုံး)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (တစ်ဆယ့်နှစ်)

"ဟင်"

ကြမ်းပြင်တွေကို ဒူးကလေးထောက်ကာ ခေါင်းငုံ့တိုက်နေ
ရင်း နှိုင်းမျက်ဝန်းလေးထဲ ပေါ်လာရတာက ရှားညိုရောင် ကတ္တီ
ပါမြင့် မိန်းမစီးဖိနပ်။ ပြီးတော့ နုဖတ်ဝင်းစို ရှည်လျားလှပဆဲရှိသည့်
ခြေချောင်းလေးတွေ။

နှိုင်း မော့မကြည့်ဘဲသိလိုက်တာ ဒီလိုအိစက်နေတဲ့ ကတ္တီပါ
ဖိနပ်မျိုးနဲ့ ခြေချောင်းဝင်းဝင်းကလေးတွေရဲ့ ပိုင်ရှင်ဟာ ဒေါ်သွန်း
သီရိဆိုတာပါပဲ။

"ခြော်... ညည်းက ဘယ်ဆိုးလို့လဲ၊ စောစောစီးစီး
အလုပ်တွေ ကြိုးစားပမ်းစားလာလုပ်ပြနေတာပေါ့လေ၊ ဟုတ်လား
အနှိုင်းမဲ့"

မျက်နှာကိုမဲ့လျက် ဒေါ်သွန်းသီရိက အနှိုင်းမဲ့ရှေ့မှာ ခြေ
ရပ်သည်။ ပျော့အိအိ အနက်ရောင်လည်ဟိုက်ကိုယ်ကျပ်ကို အဝါ
ရောင် ဖြောင်ထဘီလေးဖြင့် တွဲကာဝတ်ထားလျက်။ ဒေါ်သွန်းသီရိ
ရပ်နေပုံက ထည်ဝါသော မာနအတ္တတွေ ဖုံးလွှမ်းနေသည့် မျက်နှာ
ထားကို ပို၍ပေါ်လွင်စေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်၊ ဟုတ်ကဲ့ပါ အန်တီသွန်း၊ နှိုင်း အလုပ်ထဲကို စောစောရောက်လာလို့ပါ"

"ဖယ်စမ်း"

"အို"

နှိုင်းကို တမင်တိုက်ချပြီး ဝင်လိုက်တော့ နှိုင်း ကြမ်းပြင်လေး ဆက်မှာ ခွေခွေကလေး လဲကျသွားသည်။

"ညည်း... ညည်းနဲ့တွေ့ချင်လို့ ငါ စောစောထွက်လာခဲ့ တာ"

အသားလေးတွေ နာသွားတာကိုလည်း နှိုင်း သတိမရနိုင် ပါ။

နှိုင်း အလူးအလဲလေးထကာ ဆံပင်ရှည်တွေကို ပြန်သိမ်း သည်။

ဒေါ်သွန်းသီရိ မျက်နှာကိုလည်း အထိတ်တလန့်လေး မော့ ကြည့်မိ၏။

"ဘာလဲ... ငါ့အခန်းထဲကို အစောကြီးဝင်လာပြီး ငါ့ကို စိတ်ချောက်ချားအောင် ညည်း ဘာတွေထပ်လုပ်ဦးမလို့လဲ၊ ငါ ငယ် ငယ်က ရောင်းခဲ့ရတဲ့ စက္ကူရုပ်ကလေးတွေနဲ့ ငါ့မာနတွေ ရိုက်ချိုးဖို့ ညည်း ကြံစည်နေပြန်ပြီလား"

"ရှင် အန်တီသွန်း"

"ငါ ညည်းကို ဘယ်တော့မှအရှုံးမပေးဘူး သိလား အနှိုင်းမဲ့ ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေရလို့ပါဆိုတဲ့ အကြောင်းပြ ချက်နဲ့ ညည်း ငါ့ကို လက်စားချေဖို့ဝင်လာတယ်ဆိုတာ အရမ်းသိသာ



www.burmeseclassic.com

www.burmeseclassic.com



နေပြီ၊ မနေ့ကလည်း လူကြီးစုံရာရှေ့မှာ ငါ့ကို ပြောင်ပြောင်တင်းတ
စော်ကားတိုက်ခိုက်သွားတဲ့ မိန်းမ”

“အို၊ နှိုင်း၊ နှိုင်း အဲဒီလိုသဘောမျိုးနဲ့ ပြောတာ မဟု
ပါဘူး အန်တီသွန်းရယ်၊ မမရိုက်ခတ်ညံ့က အမှန်အတိုင်းပြောရမ
ဆိုလို့ နှိုင်းရင်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်မိတာပါ၊ အန်တီသွန်း
တိုက်ခိုက်တာ မဟုတ်ပါဘူး၊ နှိုင်းဘက်က ပြောမှားဆိုမှားရှိ
အန်တီသွန်းကို နှိုင်း ကန်တော့ပါတယ်၊ အဟင့်”

“ငါ ညည်းကိုမယုံတော့ဘူး အနှိုင်းမဲ့”

“ရှင်”

“ဒီနေ့ပဲ ညည်းကို လာတောင်းဖို့ မောင်ချစ်ကို မိဘ
ပြောတာကို ငါ လက်ခံလိုက်ပြီ၊ ညည်းမျက်နှာကို သေသေသပ်သ
လေးဖြစ်အောင် ပြင်ထား၊ ဒီတစ်ခါ လူကြီးတွေရှေ့မှာ ငါ့မျက်
ထပ်ပျက်ရမယ်ဆိုရင် ညည်း မလွယ်ဘူး”

“ဘုရားရေ”

နှိုင်းရင်ထဲကနေကပဲ ဘုရားတလိုက်သည်။

ရင်ခွင်ညီ ပြောတဲ့ ချစ်ကိုဆိုတဲ့ ဒရိုင်ဘာတစ်ယောက်
မိဘတွေက လာတောင်းတော့မယ်တဲ့။ လွယ်လိုက်တာ။ ရိုက်ချ
တွေက ပြင်းလိုက်တာ ဒေါ်သွန်းသီရိရယ်။ သားနဲ့ စိတ်မချဖြစ်ရ
နဲ့ပဲ နှိုင်းကို ယောကျ်ားပေးစားတော့မယ်တဲ့လား။

ဒီဆုံးဖြတ်ချက်ကို ရှင်ကြီး တကယ်ချလိုက်ပြီပေါ့။

ချစ်ကိုဆိုတဲ့ အမျိုးကောင်းသားလေးနဲ့ တကယ် ပေး
တော့မယ်ပေါ့။

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေရှေ့မှာ ညည်း ခေါင်းညိတ်ရမယ်နော်၊ အဲဒါ သူတို့ရပ်ကွက်ထဲက ဘုန်းကြီးကျောင်းမှာ မင်္ဂလာဆွမ်းကျွေး ဖို့လည်း သဘောတူထားပြီးသား၊ ယူပြီးတာနဲ့ ညည်းတို့နှစ်ယောက် င်းနီးစားသောက်လို့ရမယ့် လက်ဖွဲ့လည်း ငါက ပေးလိုက်မယ်၊ တက္ကစီကားလေးဖြစ်ဖြစ် စပေါ်တင်ပြီး ညည်းတို့ လုပ်စား"

ကျေးဖူးကြီးလိုက်တာ။

ဟား၊ ဟား။

သူများ တက္ကစီကားလေးကိုတောင် စပေါ်တင်ပြီး နိုင်းတို့က လုပ်စားရဦးမတဲ့။

ကျေးဇူးရှင်ကြီး။

သူတော်ကောင်းမကြီး။

"ညည်း၊ ညည်း ငါပြောတာ ကျေနပ်တယ်နော်"

"ကျေ၊ ကျေနပ်ပါတယ် အန်တီ"

"ငါက ညည်းမှာ မိဘတွေမရှိတော့ဘူးပြောထားလို့ ညည်း မိဘနေရာမှာ ငါကနေပြီး ပေးစားရမှာ၊ ဟွန်း"

ဒေါ်သွန်းသီရိကလည်း အကြံနဲ့။

နေ့လယ်ပိုင်း ထမင်းစားချိန်နားတော့ ချစ်ကိုဆိုတဲ့ မျက်နှာ ပ်စပ် လူတစ်ယောက်နဲ့ သူ့မိဘတွေ ရောက်လာသည်။ ဒီဘက်က သည်း ဦးသီလထွန်းအပါအဝင် ကုမ္ပဏီလူကြီး နှစ်ယောက်၊ သုံး ယောက်လောက်နဲ့။

အဟင်း၊ မဆိုးပါဘူး။

ဒေါ်သွန်းသီရိ ဧည့်ခံတာ ကော်ဖီကလေးနဲ့ မုန့်ကလေးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြီးကျယ်ခမ်းနားတဲ့ စေ့စပ်ပွဲ။

ချစ်ကိုဆိုတဲ့ မျက်နှာနီစပ်စပ်လူကြီးက နှိုင်းကိုကြည့် ထိုင်လို့မရ ထလို့မရ တကုန်းကုန်း တကွကွနဲ့ သဘောကျ သလောက် သူ့နောက်က လိုက်လာတဲ့ ကွမ်းတပျစ်ပျစ်နဲ့ လူကြီး ခပ်နွမ်းနွမ်းတိုက်ပုံကို ကော်လံတစ်ခြမ်းစောင်းတင်ကာ ဝတ် လျက်။ အမေနှင့်တူသောအဘွားကြီးတစ်ယောက်ကလည်း ဒေါ်သူ သိရိ ခုလို ပေးစားသဘောတူတာကိုပဲ ကျေးဇူးတင်လို့မဆုံး။

"ကျွန်မတို့သားလေးအတွက် ခုလိုစီစဉ်ပေးတာ ဝမ်း လွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး ကုမ္ပဏီဥက္ကဋ္ဌ ကြီးရယ်၊ ဒီလို သဘောထားတွေ အရမ်းကောင်းနေလို့လည်း ချမ်း တာပဲနေမှာ၊ ဟဲ့ ချစ်ကို၊ ကုမ္ပဏီဥက္ကဋ္ဌကြီးကို အခုတစ်ခါတ ကန်တော့လိုက်၊ ကန်တော့လိုက်ကြ"

"ဟင်း၊ ဟင်း"

ဒီစေ့စပ်ပွဲ ကတိုက်ကရိုက်လုပ်သွားတာကို ရင်ခွင်ည သိလိုက်ရချိန်မှာတော့–

"မာမီ လွန်တယ်ဗျာ"

"မာမီ မတရားဘူးဗျာ"

ကုမ္ပဏီကနေ အိမ်ကိုပြန်ရောက်လာချိန်မှာ ရင်ခွင်ည ပေါက်ကွဲနေတာ အကြီးအကျယ်ပါ။ သူ့ဝုန်းဒိုင်းကြဲနေတာနဲ့ ညှိ ဆက်တီခုံပေါ်က ကြွေပန်းအိုးလေးလည်း ကျကွဲသည်။ ဆက်တီ တွေ၊ တယ်လီဖုန်းတွေလည်း ဖရိုဖရဲဖြစ်သည်။

သို့သော် ကျလည်းမကွဲ၊ ဖရိုဖရဲလည်း မဖြစ်နိုင်တာ သူ့မာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သွန်းသီရိရဲ့ နှုတ်ခမ်းတွေပေါ်က အနားသတ်မညီသော စုတ်ချက် တစ်ခုရဲ့ တွန့်မဲ့မဲ့ အပြုံးတစ်ခုသာဖြစ်သည်။

"အဟွန်း၊ မာမီ့ကို ကျွန်တော် တစ်ခုပဲပြောမယ် မာမီ၊ မာမီ ခုလို အနိုင်းမဲ့ကို အတင်းအကျပ် ယောက်ျားပေးစားဖို့ စီစဉ် လိုက်တာကို ကုမ္ပဏီဝန်ထမ်းတွေအားလုံးက မာမီ့ဘက်ကနေ ဝိုင်း လက်ခုပ်တီး အားပေးနေမယ်လို့ မာမီထင်ထားသလား၊ အခု လူတိုင်း က အနိုင်းမဲ့ဘက်မှာ ဖြစ်ကုန်ကြပြီလေ၊ အနိုင်းမဲ့လို ချစ်ဖို့ကောင်းတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်ကိုလိုကောင်နဲ့မှ ပေးစားရမလား ဆိုပြီး အကုန်လုံးက မာမီ့ကို မုန်းကုန်ကြပြီဗျ"

"ဟွန်း၊ ဒါကို ငါက ဂရုစိုက်နေရမှာလား"

မျက်လုံးကိုလည်း ပြူးသည်။ မျက်နှာကိုလည်း မဲ့သည်။

"အခုလည်း ကုမ္ပဏီအစည်းအဝေးခန်းမကြီးရဲ့ ကြမ်းပြင် တွေအားလုံးကို ဘယ်သူ့ကိုမှ အပေါ်တက်ခွင့်မပေးဘဲ အနိုင်းမဲ့ တစ်ယောက်တည်းကိုပဲ လက်နဲ့တိုက်ခိုင်းခဲ့တာ၊ ဒီကောင်မလေးကို မာမီ နိုင်နေပြီလို့ ထင်ထားသလား၊ လူတစ်ယောက်ရဲ့ အနာဂတ် အိပ်မက်နဲ့ သူ့ရဲ့မျှော်လင့်ချက်တွေကို မာမီတစ်ယောက်တည်း စိတ်ကြိုက်ရေးဆွဲပြဋ္ဌာန်းခွင့် မရှိဘူး မာမီ"

"မင်း၊ မင်း ဘာမှဝင်ပြောနေစရာမလိုဘူး ရင်ခွင်ညီ"

"ဟာ၊ ကျွန်တော် မပြောလို့ဖြစ်မလား၊ အခုလည်း အစည်း အဝေးခန်းထဲမှာ မျက်ရည်ဝဲဝဲလေးနဲ့ သူတစ်ယောက်တည်း ငိုပြီး တော့ ကျန်ခဲ့ရတယ်"

ရင်ခွင်ညီ စိတ်မကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟား၊ ဟား၊ မာမီလုပ်နေတာတွေကို မင်း ဘာမှမသိဘဲနဲ့ ဝင်မပြောနဲ့လေ ရင်ခွင်ညီရဲ့၊ အခု မာမီ ယောက်ျားပေးစားဖို့ စီစဉ်လိုက်တဲ့ အနိုင်းမဲ့ဆိုတာ မာမီ့အိမ်ကနေ ထွက်ပြေးပျောက်ဆုံးသွားတဲ့ ဦးနိုင်သိခ်ရဲ့သမီး အရိပ်စစ်လေ"

"ဟင်"

ဒါကို မာမီတောင် သိနေခဲ့ပြီ။

"မာမီ တစ်ခါတုန်းက အရမ်းမုန်းခဲ့တဲ့ မြင့်လွန်းမေရဲ့ သမီး"

"အဟင်း၊ ကျွန်တော် သိတာပေါ့ မာမီ၊ ဒါကို ကျွန်တော် သိနေခဲ့လို့လည်း အနိုင်းမဲ့ကို ကျွန်တော် လက်ထပ်ချင်နေတာပေါ့၊ အခုဆိုရင် သူ ဘယ်လောက်သနားဖို့ကောင်းသလဲ၊ သူ့အမေ ဒေါ်မြင့်လွန်းမေကို ကျောင်းသားဘဝက ရန်ငြိုးရန်စတွေကြောင့် မာမီပြိုင်လို့မနိုင်ခဲ့တာတစ်ခုတည်းနဲ့ ဒီကောင်မလေးကို အနိုင်ယူခဲ့တာ မာမီ လုံးဝမှားတယ်၊ အဖေ အမေမရှိတော့တဲ့ ဒီကောင်မလေးကို စောင့်ရှောက်ရမယ့်တာဝန် ကျွန်တော်တို့မှာ ရှိနေတယ်"

"ဘာပြောတယ်ကွ၊ မင်းက အရိပ်စစ်ကို စောင့်ရှောက်ချင်တယ် ဟုတ်လား၊ ဟား၊ ဟား၊ ဒီကောင်မလေး မာမီ့ကို ဒုက္ခပေးမယ့်ပြန်လာတာ၊ သူ မာမီ့ကို အရမ်းမုန်းနေတာ၊ အဲဒါ မင်း သိရဲ့လား ရင်ခွင်ညီ၊ သူ့ကို မာမီတို့အသိုင်းအဝိုင်းကနေ ပညာသားပါပါ ပထုတ်ပစ်ရမယ်၊ ချစ်ကိုနဲ့ပေးစားပြီး အဝေးကို ရောက်သွားအောင် လုပ်ပစ်ရမယ်၊ ဒါပဲ၊ ဒါကို ဖျက်လိုဖျက်ဆီး မင်း မလုပ်ချင်စမ်းနဲ့"

"ဗျာ"

သူ့မာမီကို ရင်ခွင်ညီ တအံ့တသြ လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မင်း အမြဲမှတ်ထားရမှာက မာမီဟာ ဘယ်သူနဲ့ ပြိုင်ပြိုင် ကိုယ်နိုင်ရမှ ကျေနပ်တတ်တဲ့မိန်းမ"

ဒေါ်သွန်းသီရိကလည်း တစ်ခွန်းတည်းပြော၏။

ကြည့်ပါဦး။ အနှိုင်းမဲ့ကိစ္စကို မကျေနပ်လို့ သားတော်မောင်က ပြောနေတာ။ အခုလည်း ရဲပဒေါင်းခတ်နေတဲ့ မျက်နှာကလေးနဲ့ အိမ်ကိုပြန်ရောက်လာပြီး သူမကို အပြစ်တင်နေတာပဲ ဖြစ်သည်။

သူ ဘယ်လိုပဲပြောပြော ဒေါ်သွန်းသီရိကတော့ လုပ်စရာရှိတာတွေ အကုန်ဆက်လုပ်သွားဖို့ ရိုက်ခတ်ည်ကို အတိအကျတာဝန်ပေးပြီးသား။

ချစ်ကိုကလည်း ကုမ္ပဏီထဲမှာ အနှိုင်းမဲ့ကို မြင်ကတည်းက သဘောကျနေတာတဲ့လေ။ ကလေးတစ်ယောက်အမေဆိုတာ ကျိန်တွယ်ပြောရင်တောင် မယုံနိုင်လို့တဲ့။

ကုမ္ပဏီမှာတော့ ကိုယ့်အမိန့်နဲ့ ကိုယ့်ဆန္ဒကို ဘယ်သူက ဆန့်ကျင်ရဲမှာလဲ။

တစ်ခုခက်နေတာက မိမိ မနိုင်တာ ရင်ခွင်ညီ။

ခုလည်း မအေကို ပြန်ကြည့်နေတာ မကျေမနပ်နဲ့။

ဒါပေမဲ့ သားရင်ခွင်ညီကိုတော့ ဒေါ်သွန်းသီရိ အပြစ်မတင်ရက်ပါ။ မေမေ့အသည်းနှလုံးထဲမှာ ထာဝရနေရာယူထားတဲ့ သားကလေးပဲ။ မေမေ့ရဲ့ အမြင့်ဆုံးအိပ်မက်တွေကို အကောင်အထည်ဖော် ထုဆစ်ပေးမယ့် သားကလေးပဲ။

သူ့ကို ခေတ်လည်းမီသလောက် ထက်ထက်မြက်မြက် သွက်သွက်လက်လက်နှင့် ကုမ္ပဏီလုပ်ငန်းတွေကို ဦးဆောင်လှုပ်ရှားနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မေ့ပါနိုင်နဲ့ပဲ သဘောတူထားတာ။ ဒါကို ဒေါ်သွန်းသီရိကိုယ်တိုင် မေ့ပါနိုင်နဲ့ Phone ထဲမှာလည်း ဆွေးနွေးခဲ့ကြပြီးပြီ။

ဦးသီလထွန်း အပါအဝင် ကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်တွေ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ရှယ်ယာရှင်တွေ၊ အရေးပေါ်အစည်းအဝေးလု ပြီး ကုမ္ပဏီရှယ်ယာ ခြောက်ဆယ်ရာနှုန်းကို ပေးဝင်ခွင့်ပြုခဲ့ရတာ သားကလေးသိရင်တောင် မအေကို အပြစ်တင်လေမလား။

မေ့ပါနိုင်ရဲ့ Three Flower ကုမ္ပဏီက စီးပွားရေးလုပ်ငန်း တွေမှာ ပြိုင်ဆိုင်ပြီး နှိပ်စက်လိုက်လို့ ကုမ္ပဏီ ဒေဝါလီခံရတော့မယ့် ဆဲမှာ မေ့ပါနိုင်ကို ဒေါ်သွန်းသီရိကိုယ်တိုင် ဒူးထောက်အရှုံးပေးလိုက် ရတာပါ။

ဒေါ်သွန်းသီရိရဲ့ ရှိသမျှခြံတွေ၊ တိုက်တွေ၊ ကားတွေ လုပ်ငန်းတွေအားလုံး မေ့ပါနိုင်ရဲ့ Three Flower ကုမ္ပဏီမှာ အိုးကျွတ်ခွက်ကျွတ် အပေါင်ထားပြီး ကုမ္ပဏီမှာ ရှယ်ယာပြန်ထည့် ခဲ့တာတောင်မှ မိမိပိုင်ဆိုင်တာ ဆယ့်ငါးရာခိုင်နှုန်းသာ ရှိတော့သည် လေ။

ဒါကို သားရင်ခွင်ညီ သိသွားခဲ့လျှင်တောင် ဘယ်လောက် စိတ်ဆင်းရဲသွားလိုက်လေမလဲ။ ကိုယ့်ဆုံးဖြတ်ချက်အမှားတွေကြောင့် ကုမ္ပဏီထိခိုက်ဆုံးရှုံးသွားခဲ့ရသမျှတွေအားလုံး ကိုယ်ပဲ တာဝန်ခံ ရတာဆိုတော့ ရှိရှိ၊ မရှိရှိ၊ ရှိတာအကုန်ရောင်းပြီး ကိုယ်ပဲ စိုက်ထုတ် တော့ပေါ့။

ကုမ္ပဏီမှာ ဟန်ဆောင်တင်းထားခဲ့သမျှ ဦးသီလထွန်း တွေ့မှ မျက်ရည်ကျခဲ့ရတာတွေ၊ မိမိရဲ့ တစ်ယူသန် ဘဝစ်ဖွတ်ထိုးဆ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဆုံးဖြတ်ချက်အများတွေကြောင့် ကုမ္ပဏီထိခိုက်နစ်နာရတာတွေ၊ ထောင်ထဲမရောက်အောင် ထိန်းသိမ်းနိုင်ခဲ့တာတွေအားလုံးဟာ မေ့ပါနိုင်က လိုအပ်သမျှ ရှုယ်ယာတွေထည့်ဝင်ပြီး ကုမ္ပဏီကို ဟန်မပျက် ထိန်းပေးလိုက်လို့သာပါ။

သို့သော် ဒေါ်သွန်းသီရိ လိုချင်တာ ဒါတစ်ခုတည်း မဟုတ်။

မေ့ပါနိုင်ဆိုတဲ့ သန်းကြွယ် ကုဋေကြွယ် သူဌေးမလေး တစ်ယောက်ကို သားကလေးရင်ခွင်ညီနဲ့ နီးနီးစပ်စပ်ကလေးဖြစ်သွား စေချင်သည့်ဆန္ဒ။ သူတို့နှစ်ယောက်သာ အဆင်ပြေသွားခဲ့လျှင် ကမ္ဘာ ကိုလည်း ဒေါ်သွန်းသီရိ ပတ်နိုင်ပြီ။

မိမိကို ငွေမက်တယ်ပြောပြော အတ္တကြီးတယ်ဆိုဆို ငွေ ဆိုတာ အရာရာကို ဖန်ဆင်းနိုင်တဲ့ တန်ခိုးရှင်ပဲ။

ဒါကို သားကလေး ရင်ခွင်ညီ နားလည်သဘောပေါက်ပြီး တော့ ခေါင်းညိတ်လာအောင် ဦးသီလထွန်းနဲ့တိုင်ပင်ပြီး အစီအစဉ် လေးတစ်ခု ရေးဆွဲရတော့မှာပေါ့။

ဘာပဲပြောပြော ခုချိန်မှာ ရင်ခွင်ညီကတော့ ခံစားနေရဆဲပါ။

အရိပ်စစ်တစ်ဖြစ်လဲ အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးဟာ မာမီ့ ကို မုန်းခဲ့တာမှန်ပေမယ့် ခုထိတော့ မာမီ နှိပ်စက်အနိုင်ကျင့်သမျှကို ခေါင်းငုံ့အရှုံးပေးနေရဆဲလေ။ ချစ်ကိုနဲ့ စေ့စပ်ပေးစားတာကိုလည်း သူမက လက်ခံခဲ့သတဲ့။

မာမီပြန်ထွက်သွားချိန်မှာ အစည်းအဝေးခန်းမကြီးကို ရင်ခွင် ညီ ရောက်သွားတော့ မျက်ရည်ဝဲဝဲလေးနဲ့ ကြမ်းတိုက်နေတဲ့ အနှိုင်းမဲ့ ကို သူတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... နှိုင်း"

နှိုင်းကိုကြည့်ကာ သူ့ရင်နင့်သွားခဲ့ရ၏။

"မင်း၊ မင်းတစ်ယောက်တည်း ဟုတ်လား"

ကြမ်းတိုက်စက်မပါဘဲ အဝတ်စုတ်ကလေးနဲ့ ခေါင်းကလေးငုံ့ကာ တစ်ယောက်တည်း ကြမ်းတိုက်နေရတဲ့ အနှိုင်းမဲ့။ သူ့ကို ဖျတ်ခနဲမော့ကြည့်လိုက်ချိန်မှာတော့ နှိုင်းရဲ့ မျက်ဝန်းကလေးတွေထဲမှာ မျက်ရည်စလေးတွေက ဝဲလို့ပေါ့။

ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။

ဒီနေ့ ကုမ္ပဏီမှာရှိတဲ့ ဗီရိုဟောင်းကြီးတစ်ခုကို ဖွင့်ချလိုက်တော့ ဗီရိုထဲက ထွက်ကျလာတာ ကုမ္ပဏီရဲ့ မှတ်တမ်းဟောင်းဓာတ်ပုံ File ကလေး။

မိုးတိမ်နန်းတော်ကုမ္ပဏီဖွင့်ပွဲ အခမ်းအနားဓာတ်ပုံတွေ။

ဦးနိုင်သိခ်နဲ့ ဒေါ်မြင့်လွန်းမေတို့နှစ်ယောက်က ပိုးပဝါလေးတွေ၊ ပိုးတိုက်ပုံတွေနဲ့ တခမ်းတနားဝန်းရံပေးထားပြီး အလယ်မှာတော့ ကိုးနှစ်သမီးအရွယ် အရိုပ်စစ်ဆိုတဲ့ ကောင်မလေးက ကြက်သွေးရောင် ဂါဝန်ဖားဖားရှည်ရှည်လေးဝတ်လို့ မိုးတိမ်နန်းတော်ကုမ္ပဏီကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးနေတာ။

သူ အသေအချာကြည့်လိုက်တော့–

ကုမ္ပဏီအဆောက်အအုံကြီးက လက်ရှိ မဟာကုမ္ပဏီကုမ္ပဏီနဲ့ စူပါမားကက်ကြီး ဖွင့်ထားတဲ့ အဆောက်အအုံကြီးဖြစ်နေတာလေ ဒါကိုကြည့်ပြီး အထိတ်တလန့်နဲ့ သူ့ရင်ထဲမှာ နင့်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကြည့်ပါဦး။

ထိုကုမ္ပဏီ အဆောက်အအုံကြီးကို ဖဲကြိုးဖြတ်ပြီး တခမ်းတနားဖွင့်ပေးခဲ့တဲ့ အရိုပ်စစ်ဆိုသော ကောင်မလေးတစ်ယောက်ဟာ ခုတော့လည်း ကုမ္ပဏီကြီးမှာ ဖုန်သုတ်၊ ကြမ်းတိုက်၊ သန့်ရှင်းရေးလုပ်ရတဲ့ ကောင်မလေးတစ်ယောက်တဲ့လား။

ဒီလိုဘဝကို ရောက်ခဲ့လို့ မာမီ့ကို အသေမုန်းခဲ့ရတယ်တဲ့လား။ မယုံနိုင်စရာကောင်းတဲ့ အဖြစ်အပျက်တွေ။

ထိုဓာတ်ပုံလေးကိုကြည့်ကာ ရင်ခွင်ညီပင် မျက်ရည်ကျခဲ့ရတဲ့အဖြစ်။

နှိုင်း သူ့ကို မော့ကြည့်မိသည်။

"ရပါတယ် ရင်ခွင်ညီ၊ ဒါဟာ ကျွန်မရင်ဆိုင်ရမယ့် ဘဝပါ၊ ရှင် ကျွန်မကို မသနားပါနဲ့"

မျက်ရည်ဝဲဝဲလေးနဲ့ သူ့ကိုမော့ကြည့်ကာ နှိုင်း ပြောမိ၏။

"ဒီမှာ မင်းနဲ့ ချစ်ကိုကို လူကြီးတွေရှေ့မှာ ပေးစားဖို့ စေ့စပ်လိုက်ပြီဆို၊ ဒါကို မင်း ဘာဖြစ်လို့ အလွယ်တကူ ခေါင်းညိတ်လက်ခံလိုက်ရတာလဲ၊ ငါသဘောမတူဘူး၊ လုံးဝကန့်ကွက်တယ် သိလား၊ ကုမ္ပဏီတစ်ခုလုံးမှာလည်း ဒီကိစ္စကို ဝေဖန်ကုန်ကြပြီ"

"အဟင်း၊ ဒီလို လက်ခံလိုက်မှ ရှင့်မာမီ ရက်စက်တာကို လူတိုင်းက သိခွင့်ရသွားမှာလေ ရင်ခွင်ညီရဲ့၊ ရှင့်မာမီ ရက်စက်တာကို သိမှ လူတိုင်းက ကျွန်မဘက်ကိုပါလာမှာ၊ ရှင့်မာမီနဲ့ပတ်သက်ပြီး ကျွန်မလိုချင်တာ မေတ္တာတရားရဲ့ လက်ခုပ်သံတွေပဲ၊ အဲဒါကို ကြား ရရင် ကျွန်မ ကျေနပ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း"

နှုတ်ခမ်းမဲ့မဲ့လေးနှင့်ပြုံးရင်း ရင်ခွင်ညီ ပြန်လာခဲ့တာ မာမီ့ဆီကိုပါ။

"ဒီမှာ ရင်ခွင်ညီ၊ မင်းက မင်းခံစားချက်နဲ့ မင်းပြဿနာကို ရှေ့တန်းတင်ဖြေရှင်းချင်နေတာ၊ မာမီ့ခံစားချက်နဲ့ မာမီရင်ဆိုင်နေရတဲ့ ပြဿနာအခက်အခဲတွေကိုကျတော့ ဖြေရှင်းပေးဖို့ မင်းစိတ်မဝင်စားဘူးမဟုတ်လား။ မာမီ့ကုမ္ပဏီမှာ အမြတ်အစွန်းတွေ တစ်လျှောက်ကြီးနဲ့ ခရီးဆက်နေတယ်လို့ မင်းက ထင်ထားလို့လား။ ဒီဘက်နှစ်မှာ ကုမ္ပဏီခွက်ခွက်လန်အောင် အရှုံးပြသွားလို့ မာမီ ချမ်းသာခဲ့သမျှတွေလည်း ကုန်ပြီ"

"ဗျာ"

ရင်ခွင်ညီ စိတ်အထိခိုက်ရဆုံး စကား။

မယုံနိုင်သည့် စိတ်တွေနှင့်လည်း မာမီ့မျက်နှာကို အထိတ်တလန့် လှည့်ကြည့်မိ၏။ မာမီ တကယ်ပြောနေပါလားဆိုတာ သိတော့ စိတ်ကို လျှော့ပစ်သည်။

"အခု မာမီ့ဒုက္ခတွေကို ကယ်ထားတာ မေ့ပါနိုင်က ကယ်ထားတာ။ အခု မာမီတို့ကုမ္ပဏီမှာ သူလိုချင်တဲ့ ရှယ်ယာခြောက်ဆယ် ရာနှုန်းကို ပေးဝင်လိုက်ရပြီလေ"

ကြားလိုက်ရသမျှစကားတိုင်း ဘာတစ်ခုမှ ယုံနိုင်စရာ မရှိပါ။

ဒါတွေအားလုံး အမှန်တရားဆိုတာကို သက်သေခံနေတာလည်း မာမီ့မျက်ဝန်းတွေပဲဖြစ်သည်။ ဟိုတုန်းက ရှယ်ယာတွေဝင်ခွင့်ပေးဖို့ မာနတွေ၊ အတ္တတွေနဲ့ ခါးခါးသီးသီးငြင်းဆန်ခဲ့သလောက်



www.burmeseclassic.com

www.burmeseclassic.com



ကာယ်တံမ်း ကျဆုံးလာရပြီတော့လည်း မီးနှင့်တွေ့သည့် ဖယောင်း
င်ကလေးပမာ။

မာမို့မျက်နှာက အိုစာလွန်းလှသည်။

"မာ... မာမီ ဒါတွေအားလုံးဖြစ်သွားတာ ကျွန်တော့်ကို
ာလို့ဖွင့်မပြောခဲ့တာလဲ၊ အခု ကုန်သွားတဲ့ မာမီ့စည်းစိမ်တွေထဲမှာ
ဦနဲ့ တိုက်ရော ပါသလား"

"ပါတာပေါ့၊ ခြံကလည်း အငှား၊ စီးနေတဲ့ကားကလည်း
ငှား"

"ဗျာ"

လက်သီးချက်ပြင်းပြင်းလေးတစ်ချက်နှင့် အထိုးခံလိုက်
သလို တစ်ကိုယ်လုံး ယိုင်နဲ့နာကျင်သွားရ၏။

"ဒါကြောင့်မို့ မင်းကို မာမီပြောနေတာ၊ မာမို့ရဲ့ တစ်ခုတည်း
ာထွက်ပေါက်က မေ့ပါနိုင်ပဲ၊ မာမို့ကို သနားပါ ရင်ခွင်ညီ၊ မေ့ပါ
င်ကို လက်ထပ်ဖို့ မင်း ဆုံးဖြတ်ပေးပါ၊ မာမီကိုယ်တိုင် မေ့ပါနိုင်နဲ့
one ထဲမှာ ဆွေးနွေးပြီးသွားပြီ"

"ဘယ်၊ ဘယ်လို မာမီ"

"လူချင်းတွေ့တဲ့နေ့မှာ အဖြေပေးရတော့မယ်လေ"

ပင့်ကော့သွားရသည့် သူ့မျက်တောင်ဖျားတွေပေါ်မှာ မျှော်လင့်
က်တွေ ဘာမှမရှိတော့ပါ။ သူ လုံးဝကြည့်လို့မရခဲ့သော မေ့ပါနိုင်
ဲ့ ကောင်မလေးတစ်ယောက်ဟာ သူ သေချာပေါက် လက်ထပ်
ရလိုက်ရတော့မယ့် ကောင်မလေးတစ်ယောက် ဖြစ်လာခဲ့ပြီတဲ့လား။

❀ ❀ ❀

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်သုံး)

"ဒေါ်သွန်းသီရိနဲ့ စကားပြောချင်လို့ပါ"

"အို အခုပြောနေတာ ဘယ်သူလဲဟင်၊ နိုင်လေးလား မေ့ပါနိုင်လေးလား"

"အို... အန်တီက နိုင်လေးအသံကိုတောင် မမှတ်မိတော့ဘူးလား"

"အို... မေ့ပါနိုင်လေးရယ်၊ အန်တီ့စိတ်တွေ ခုတလော အရမ်းယောက်ယက်ခတ်နေလို့ အသံကို မမှတ်မိသလိုဖြစ်သွားတာပါ၊ အန်တီ့ကို ခွင့်လွှတ်ပါနော်၊ အခု မေ့ပါနိုင်လေး ဘယ်က Phone ပြောနေတာလဲဟင်၊ Singapore ကလား၊ Bangkok ကလား"

"Game City ထဲနေ စကားပြောနေတာ အန်တီရဲ့"

"အမလေး Game City ဟုတ်လား"

ဒေါ်သွန်းသီရိ ပျာယာခတ်နေတာက တရားခွင့်သည်

"နိုင်လေး ပျင်းလို့ Game City မှာ အပျင်းပြေ Gam



www.burmeseclassic.com

www.burmeseclassic.com



နေတာလေ အန်တီ၊ အဲဒါလေ Game ဆော့တာ အရမ်းရယ်
ယ် သိလား။ ပါသွားသမျှ အကုန်ရှုံးပဲ၊ အဲဒါ အန်တီ့ကို သတိရလို့
me ကောက်ဆက်လိုက်တာ''

"အို... မေ့ပါနိုင်လေးက အန်တီ့ကိုသတိရတယ်၊ ဟင်း...
း... ကျေးဇူးတင်လိုက်တာ မေ့ပါနိုင်လေးရယ်၊ နေ့လယ်က
း မေ့ပါနိုင်လေး လွှတ်လိုက်တဲ့ ကုမ္ပဏီကိုယ်စားလှယ် မေယွန်း
က်ထဲကို ရှယ်ယာစာချုပ်တွေနဲ့ ကုမ္ပဏီစာရွက်စာတမ်းတွေ
လုံး အန်တီ တစ်ခုမကျန် အကုန်လွှဲပေးလိုက်ပြီနော်''

ဒေါ်သွန်းသီရိ Phone ပြောတာ အသံတွေလည်း တုန်နေ
ည်။

မေ့ပါနိုင် Phone ဆက်လို့ ထခုန်တော့မတတ်လည်း ပျော်
နေ။

"ဟာ၊ အဲဒီစာရွက်စာတမ်းလောက်က No Problem ပါ
တီ''

"အမလေး၊ အမလေး၊ မလုပ်ပါနဲ့ မေ့ပါနိုင်လေးရယ်၊
ါနိုင်လေး အရမ်းချမ်းသာတာ အန်တီ သိပါတယ်၊ မေ့ပါနိုင်
ရဲ့ အဘွားက Three Flower မှာ ရှယ်ယာတစ်စုထည့်ထားတာ
ယ်၊ နည်းတာမှ မဟုတ်တာ၊ ဟင်း... ဟင်း...''

"ဘွားက နိုင်လေးကို အရမ်းချစ်တာ အန်တီရဲ့''

"အို... သိတယ်၊ သိတယ်၊ မေယွန်းပြောလို့ အားလုံး
တီသိတယ်''

"အရေးကြီးတာ အန်တီ Smart ဖြစ်ဖို့ပါ၊ အခုရော အန်တီ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဘာတွေလိုသေးလဲ နိုင်လေး ဘာတွေထပ်ကူညီ ပေး မလဲ''

''ဟာ… မလိုဘူး၊ မလိုတော့ဘူး၊ အန်တီ့ကို ဒီလိုကူ တာ အန်တီ အရမ်းကျေးဇူးတင်တယ်၊ နိုင်လေးနဲ့ အန်တီလည်း တစ်နေရာရာမှာချိန်းပြီး လူချင်းတွေ့ကြမယ်လေ''

''တွေ့မှာပါ အန်တီရယ်၊ တွေ့မှာပါ၊ အန်တီနဲ့ လူ မတွေ့လို့ ဘယ်ဖြစ်ပါ့မလဲ''

''အန်… အန်တီလေ''

''ဟင်… ဘာဖြစ်လဲ၊ ပြောလေ''

''အန်တီ အခု အရမ်းအားငယ်နေတယ် မေ့ပါနိုင်ေ ရယ်''

''အို… ဘာအားငယ်စရာရှိလို့လဲ အန်တီရဲ့၊ ဘာလဲ အန် က ရုပ်ယာစည်းကမ်းသတ်မှတ်ချက်အပိုဒ် Thirty မှာပါတဲ့ အခ ကိုတွေးပြီး အားငယ်နေတာလား၊ ရုပ်ယာအများဆုံးထည့် သ ကုမ္ပဏီဥက္ကဋ္ဌတာဝန်ကို ယူရမယ်ဆိုတာလေ၊ ဒါဆို အန်တီ ထိ သွားပြီပေါ့''

''အို မထိခိုက်ပါဘူး၊ မထိခိုက်ပါဘူး''

''အန်တီ OK တယ်နော်''

''OK, OK''

''အဟင့်၊ မေ့ပါနိုင်ကတော့လေ မဟာကုဋ္ဌေကုမ္ပဏီ ကြီးမှာ လိုချင်တဲ့ရုပ်ယာတွေ ထည့်ခွင့်ရလို့ ပျော်နေတာ၊ အန်တီ ရော ကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်တွေရော ရုပ်ယာရှင်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်နေတာ အန်တီ၊ ကျွတ်… မေ့လို့ အန်တီရေ၊ မေ့လို့၊ မေ့လို့၊ မေ့ပါနိုင် ကျေးဇူးတင်ရမယ့်သူတွေထဲမှာ ရင်ခွင်ညီလည်း ပါတယ်လေ အန်တီရဲ့၊ ဟင်း၊ ဟင်း"

"အို… ကြည့်စမ်း၊ မေ့ပါနိုင်လေးက သားကို သတိရတယ်၊ ဟုတ်လား၊ အခု အန်တီ့သား ရင်ခွင်ညီ အန်တီ့အနားမှာ ရှိတယ်လေ၊ သူနဲ့ Phone ပြောမလား"

"ဟာ… ပြောမှာပေါ့"

အမလေးနော်… မေ့ပါနိုင်က သားနဲ့ပြောမတဲ့။

ဒါ ဘုရားမတား။ နတ်တွေ သိကြားတွေက စောင့်ရှောက်လို့ ရင်ခွင်ညီနဲ့ ဖူးစာလာဆုံရတာ။ ဒီလောက်ဝေးတဲ့ ကနေဒါကနေလာတဲ့ ဂုဏ်ထူးဆောင်ကုမ္ပဏီ ဒါရိုက်တာမလေးတစ်ယောက်ကို ဒီလို နတ်သိကြားတွေက ဖန်ဆင်းမပေးရင် ဘယ်လိုတွေ့ခွင့်ရမှာလဲ။

"သား ဒီမှာ မေ့ပါနိုင်က မင်းနဲ့ Phone ပြောမယ်တဲ့"

"ကျွတ်"

ရင်ခွင်ညီ မျက်နှာလေးမဲ့သွားသည်။

မာမီ လှမ်းပေးတဲ့ Phone ကိုလည်း မယူချင်ဘဲ ယူလိုက်ရ၏။

"ဟဲလို"

"ရင်ခွင်ညီလား"

"ဟုတ်တယ်၊ ငါ ရင်ခွင်ညီ"

"အို၊ You လေသံက မာလိုက်တာ၊ ဟိုတစ်ခါ Car



www.burmeseclassic.com

www.burmeseclassic.com



Accident ဖြစ်ပြီးကတည်းက You နဲ့ တို့ ပြန်မဆုံဖြစ်တော့
နော်၊ ဒီ Valentine Day မှာ You နဲ့ တို့ ဆုံကြမလား"

လုံးဝပေါ်တင်ပဲ။

ယဉ်ကျေးမှုဆိုတာတောင် ဒီမိန်းမ သိသေးရဲ့လား။

Phone ထဲက အသံကို နားထောင်ရင်း သူ နှုတ်ခမ်း
တွေကို မဲ့မိ၏။

"အဲဒီနေ့ကျရင် ငါ လုံးဝမအားဘူး မေ့ပါနိုင်"

"ဟင်၊ You ဘာတွေအလုပ်ရှုပ်နေလို့လဲ"

"ကုမ္ပဏီတစ်ခုလုံးက မင်းလက်ထဲကို ရောက်သွား
တော့ ရှယ်ယာရှင်တွေရဲ့ အထူးအစည်းအဝေးကို ကျင်းပရတော့
လေ၊ ငါတို့ အမှုဆောင်ဒါရိုက်တာတွေကလည်း ဥက္ကဋ္ဌအ
ရွေးချယ်ဖို့ ပြင်စရာရှိတာတွေ ပြင်ဆင်ရတော့မှာ၊ ငါ စိတ်မကော
ပါဘူး၊ မင်းမှာ အဖော်ရှိရင် အဲဒီအဖော်နဲ့ပဲ Valentine Day
ပျော်ရွှင်စွာဖြတ်သန်းလိုက်ကြပါ"

ရင်ခွင်ညီ ခပ်ပြတ်ပြတ်ပဲ ငြင်းပစ်လိုက်သည်။

"ဟာ၊ You က ဘယ်ဆိုးလို့လဲ၊ တို့မှာ ရည်းစားရှိ
သိချင်လို့ မေးလိုက်တာလား You ရဲ့ အဟွန်း တို့မှာ You
ကြိုးပို့ဖယ်ရီလုပ်စရာ မရှိဘူး"

"ဘာ"

ဒီစကားကိုတော့ မျက်ခုံးတန်းလေး ကျုံ့သွားအောင်
သူ အံ့ဩသွားသည်။

အနိုင်းမဲ့ကို ကားနဲ့ပြန်လိုက်ပို့တဲ့ တစ်ညနေ မေ့ပါနိုင် က



www.burmeseclassic.com

www.burmeseclassic.com



လေးက သူ့ကားကို ဘေးကနေ အတင်းယှဉ်လိုက်မောင်းပြီးမှ ကျော်တက်သွားတာပဲ။ ဒါကို တမင်ရည်ရွယ်ပြီး ခပ်ထေ့ထေ့လေး မေ့ပါနိုင်က ပြောလိုက်တာ။

"ခစ်၊ ခစ်၊ You ကောင်မလေးက ဆံပင်အရှည်ကြီးနဲ့ တကယ်လန်းတယ်နော်၊ ဘာလဲဟင် ရင်ခွင်ညီ၊ အဲဒါ You ရဲ့ Girl Friend လား၊ Crazy Girl လား"

"မင်း ဘယ်လိုထင်တာလဲ"

"Crazy Girl လို့ထင်တယ်"

"ဟုတ်တယ်၊ အဲဒါ Right ပဲ"

"အို ကြည့်စမ်း၊ You ကလည်း တို့လို ပွင့်ပွင့်လင်းလင်း ထဲကပါလား၊ You နဲ့ Phone တောင် မပြောဖူးသေးလို့လား မသိဘူး၊ အခု ပြောရတာ တို့ အရမ်းပျော်တယ်၊ You အကြောင်းကို တော့ အန်တီသွန်းက အမြဲပြောတယ်လေ၊ ကုမ္ပဏီမှာ ရှယ်ယာတွေ ဝင်ဖြစ်သွားတာလည်း You ကို စိတ်ဝင်စားလို့ ဝင်ဖြစ်သွားတာ၊ အမှန်အတိုင်းပြောရရင် You ကို Car Parking မှာ တစ်ခါတွေ့လိုက် ရကတည်းက You ကို ပိုင်ဆိုင်ချင်သွားတာ၊ You နဲ့ တို့ အိပ်မက် တွေ အတူတူမက်ပြီး အဲဒီအိပ်မက်တွေထဲမှာ လှပတဲ့ ပန်းချီကားလေး တစ်ချပ်ကို အတူတူရေးဆွဲကြမလား"

လုံးဝ Open Type ။

သူ လက်ဖျားခါသွား၏။

"ငါ မစဉ်းစားရသေးဘူး"

"ဟာ၊ အဲလိုလည်း မလုပ်နဲ့လေ You ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ၊ ဒါ နှလုံးသားနဲ့ပတ်သက်တဲ့ ရွေးချယ်မှုလေကွာ Shopping ထွက်ပြီး ကိုယ်လိုချင်တာကို ဆွဲခြင်းထဲကောက်ထည့် မရဘူး၊ နားလည်လား"

"ဟယ်... ကြည့်စမ်း၊ You က ဘယ်ဆိုးလို့လဲ၊ You မှာ နှလုံးသားနဲ့ပတ်သက်ပြီးတော့ Choice လုပ်စရာတွေ ရှိနေပြီထ တယ်၊ တို့ကတော့ ခပ်ရှင်းရှင်းပဲ၊ တို့ဘဝမှာ Choice လုပ်ရ အလုပ်ကို အမုန်းဆုံးပဲ၊ Choice လုပ်ယူမှ ရမယ့်ပစ္စည်းတစ်ခု ဘယ်တော့မှ စိတ်မဝင်စားဘူး၊ တို့လိုချင်တာ Choice လုပ်စရ မလိုအောင် နှစ်ခုမရှိနိုင်တဲ့ You လိုဒီဖိုင်းမျိုး"

"ကဲ၊ မင်း ပြောချင်တာ ဒါပဲလား"

သူ စကားဖြတ်ဖို့ ပြင်လိုက်သည်။

"နေဦး၊ တစ်ခုကျန်သေးတယ်၊ တို့လိုချင်တာ You ကို တို့ဘဝ တို့အနာဂတ် တို့မျှော်လင့်ချက်လေးထဲမှာ တစ်ထီး တစ်နန်း စံမြန်းခွင့်လေးပေးချင်တာ၊ ကဲ... ဒါပဲနော်၊ You၊ တို့ Phone ပိတ်လိုက်တော့မယ်၊ See You ဘိုင့်ဘိုင်"

"ဟွန်း"

ဒါကို မာမီက သူ့မျက်နှာကို အငမ်းမရမော့ကာကြည့်လျက်

"ဘာလဲဟင် သား၊ မေ့ပါနိုင် ဘာတွေပြောသွားလဲ"

"သူပြောတာတွေ ကျွန်တော် စိတ်မဝင်စားဘူး"

"ဘာ"

ဒေါ်သွန်းသီရိ မျက်နှာချက်ချင်းပျက်သွားသည်။

"မင်း၊ မင်း မာမီက လက်နဲ့ရေးထားတာကို ခြေနဲ့မဖျက်



www.burmeseclassic.com

www.burmeseclassic.com



ချင်နဲ့နော် ရင်ခွင်ညီ၊ မင်းနဲ့ မေ့ပါနိုင်ရဲ့ လက်ထပ်ပွဲကို အကြီးကျယ် ဆုံး အခမ်းနားဆုံးလုပ်ဖို့ မာမီ ပြင်ဆင်ပြီးနေပြီ၊ ဒါကို Phone ထဲမှာ ဆွေးနွေးပြီးတော့မှ မေ့ပါနိုင်က ကုမ္ပဏီရှယ်ယာတွေ ထည့်ပေး လိုက်တာ၊ ဒီမှာ မေ့ပါနိုင်ဆိုတာ စီးပွားရေးကို အကြီးအကျယ်လုပ် တတ်တဲ့ ကောင်မလေး၊ နိုင်ငံတကာကို လျှောက်သွားပြီး စီးပွားရေး လုပ်နေတာ၊ အခုတောင် သူဌေးကျွန်းမှာ ဖိမ်ခံဟိုတယ်တွေဆောက်ဖို့ လုပ်နေတာ၊ မင်းမာမီကို မျက်ရည်ကျအောင် မလုပ်ပါနဲ့၊ အနှိုင်းမဲ့ကို လည်း မင်း ခေါင်းထဲက မောင်းထုတ်လိုက်တော့"

ဒါ မာမီ လျှောက်မယ့်လမ်းလား။

ဒီလမ်းကိုလျှောက်ဖို့ မာမီ လမ်းဖောက်ခဲ့တာ။ အလိုရမ္မက် တွေ အတ္တတွေကြောင့်လား။ ရင်ခွင်ညီကတော့ ကိုယ်လျှောက်မယ့် လမ်းကို ခပ်ပြတ်ပြတ်ပဲ ရွေးချယ်ပြီးသားပါ။ မာမီ့ကို ကျောခိုင်းပြီး အိပ်ရာထဲဝင်ခဲ့ပေမယ့် ရုတ်တရက် အိပ်လို့မပျော်တာနဲ့ စာအုပ် တစ်အုပ်ကို ကောက်ကိုင်ကာ ဖတ်လိုက်မိသည်။

သို့သော် စာထဲကိုလည်း စိတ်က မရောက်ပါ။

သူ့မျက်ဝန်းထဲမှာ မြင်နေရတာက ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေရတဲ့ ကောင်မလေး။ ရိုက်ခတ်ညံ့ကလည်း နှိပ်စက် သည်။ မာမီ့အမိန့်ကိုနာခံပြီး အနှိုင်းမဲ့ကို အလွတ်မပေးဘဲ ယောကျ်ား ပေးစားဖို့ပဲ စိမ်ကိန်းဆွဲနေတော့တာ။

သူ့မရင်ထဲမှာ ဘယ်လောက်တောင် နာကျင်ခဲ့ရလေမလဲ။

အနှိုင်းမဲ့ရာ မင်းအတွက် ငါ တကယ်ခံစားရတယ် သိလား ကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်လည်း ဘာပြောရမှန်းမသိအောင် တွေဝေသွားခဲ့ပုံပင်။

နောက်မှ လှုပ်လှုပ်ရှားရှားကလေး ပြန်ထွက်လာတဲ့ အသံက။

"မင်း၊ မင်း အဲလိုလည်း မဆုံးဖြတ်နဲ့ဦးလေကွာ ရင်ခွင်ညီ၊ ကိုယ့်မာမီရဲ့ လက်ရှိအနေအထားက ရေဆူအမှတ်ကိုရောက်နေတာ၊ ပိုင်ဆိုင်သမျှဟာတွေအားလုံး စာချုပ်စာတမ်းတွေနဲ့ မေ့ပါနိုင်လက်ထဲမှာ၊ ပြီးတော့လည်း မင်းချစ်ပါတယ်ဆိုတဲ့ ကောင်မလေးက မင်းလက်ထပ်ခွင့်တောင်းတာကိုတောင် ငြင်းဆန်ပြီး ချစ်ကိုကိုကျတော့ ခေါင်းညိတ်သဘောတူလိုက်တာ၊ ငါကမေးတော့ မင်းမာမီ ဒေါ်သွန်းသီရိကို သူအရမ်းမုန်းလို့ မင်းကို လက်မခံတာတဲ့၊ ဒေါ်သွန်းသီရိကို မုန်းသလို မင်းကိုလည်း သူ တအားမုန်းတယ်တဲ့ကွာ"

"ဗျာ ဦးသီလထွန်း၊ သူက ကျွန်တော့်ကို အရမ်းမုန်းတယ်ဟုတ်လား"

"ဟာ… ဟော့ကောင်၊ မင်း ဘာကြောင်နေတာလဲ၊ မင်းကိုမုန်းလို့ ချစ်ကိုကို လက်ထပ်ဖို့ အနိုင်းမဲ့ကိုယ်တိုင် သဘောတူ ခေါင်းညိတ်ခဲ့တာလေ၊ ဒေါ်သွန်းသီရိကို ဘာကြောင့်အရမ်းမုန်းခဲ့ရတာလဲလို့ ငါကမေးတော့ နှုတ်ခမ်းလေးမဲ့ပြီး ပြုံးပဲ ပြုံးနေတယ်၊ တကယ်နားလည်ရခက်တဲ့ ကောင်မလေး၊ ပုံစံလေးကိုကြည့်လိုက်တော့လည်း သူ့မျက်ဝန်းလေးတွေက နာနာကျင်ကျင်လေးနဲ့ အေးတိအေးစက် မတုန်မလှုပ်လေး"

"ဟွန်း… ကျွန်တော် သိတယ်ဗျာ၊ ကျွန်တော်တို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ကို သူ ဘယ်လောက်ထိ မုန်းနေတယ်ဆိုတာ ကျွန်တော် အခု သိလိုက်ပါပြီ၊ ကျွန်တော် အခုပဲ ခင်ဗျားကို အဆုံးအဖြတ်ပေးလိုက်မယ်ဗျာ၊ အနှိုင်းမဲ့ဆိုတဲ့ကောင်မလေး ကျွန်တော့်ကို ဘယ်လောက်မုန်းမုန်း သူ့ကိုပဲ ကျွန်တော် ရအောင်လက်ထပ်မယ်၊ မေ့ပါနိုင်ကိုတော့ Sorry ပဲ၊ ကဲ... Good Night ဦးသီလထွန်း"

"ဟာ... ဟော့ကောင်"

ရင်ခွင်ညီ ဖုန်းချပစ်လိုက်ပြီ။

ပြီးတော့ နာကျင်စွာ အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

အနှိုင်းမဲ့ရာ။

မင်းက ငါ့ကို အရမ်းမုန်းနေခဲ့သတဲ့လား။

ဒီအမုန်းတွေနဲ့ ငါတို့သားအမိနှစ်ယောက်စလုံးကို မင်းက လက်စားချေတော့မယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်လေး)

"ဘာ၊ ဘာပြောတယ်၊ ညက ရင်ခွင်ညီ တစ်ညလုံးပျောက်သွားတာ အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးနဲ့ ခိုးရာလိုက်သွားတာ"

"ဟုတ်တယ် အန်တီသွန်း၊ အဖြစ်အပျက်တွေက မယုံနိုင်စရာကောင်းလောက်အောင် အရမ်းမြန်နေတော့ သီကျူးတို့လည်း တားဖို့ဆီးဖို့ အချိန်မရလိုက်တော့ဘူး၊ ညက ကုမ္ပဏီအလုပ်သိမ်းလို့ ပြန်တော့ နှိုင်းက သူ့ကလေးအတွက် နို့မှုန့်ဘူးလေးတောင် ဝယ်သွားသေးတယ်၊ နှိုင်းကလည်း ဒီလိုလုပ်မယ်ဆိုတာ သိထားပုံမရဘူး၊ အားလုံး အေးအေးဆေးဆေးပဲ၊ အဲဒါ နူးညံ့ပြောမှ သိရတာက နှိုင်းကို ရင်ခွင်ညီက ကားပေါ် အတင်းဆွဲတင်လို့ နှိုင်း ပါသွားတာတဲ့၊ အဲဒါလေ နှိုင်းအိမ်က အဒေါ်ကလည်း ညက နှိုင်း တစ်ညလုံး အိမ်ပြန်မလာလို့ဆိုပြီး ကလေးတစ်ယောက်နဲ့ နှိုင်းကို လိုက်ရှာတာ၊ ဒီမှာလေ အခု အန်တီသွန်းအခန်းဝမှာ ကလေးတစ်ယောက်နဲ့ ရပ်နေတာ နှိုင်း အဒေါ်ပဲ"

"ဘာရယ်"

ဒေါ်သွန်းသီရိ တစ်ကိုယ်လုံး အသားတွေတဆတ်ဆတ် တုန်ကာ အရှူးမီးဝိုင်း ခံစားလိုက်ရပြီ။ နှိုင်းအဒေါ်တဲ့။ သူ့ရဲ့ ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



ကို ကလေးတစ်ယောက်နဲ့ လိုက်လာသတဲ့။ ဒါဆို ရင်ခွင်ညီနဲ့ ကလေးတစ်ယောက်အမေ အန္တိုင်းမဲ့ လိုက်ပြေးသွားတဲ့သတင်းက ကုမ္ပဏီကြီးတစ်ခုလုံး Super Market ကြီးတစ်ခုလုံးမှာ အများပြော ရောသတင်းတစ်ပုဒ် ဖြစ်နေခဲ့ရပြီပေါ့။

"အဟင့်… ဟုတ်ပါတယ် ကုမ္ပဏီဥက္ကဋ္ဌကြီးရယ်၊ ညက အန္တိုင်းမဲ့ ပြန်မလာလို့ ကျွန်မ လိုက်ရှာနေတာပါ၊ ကလေးကလည်း နို့ဘူးမစို့ရလို့ ငိုနေတာ တစ်ညလုံးတောင် မအိပ်ပါဘူး။ ကျွန်မကို ကူညီပါနော် ကုမ္ပဏီဥက္ကဋ္ဌကြီး။ ကျွန်မတူမလေး အန္တိုင်းမဲ့ကို မတွေ့ တွေ့အောင် ပြန်ရှာပေးပါလို့"

"ဝါး"

"ဝါး"

ကလေးကလည်း တဝါးဝါးငိုသည်။

"ဟာ… ဒုက္ခပါပဲ၊ ရှင်၊ ရှင်တို့ နားမလည်ဘူးလားဟင်၊ ကျွန်မသား ကုမ္ပဏီအမှုဆောင်ဒါရိုက်တာ လူပျိုနုနုထွတ်ထွတ်က ရှင့်တူမ ကလေးတစ်ယောက်အမေကို ဘယ်သူက ခိုးပြေးမှာလဲ၊ ရှင့်တူမ ပြန်မလာတာ အခြားကလေကဝတွေနဲ့ လိုက်ပြေးသွားလို့ ပြန်မလာတာပဲနေမှာ၊ ရှင်တို့ကုမ္ပဏီမှာ လာပြီး ကျွန်မသား သူဟာ သူ အလည်လွန်ပြီး ပြန်မလာတာကို မဦးမချွတ်တွေလျှောက်ပြော ပြီး သိက္ခာချဖို့တော့ မကြိုးစားနဲ့၊ ရှင်တို့အားလုံးကို အသရေဖျက်မှု နဲ့ ကျွန်မ တရားစွဲမယ်၊ ရှင် အခု ကျွန်မအခန်းထဲကနေ ထွက် သွား"

ဒေါ်သွန်းသီရိ မောင်းထုတ်နေပြီ။

ပြီးတော့ ထိုင်ခုံစားပွဲကနေ ဒေါ်သတကြီးထလာသည်။

သွားပြောမိတဲ့ သိကျူးပင် အခန်းထဲမှာ ဘာလုပ်ရမှန်းမသိ အောင် တောင့်တောင့်လေးရပ်လျှက်။ သတင်းက အတိအကျပြောလေ



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းရေးဌာန တာဝန်ခံ ဒေါ်မဥ္ဇူဆီကို နှိုင်းကိုယ်တိုင် ဖုန်းဆက်ပြောသွားလို့ ဒီသတင်းက ကုမ္ပဏီမှာ ချက်ချင်းပြန့်သွားခဲ့တာပါ။

ဒါကိုတောင် မဖြစ်နိုင်ပါဘူးပြောပြီး အရူးမီးဝိုင်းငြင်းနေတာ ဒေါ်သွန်းသီရိပဲပေါ့။ သူလည်း ဣန္ဒြေမဆည်နိုင်အောင် ပေါက်ကွဲနေရလျက်။

"အဟင့်၊ ကျွန်မ ထွက်မသွားနိုင်ပါဘူး ကုမ္ပဏီဥက္ကဋ္ဌကြီး အခု ခိုးပြေးသွားတာ ကုမ္ပဏီဥက္ကဋ္ဌကြီးရဲ့ သားကိုယ်တိုင်က ကားပေါ်ကို အတင်းဆွဲတင်ပြီး ခိုးပြေးသွားတာ၊ ဒီကုမ္ပဏီက လူတွေအားလုံးလည်း သိနေပါပြီ"

"ဘုရားရေ၊ ဒီကလူတွေအားလုံးတောင် သိနေပြီ၊ ဟုတ်လား"

"ဟုတ်၊ ဟုတ်ပါတယ် အန်တီသွန်း၊ အခုတောင် မမရိုက်ခတ်ညံ့ နှိုင်းတို့နှစ်ယောက် ရှိနေတဲ့နေရာကို လိုက်သွားပါတယ် ဦးသီလထွန်းလည်း ပါသွားပါတယ်၊ အချိန်မီပြန်ခွဲလို့ ရမရ သိချင်လို့ လိုက်သွားတာပါ"

"ဘုရား၊ ဘုရား"

ဒေါ်သွန်းသီရိမှာတော့ ဒူးတွေတဆတ်ဆတ်တုန်ကာ တစ်ကိုယ်လုံး ညွတ်ခွေပုံကျတော့မည့်နှယ်။ မျက်နှာမှာလည်း သွေးမရှိ။ နှုတ်ခမ်းတွေကလည်း တွန့်ကပ်ဖြူဖျော့လျက်။ မိုက်လိုက်တဲ့သား။ တစ်ဖွတ်ထိုးစိတ်နဲ့ လိုချင်တာကို မရရအောင် လုပ်ယူတတ်တဲ့သား။ မင်းလုပ်တာ မာမီ ဝင့်ရလည်တော့မယ်။ သဘောမတူဘူး။ မာမီ့ကို ဒုက္ခကောင်းကောင်းပေးမယ့် မြင့်လွန်းမေသမီး ကလေးတစ်ယောက်အမေ အရိုင်းစစ်ကို ချွေးမအဖြစ်နဲ့လည်း မာမီ မသတ်မှတ်နိုင်ဘူး။

သင်းတို့ အခု ဘယ်မှာလဲ။

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သင်းတို့ရှိနေတဲ့နေရာကို ငါကိုယ်တိုင်လိုက်သွားပြီး မရရအောင် ငါ ပြန်ခွဲမယ်။ ပြောကြစမ်း။ ငါ့ကို ပြောကြစမ်း။

"ဟား၊ ဟား"

"ဟာ၊ အန်တီသွန်း သတိထားနော်"

ရုတ်တရက် အော်ရယ်ချလိုက်သည့် ဒေါ်သွန်းသီရိကို ကြည့်ကာ သီကျူး မျက်တောင်လေးတွေ ကော့တက်သွားသည်။ သီကျူးအကြောက်ဆုံးက သွေးတွေဆောင့်တိုးလာပြီး ဒေါ်သွန်းသီရိ လဲကျသွားမှာကိုပါ။ ဟိုတစ်ခါကလည်း အနိုင်းမဲ့ ကျန်နေခဲ့သည့် လျှာထိုးရုပ်ကလေးကိုကြည့်ကာ လဲကျသွားလို့ မနည်းပြန် ပြုစုထားခဲ့ရတာလေ။

ခုလည်း ဒယိမ်းဒယိုင်နဲ့ အော်ရယ်နေပြန်ပြီ။

"ဟား၊ ဟား"

"ညည်းလို ကလေးတစ်ယောက်အမေကို ငါက သဘောတူမလားဟဲ့"

"ငါ ပြန်ခွဲမယ်"

"ညည်းတို့နှစ်ယောက်ကို မရရအောင် ငါပြန်ခွဲမယ်"

"တီ၊ တီ"

ဟော… ရုတ်တရက်မြည်လာတဲ့ တယ်လီဖုန်းသံကလေး။ ဒါကိုတော့ ဒေါ်သွန်းသီရိက အပြေးအလွှားသွားကိုင်သည်။

"အခု Phone ပြောနေတာ ဘယ်သူလဲ"

"ဟာ… အန်သီသွန်း။ ရိုက်ခတ်ညံလေ"

"ရိုက်ခတ်ညံ ဟုတ်လား။ ပြောစမ်း၊ ပြောစမ်း၊ မင်းက အခု ဘယ်မှာလဲ"

"ကိုညီတို့နှစ်ယောက်နောက်ကို လိုက်သွားတာ အခုပြန်တွေ့ပြီ အန်တီသွန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ ဘယ်မှာတွေ့တာလဲ၊ ခိုးပြေးသွားတာ တကယ်ပဲလား"

"တကယ်ခိုးပြေးတာလေ အန်တီသွန်း၊ အခု သူတို့နှစ်ယောက်က တရားရုံးမှာ လက်ထပ်ပြီးတော့တောင် လက်မှတ်ထိုးပြီးသွားပြီ"

"ဘာပြောတယ်"

ဒေါ်သွန်းသီရိ အော်ထည့်လိုက်တာ သီကျူးတောင် လိပ်ပြာလွင့်သွားမတတ်ပင်။

"အဲဒါ ပြန်ခွဲတာ ခွဲလို့မရဘူးဖြစ်နေလို့ အန်တီသွန်းကိုယ်တိုင် သီကျူးနဲ့ နူးညံ့ကိုခေါ်ပြီး လိုက်ခဲ့ပါ"

"ဟဲ့၊ ငါက ဘယ်ကိုလိုက်ခဲ့ရမှာလဲ"

"မြောက်ဒဂုံလေ အန်တီ၊ သူတို့နှစ်ယောက်က အန္တိုင်းမဲ့အိမ်ကို သိတယ်၊ အန်တီသွန်း အခုချက်ချင်း အမြန်ဆုံးလာခဲ့"

"လာပြီ၊ ငါ အခုချက်ချင်းလိုက်လာပြီ ရိုက်ခတ်ညံ့ရဲ့"

အန်တီသွန်း ခေါ်ရာနောက်ကို ရင်တထိတ်ထိတ်လေးနဲ့ လိုက်လာခဲ့ရတဲ့ နူးညံ့နဲ့ သီကျူး။ ကြောက်ကြောက်လန့်လန့်ကလေးနဲ့ တစ်ယောက်လက်ကလေးကို တစ်ယောက်က ဆုပ်ကိုင်ထားလျက်။

အန်တီသွန်း ဒရိုင်ဘာက ကားကိုမောင်းသည်။

နူးညံ့နဲ့ သီကျူးအပါအဝင် အန္တိုင်းမဲ့ အဒေါ်နှင့် ကလေးက နောက်ခန်းမှာ ထိုင်သည်။ သီကျူးကတော့ သွက်သွက်လက်လက်လေးနဲ့ပဲ သွားရမယ့်လမ်းကို ပြ၏။

"ဟိုရှေ့ကလမ်း၊ ဟိုရှေ့ကလမ်း၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ညာဘက်ကို ကွေ့လိုက်"

ကွေ့ပါပြီ။

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သွန်းသီရိ နှုတ်ခမ်းတွေက သူ့အလိုလို မဲ့သွား၏။

"ဒီအိမ်ပဲ အန်တီသွန်း၊ ဟိုမှာ ဟိုမှာ၊ ကားတွေရပ်ထားတဲ့ အိမ်"

ဘယ်သူ့ကားတွေ ဖြစ်ရမှာလဲ။

ရင်ခွင်ညီ စီးသွားတဲ့ကားနဲ့ ရိုက်ခတ်ညံ့ လိုက်သွားတဲ့ ကားနှစ်စီးပေါ့။

"အို... အန်တီသွန်း လိုက်လာပြီ"

ကားကို မြင်သည်နှင့် ရိုက်ခတ်ညံ့ အူလျားဖားလျား အိမ်ပေါ်က ပြေးဆင်းသည်။

"လာ အန်တီသွန်း၊ အန်တီသွန်းကို အားလုံးစောင့်နေကြတာ"

"ရင်ခွင်ညီ ဘယ်မှာလဲ"

"ဒီအိမ်ထဲမှာရှိတယ်လေ အန်တီသွန်းရဲ့"

"ဟွန်း"

အိမ်စုတ်ကလေး။ သွပ်မိုးပျဉ်ကာ ပေနှစ်ဆယ်အိမ်ဟောင်းလေး။ ဒါကိုတောင် သင်းက မက်မက်သက်သက်။

ကားပေါ်မှာ တစ်လမ်းလုံးငိုလာတဲ့ ကလေးကလည်း ခုထိ ငိုမတိတ်နိုင်။

"ဝါး၊ ဝါး"

"ပေး၊ ပေး၊ ဒေါ်ကြီး ကလေးကို သီကျူးချီမယ်"

ကလေးငိုသံကြားတော့မှ အသည်းအသန် ပြေးထွက်လာတာ အနှိုင်းမဲ့ပါ။

"အို... သားလေးရယ်"

"ကလေးက နို့အရမ်းဆာနေလို့ ငိုနေတာ နှိုင်းရဲ့၊ သူ့ကိုသွား၊ နို့တစ်ဘူးဖျော်ပြီး ကလေးကိုတိုက်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သွန်းသီရိကိုလည်း နှိုင်းက ဂရုမစိုက်နိုင်ပါ။

"တော်တော်ကောင်းကြတယ်ပေါ့လေ အန္တိုင်းမဲ့၊ ညည်းတို့ လုပ်ချသွားတာတွေ တော်တော်ဟုတ်နေပြီပေါ့"

"ရှင်... အန်တီ"

ကလေးကို နို့ဘူးလေးတိုက်လျက်က ဒေါ်သွန်းသီရိကို နှိုင်း မော့ကြည့်သည်။

"ညည်းက တော်တော်မာယာများတဲ့ မိန်းမ၊ ညည်းတို့ ကလေးတစ်ယောက်အမေက ငါ့ကို ပြန်ပြီးလက်စားချေတာပေါ့လေ ငါ့သားကို မရရအောင် လက်ထပ်ပြီး ညည်း ငါ့ကို ဒုက္ခတွေပေးတော့ မယ်ပေါ့"

"အဟင်း၊ ဒီတစ်ခါတော့ အန်တီရယ်"

နှိုင်းရဲ့ အမူအရာ၊ မျက်နှာထားလေးကိုကြည့်ပြီး အံ့ဩနေ တာ သီကျူးနဲ့ နူးညံ့ပါ။

နှိုင်းဟာ အရာရာကိုရင်ဆိုင်ဖို့ အကောင်းဆုံးအနေအထား မျိုးနဲ့ ပြင်ဆင်ထားခဲ့ပုံပင်။

အေးစက်နာကျင်သော နှိုင်းမျက်ဝန်းလေးတွေ တဖျတ်ဖျတ် လက်နေပုံလေးက သီကျူးတို့ လုံးဝမသိခဲ့သော ဇာတ်လမ်းဟောင်း လေးတစ်ပုဒ်ကို ပြောပြချင်နေသည့်အတိုင်း။

"ငါ ငါ လက်မခံနိုင်ဘူး အန္တိုင်းမဲ့၊ ညည်းတို့နှစ်ယောက် ခိုးပြေးတာကို ငါ ဘယ်လိုမှ အသိအမှတ်မပြုနိုင်ဘူး၊ အခု ငါလာတာ ငါ့သား ရင်ခွင်ညီကို ပြန်ခေါ်မလို့လာတာ"

"အဟင်း... ဝမ်းနည်းပါတယ် အန်တီ၊ အခုပဲ ကျွန်မတို့ နှစ်ယောက်က မြောက်ဒဂုံတရားရုံးမှာ နှစ်ဦးသဘောတူ လက်မှတ် ထိုးပြီးပါပြီ၊ အန်တီ့သားဆိုတာမှန်ပေမယ့် အခုတော့ သူဟာ ကျွန်မ ရဲ့ယောက်ျားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

"အန်တီပိုင်တဲ့ ကုမ္ပဏီမှာ ကြမ်းတိုက် ဖုန်သုတ် သန့်ရှင်းရေးလုပ်ရတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ယောကျ်ားဟာ အန်တီ့သား ရင်ခွင်ညီပါပဲ အန်တီ၊ အန်တီ လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ ရင်ခွင်ညီက ကျွန်မနဲ့ပဲ အတူနေတော့မှာ"

"ညည်း၊ ညည်း"

"အနှိုင်းမဲ့ မင်း ဘာလို့ အန်တီ့သွန်းကို ဒီလို မာရေကျောရေ ပြန်ပြောနေတာလဲ၊ ရှိရှိသေသေပြောစမ်း"

ရိုက်ခတ်ညံ့က မျက်နှာထားတင်းတင်းနဲ့ အရင်လို ဝင်အော်ပြောတာကိုလည်း နှိုင်း ဂရုမစိုက်တော့ပါ။ နှိုင်း ဖျတ်ခနဲလှည့်ကြည့်တော့ ရိုက်ခတ်ညံ့ မျက်တောင်လေးပင့်ကာ အသက်ရှူမှားသလို ပြန်မော့ကြည့်နေ၏။

ရင်ခွင်ညီကတော့ အခန်းထောင့်မှာ ဦးသိလထွန်းနှင့်အတူ တွဲထိုင်ကာ ခေါင်းကလေး ငိုက်စိုက်ကျလို့ပါ။ ဒီအချိန်ဟာ ပြဿနာတွေအားလုံးကို ပေါက်ခွဲပစ်လိုက်ဖို့ နှိုင်း ကြိုးစားနေပြီဆိုတာ သူမသိဘဲ နေပါ့မလား။

ရက်စက်ခဲ့တာ၊ မာမီက ရက်စက်ခဲ့တာ။

ဒီကောင်မလေး ဘဝပျက်အောင် မာမီပဲ ကြိုးကိုင်လှုပ်ရှားခဲ့တာ။

နှိုင်းရာ ငါ မင်းကို ပေးဆပ်ပါ့မယ်။

သူ့ကိုလည်း နှိုင်းက မုန်းသတဲ့။

ရှင့်အမေကို မုန်းလို့၊ ရှင့်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာတဲ့။

ခုထိလည်း နှိုင်းဆီက အချစ်ကို ရင်ခွင်ညီ မရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ညကလည်း မြို့ပြင်ကားလမ်းဘေးမှာ ကားကိုရပ်ထား… ကားထဲမှာပဲ နှစ်ယောက်အတူရှိနေခဲ့ကြ၏။

"ဒီမှာ ငါတို့မိသားစုကို မုန်းပြီး မင်းကြိုက်သလို လက်… ချေစမ်း အနှိုင်းမဲ့၊ ငါ မင်းကို မနက်မိုးလင်းတာနဲ့ တရားဝင်လက်ထ… မယ်"

"ရှင် တကယ်ပြောနေတာနော် ရင်ခွင်ညီ"

တရားရုံးမှာ လက်မှတ်ထိုးတော့လည်း နှိုင်းဟာ နာ… သောမျက်ဝန်းတွေနဲ့။

ခုတော့ မာမီနဲ့ နှိုင်း ထိပ်တိုက်တွေ့ခဲ့ကြပြီ။

"ညည်း ငါ့ကို ဘာမှအပိုတွေပြောမနေနဲ့ အနှိုင်းမဲ့၊ ညည်… ဘယ်လိုပဲ ငါ့သားနဲ့ လက်ထပ် လက်ထပ် ညည်းဟာ ငါ့ချွေး… မဟုတ်ဘူး"

"ကိုယ်ချင်းစာပါ အန်တီ၊ အန်တီ စကားပြောရင် ကိုယ်ချ… စာပြီး ပြောပါလို့ ကျွန်မ တောင်းပန်ပါတယ်၊ အခု အန်တီ့သား… ဆင်းရဲတဲ့ ကလေးတစ်ယောက်အမေနဲ့ လက်ထပ်လိုက်လို့ အန်… အရှမ်းခံစားနေရပြီ မဟုတ်လား၊ အဲဒါ အန်တီ ဝဋ်လည်တာ… အန်တီရဲ့ ဟိုတုန်းက မိုးတိမ်နန်းတော်ဆိုတဲ့ ကုမ္ပဏီပိုင်ရှင်… ဦးနိုင်သိမ်ကို အရှက်မရှိတဲ့မျက်နှာနဲ့ အန်တီ လက်ထပ်သွားခဲ့တုန်း… အန်တီကိုယ်တိုင်လည်း ကျွန်မလို ကြမ်းတိုက် သန့်ရှင်းရေးလုပ်ခဲ့ရ… ကလေးတစ်ယောက်အမေ အလုပ်သမားတစ်ယောက်ဆိုတာ အန်… မမေ့လိုက်ပါနဲ့လေ"

"ဟင်"

"ဟာ"

ကြားရသူအပေါင်း မျက်လုံးတွေပြူးကာ တအံ့တသြ ဖြစ်… ကြရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးတာက ဦးသီလထွန်းပါ။

ဦးနိုင်သိခ်ဆိုတာ မိမိရဲ့ ကျေးဇူးရှင်ဆရာ အရင်းခေါက်ခေါက်ကြီးပါ။

မိုးတိမ်နန်းတော်ကုမ္ပဏီ ရှိခဲ့စဉ်ကတည်းက ဒါရိုက်တာအဖြစ်နဲ့ ပေးအပ်သမျှ တာဝန်တွေကို ဦးသီလထွန်းက ထမ်းဆောင်ခဲ့တာလေ။ မဟာကုဋေကုဋာဆိုတဲ့ နာမည်ကို ပြောင်းတော့လည်း ဒေါ်သွန်းသီရိဘေးမှာ ဦးသီလထွန်း ဆက်ရှိနေခဲ့သည်။ ခုတော့ ဒီအဖြစ်အပျက်တွေကို အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေး ဘယ်လိုသိနေခဲ့တာလဲ။

"နေ... နေပါဦး အနှိုင်းမဲ့၊ စောစောက မင်းပြောလိုက်တဲ့စကားထဲမှာ ဦးနိုင်သိခ်ဆိုတဲ့နာမည် ပါလာတယ်၊ ဒါကို သိနေရအောင် မင်းက ဘယ်သူလဲ၊ ဦးနိုင်သိခ်နဲ့ မင်း ဘယ်လိုပတ်သက်နေလို့ သိနေခဲ့တာလဲ"

"ဟင်၊ ဒါကို အန်ကယ် မသိဘူးလား"

"မသိလို့ မေးတာပေါ့ကွ"

"ကျွန်မဟာ ဦးနိုင်သိခ်ရဲ့ တစ်ဦးတည်းသောသမီးလေး အရိပ်စစ်လေ အန်ကယ်ရဲ့"

"ဘာပြောတယ်။ မင်းက အရိပ်စစ် ဟုတ်လား၊ ဒေါ်သွန်းသီရိပြောတော့ အိမ်ကနေ ထွက်ပြေးသွားရင်းနဲ့ မင်း သေသွားပြီဆို"

"အဲဒါ သူ ညာတာ၊ တစ်လောကလုံးကို အသံကောင်းဟစ်ပြီး ဖေဖေ့ကုမ္ပဏီကြီးကို သူ အပိုင်စီးခဲ့တာ"

"ကြည့်စမ်း"

ဦးသီလထွန်း တုန်လှုပ်သွားသည်။

"မဟုတ်ဘူးနော် ဦးသီလထွန်း၊ ဒီကောင်မလေး ပြောနေတာကို ဦးသီလထွန်း မယုံနဲ့၊ ဒါ ဒါ သူ့ကိုယ်သူ အရိပ်စစ်ပါလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ကျွန်မကုမ္ပဏီကို ဝင်လုချင်လို့ ကျွန်မသားကိုပါ လက်ထဲ ယူလိုက်တာ"

ဒေါ်သွန်းသီရိ ပြောင်ငြင်းဖို့ ကြိုးစားလိုက်ပေမယ့် မရတော့ပါ။

"အန်တီရယ်၊ အန်တီ အခုမှ သွေးရူးသွေးတမ်းတွေ လျှောက် ငြင်းမနေပါနဲ့၊ ဟိုမှာလေ အန်တီ့နောက်မှာရပ်နေတဲ့ လူသုံးယောက် ဟာ ဘယ်သူတွေလဲဆိုတာ အန်တီ လှည့်ကြည့်လိုက်ပါဦး"

"ဟင်"

ကြီးကြီးတင်၊ ဦးစောနဲ့ ဒေါ်ညို။

မိုးတိမ်နန်းတော်ရဲ့ သစ္စာရှိလှယုံ အလုပ်သမားဟောင်းကြီး တွေ။

"ဟုတ်တယ်လေ သွန်းသီရိ၊ ညည်းရဲ့ အနိုင်ကျင့် ချော်ကား မှုတွေကြောင့် အလုပ်ကထွက်ခဲ့ရတဲ့ ကြီးကြီးတင်တို့ သုံးယောက်ကို ညည်း မှတ်မိမှာပါ၊ အခု အရိပ်စစ်လေးကို မသေကောင်း မပျောက် ကောင်း ပြန်တွေ့ရလို့ တို့အားလုံး ဝမ်းသာနေတာ"

"ရှင်တို့၊ ရှင်တို့"

ဒေါ်သွန်းသီရိမှာတော့ ပါးစပ်အဟောင်းသား။

ဦးသီလထွန်းကလည်း ဦးနိုင်သိခ်ရဲ့ အလုပ်သမားသုံးယောက် စလုံးကို မြင်လိုက်တာနဲ့ တန်းခနဲနေအောင် မှတ်မိသွားသည်။

အရိပ်စစ်ဆိုတာ သေချာပါပြီ။

ဦးနိုင်သိခ်နဲ့ ဒေါ်မြင့်လွှန်းမေတို့ရဲ့ တစ်ဦးတည်းသော သမီး လေး အရိပ်စစ်။

သူမလေးဟာ အနှိုင်းမဲ့ဆိုတဲ့ နာမည်လေးနဲ့ ကုမ္ပဏီရဲ့ ဖုန်သုတ် ကြမ်းတိုက် အမှိုက်သိမ်းရတဲ့ ကောင်မလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခဲ့တာ တွေးကြည့်ရင်တောင် အိပ်မက်သဖွယ် ခံစားလိုက်ရတဲ့ အဖြစ်အပျက်ပါပဲ။

"ဘာလဲ သွန်းသီရိ၊ တို့ကိုတွေ့လိုက်လို့ ညည်း အံ့သြနေပြီလား၊ ဒါ ညည်းရဲ့ မိထွေးပီပီ နှိပ်စက်တာတွေကို မခံနိုင်လို့ အိမ်ကထွက်ပြေးခဲ့ရတဲ့ အရိပ်စစ်လေ၊ ညည်းကြောင့် ဒီမိသားစုလေး ပြိုကွဲဒုက္ခရောက်ခဲ့တာ၊ ဟွန်း အခု ရင်ခွင်ညီနဲ့ အရိပ်စစ်လေး လက်ထပ်လိုက်တာကို တို့သဘောတူတယ်၊ ဒါမှ အရိပ်စစ်လေး ရသင့်ရထိုက်တဲ့ အမွေတွေအားလုံး ညည်းဆီကနေ အရိပ်စစ်လေး ပြန်ရမှာ"

"အမွေ ဟုတ်လား"

"ဟုတ်တယ်လေ၊ လေဖြတ်ဝေဒနာသည်ကြီး ဦးနိုင်သိခ် ဆီကနေ ညည်းနာမည်တွေနဲ့ လွှဲယူသွားတဲ့ အမွေပစ္စည်းတွေလေ"

"ဘုရား၊ ဘုရား"

အမွေဆိုတဲ့စကားကို ကြားတော့ ဒေါ်သွန်းသီရိ လဲကျမတတ်။

မရှိတော့ပါ။

မိမိကြောင့် ရှိသမျှစည်းစိမ်ချမ်းသာတွေအားလုံး ပြုတ်ပြုတ်ပြုန်းခဲ့ရပြီ။ ခြံနဲ့ တိုက်ကလည်း သူများလက်ထဲကို ရောက်နေပြီ။ ဒုက္ခပါပဲ။ ရင်ခွင်ညီက အနိုင်းမဲ့နဲ့ လက်ထပ်သွားရင် မေ့ပါနိုင်ကို ဘယ်လိုရှင်းပြတော့မလဲ။ မေ့ပါနိုင်က ရက်ရက်နဲ့ ရမ်းတော့မှာ။ စာချုပ်မှာပါတဲ့ စည်းမျဉ်းတွေအတိုင်း ဒေါ်သွန်းသီရိကို ကိုင်တော့မှာ။

အရိပ်စစ်ရယ်၊ ညည်းကို ငါ တောင်းပန်ပါတယ်။

ငါ့သားလေးကို ပြန်ပေးပါ။

မေ့ပါနိုင်ဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ ငါမရှေ့စားရင် မဖြစ်တော့လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးသီလထွန်းရယ် ကျွန်မကို ကယ်ပါဦး၊ အခြေအနေတွေ အားလုံးကို ဦးသီလထွန်း သဘောပေါက်ပါတယ်နော်။ သားလေး ရင်ခွင်ညီကို မေ့ပါနိုင်နဲ့ ပေးစားမှ ဖြစ်တော့မှာမို့လို့ ကျွန်မ ပြောနေ တာပါ၊ ကျွန်မရဲ့ အခက်အခဲတွေ၊ ကျွန်မရဲ့ဒုက္ခတွေ"

"အဲဒါဆိုလည်း အနှိုင်းမဲ့ကို တောင်းပန်ပြီး ခင်ဗျား အခက် အခဲတွေကို ပြောပြလေ၊ အနှိုင်းမဲ့ ကြည်ဖြူမှ ဒီကိစ္စကို ဖန်တီး လို့ရမှာ"

"ကျွန်မ၊ ကျွန်မ သူ့ကို ဘယ်လိုတောင်းပန်ရမလဲဟင်၊ သူ့ခြေသလုံးကို ဖက်ပြီး ကျွန်မ တောင်းပန်ရတော့မှာလား ဦးသီလ ထွန်းရဲ့၊ အဟင့်၊ ဟင့်"

တကယ်တော့ ဒီအခက်အခဲဟာ ဒေါ်သွန်းသီရိကိုယ်တိုင် ဖောက်ထိုးမိုးမျှော် ဘဝပျက်သွားရမယ့် အခက်အခဲပါ။ မေ့ပါနိုင် ဆိုတာလည်း ခပ်ပြတ်ပြတ် စီးပွားရေးသမား။ လိုချင်တာရှိလို့ အင့်ခနဲ ပစ်ထည့်တာ။ သူ့ဘက်ကမရနိုင်လျှင် ဘယ်သူ့ကိုမှ ငဲ့ညှာထောက် ထားနေမယ့် ယဉ်ကျေးမှုမျိုး မေ့ပါနိုင်ဆီမှာ ရှိနေမှာမဟုတ်။

ရင်ခွင်ညီဟာ အနှိုင်းမဲ့ဆိုတဲ့ ကလေးတစ်ယောက်အမေကို လက်ထပ်သွားခဲ့ပြီဆိုတာ မေ့ပါနိုင် သိသွားခဲ့လျှင်…

ဘုရား၊ ဘုရား။

ဒေါ်သွန်းသီရိ တွေးတောင် မတွေးရဲတော့ပါလား။

"အဟင့်၊ ဟင့် အန်တီ မင်းကို တောင်းပန်ပါတယ် အနှိုင်းမဲ့ လေးရယ်၊ အခုဆိုရင် အန်တီ့မှာ မင်းကို ပြန်ပေးစရာ အမွေတွေ လည်း မရှိတော့ပါဘူး။ အန်တီ့ကုမ္ပဏီကိုလည်း သူများ လက်ထဲ လွှဲလိုက်ရမယ့်အခြေအနေကို ရောက်နေပါပြီ၊ အန်တီတို့ အမှားတွေ ပါနော် အနှိုင်းမဲ့လေး"

"ရှင် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"သား၊ သားကို အန်တီ့လက်ထဲ ပြန်ထည့်ပေးပါ၊ ကွာရှင်းစာချုပ်မှာ အန်တီ့ကို လက်မှတ်လေး ပြန်ထိုးပေးပါနော် အနှိုင်းမဲ့လေး"

ဒီလို အောက်ကျခံ တောင်းပန်တာကို မြင်ရတော့လည်း နှိုင်း နှုတ်ခမ်းလေးမဲ့ကာ ပြုံးမိသည်။

"အဟင်း မလုပ်ပါနဲ့ အန်တီရယ်၊ ညကတည်းက ရင်ခွင်ညီ ရှင်းပြလို့ အန်တီ့ကုမ္ပဏီ သူများကိုလွှဲပြီး ကုမ္ပဏီဥက္ကဋ္ဌအဖြစ်ကနေ ဖယ်ပေးရတော့မယ်ဆိုတာ ကျွန်မ သိပါတယ်၊ အန်တီ့ကြောင့် အဆုံးအစမဲ့အောင် ကျွန်မဘဝ ပျက်ခဲ့ပြီးပါပြီ အန်တီ၊ အခုလည်း ကျွန်မတို့နှစ်ယောက် ခိုးရာလိုက်ပြေးသွားပြီဆိုတဲ့ သတင်းက စုပါမားကက်ကြီးတစ်ခုလုံးမှာပါ ပျံ့နေလောက်ပါပြီ၊ ကျွန်မ မကွာပေးနိုင်ပါဘူး၊ အန်တီ ပြန်ပါတော့"

"ဟင်"

အရင်က ဖိတ်ဖိတ်လက်နေအောင် တောက်ခဲ့သည့် ဒေါ်သွန်းသီရိရဲ့ မျက်ဝန်းတွေ ခုတော့လည်း ဖြူဖျော့ဝံ့နွမ်းယင်နေခဲ့ပါရောလား။

"တီ၊ တီ"

အရေးထဲမှာ ဒေါ်သွန်းသီရိရဲ့ လက်ကိုင်ဖုန်းကလေးက အသံမြည်လာသည်။

တုန်နေတဲ့ လက်နဲ့ ဖုန်းကလေးကို အသာအယာ ဖွင့်ကိုင်လိုက်တော့–

"အန်တီသွန်းလား"

"ဟင်၊ အခု ပြောနေတာ ဘယ်သူလဲဟင်၊ အတွင်းရေးမှူးမလေး မေယွန်းလား"

"ဟုတ်တယ်လေ အန်တီသွန်း၊ သတင်းတစ်ခုကြားလို့ အန်တီသွန်းဆီကို အရေးတကြီး ဖုန်းဆက်မေးတာ၊ ကိုရင်ခွင်ညီ



www.burmeseclassic.com

www.burmeseclassic.com



အန်တီသွန်းကုမ္ပဏီက သန့်ရှင်းရေးဝန်ထမ်းမလေးတစ်ယောက်နဲ့ ယူလိုက်ပြီဆိုတာ ဟုတ်သလား''

''ဟင်''

''အဲဒီသတင်းမှန်နေရင်တော့ အန်တီသွန်း လွယ်မှာမဟုတ်တော့ဘူး။ ခြံနဲ့ တိုက်ရော ကားတွေရော အကုန်ပြန်သိမ်းပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ အန်တီသွန်း ဆင်းပေးရတော့မယ်၊ မေ့ပါနိုင်ဆိုတဲ့ ကျွန်မတို့ဘော့စ်က အရမ်းရက်စက်တယ်၊ စာချုပ်မှာပါတဲ့ စည်းကမ်းတွေအတိုင်း ရှေ့နေကြီးတွေနဲ့ လုပ်တော့မှာ''

''ဘုရားရေ''

''ဒါပဲနော် အန်တီသွန်း၊ အဲဒါ အန်တီသွန်းသိအောင် မေယွန်း ကြိုပြီးဖုန်းဆက်ထားတာ၊ နောက်တစ်ရက် နှစ်ရက်နေရင် ကျင်းပမယ့် ကုမ္ပဏီအစည်းအဝေးကို ကျွန်မတို့ဘော့စ်ကိုယ်တိုင် တက်မယ်၊ ဒါပဲနော်''

ပြောပြီးတာနဲ့ ချက်ချင်း ဖုန်းချသွားပြီ။

ဒေါ်သွန်းသီရိကို ဝိုင်းလာတော့မည့် မီးတောက်တွေ။ သွန်းသီရိရဲ့ မာန်မာနတွေနဲ့ ပြောင်းလဲသွားတဲ့ အတ္တတွေကို တစ်ချက်တည်း ရိုက်ချိုးချတော့မယ့် လှိုင်းတံပိုးတွေ။

''ဘယ်သူဆက်တာလဲ ဒေါ်သွန်းသီရိ''

''မေ့ပါနိုင်ရဲ့ အတွင်းရေးမှူးမလေး မေယွန်း ဆက်တာလေ''

''ဒီလောက်ဆို ကျွန်တော် သဘောပေါက်ပြီ ဒေါ်သွန်းသီရိ ဒီကိစ္စ မလွယ်တော့ဘူး။ ကျွန်တော် ခင်ဗျားကို အကောင်းဆုံးတစ်ခု အကြံပေးမယ်၊ ကံကြမ္မာရဲ့ စီရင်ချက်ကိုပဲ ခင်ဗျား နာခံလိုက်ပါတော့ သူက ရှင်စေဆိုလည်း ရှင်စေပေါ့၊ သူက သေစေဆိုလည်း သေစေပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ၊ ကျွန်မ သေရမယ်"

"ဟာ၊ အန်တီသွန်း သတိထားနော်"

လဲတော့မလိုဖြစ်နေသည့် ဒေါ်သွန်းသီရိကို ရိုက်ခတ်ညံတို့ သီကျူးတို့က ဘေးကနေ ဝင်ထိန်းပေးလိုက်လို့သာ။

ဘာပဲပြောပြော ဒါဟာ နောက်ဆုံးအချိန်ပါပဲ။

အနိုင်းမဲ့တစ်ဖြစ်လဲ၊ အရိပ်စစ်ဆိုတဲ့ သူမလေး အတိအကျ ပြန်လိုချင်နေတဲ့ အကြွေး။

မျက်ရည်တွေ၊ နှလုံးသားထဲက ငိုရှိုက်သံတွေနဲ့ ဒေါ်သွန်း သီရိ အတိအကျပြန်ဆပ်ရမယ့် အကြွေး။ သူတို့အားလုံးပြန်ထွက် သွားခဲ့ချိန်မှာတော့ ဆံပင်ရှည်တွေ ဖရိုဖရဲလေးလွင့်သွားအောင်ကို ပဲ သူမလေးက ဟားတိုက်လို့ ရယ်မောခဲ့ချေပြီ။

သူမလေး မျက်ဝန်းလေးထဲမှာ စွဲထင်လာရတဲ့ အတိတ် လွင်ပြင်တစ်နေရာဆီက ပုံရိပ်လေးတွေကို ပြန်တွေးမိလိုက်တိုင်းမှာ နာကျင်လာရဆဲ။

ဆ ဆ ဆ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်ငါး)

"သားလေး ရင်ခွင်ညီရယ်၊ မင်းကိုကြည့်ရတာ ကြီးကြီးတင် ရင်ထဲမှာ မကောင်းလိုက်တာ၊ မင်းနဲ့ အရိုပ်စစ်က လက်ထပ်ယူလိုက် တယ်ပြောပြီး ဘာဖြစ်လို့ တစ်ယောက်တစ်နေရာစီ ခွဲအိပ်နေကြတာ လဲ"

"ကြီးကြီးတင်သမီး အရိုပ်စစ်ဆိုတဲ့ ကောင်မလေးက ကျွန်တော့်ကို မုန်းမုန်းနဲ့ လက်ထပ်လိုက်တာလေ ကြီးကြီးတင်၊ ကျွန်တော် အခု သူ့ကို ပေးဆပ်နေတာပါ၊ သူ့ဆန္ဒတွေ၊ သူ့အိပ်မက် တွေ သူဖြစ်ချင်တာတွေအားလုံး ဖြစ်စေရမယ်ဆိုတဲ့စိတ်နဲ့ သူ့အနား မှာပဲ ကျွန်တော် နေလိုက်တာ"

"သူကတော့ ပြောတယ် ရင်ခွင်ညီ"

"ဟင်၊ သူ ဘာပြောလဲ"

ခေါင်းကလေး ငိုက်စိုက်ကျနေရာမှ ကြီးကြီးတင်မျက်နှာကို သူ ဖျတ်ခနဲမော့ကြည့်မိသည်။ အိုမင်းရင့်ရော်နေသည့် ကြီးကြီးတင် မျက်နှာပေါ်က အပြုံးလေးသည် သူ ဆယ်နှစ်သားအရွယ်က တွေ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



းသည့် လက်ဆက်ချိုမြသော အပြုံးကလေးတွေအတိုင်း မပြောင်း
လဲ တည်ရှိနေရဆဲ။

"အမှန်တရားဘက်ကို လိုက်တတ်တဲ့ မင်းရဲ့စိတ်ဓာတ်လေး
ကိုတော့ သူ ချီးကျူးပါတယ်တဲ့၊ သူငယ်ငယ်တုန်းက သူ့အဖေ
ပလိုက်တဲ့ နောက်မိန်းမက ပါလာတဲ့ သားတစ်ယောက်ကို အရမ်း
န်းပြီး ကြက်တောင်ကွင်းမှာ ဆယ်နှစ်သမီးလေး အရိုင်စစ်က မင်းကို
ကြက်တောင်ရိုက်တဲ့ ရက်ကက်တွေ၊ ဘီးကုပ်တွေ၊ ကင်းဘတ်ဖိနပ်
တွေနဲ့ ပစ်ပေါက်ခဲ့တာ၊ ဒါကိုတောင် မင်းက အဲဒီ ပစ္စည်းတွေကို
မှတ်တရသိမ်းထားခဲ့ပြီး သူ့ကိုထုတ်ပြတာ သူ အရမ်းအံ့ဩသွား
ယ်တဲ့"

သူ နှုတ်ခမ်းလေးမဲ့ကာ ပြုံးမိသည်။

ဟွန်း ဒီလောက်မှတ်မိရင် သူ ကျေနပ်ပါပြီ။

"သွားနော်၊ ငါရိုက်တဲ့ ကြက်တောင်ကွင်းနားကို နင် မလာ
နော်"

"ငါ ကြည့်ချင်လို့ပါ"

"ဟာ... ဒါ နင်ကြည့်စရာလား၊ နင့်အမေ ရက်စက်တဲ့
လူးမကြီးက ငါ့ဖေဖေကွယ်ရာရောက်တိုင်း ငါ့ကို အမြဲနှိပ်စက်နေ
ကလေ၊ နင်တို့သားအမိနှစ်ယောက်စလုံးကို ငါ အရမ်းမုန်းတယ်တဲ့"

ငယ်ငယ်တုန်းက ဂါဝန်လေးတယမ်းယမ်း၊ ဆံပင်တိုလေး
နှ တခါခါနဲ့ စွာခဲ့ဖူးတဲ့ အရိုင်စစ်။ ဒီအမှတ်တရသိမ်းထားမိတဲ့
ည်းတွေကလည်း သူ့ကိုဒေါသဖြစ်ပြီး မုန်းမုန်းနဲ့ အရိုင်စစ်ပစ်ပေါက်
တဲ့ ပစ္စည်းလေးတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်တည်း၊ တစ်ခြံတည်းမှာ အတူနေပြီး မပတ်သက်ချင်ခဲ့တာ အရိပ်စစ်ပါပဲ။

ကျောင်းတက်ရတဲ့အချိန်ချင်း၊ ကျောင်းချင်းမတူတော့ မာမီဒီကောင်မလေးကို နှိပ်စက်နေခဲ့တာကိုလည်း ကျောင်းပိတ် ရက်တွေမှာသာ တစ်ခါတလေတွေ့ခဲ့ရပြီး ကျန်သောနေ့တွေမှာတော့ မတွေ့ခဲ့ရတာ များခဲ့သည်။

တကယ်တမ်းကျတော့ မာမီအရမ်းမုန်းခဲ့တာ အရိပ်စစ်မေမေ ဒေါ်မြင့်လွန်းမေကိုပါ။ ဒေါ်မြင့်လွန်းမေနဲ့ ကျောင်းသူဘဝကပြိုင်ခဲ့တာ သူ မနိုင်လို့တဲ့။ ဒေါ်မြင့်လွန်းမေကို မာမီကပဲ အမြဲအရှုံးပေးနေခဲ့ရလို့တဲ့။

သည်နာကြည်းချက်တွေနဲ့ ဆယ်နှစ်သမီးအရွယ် အရိပ်စစ်လေးကို မာမီ အနိုင်ကျင့်ရက်စက်ခဲ့တာလေ။ သူ့ဖေဖေ ဦးနိုင်သိန်းကားအက်စီးဒင့်ဖြစ်ပြီး ကိုယ်အောက်ပိုင်းတစ်ခြမ်းလည်း သေ၊ လူကလည်း ဦးနှောက်မမှန်တော့ဘဲ အတိတ်မေ့ဝေဒနာသည်ကြီးလိုဖြစ်သွားခဲ့တော့ အိမ်ကနေ ထွက်ပြေးပျောက်ဆုံးသွားခဲ့ရတဲ့အထိ အရိပ်စစ်ဆိုတဲ့ ကောင်မလေးက မာမီ့ကို နာကြည်းသွားခဲ့သည်။

အခု ပြန်တွေ့ကြတော့ သူ့ကိုယ်သူ အနိုင်းမဲ့တဲ့။

ကုမ္ပဏီမှာ ဖုန်းသုတ်၊ ကြမ်းတိုက်၊ အမှိုက်လှည်းရတဲ့ အောက်ခြေဝန်ထမ်းမလေးတဲ့။

ရင်ခွင်ညီကလည်း ဒါကိုသိပါလျက်နှင့် ပြန်ပေးဆပ်ချင်သည့် လက်ထပ်ယူခဲ့သည်။

မင်း ဘယ်အထိလက်စားချေမလဲ။

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်လောက်အထိ အနိုင်ယူမလဲ။

မြတ်နိုးစိတ်ကလေးနဲ့ ငါ မင်းကို အရှုံးပေးလိုက်တော့မှာ
လေ။

အခုလည်း ဈေးခြင်းလေးကိုဆွဲပြီး မနက်ကတည်းက ဈေးကို
ထွက်သွားတာ ခုထိ ပြန်မလာသေးပါ။ သူကတော့ အလကား
နေဘဲ စောစောကမှ ရေစက်အိမ်ကနေ အိမ်မှာသုံးဖို့ ရေတွေထမ်း
ဘား၊ ကလေးအနှီးတွေလျှော်၊ အိမ်သန့်ရှင်းရေးတွေလုပ်နဲ့ ဒါတွေ
လုပ်နေတာမြင်တော့ ကြီးကြီးတင် စိတ်မကောင်း။

"မင်း သူ့ကို သိပ်ချစ်တယ်ဆိုတာကိုလည်း အရိပ်စစ်လေး
က သိပါတယ်၊ တစ်ခုပဲခက်နေတာက သူနာကြည်းခဲ့ရတဲ့ နာကြည်း
ချက်တွေက"

"အဲဒါကို ကျွန်တော် ပေးဆပ်နေတာပေါ့ ကြီးကြီးတင်"

"တီ၊ တီ"

"ဟင်"

ခါးမှာချိတ်ထားသည့် Hand Phone လေးက အသံထမြည်
လာသည်။

သူ ဖွင့်နားထောင်လိုက်တော့–

"You လား"

"အဟွန်း"

အသံကိုကြားလိုက်ရကတည်းက သူ့နှုတ်ခမ်းလေးတွေက
အလိုလိုမဲ့သွားပြီးသား။

"ဘာလဲဟင်၊ ဘာပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"You တော်တော်ရက်စက်တယ်"

မေ့ပါနိုင် ပြောလိုက်တဲ့ စကားအဓိပ္ပာယ်ကိုလည်း သ
ချက်ချင်းသဘောပေါက်သည်။

"ငါ ရက်စက်တာမဟုတ်ဘူး၊ နှလုံးသားထဲကလာတဲ့ ဆ
တစ်ခုကို ခေါင်းညိတ်လက်ခံလိုက်တာ၊ မင်း နားလည်အောင် အရှ
ဆုံးပြောရမယ်ဆိုရင် အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးကို ငါ သိပ်ချစ်လို့

"သူက ကလေးတစ်ယောက်နဲ့ဆို"

"အဲဒါကို ငါပိုချစ်တယ်"

သူကတော့ လုံးဝခပ်ပြတ်ပြတ်ပဲ။

"ဘာလဲဟင်၊ You ပြောနေတာ You ဆုံးဖြတ်ချက်တွေ
ကို မပြင်နိုင်တော့တဲ့ သဘောလား၊ You ရက်စက်ရင် တို့ကလည်း
ရက်စက်မှာနော်၊ အခုတော် You မာမီဆီကို တို့လူတွေလွှတ်
လိုက်ပြီ၊ ရှေ့နေကြီးတွေလည်း ပါသွားတယ်၊ လုပ်စရာရှိတာတွေ
စည်းမျဉ်းစည်းကမ်းတွေအတိုင်း တိတိကျကျလုပ်တော့မှာ"

"ဒါကတော့ မင်းအပိုင်းပဲလေ မေ့ပါနိုင်ရဲ့"

"နောက်ဆုံးအနေနဲ့ ကုမ္ပဏီအစည်းအဝေးကိုတော့ You
ရော You မာမီပါ တက်ဖြစ်အောင်တက်ပါ၊ အစီအစဉ်တွေအားလုံး
ကိုလည်း ဦးသီလထွန်းနဲ့ ဆွေးနွေးပြီးပြီ"

"အဟွန်း၊ ဒါကတော့ ရှယ်ယာစည်းမျဉ်းတွေအရ မင်းက
ကုမ္ပဏီဥက္ကဋ္ဌဖြစ်တော့မှာပဲ၊ ငါ မကန့်ကွက်ပါဘူး၊ မင်းကြိုက်သလို
လုပ်ပေါ့၊ ပြောပါဦး၊ အစည်းအဝေးက ဘယ်နေ့လဲ"

"Coming Sunday"

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"OK လာခဲ့မယ်"

ဒါပဲပြောပြီး သူ ဖုန်းကို ပိတ်ချပစ်သည်။

မေ့ပါနိုင်နဲ့ ဆက်ပြောနေစရာအကြောင်းလည်း မရှိတော့ပါ။

အရာအားလုံး ပြီးဆုံးသွားခဲ့ပြီဆိုတာ နားလည်ထားပြီးတော့ ရှေ့ဆက်ရမယ့်ဘဝခရီးကို ဘယ်လိုတည်ဆောက်ရမယ်ဆိုတာ စဉ်းစားရုံပဲ ရှိတော့တာပေါ့။

ခဏနေတော့ ဈေးခြင်းတောင်းလေးဆွဲလျက် နှိုင်း ပြန်လာသည်။

ထိုအချိန်မှာ ကလေးက သူ့ပခုံးပေါ်မှာ။

"ဟင်၊ ကလေး ဘာဖြစ်လို့လဲ ရင်ခွင်ညီ"

"ငိုနေလို့ ချော့နေတာပေါ့ကွ"

ကလေးကို ချီလည်း မချီတတ် ချော့လည်း မချော့တတ်ဘဲနဲ့များ။ အလကား ဒုက္ခရှာလို့။

"ပေး၊ ပေးပါ"

နှိုင်း ကလေးကို သူ့လက်ထဲကနေ ဆွဲယူသည်။

ကြီးကြီးတင် နှိုင်းတို့နှစ်ယောက်ကိုကြည့်ပြီး နှုတ်ခမ်းလေးတွန့်ကာ ပြုံးသည်။ ပြီးတော့မှ နှိုင်းချထားသည့် ဈေးခြင်းတောင်းလေးကိုဆွဲယူကာ နောက်ဖေးခန်းထဲဝင်သွား၏။ ဒီနေ့ နှိုင်းမျက်နှာလေးက သိပ်လှနေသည်။ ဆံပင်ရှည်ကြီးတွေကိုလည်း ဖြောင့်စင်းနေအောင် ကျောပြင်လေးနောက်မှာ ဖြန့်ကာချထားလျက်။

"ဟင်... ရှင် ဘာကြည့်နေတာလဲ"

"မင်း သိပ်လှနေလို့ ကြည့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း၊ ကျွန်မကတော့ ရှင့်ကိုမုန်းတယ်၊ သိလား ရင်ခွင် ညီ"

နှိုင်း ပြောလည်းပြော၊ ကလေးကိုလည်း ပွေ့ချီကာ သူ ရှေ့ကနေ လှည့်ထွက်သွားဖို့ ကြိုးစားသည်။ ဒါပေမဲ့ မရပါ။ ရင်ခွင် ညီက နှိုင်းလက်ကလေးကို ဖျတ်ခနဲလှမ်းဆွဲတော့ ကလေးချီထား ရင်းနှင့် နှိုင်းကိုယ်လေး သူ့ဘက်ပါလာ၏။

"နေဦး နှိုင်း"

"ဟင်၊ ရှင် ဘာလုပ်မလို့ ကျွန်မလက်ကို ဆွဲထားတာလဲ"

"ငါ မင်းကို မေးစရာရှိလို့"

နှိုင်း မျက်တောင်လေးပင့်ကာ အံ့ဩဟန်ကလေးနှင့် သူ့ ကို လှမ်းကြည့်သည်။

"ကဲ၊ ဘာမေးမှာလဲ၊ မေး"

"မင်း ငါ့ကို တကယ်မုန်းတာနော်"

"အို အဲဒါ ကျွန်မ ဘယ်နှခါပြောရမလဲ"

"ဒါဆို ငါတို့ကုမ္ပဏီထဲကို မင်း အလုပ်ဝင်လာတာ မာမီ နဲ့ ငါ့ကို လက်စားချေချင်လို့ ဝင်လာတာပေါ့"

"အို... အဲဒါလည်း ရှင့်ကို ပွင့်ပွင့်လင်းလင်း ကျွန်မ ပြောပြီး ပြီနော်"

"ငါကတော့ မင်းကို ချစ်လိုက်ရတာကွာ၊ ဒီမျက်နှာ၊ ဒီမျက် တောင်၊ ဒီမျက်လုံးကလေးတွေကို မြင်လိုက်ရကတည်းက ငါရှာနေတဲ့ လမင်းလေးကို ပြန်တွေ့ပြီဆိုပြီး ရင်ထဲမှာ ပျော်ခဲ့လိုက်တာ၊ အခုတော့ ငါ့မာမီလည်း မင်းရဲ့ လက်စားချေလိုမှုတွေ အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အရှုံးပေးခဲ့ရပြီ၊ ဖြေပါ၊ ငါကရော မင်းကို နောက်ထပ် ဘယ်လောက်ထိ အရှုံးပေးရဦးမှာလဲ၊ ကမ္ဘာကုန် ကျယ်သရွေ့လား၊ ရေမြေဆုံးတဲ့ အထိလား''

သူမေးလိုက်တာ နာနာကျင်ကျင် မေးလိုက်တာပါ။

ဒါကို မင်း ဖြေနိုင်ရင်လည်း ဖြေလေ အနှိုင်းမဲ့။

ငါကတော့ မင်းရဲ့ အမုန်းတွေအောက်မှာ ရှင်သန်ရတော့မယ့် ဘဝတစ်ခုနဲ့ အကောင်းဆုံးပေးဆပ် ဖြတ်သန်းသွားရတော့မှာပါ။

ဒါဆိုရင်တော့ မင်း ကျေနပ်နိုင်ပြီထင်တယ်နော်။

''ဒီမှာ ရင်ခွင်ညီ''

''ဟင်… ဖြေလေ အနှိုင်းမဲ့''

''ရှင့်ကို နောက်ဆုံးအနေနဲ့ ကျွန်မ တစ်ခုပဲပြောမယ်၊ ရှင့်အမေကို ကျွန်မ မုန်းခဲ့ရတဲ့ အမုန်းတွေက ကမ္ဘာမကျေအောင် မုန်းခဲ့ရတဲ့ အမုန်းတွေဆိုတာ ရှင် နားလည်ထားလိုက်ပါ၊ ဒီအမုန်းတွေ ပြေပျောက်စေချင်တယ်ဆိုရင် ကုမ္ပဏီမှာရှိတဲ့ လူကြီးစုံရာရှေ့မှာ ရှင့်အမေကိုယ်တိုင် ဝန်ချတောင်းပန်ပေးရမယ်''

''ဘာရယ်''

''ဒါ ကျွန်မရဲ့ နောက်ဆုံးဆန္ဒပဲ''

''ရတယ်လေ အနှိုင်းမဲ့၊ ဒီအမုန်းတွေ ပြေဖို့အတွက်ဆိုရင် ဘာကိုပဲလုပ်ရလုပ်ရ ငါ လုပ်မယ်၊ မာမီ့ဆီကို အခုပဲ Phone လှမ်းဆက်ပြီး ငါဆွေးနွေးမယ်''

ရင်ခွင်ညီ ချက်ချင်း Phone ကောက်ဆက်သည်။

''မာမီလား''



www.burmeseclassic.com

www.burmeseclassic.com



"သား ရင်ခွင်ညီ"

"သား မာမိနဲ့ ဆွေးနွေးစရာရှိလို့ လှမ်းဆက်တာပါ မာမီ"

"ဟင် ဘာတွေဆွေးနွေးစရာရှိလို့လဲ၊ မာမို့ကို ပြောစမ်း"

"ဒီမှာလေ အနှိုင်းမဲ့က ပြောနေတယ်။ သူ့ရင်ထဲက အမုန်းတွေ ပြေစေချင်ရင် ကုမ္ပဏီလူကြီးစုံရာတွေရှေ့မှာ မာမီ မှားခဲ့တဲ့ အမှားတွေအားလုံးကို ဝန်ချတောင်းပန်ပေးရမယ်တဲ့"

"ဘာပြောတယ်"

"အဲဒါ တောင်းပန်လိုက်ပါ မာမီရာ၊ မာမီ မာနတွေမထား ပါနဲ့တော့"

"မင်း... မင်း မာမို့ဒေါ်သကို လာဆွနေတာလား။ ဟိုနေ့က တောင်းပန်ခဲ့တာတောင် မင်းကို ပြန်ကွာပေးမလားဆိုပြီး ငါ တောင်းပန်ခဲ့သေးတာ၊ ဒါကို သင်းက သူ့ကိုယ်သူ ဟုတ်လှပြီထင်ပြီး အကြောမာနေတာ၊ ဒီမှာ သူက ဦးနိုင်သိခ်သမီးမကလို့ ဘယ်သူ့ သမီးပဲဖြစ်ဖြစ် သင်းလို ငါ့ကုမ္ပဏီက အနိမ့်ဆုံးအလုပ်သမားတစ်ယောက် ကို အောက်ကျခံပြီးတောင်းပန်ဖို့ အစီအစဉ် ငါ့မှာ မရှိဘူး"

"ပေး ရင်ခွင်ညီ၊ ရှင် မပြောနဲ့၊ ကျွန်မပြောမယ်"

"စိတ်ညစ်တယ်ကွာ"

ဖျတ်ခနဲဆွဲယူလိုက်တဲ့ ဖုန်းကလေးက နှိုင်းလက်ထဲက် ပါသွားသည်။

"အဟင်း၊ အန်တီ ကျွန်မပါ"

"ပြောစမ်း အနှိုင်းမဲ့၊ ညည်း ငါ့ကို ဘာပြောမလို"

"အန်တီ့သားကို ကျွန်မ လက်ထပ်လိုက်ရင် အန်တီ့က



www.burmeseclassic.com

www.burmeseclassic.com



မုန်းလို့ လက်ထပ်လိုက်တာပါ၊ ဟုတ်တယ်၊ အန်တီ့ကို ဆယ်နှစ်သမီး အရွယ် ကလေးဘဝကတည်းက ရင်ထဲမှာစူးနေအောင် ကျွန်မ မုန်းခဲ့တယ်၊ ကလေးတစ်ယောက်အမေ ဘဝနဲ့ အန်တီ ကုမ္ပဏီထဲကို ပြန်ရောက်လာတာလည်း အန်တီ့သားကို မရရအောင်လက်ထပ်ယူပြီး လက်စားချေချင်လို့ ကျွန်မ ပြန်ရောက်လာတာ၊ ဒါတွေအားလုံးကို အန်တီ့ဘက်က ခြွင်းချက်မရှိ လက်နက်ချတောင်းပန်ပြီး အပြစ်တွေကို ဝန်ခံလိုက်မယ်ဆိုရင် အန်တီ့ကို ကျွန်မက ခွင့်လွှတ်ပေးလိုက်မှာလေ''

''အဟော်၊ ခြော်၊ ညည်း တော်တော်အပြောကောင်းနေပါလားဟင် အနှိုင်းမဲ့၊ ညည်းလို ဆွေမရှိ မျိုးမရှိ သူများကုမ္ပဏီမှာ ကြမ်းတိုက် ဖုန်သုတ်နေရတဲ့ လမ်းဘေးက ကောင်မလေးတစ်ယောက်ကို တောင်းပန်မယ့်အစား ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချပြီး ငါသတ်သေပစ်လိုက်မယ်ဟဲ့။ နားလည်လား၊ ပြောစမ်း၊ ညည်းက ဘာအဆင့်ရှိလို့လဲ၊ လမ်းပေါ်မှာသွား၊ လမ်းပေါ်မှာ ညားပြီး ကလေးတစ်ယောက်ရခဲ့တာတောင် ဖအေကို လက်ညှိုးထိုးမပြနိုင်အောင် ပွေရှုပ်လာခဲ့တဲ့ မိန်းမတစ်ယောက်က သွန်းသီရိလို ကုမ္ပဏီဥက္ကဋ္ဌ တစ်ယောက်ကို တုဖက်ပြိုင်ချင်လို့ ရမလား၊ ညည်း… ညည်း ငါ့ကို သေတဲ့အထိမုန်းလိုက်၊ ညည်းကို ငါ ဂရုမစိုက်ဘူး''

''အန်တီရယ် စဉ်းစားပါဦး''

''ဒီမှာ ညည်းကို တောင်းပန်မယ့်အစား မေ့ပါနိုင်ဆိုတဲ့ ဟိုက်ဘော့စ်သူဌေးမကိုပဲ ငါ ခြေသလုံးပြေးဖက်လိုက်မယ်ဟဲ့၊ ငါ့သားကလည်း သူ့အမေ ဒုက္ခရောက်တာတွေ့ရင် ညည်းကို တစ်သက်လုံး စိတ်နာသွားမှာ၊ ဟွန်း''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့်မို့ ကျွန်မပြောနေတာပေါ့ အန်တီရယ်၊ တစ်ယောက်နဲ့တစ်ယောက် အမုန်းတွေနဲ့ ရှင်သန်ပြိုင်ဆိုင်နေကြမယ့် အစား ဖြူစင်တဲ့ ခွင့်လွှတ်နားလည်မှုတွေနဲ့ သေတစ်ပန် သက်တစ်ဆုံးနေသွားချင်လို့ ကျွန်မ အန်တီ့ကို တောင်းဆိုနေတာပါ"

"အမလေး အနှိုင်းမဲ့ရယ်၊ ညည်း စိတ်ကူးယဉ်မနေပါနဲ့တော့၊ ညည်းနဲ့ ငါနဲ့ကြားမှာရှိတဲ့ အမုန်းက ဘယ်တော့မှ ကျွှာမကျေနိုင်တဲ့ အမုန်းပဲ၊ ညည်းကိုတောင်းပန်ဖို့အစီအစဉ် ငါ့မှာ မရှိသလို ငါ့ကို ညည်းအမုန်းတွေနဲ့ ဆက်ပြိုင်ချင်သေးတယ်ဆိုရင်လည်း ငါ စိန်ခေါ်တယ်၊ ညည်းလို ပညာမတတ် ဘာမတတ်နဲ့ ဆယ်တန်းတောင် မအောင်ခဲ့တဲ့ လမ်းဘေးကဟာကို ငါ ဂရုစိုက်မယ်များ ထင်နေသလား"

"အန်တီ မတောင်းပန်ဘူးပေါ့"

"ဟဲ့… တောင်းပန်ဖို့နေနေသာသာ ငါ့ရှေ့မှာ ညည်း အခုရှိရင် ညည်းပါးကိုတောင် ငါ ဆွဲရိုက်ပြီးနေပြီ"

"အဟင်း၊ ကောင်းပါပြီ အန်တီ"

နှိုင်း ဖုန်းမပိတ်ခင်မှာပင် ဒေါ်သွန်းသီရိက ဖုန်းကို ပိတ်ချလိုက်လေပြီ။

ဝဲတက်လာတဲ့ နှိုင်းရဲ့ မျက်ရည်လေးတွေဟာ နာကျင်ခြင်းကြောင့်လား၊ နင့်သီးမှုတွေကြောင့်လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# ခရမ်းပြာ မာယာတံတား
# ဇာတ်သိမ်းပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်ခြောက်)

"ဟဲ့ တိုက်ကြစမ်း၊ တိုက်ကြစမ်း၊ အစည်းအဝေးခန်းမကြီး တစ်ခုလုံးကို ပြောင်လက်နေအောင် တိုက်ထားကြစမ်း"

ဒေါ်မဥ္ဇူက ပျာယာခတ်နေအောင် ပြေးလွှားလျက် အလုပ်သမားတွေအားလုံးကို အသည်းအသန် ညွှန်ကြားနေသည်။ သီကျူးနှင့် နူးညံ့တို့ကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကုမ္ပဏီမှာ ဖြစ်ပျက်နေသမျှ အရာအားလုံးကို စူးစမ်းနေမိကြသည်။

ဘာတွေဖြစ်နေကြတာလဲ။

ဦးသီလထွန်းတို့ အမှုဆောင်ဒါရိုက်တာတွေပင် ဖိုင်တွဲကြီးတွေကိုင်ကာ တစ်ခန်းဝင်တစ်ခန်းထွက် လှုပ်ရှားနေကြလျက်။

"သီကျူး"

"ဟင် ဘာလဲ နူးညံ့"

"ကုမ္ပဏီမှာ တစ်ခုခုတော့ ဖြစ်နေပြီထင်တယ်"

"ဟုတ်တယ်၊ ငါလည်း ဒါကိုပဲ ကြည့်နေတာ"

"ထူးခြားတာက ဒေါ်သွန်းသီရိကိုယ်တိုင် အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ ပျာယာခတ်နေတာ၊ ပြီးတော့ Three Flower ကုမ္ပဏီက လာတဲ့ မေယွန်းဆိုတဲ့ မျက်နှာထားတင်းတင်းနဲ့ ကောင်မလေးတစ်ယောက်ကိုလည်း ဒေါ်သွန်းသီရိ အရမ်းကြောက်နေသလိုပဲ၊ သူခိုင်းတာ သူဖြစ်ချင်တာမှန်သမျှကို လိုက်လုပ်ပေးနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှ ကုမ္ပဏီဝန်ထမ်းတွေရော Super Market ကြီးရဲ့ ဝန်ထမ်းတွေက တူညီဝတ်စုံ အရောင်လေးတွေ ပြောင်းသွားတာကလည်း ထူးခြားမှုတစ်ခုဖြစ်နေသည်။

မပြောင်းမလဲ သည်အတိုင်းကျန်နေခဲ့တာ သန့်ရှင်းရေးဝန်ထမ်းဝတ်စုံလေးတွေသာ။

"ဟဲ့… ဟိုနှစ်ယောက်၊ ဖုန်သုတ်စက်တွေကိုင်ပြီး ဘာရပ်လုပ်နေတာလဲ၊ နောက်ထပ် တစ်နာရီအတွင်း ပြီးအောင်လုပ်ထားကြ၊ ဒီနေ့ အရမ်းအရေးကြီးတဲ့ အစည်းအဝေးရှိတယ်"

"ဟုတ်ကဲ့ပါ အန်တီမဥ္ဇူ"

ဒေါ်မဥ္ဇူ လှည့်ထွက်သွားတော့မှ သီကျူးက နူးညံ့ကို မေးကလေးဆတ်ပြသည်။

"တွေ့တယ်နော် နူးညံ့၊ ကုမ္ပဏီမှာ တစ်ခုခုတော့ အပြောင်းအလဲဖြစ်တော့မယ်ထင်တယ်၊ စားပွဲတွေ ကုလားထိုင်တွေကအစ အကုန်လုံး အသစ်တွေဖြစ်ကုန်ပြီ"

"နှိုင်းကို သတိရလိုက်တာဟာ"

နူးညံ့က တမ်းတမ်းတတလေး ပြောသည်။

"ဟုတ်တယ်နော် နူးညံ့၊ နှိုင်းဘဝလေးက တော်တော်သနားဖို့ကောင်းတယ်၊ ဒေါ်သွန်းသီရိကလည်း တော်တော်ရက်စက်တယ်၊ ဒီကုမ္ပဏီအဆောက်အအုံကြီးကို ဖဲကြိုးဖြတ်ဖွင့်ပေးခဲ့ရတဲ့ သူဌေးသမီးလေးတစ်ယောက်က ဒီကုမ္ပဏီထဲမှာ ကြမ်းတိုက် ဖုန်သုတ်ရတဲ့ဘဝကို ရောက်ခဲ့တာ တော်တော်အံ့သြဖို့ကောင်းတယ်၊ ဟော… အခုတော့ ဒေါ်သွန်းသီရိ ဝဋ်လည်နေပြီလေ၊ ရင်ခွင်ညီကို နှိုင်း လက်ထပ်သွားတာ ဒေါ်သွန်းသီရိ အရှုံးမီးပိုင်းပဲ"

"အခုတောင် နှိုင်းရောက်လာရင် ကုမ္ပဏီထဲကနေ မောင်းထုတ်ရမယ်တဲ့၊ ရင်ခွင်ညီနဲ့လည်း မရရအောင် ပြန်လိုက်ခွဲမယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မမရိုက်ခတ်ညံ့ကို ပြောပြီး ရုံးခန်းထဲမှာ ဆွေ့ဆွေ့ခုန် အော်ပြော နေတာ"

"နှိုင်း သနားပါတယ်ဟာ"

နှိုင်းအကြောင်းလေးကို တိုးတိုးတိတ်တိတ်လေး ပြန်ပြော မိတော့လည်း နှစ်ဦးသား စိတ်မကောင်းဖြစ်ရသည်။ ဒါတွေကိုလည်း အလုပ်က အထုတ်ခံလိုက်ရတဲ့ နှိုင်းက သိနိုင်ပါသေးရဲ့လား။

ဖြစ်ချင်တော့ သီကျူးနဲ့ နုးညံ့တို့ အောက်ကိုပြန်ဆင်းချိန် မှာ Super Market ကြီးရဲ့ ဝင်ပေါက် မှန်တံခါးချပ်ကြီးတွေရှေ့ကို ကလေးတစ်ယောက်နဲ့ နှိုင်းက ရောက်လာခဲ့ပြီ။ ကုမ္ပဏီလုံခြုံရေး ဝန်ထမ်းတွေက နှိုင်းဘေးမှာ ဝိုင်းလို့။

"မင်း... မင်း အနှိုင်းမဲ့မဟုတ်လား၊ မင်းကို ဒီကုမ္ပဏီနဲ့ စူပါမားကက်ထဲကို အဝင်မခံရဘူးလို့ အမိန့်ထုတ်ထားတယ်"

"အို... နှိုင်းရယ်"

နှိုင်းဆီကို အပြေးအလွှားရောက်သွားတာ ဘဝတူအလုပ် သမား သီကျူးနဲ့ နုးညံ့ရယ်လေ။

"ဟင်"

သန့်ရှင်းရေးဝန်ထမ်းဝတ်စုံကလေးတွေနှင့် ပြေးထွက်လာ တဲ့ သီကျူးနဲ့ နုးညံ့ကိုမြင်တော့ နှိုင်း မျက်တောင်လေးတွေကော့ကာ မျက်လုံးလေးတွေပါ ဝိုင်းစက်သွားရ၏။

"သီ၊ သီကျူးနဲ့ နုးညံ့"

"နှိုင်း၊ နှိုင်းရယ်၊ ကလေးတစ်ယောက်နဲ့ မင်း ဘယ်လို ဖြစ်လာတာလဲ၊ သီကျူးတို့ နှိုင်းကို ဘာအကူအညီပေးရမလဲ"

"ဟို... ဟိုလေ နုးညံ့၊ သူ့ကိုလေ ညက အရမ်းဖျားတယ်၊ ဆက်မပေါင်းနိုင်ဘူး ပြောလိုက်မိလို့ သူ ညက တစ်ညလုံး နှိုင်းဆီကို ပြန်မလာဘူး နုးညံ့ရယ်၊ နှိုင်း မှားသွားတာပါ၊ ကိုယ့်ကို သိပ်ချစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်နေတဲ့ ယောကျ်ားတစ်ယောက်ကို နှိုင်း မပြောသင့်တာတွေ ပြောပြီး ရန်တွေ့လိုက်မိလို့ လိုက်လာတာပါ၊ အဟင့်… နှိုင်း သူနဲ့ တွေ့ပါရစေနော် နူးညံ့၊ သူ့ရုံးခန်းပေါ်တက်သွားပြီး သူ့ကို နှိုင်း တောင်းပန်ပါရစေနော်"

"ဒီမှာ အနှိုင်းမဲ့"

"ရှင်"

ကြားထဲက ဝင်ပြောလိုက်တာ လုံခြုံရေးမှူး ဦးမြတ်သူပါ။

"မင်းကို ဒီကုမ္ပဏီထဲ ဝင်ခွင့်ပြုဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ ဒီအမိန့်ဟာ ငါတို့လုံခြုံရေးဝန်ထမ်းတွေကို ဒေါ်သွန်းသီရိကိုယ်တိုင် ထုတ်ထားတဲ့အမိန့်ပဲ၊ မင်း လာမနှောင့်ယှက်ပါနဲ့၊ မင်းဟာ ဒီကုမ္ပဏီ ရဲ့ဝန်ထမ်းလည်း မဟုတ်တော့ဘူး"

"ဟော့ ဘာဖြစ်နေတာလဲ"

"အို ဘုရားရေ"

ကံဆိုးချင်တော့ Super Market ကြီးရဲ့ မြေညီထပ်အရောင်းကောင်တာတွေကို မေယွန်းနဲ့အတူ လိုက်စစ်နေတဲ့ ဒေါ်သွန်းသီရိ ကိုယ်တိုင် ကလေးတစ်ယောက်နဲ့ လိုက်လာတဲ့ နှိုင်းကို တွေ့သွားခဲ့ပြီ။

သီကျူးတစ်ကိုယ်လုံး အေးစက်သွားသလို နူးညံ့လည်း မျက်နှာပျက်သွားသည်။

"မင်း… မင်း ဒီကို ဘာလာလုပ်တာလဲ အနှိုင်းမဲ့၊ ကြည့်ပါဦး၊ ကလေးတစ်ယောက်နဲ့"

"နှိုင်း… နှိုင်း သူနဲ့တွေ့ချင်လို့ပါ အန်တီ၊ သူ နှိုင်းကို စိတ်ဆိုးပြီး အိမ်ပေါ်ကဆင်းသွားလို့ သူ့ကို ပြန်ခေါ်ချင်လို့ နှိုင်းလိုက် လာတာပါ"

"ဘာပြောတယ်၊ ငါ့သားက ညည်းနဲ့စိတ်ဆိုးပြီး အိမ်ပေါ် က ဆင်းသွားတယ် ဟုတ်လား၊ ဟား၊ ဟား၊ အဲဒါ ညည်းလို



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်အမေကို ဆက်မပေါင်းချင်တော့လို့ အိမ်ပေါ်က ဆင်းသွားတာနေမှာပေါ့ အန္တိုင်းမဲ့ရဲ့၊ စယူကတည်းက ငါ့သားလေးကို ညည်း မတန်မရာ အတင်းမြူဆွယ်ထားလို့ ငါ့သားလေး ပါသွားတာလေ၊ အခုမှ မျက်ရည်စမ်းစမ်းလေးနဲ့ ညည်းလာမပြောနဲ့၊ ငါ့ရှေ့ကနေ ညည်း အခုချက်ချင်းထွက်သွား၊ ငါ့သားလည်း ဒီမှာမရှိဘူး၊ ငါ့ဆီကိုလည်း သူပြန်မလာဘူး"

"အဟင့်… မလုပ်ပါနဲ့ အန်တီရယ်၊ သူ နိုင်းကို အရမ်းချစ်တာ နိုင်း သိပါတယ်၊ သူ စိတ်ထိခိုက်ပြီးထွက်သွားတာသိလို့ နိုင်း ပြန်လာခေါ်တာပါ"

"ညည်း… ညည်း ရှုံးသွားပြီ အန္တိုင်းမဲ့၊ ငါ့သားလေးက ညည်းကို ဆက်မပေါင်းတော့ဘူးဆိုရင် ညည်းကို ငါ နိုင်သွားပြီ၊ အန္တိုင်းမဲ့ရယ် ညည်းလို ကလေးတစ်ယောက်အမေ ဆင်းရဲစုတ်ပြတ်နေတဲ့ဟာမလေးတစ်ယောက်ကို ငါ့သား လူပျိုနနထွတ်ထွတ်က ဘယ်လိုလုပ်တန်ဖိုးထားပြီး ဆက်ပေါင်းနေမှာလဲ အန္တိုင်းမဲ့ရဲ့"

ဆံပင်လေးတွေက ဖရိုဖရဲ။

မျက်ဝန်းလေးတွေက ကြေကြေကွဲကွဲ နာနာကျင်ကျင်။

အဝတ်အစားလေးတွေက အဟောင်းအနွမ်းလေးတွေမို့ နိုင်းကိုကြည့်ပြီး မျက်ရည်လည်လို့မဆုံးအောင် ခံစားနေရတာ ဘဝတူအလုပ်သမား နုးညွံ့နဲ့ သီကျူးပါပဲ။

နိုင်းကတော့ ကလေးငယ်လေးကို ရင်ခွင်မှာပိုက်ကာ ပွေ့ချီထားလို့။

ဘေးကနေ ဝိုင်းကြည့်နေသူတွေကလည်း တဖြည်းဖြည်း ပိုများလာသည်။

"ဟင် ဒီကောင်မလေးက သန့်ရှင်းရေးဌာနက အန္တိုင်းမဲ့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဟုတ်တယ်လေ"

"ကောင်မလေးက သနားဖို့ကောင်းပါတယ်၊ ကလေး တစ်ယောက်ရှိတာကို သိသိကြီးနဲ့ ကားတင်ခိုးပြေးသွားပြီးမှ ဒီလို ပြောတာ မကောင်းပါဘူး။ ဒေါ်သွန်းသီရိ တော်တော်ရက်စက်တာ ပဲ"

တီးတိုးဝေဖန်သံလေးတွေက ဟိုနားကြိတ်ကြိတ် ဒီနား ကြိတ်ကြိတ်နှင့်။

"အဟင့် နှိုင်းကို မတားပါနဲ့ အန်တီ၊ ခဏလေးဖြစ်ဖြစ် သူနဲ့ နှိုင်းကို တွေ့ခွင့်ပေးပါ"

"ဟာ ရင်ခွင်ညီ ဒီကို ပြန်မလာဘူးလို့ ညည်းကိုပြောနေ တာ မရဘူးလား"

"နှိုင်း တွေ့ချင်လို့ပါ အန်တီ"

"ဟော့... သူ့ကို ဒီရှေ့ကနေ ဆွဲထုတ်လိုက်ကြစမ်း"

"အို..."

ဒါပဲပြောပြီး ဒေါ်သွန်းသီရိ လှည့်ထွက်သွားခဲ့ပြီ။

ထိုအချိန်မှာ ရင်ခွင်မှာ ပိုက်ထွေးချီပိုးထားရသည့် ကလေး ကလည်း ဝါးခနဲငိုချသည်။

"သား... သားလေးရယ်၊ မေမေ့သားလေးရယ်၊ အဟင့် ဟင့်"

ကလေးကိုချော့ရင်း နှိုင်း မျက်ရည်ကျ၏။

"နှိုင်း... နှိုင်းရာ၊ မင်း ဘာမှအားမငယ်နဲ့ သိလား၊ ရင်ခွင် ညီ မင်းကို အရမ်းချစ်တာ တို့အားလုံးသိတယ်၊ ဟောဒီကုမ္ပဏီကြီး မှာရှိတဲ့ ဝန်ထမ်းတွေအားလုံးကလည်း နားလည်တယ်၊ မင်း ဆီကို ရင်ခွင်ညီ သေချာပေါက်ပြန်လာလိမ့်မယ်"

"နှိုင်း ပြန်ပါတော့မယ် နူးညံ့နဲ့ သီကျူးရယ်"

လင်းလက်ဒီမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြည့်နေတဲ့ ဘဝတူဝန်ထမ်းတွေအားလုံး ဘယ်သူမှ စိတ်မကောင်းနိုင်ကြ။

ဒေါ်သွန်းသီရိရဲ့ အဆင့်အတန်းခွဲခြားမှုတွေ၊ ရက်စက်တာတွေကို သူတို့အားလုံး မျက်ဝါးထင်ထင် တွေ့ခွင့် ကြားခွင့်ရသွားကြတာလေ။

ဝသုန်ဤမြေကမ္ဘာကို သက်သေတည်နေစရာ လိုသေးလို့လား။

"ဟား၊ ဟား"

"ဟား၊ ဟား၊ ဟား"

မျက်နှာလေးကို တင်းတင်းလေးမော့ကာ ဒေါက်မြင့်ချွန်ချွန်လေးကို စီးထားသည့် ဒေါ်သွန်းသီရိ ဟားတိုက်ရယ်တော့ ခါးကလေးကပါ ကော့လို့ပေါ့။

"အန်တီသွန်း ဘာလို့ရယ်တာလဲ၊ စောစောက ကောင်မလေးက ဘယ်သူလဲ"

Three Flower ကုမ္ပဏီရဲ့ အတွင်းရေးမှူးမလေး မေယွန်းက အားရပါးရ ခွက်ထိုးခွက်လှန် အော်ရယ်နေသည့် ဒေါ်သွန်းသီရိ မျက်နှာကို မော့ကြည့်ကာ နားမလည်သလိုလေး လှမ်းမေးသည်။

"ဟား... ဟား၊ အဲဒါ ရင်ခွင်ညီကို ခိုးရာလိုက်အောင် မြှူဆွယ်သွားတဲ့ အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးလေ၊ အခု သားက မပေါင်းချင်တော့လို့ ပြန်လာတာကို လိုက်ခေါ်လို့ အန်တီ မောင်းထုတ်လိုက်တာ၊ ပြီးပြီလေ၊ ဒါကို မေ့ပါနိုင်လေးသိအောင် ဖုန်းဆက်ပြီးတော့ အန်တီ လှမ်းပြောမယ်၊ သားနဲ့ မေ့ပါနိုင်လေးတို့ရဲ့ကိစ္စကို အန်တီ မဖြစ်ဖြစ်အောင် စီစဉ်မယ်လို့လေ မေယွန်းရဲ့၊ ဟား... ဟား"

ဒေါ်သွန်းသီရိ ပျော်လို့မဆုံး မော်လို့မဆုံး။

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သားကို Phone ဆက်တော့လည်း သား Hand Phone လေးက ပိတ်ထားသည်တဲ့။

သားကလေး အနှိုင်းမဲ့ကို စိတ်နာသွားတာ သေချာနေပါပြီ။

"အဲဒါတွေကို နောက်မှစီစဉ်ပါ အန်တီ၊ အခုလောလောဆယ် အရေးကြီးတာ အစည်းအဝေးကို ဒေါ်မေ့ပါနိုင် ရောက်မလာခင်မှာ စီစဉ်စရာရှိတာတွေ အရေးပေါ်စီစဉ်ထားဖို့ အရေးကြီးတယ်၊ ကျွန်မတို့ဘော့စ်က အနီရောင်ဆိုရင် အရမ်းမုန်းတယ်၊ ဒီကုမ္ပဏီ အဆောက်အအုံကြီးတစ်ခုလုံးကို မိုးတိမ်ပြာအရောင်နုနုလေးတွေ လွှမ်းနေအောင် လုပ်ထားရမယ်ဆိုပြီး ညွှန်ကြားထားလို့ ကျွန်မရအောင် အတင်းလိုက်ပြောင်းနေတာ၊ အန်တီ အစည်းအဝေးမှာ အရင်ထိုင်ခဲ့တဲ့ ထိုင်ခုံကြီးက အနီရောင်ကတ္တီပါစကြီးတွေ ခင်းထားတာလေ၊ ဒါကြောင့်မို့ ထိုင်ခုံအသစ်တွေ ကျွန်မလဲလိုက်တာ"

"အို… မေယွန်းလေးရယ်၊ မေယွန်းလေးတို့ဘော့စ်မမ စိတ်တိုင်းကျအောင်ပဲ လုပ်ပါ၊ အန်တီက ဘော့စ်မမလေးအတွက် အားလုံးခေါင်းညိတ်သဘောတူပြီးသားပါ မေယွန်းလေးရဲ့၊ အဟင်း၊ ဟင်း"

"ပန်းချီကားကြီးတွေကိုလည်း တိမ်ပြာတိမ်လိပ်တွေ တရွေ့ရွေ့လွင့်နေတဲ့ ပန်းချီကားကြီးတွေနဲ့ ပြောင်းချိတ်ရမယ်"

"အို… ချိတ်ပါ၊ ချိတ်ပါ"

"ဟိုလေ အန်တီ့ကိုတော့ အားနာတယ်နော်၊ ဒီအစည်းအဝေးခန်းထဲက အန်တီ့ဓာတ်ပုံကြီးတွေ"

"အမလေး… မေယွန်းလေးရယ်၊ မေယွန်းလေး စိတ်တိုင်းကျလုပ်၊ အန်တီ ခွင့်ပြုတယ်၊ အန်တီ ခွင့်ပြုတယ် မေယွန်းလေးရဲ့၊ အန်တီကိုယ်တိုင် တက်ဖြုတ်ပေးဆိုလည်း ဖြုတ်ပေးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ရတယ် အန်တီ၊ အန်တီ နေပါ၊ အလုပ်သမား တွေကိုပဲ ကျွန်မ တက်ဖြုတ်ခိုင်းမယ်၊ ဟာ... မေ့လို့ အန်တီရေ မေ့လို့၊ မေ့လို့၊ အစည်းအဝေးခန်းမကြီးမှာ ပြင်ဆင်ဖို့မှာထားတဲ့ သစ္စာပန်းတွေ ခုထိမရောက်လာသေးဘူးလား အန်တီ၊ ဒုက္ခပါပဲ"

"အမလေး... မေယွန်းလေးရယ်၊ မေယွန်းလေး မှာထား သမျှကို တစ်ခုမကျန် မလစ်ဟင်းရလေအောင် အန်တီသွန်း အကုန် လုပ်ထားပြီးပါပြီရှင်၊ ဟင်း၊ ဟင်း၊ အခုအချိန်မှာ အန်တီသွန်းတို့ရဲ့ အသစ်စက်စက် ဘော့စ်မမလေး ရွှေစိတ်တော်မညိုဖို့ပဲ အန်တီသွန်း အတွက် အရေးကြီးနေတာပါ၊ ဒါကို မေယွန်းလေး အသိဆုံးပါ ကွယ်"

အတွင်းရေးမှူးမလေး မေယွန်းကိုပဲ မျက်နှာချိုသွေးနေ ရတဲ့ ဒေါ်သွန်းသီရိ ဘဝ။

ခြံတွေ အိမ်တွေ ပိုင်ဆိုင်သမျှ ကားတွေပါမကျန် အကုန် သိမ်းဖို့လာတဲ့ မေယွန်းနဲ့ ရှေ့နေကြီးတွေကို မေ့ပါနိုင်လေးက စိတ် ပြောင်းပြီး ပြန်ခေါ်လိုက်လို့လည်း ဒေါ်သွန်းသီရိ စိတ်သက်သာရာ ရသွားခဲ့တာပါ။

ခုတော့ မေ့ပါနိုင်အလိုကျ ကုမ္ပဏီကို လွှဲပြောင်းပေးအပ် လိုက်ရတော့မည့် အခြေအနေမှာ သူမလေးဆီက ဘယ်လိုအခွင့် အရေးတွေ ထပ်ရမလဲဆိုတာပဲ ဒေါ်သွန်းသီရိ မျှော်လင့်နေရပြီ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် သားကလေးကပါ အနိုင်းမဲ့နဲ့ ပြဿနာ ဖြစ်ပြီး အိမ်ပေါ်က ဆင်းလာခဲ့ပြီဆိုတော့ ဒီပွဲကို အပိုင်တစ်ချက်တည်း သိမ်းပစ်လိုက်လို့ရပြီပေါ့။

ဒါ ဘုရားမတာပဲ။

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက သွန်းသီရိကို စောင့်ရှောက်လိုက်တာပဲ။

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးစဖို့ကလည်း အချိန်နီးကပ်လာပြီ။

မကြာခင်မှာ နောက်တော်ပါ အခြွေအရံပေါင်းများစွာနဲ့ မေ့ပါနိုင်လေး ရောက်လာတော့မည်။

"ဦးသီလထွန်း… သား သားနဲ့ Phone အဆက်အသွယ် ရပြီလား"

"ရပြီ၊ ဒါပေမဲ့ သူ စိတ်ခတ်ကျနေတယ်"

"ဟင် သူ့ကို အစည်းအဝေးလာတက်လို့ ရှင် မပြောလိုက်ဘူးလား"

"ပြောလိုက်ပါတယ်၊ သူလာတက်မယ်တဲ့"

အမလေး… တော်ပါသေးရဲ့၊

သားကလေးရှိနေမှ မေ့ပါနိုင်ဆီက အခွင့်အရေးတွေတောင်း လို့ရမှာ။

"ရတယ်၊ ရတယ်၊ သူလာတက်မယ်ဆိုရင် ကျွန်မ ကျေနပ်ပြီ၊ ဟင်း၊ ဟင်း"

ဒေါ်သွန်းသီရိ အပြုံးလေးက ချိုချိုလေး။

လှုပ်ရှားနေသမျှအချိန်တိုင်းမှာ မြီးကောင်ပေါက်မလေး တစ်ယောက်လို ခန္ဓာကိုယ်လေးကပါ ပေါ့ပါးသွက်လက်လို့နေသည်။

ညနေလေးနာရီထိုးခါနီး ငါးမိနစ်အလိုမှာတော့ Hand Phone မြည်သံလေးက ပေါ်ထွက်လို့လာခဲ့ပြီ။

"အို… ဘော့စ်လာနေပြီ ဟုတ်လား၊ ကျွန်မတို့ အားလုံး အောက်မှာဆင်းကြိုရမယ်"

"… … …"

"ဟာ ကြိုမယ်၊ ကြိုမယ်၊ အားလုံးကို တိတိကျကျဖြစ် အောင် ကျွန်မ စီစဉ်ထားလိုက်ပါ့မယ်ရှင်"

ကုမ္ပဏီတစ်ခုလုံးလည်း ဘယ်သူမှ မနေရ။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီပိုင် Super Market ကြီးရှေ့က ဆင်ဝင်အောက်မှာ အားလုံးတန်းစီရပ်စောင့်ကြတော့ပဲ။

ဒါကိုသိတော့ ရင်ခွင်ညီ နှုတ်ခမ်းလေးတွေ မဲ့သွားသည်။

"ရင်ခွင်ညီရာ ဒီအချိန်ဟာ ကုမ္ပဏီရေရှည်အကျိုးအတွက် ငါတို့မှာရှိတဲ့ မာနလက်နက်တွေကို စွန့်လွှတ်လိုက်ရမယ့် အချိန်မျိုးပါ ကွာ၊ တခြားလူ မကြည့်နဲ့၊ မာနတွေ၊ ဂုဏ်သိက္ခာတွေနဲ့ အရမ်း ထည်ဝါခဲ့တဲ့ မင်းမာမီ ဒေါ်သွန်းသီရိတောင် ပျာယာခတ်ပြီး အောက်မှာ ဆင်းကြိုနေရပြီပဲဥစ္စာ၊ လာပါကွာ မကောင်းပါဘူး"

"ကျွန်တော် မလိုက်ဘူး ဦးသီလထွန်း"

ရင်ခွင်ညီ နာကျင်စွာ ခေါင်းကိုယမ်းခါနေ၏။

ဒီလို မလောက်လေးမလောက်စား သရုပ်ပျက်အဝတ်အစားနဲ့ ရောက်လာမယ့် Three Flower ကုမ္ပဏီရဲ့ အရှေ့တောင် အာရှဆိုင်ရာ အထူးဒါရိုက်တာတစ်ယောက်ကို အသက်မပါတဲ့ အပြုံးတွေနဲ့ ပြုံးပြပြီး ဦးညွှတ်ကြိုဆိုရမယ်ဆိုတာ သူ ဘယ်လိုမှ လက်မခံနိုင်တဲ့ ကိစ္စတစ်ခုပါပဲ။

ဝမ်းနည်းပါတယ် ဦးသီလထွန်း။ ကျွန်တော့်နာမည်က ရင်ခွင်ညီပါ။ ဒီကိစ္စတွေအားလုံးကို အပြတ်ရှင်းချင်လို့ ကျွန်တော် ခဏပြန်လာတာပါ။

ဦးသီလထွန်း စိတ်ပျက်ပြီး အခန်းထဲကနေ ပြန်လှည့်ထွက်သွား၏။

"ဟွန်း ကြည့်ကြသေးတာပေါ့"

အခန်းထဲက CCTV တွေအားလုံး ရင်ခွင်ညီ ဖွင့်ချသည်။

သူ ရွေးချယ်လိုက်တာ Super Market ကြီးရဲ့ ဆင်ဝင်အောက်တည့်တည့်နေရာကို ချိန်ရွယ်ထားသည့် CCTV ထဲက ပုံရိပ်ကလေး။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

နောက်ဆုံးပေါ် လက်ပြောင်တောက်ပနေသည့် Land-Cruiser အနက်ရောင်ကားသစ်ကြီးတစ်စီးက CCTV ထဲမှာ ငြိမ့်ခနဲ ထိုးရပ်လိုက်လေပြီ။ ဒါကိုပဲ ကားဘေးကို စုပြုဝိုင်းအုံသွားတာ ကုမ္ပဏီဒါရိုက်တာတွေ၊ ရှယ်ယာရှင်တွေနဲ့ ကုမ္ပဏီဝန်ထမ်းတွေ။ သည်အထဲမှာမှ ကိုယ့်မာမီက ရှေ့ဆုံးက။

ကြွေမြွေမဆည်နိုင်လောက်အောင် ကားတံခါးကို ပြေးဆွဲဖွင့်ကြိုလိုက်တာလည်း ကိုယ့်မာမီ။

"တောက်"

ရင်ခွင်ညီ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လျက် ဆံပင်တွေကြားထဲ လက်ချောင်းတွေထိုးသွင်းကာ မျက်နှာလေးကို တင်းတင်းမော့ပစ်သည်။

တယ်ဟုတ်ပါလား။

ကားပေါ်ကဆင်းလာတာတောင် ရှေညှိစိမ်းရောင် စကတ်အတိုလေးတွေ ဝတ်ထားတဲ့ အရွယ်တူ ဆိုက်တူ ဝင်းနှစ်နေအောင်လှတဲ့ ကောင်မလေး လေးယောက်က ဘယ်သူမှ အလွယ်တကူ အနားကိုကပ်လို့မရအောင် သူတို့ရဲ့ ဟိုက်ဘော့စ်မမကို ဝန်းရံထားလို့ပါလား။

မေ့ပါနိုင်ကတော့

အဖြူရောင် လက်တစ်လုံးကြိုး ဒူးဖုံးဂါဝန်ရှည်ကြီးနဲ့ပေါ့။

Hongkong Fashion ပြပွဲတွေမှာ ဝတ်ပြတတ်တဲ့ အပေါ်မှာ လည်ဟိုက် အသားကပ်လက်တစ်လုံးကြိုးနဲ့ဖြစ်ပြီး ခါးအောက်ပိုင်းကတော့ အဖောင်းအပွလေးတွေနဲ့ အထပ်ထပ်ချုပ်ကာ အဖြူရောင် ဇာပါးပါးလေးတစ်ထပ် အုပ်ထားတဲ့ ဂါဝန်ရှည်လေး။

အောက်မှာစီးထားတာ စိန်စီသောအနက်ရောင်ရှူးကလေး။



www.burmeseclassic.com

www.burmeseclassic.com



လက်မှာပွေ့ကိုင်ထားတာ ခရေဆီရောင် အကောင်းစား အိတ်ကလေး။

ပြုံးကြ ရယ်ကြ လက်ဆွဲနှုတ်ဆက်ကြနှင့်။

ရင်ခွင်ညီ ဆက်မကြည့်တော့ဘဲ မျက်လုံးလေးတွေ မှိတ်ချ ပစ်သည်။

တကယ်တမ်း ရင်ခွင်ညီ့မျက်ဝန်းလေးထဲမှာ ဖျတ်ခနဲပေါ် လာတဲ့ အရိပ်လေးက လွန်ခဲ့သည့် ဆယ်နှစ်ကျော်အချိန်က မိုးတိမ် နန်းတော်ကမ္ဘာကြီးကို ဖွင့်သွားတဲ့ အရိပ်စစ်ဆိုတဲ့ ကောင်မလေး တစ်ယောက်ရဲ့ ပုံရိပ်လေးပါပဲ။

"ရှင့်အမေကို မုန်းသလို ရှင့်ကိုလည်း အရမ်းမုန်းတယ်"

"ရှင့်အမေ ရက်စက်လို့ ရေဝေးသချိုင်းနားက ကြံရည်ဆိုင် ကလေးမှာ ကျွန်မလက်မောင်းလေးတွေ ပွဲကြွေပြုတ်ကျသွားမတတ် ကြံရည်ကြိတ်စက်ကိုလှည့်ပြီး ထမင်းလေးတစ်လုပ်စားရဖို့ ကျွန်မ ကြိုးစားခဲ့ရတာလေ။ ဖေဖေ သေသွားတာကိုသိလို့ ရေဝေးသချိုင်းကို မိုးရေတွေ တစ်ကိုယ်လုံးစိုရွှဲပြီး ကျွန်မ ပြေးလိုက်ခဲ့တော့လည်း ရှင့် အမေရဲ့ အသိုင်းအဝိုင်းတွေက ဘယ်ကဆင်းရဲသား စုတ်ပြတ်သတ် နေတဲ့ ကောင်မလေးလဲဆိုပြီး ကျွန်မကိုမောင်းထုတ်ကြလို့ တိုင် အကွယ်လေးမှာ ကျွန်မ ငိုခဲ့ရတယ်"

"ရှင့်အမေဟာ မြင့်လွန်းမေရဲ့သမီးကို မုန်းခဲ့သလို ဒေါ်သွန်း သီရိရဲ့သား ရင်ခွင်ညီကိုလည်း မြင့်လွန်းမေရဲ့သမီးက အသည်းနာ အောင်မုန်းတယ်"

"ရှင့်ကို အသည်းနာအောင်မုန်းတယ် ရင်ခွင်ညီရဲ့"

"တောက်"

တောက်တစ်ချက်ကိုခေါက်ပြီး ရင်နာနာနဲ့ပဲ သူ့ ဝုန်းခနဲ ထရပ်လိုက်မိပြီ။ အန္တိုင်းမဲ့ နောက်ဆုံးပြောသွားခဲ့သည့် စကားသံ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို သူ ဘယ်လိုမှ ပြန်ကြားနိုင်စွမ်းလည်း မရှိတော့ပါ။

ကိစ္စတွေအပြတ်ရှင်းပြီးတာနဲ့ ဒီအစည်းအဝေးကြီးကနေလည်း သူ ပြေးထွက်ကျောခိုင်းသွားတော့မည်။

အခန်းထောင့်ကွယ်လေးကနေ သူ ဖျတ်ခနဲချိုးကွေ့လိုက်စဉ်မှာတော့...

"အို"

"ဟာ... ဟာကွာ"

မမျှော်လင့်ဘဲ သူတိုက်ချလိုက်မိတာ အဖြူရောင်အရိပ်ကလေး။

"ဒေါက်"

"ဘုရားရေ"

ခရေစီရောင် လက်ကိုင်အိတ်ကလေး ကြမ်းပြင်ပေါ် ဒေါက်ခနဲပြုတ်ကျသွားလို့ ဒူးကလေးညွတ် ခါးကလေးကိုင်းပြီး ပြန်ကောက်လိုက်မိတာ အရှေ့တောင်အာရှဆိုင်ရာ အထူးဒါရိုက်တာမလေး မေ့ပါနိုင်ပါပဲ။

လှမ်းကောက်ရင်းနှင့်လည်း ဝင်တိုက်မိသူကို မျက်ဝန်းတွေကို ဖျတ်ခနဲပင့်မော့ရင်း ကြည့်မိသည်။

"အို ကြည့်စမ်း၊ တို့က ဘယ်သူလဲလို့၊ You ပဲ"

"မင်း၊ မင်း"

သူ စကားမပြောနိုင်ပါ။

မေ့ပါနိုင်ကို တောင်းပန်ဖို့လည်း သူ သတိမရနိုင်ပါ။

ဒေါ်သွန်းသီရိက မျက်လုံးတွေပြူးလျက်။

"ရတယ် You ၊ ကိစ္စမရှိပါဘူး၊ ကဲ... တို့တွေအားလုံးဆုံတုန်း အစည်းအဝေးစလိုက်ရအောင်၊ ဒီမှာ ကုမ္ပဏီဒါရိုက်တာတွေရော ရှယ်ယာရှင်တွေပါ အကုန်ပါလာပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်အိတ်ကလေးမှာ ပေကပ်သွားတဲ့ ဖုန်းအစအန ကလေးတွေကို လက်ကလေးနှင့် ပြန်ခါချရင်း မေ့ပါနိုင်က သူ ဘာမှဖြစ်မသွားခဲ့သလို။

မေ့ပါနိုင်ကို သူ ဒီတစ်ခါ အနီးကပ်လေး အသေအချာ ကြည့်ခွင့်ရခဲ့ပြီ။

ဒါဟာ မေ့ပါနိုင်တဲ့လား။

ဒါဟာ Three Flower ကုမ္ပဏီက လွှတ်လိုက်တဲ့ အရှေ့ တောင်အာရှဆိုင်ရာ အထူးဒါရိုက်တာမလေးတဲ့လားကွာ။

"ဟား၊ ဟား၊ ဟား၊ ဟား"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်ခုနစ်)

"ဒီနေ့ အစည်းအဝေးကြီးကို ကြွရောက်လာတဲ့ မဟာကုမ္ပဏီဥက္ကဋ္ဌကြီး ဒေါ်သွန်းသီရိနဲ့တကွ ကုမ္ပဏီတာဝန်ရှိသူတွေ၊ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်တွေ၊ ကုမ္ပဏီရှယ်ယာရှင်တွေအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်၊ ကျွန်မ မေ့ပါနိုင်ပါ"

လက်တစ်လုံးကြိုးလေးနှစ်ဖက်မှာလည်း စိန်တွေစီ။

အနက်ရောင်ရှူးကလေးမှာလည်း စိန်တွေစီ။

လှစ်ခနဲပြုံးလိုက်တော့မှ လက်ခနဲဖြာသွားရတဲ့ ပုလဲနှစ်ရောင်သွားတန်းကလေးပေါ်မှာလည်း စိန်လေးတစ်ပွင့်ကို ခေတ်မီစွာကပ်ထားလို့ပါလား။

ဒါကိုကြည့်ကာ နာကျင်စွာပဲ ရင်ခွင်ညီက ပြုံးမိသည်။

"ဒီနေ့ဟာ မင်္ဂလာအပေါင်းနဲ့ ခညောင်းနေတဲ့ ဒီမဟာကုမ္ပဏီကြီးကို ရှယ်ယာစည်းမျဉ်းတွေအရ ဥက္ကဋ္ဌအသစ်၊ အမှုဆောင်ဒါရိုက်တာအသစ်တွေနဲ့ ပြန်လည်ဖွဲ့စည်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအစည်းအဝေးကြီးကို ခေါ်လိုက်ရတာ အားလုံးအသိပဲဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သွန်းသီရိကိုယ်တိုင်ကလည်း မေ့ပါနိုင်ကိုကြည့်ကာ ပီတိတွေနဲ့ ဂုဏ်ယူလို့မဆုံး။ သိပ်ကိုလှပသလို သိပ်ကိုလည်း ခေတ်မီ ညက်ညောလွန်းလှတဲ့ မေ့ပါနိုင်လေး။ စကားပြောနေတာ အပြုံး ကလေးနဲ့။

သားကလေးနဲ့ အနှိုင်းမဲ့ကိစ္စ ပြီးဆုံးသွားပြီဆိုတော့ မေ့ပါ နိုင်ကလည်း သူ့အတွင်းရေးမှူးမလေး မေယွန်းဆီကတစ်ဆင့် သိပြီး နေလောက်ရောပေါ့။

ဟွန်း… ခုတော့ ကြည့်ပါဦး။

အနှိုင်းမဲ့ဆိုတဲ့ ဟိုကလေးတစ်ယောက်အမေနဲ့ ဘာဆိုင် လို့လဲ။

ဝတ်တာ စားတာ နေတာ ထိုင်တာ ပြုံးတာ ရယ်တာ ပေါ့… ပြုံးလိုက်တော့လည်း သိပ်ကိုချစ်ဖို့ကောင်းတဲ့ သွားစွယ် လေးက အလှကလေးပေါ်မှာ အယဉ်ကလေးဆင့်လို့ တင့်တယ်သွား ပြန်ပါရောလား။ ကမ္ဘာကိုလှည့်လာတဲ့ စီးပွားရေးပညာရှင်မလေး မေ့ပါနိုင်။

ဘယ်လိုပဲကြည့်ကြည့်။

အနီးကပဲကြည့်ကြည့် အဝေးကပဲကြည့်ကြည့် တင့်တယ် လိုက်ပါဘိ။ ကျက်သရေရှိလိုက်ပါဘိ။ စကားပြောနေတဲ့ အသံလေး ကအစ ကရဝိက်သံ၊ ကြိုးကြာသံကလေး။ ဒါကိုတောင် သားတော် မောင် လူမိုက်ကြီး ရင်ခွင်ညီက ခါးခါးသီးသီးငြင်းရတယ်လို့။

ခုလည်း သူကပဲ မကျေနပ်သလို နှုတ်ခမ်းလေးဖွေ့တွန့် ပြီး မဲ့နေတာ။



www.burmeseclassic.com

www.burmeseclassic.com



မိဘက ကောင်းတယ်ထင်လို့ နတ်ပြည်တင်တာကို သင်းတို့က မြင့်တယ်ဆိုပြီး ခုန်ချနဲ့။

တော်တော်မိုက်တဲ့ သားကလေး။

"ဟွန်း"

လက်ကလေးပိုက်ရင်း နှုတ်ခမ်းလေးမဲ့လို့ ပြုံးလိုက်မိတာ သားကလေးကို သိပ်ချစ်လို့ပါ။

မေ့ပါနိုင်ရယ်။ ဒီအစည်းအဝေးပြီးတာနဲ့ သားကို မင်းလက်ထဲ အပ်မယ်ကွာနော်။ မင်းနဲ့ဆိုရင် သားကလေးကို အနံတိ စိတ်ချတယ် သိလား။ ဟင်း၊ ဟင်း၊ ဟင်း။

ဒေါ်သွှန်းသီရိမှာတော့ အတွေးကလေးနဲ့ ကြည်နူးရ စိတ်ကူးကလေးနဲ့ ပျော်ရွှင်ရနဲ့ပေါ့။

"ဒီလိုအစည်းအဝေးကို ခေါ်ပြီးတော့မှ မထင်မှတ်တဲ့ အဖြစ်အပျက်လေးတစ်ခုက ဒီကို လာခါနီးအချိန်မှာ ဖြစ်သွားခဲ့လို့ ဒီအဖြစ်အပျက်လေးအကြောင်းကို ပြောခွင့်ပြုပါလို့ အားလုံးကို ကျွန်မ တောင်းပန်ပါတယ်"

"ဟင်"

ဘာလဲ။ ဘာအဖြစ်အပျက်တွေ ဖြစ်သွားလို့ မေ့ပါနိုင်လေးက ဒါကို ပြောခွင့်တောင်းနေရတာလဲ။

"အဲဒီ အဖြစ်အပျက်လေးကတော့ အနိုင်းမဲ့ဆိုတဲ့ ကလေးတစ်ယောက်အမေ ကောင်မလေးတစ်ယောက် ကျွန်မဆီကို ရောက်လာတာပါပဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဘယ်၊ ဘယ်လို"

ဒေါ်သွန်းသီရိတစ်ကိုယ်လုံး တုန်ခါအေးစက်သွားရပြီ။

ကလေးတစ်ယောက်နဲ့ အနှိုင်းမဲ့ ရောက်လာတယ်တဲ့။ ကြည့်စမ်း။ ဒါ သက်သက်မဲ့ မေ့ပါနိုင်ကို သွားထောင်တာ။ ယုတ်မာလိုက်တာ။ အနှိုင်းမဲ့ရယ်။ ဒါ... ဒါ... သွန်းသီရိကို တစ်ကွက်ကြော်ဖို့ မင်း ကြိုးစားလိုက်တာလားဟင် အနှိုင်းမဲ့။ မင်း ကြိုးစားလိုက်တာလား။

ရင်ခွင်ညီကတော့ မျက်တောင်ခတ်လိုက်ဖို့ကိုပင် မေ့လျက်။

"ရောက်လာတာနဲ့ သူဟာ ကျွန်မရှေ့မှာ တရှုပ်ရှုပ်လေးနဲ့ ငိုပါတယ်၊ သီပ်ကို သနားဖို့ကောင်းခဲ့တဲ့ သူ့ဘဝအဖြစ်အပျက်လေးတွေကိုလည်း ကျွန်မကို မျက်ရည်စက်လက်လေးနဲ့ ပြောရှာပါတယ်၊ သူက အသက်ဆယ်နှစ်သမီးအရွယ်လေးကတည်းက အရမ်းနှိပ်စက်တဲ့ မိထွေးတစ်ယောက်နဲ့တွေ့ပြီး အနှိပ်စက်ခံရ၊ သူ့အဖေပိုင်တဲ့ ကုမ္ပဏီကြီးကိုလည်း မိထွေးက သူ့နာမည်နဲ့ အပိုင်သိမ်းသွားလို့ ဒုက္ခရောက် ဘဝပျက်သွားခဲ့ရတာပါတဲ့၊ မိထွေးက နှိပ်စက် သူ့ဖေဖေကလည်း ကားအက်စီးဒင့်ဖြစ်ပြီး လေဖြတ်ဝေဒနာသည်ဘဝနဲ့ ကိုယ်အောက်ပိုင်းတစ်ခြမ်းသေပြီး စိတ္တဇဝေဒနာသည် အရူးကြီးတစ်ယောက်လို ဖြစ်သွားတဲ့အချိန်မှာ အိမ်ကထွက်ပြေးသွားရင်း ကုန်စိမ်းသည်မကြီးတစ်ယောက်ရဲ့ အိမ်ကို ရောက်သွားခဲ့တာတွေ၊ အဲဒီအိမ်မှာ ကလေးတွေဝတ်တဲ့ အဝတ်အစားတွေကို လျှော်ပေးခဲ့ရတာတွေ၊ ထမင်းမချက်တတ် ချက်တတ်နဲ့ ထမင်းအိုးတည်ပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာတွေ၊ အိပ်ရတော့လည်း စောင်မပါ ခေါင်းအုံးမပါနဲ့ နောက်ဖေး ကြမ်းပြင်လေးမှာ လက်ကလေး ခေါင်းချပြီး အိပ်ခဲ့ရတာတွေ"

"ဘုရား၊ ဘုရား"

"နောက်ဆုံးမှာတော့ သူ့အဖေသေသွားလို့ ချသွားတဲ့ အသုဘပို့ကားတန်းကြီးနောက်မှာ နီကြောင်ကြောင် ဆံပင်စုတ်ဖွား လေးနဲ့ စုတ်ပြတ်သတ်နေတဲ့ အင်္ကျီဟောင်း ထဘီဟောင်းကလေး ကိုဝတ်ပြီး မျက်ရည်စက်လက်လေးနဲ့ ပြေးလိုက်ခဲ့ရတာတွေ မိထွေးရဲ့ လူယုံတွေက ကောင်မလေးကိုတောင် မမှတ်မိတော့ဘဲ သူ့အဖေ ရုပ်အလောင်းနားကနေ ရက်ရက်စက်စက် မောင်းထုတ်ခဲ့တာတွေ"

"ကြည့်စမ်း"

"အဲဒီလိုနဲ့ ဒီအနိုင်းမဲ့ဆိုတဲ့ ကောင်မလေးဟာ ဒုက္ခတွေ ရောက် ဘဝတွေပျက်ပြီး သူ့အသက် နှစ်ဆယ်ကျော်အရွယ်ကို ရောက်လာတဲ့အချိန်မှာ လမ်းပေါ်မှာတွေ့တဲ့ ခပ်ဆိုးဆိုးယောကျ်ား တစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ကလေးတစ်ယောက်ရခဲ့ပါတယ်၊ ယောကျ်ားနဲ့ကွဲပြီး ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေတဲ့အချိန်မှာ ဒီမဟာကုမ္ပဏီကြီးမှာ ဖုန်သုတ် ကြမ်းတိုက် တံမြက်စည်း လှည်းရတဲ့ ကောင်မလေးတစ်ယောက်အဖြစ်နဲ့ အလုပ်ဝင်ခဲ့ရပါတယ် တဲ့၊ ကျွန်မကလည်း မေးပါတယ်၊ တခြားလုပ်စရာ အလုပ်နေရာတွေ အများကြီးရှိပါလျက်နဲ့ မင်း ဘာဖြစ်လို့ ဒီလို ချစ်ဖို့ကောင်းတဲ့ မျက်နှာ ထားလေးနဲ့ နိမ့်ကျတဲ့အလုပ်ကို ဝင်လုပ်ရသလဲမေးတော့ ဒီကုမ္ပဏီမှာ သူ အရမ်းမုန်းပြီး အရမ်းစိတ်နာခဲ့ရတဲ့ မိန်းမကြီးတစ်ယောက်ရှိနေလို့ လာလုပ်ရတာတဲ့လေ၊ အဲဒီ မိန်းမကြီးကို လက်စားချေချင်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ"

ဒေါ်သွန်းသီရိ အသက်ရှူမှားရပြီ။

တစ်ကိုယ်လုံးလည်း ပိတ်နေသမျှ သွေးတွေ အေးခဲရပ်ဆိုင်းသွားလုမတတ်လည်း ခံစားချောက်ချားခဲ့ရပြီ။

မေ့ပါနိုင် ပြောနေတာကတော့ တကယ့်ကို တည်တည်ငြိမ်ငြိမ်ကလေးပါပဲ။

အစည်းအဝေးခန်းမကြီးမှာ ရှိနေသမျှလူတွေအားလုံးကလည်း ပါးစပ်ကလေးတွေ အဟောင်းသားနှင့် မေ့ပါနိုင်ပြောတာကိုပဲ ငေးစိုက်နားထောင်နေကြသည်။

"ကျွန်မ စိတ်မကောင်းပါဘူး၊ သူပြောတဲ့ စကားလေးတွေကိုနားထောင်ပြီး ကျွန်မ စိတ်ထိခိုက် ရင်နင့်ခဲ့ရပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကောင်မလေးကို ကလေးဘဝက နှိပ်စက်ခဲ့တဲ့ အဓိကတရားခံဟာ ဒေါ်သွန်းသီရိဖြစ်နေလို့ပါပဲ"

"အဟင့်"

"အို... ဒေါ်သွန်းသီရိ ငိုနေပြီ"

"ကြည့်စမ်း၊ သန့်ရှင်းရေးလုပ်တဲ့ အန္တိုင်းမဲ့ရဲ့ တစ်ခါတုန်းက မိထွေးဟာ ဒေါ်သွန်းသီရိပဲ"

ရင်ခွင်ညီကိုယ်တိုင်ပင်လျှင် နှုတ်ခမ်းလေးကိုက်ကာ မျက်ရည်တွေ ဝဲလာရလျက် ပြောပါ မေ့ပါနိုင်ရယ်။ မင်းပဲ ပြောပါတော့ကွာ။

"အဲဒါကြောင့်မို့ ကလေးတစ်ယောက်အမေဘဝနဲ့ ဒေါ်သွန်းသီရိရဲ့သား ရင်ခွင်ညီကို သူ လက်ထပ်ခဲ့ရတာပါတဲ့၊ အဲဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com



မတူတာကို သိလျက်နဲ့ သူ့အမေကို မုန်းနေတဲ့စိတ်နဲ့ လက်ထပ်ပြီးတော့မှ သူ လက်စားချေဖို့ ကြိုးစားမိတာကိုလည်း သူ နောင်တရလို့ အဝေးကိုထွက်သွားပါပြီတဲ့"

"ဟင်၊ ဘယ်လို"

ရင်ခွင်ညီ မေ့ပါနိုင်မျက်နှာလေးကို မော့မကြည့်ဘဲ မနေနိုင်တော့ပါ။

"ကျွန်မ အဓိကပြောချင်တာ လူရယ်လို့ဖြစ်လာကြတဲ့ ဘဝရဲ့ ခဏတာအချိန်ကလေးမှာ ဘယ်လိုအကြောင်းတရားတွေကြောင့်ပဲဖြစ်ဖြစ် ဘဝကို အမုန်းသံသရာထဲမှာ မလည်စေချင်ပါဘူး၊ ကိုယ်က ချမ်းသာလို့ ဆင်းရဲတဲ့လူတွေကိုလည်း အထင်သေးနှိမ့်ချမှုတွေနဲ့ မဆက်ဆံစေချင်ပါဘူး၊

ကျွန်မ ဒေါ်သွန်းသီရိကို မေးချင်တာ ကိုယ် ပြုမှားမိခဲ့သမျှတွေအားလုံးကို နောင်တရပါသလား"

"အန်... အန်တီသွန်းလေ၊ အဟင့်"

"အို... အန်တီသွန်းရယ်"

ဒေါ်သွန်းသီရိ ပြေးဝင်ငိုချလိုက်တာ မေ့ပါနိုင်ရဲ့ ခြေရင်းလေးနားမှာပါ။

"မငိုပါနဲ့ အန်တီသွန်း၊ ဒီလိုငိုရတာလည်း ကျွန်မ စိတ်မကောင်းပါဘူး၊ ကျွန်မလေ အနိုင်းမဲ့ဆိုတဲ့ ကောင်မလေးကြောင့် သူနဲ့ထပ်တူ ကျွန်မလည်း ခံစားခဲ့ရတယ်၊ အခု ဒေါ်သွန်းသီရိက နောင်တမျက်ရည်တွေကို ဂုဏ်ပြုပေးတဲ့အနေနဲ့ ဒီကမ္ဘာမှာ ကျွန်မရဲ့ ရှယ်ယာတွေ ဘယ်လောက်ပဲပါပါ ဒေါ်သွန်းသီရိရဲ့ ခြေတော်ရင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



စာချုပ်တွေအားလုံး ကုမ္ပဏီနဲ့တကွ ဒေါ်သွန်းသီရိလက်ထဲကို ကျွန်မ ပြန်အပ်ပြီးတော့ နိုင်ငံခြားကို ကျွန်မ အပြီးပြန်ပါတော့မယ်''

''ဟာ''

''ဟင်''

''ကြည့်စမ်း''

''ကျွန်မ တစ်ခုပဲ တောင်းပန်ချင်တာက မျက်ရည်စက်လက်လေးနဲ့ ကြေကွဲနာကျင်ခဲ့ရတဲ့ အရိပ်စစ်တစ်ဖြစ်လဲ၊ အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးကို ဂုဏ်ပြုပေးတဲ့အနေနဲ့ ဒီမဟာကုဋေကုဋာကုမ္ပဏီကြီးရဲ့ နာမည်ကိုလည်း မိုးတိမ်နန်းတော်ကုမ္ပဏီလို့ ကျွန်မ နာမည်ပြောင်းချင်ပါတယ်''

''အို''

ကုမ္ပဏီထဲမှာ ရှိတဲ့လူတွေအားလုံး သွက်သွက်ခါအောင် တုန်လှုပ်သွားခဲ့ကြပြီ။ ဒါကိုနားထောင်ရင်း နာကျင်စွာ နှုတ်ခမ်းလေးကို ကိုက်လိုက်မိတာ ရင်ခွင်ညီပါ။

အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးဘက်ကလိုက်ပြီး မင်းက ပေးသနားခဲ့တာပေါ့။

''ကျွန်မ ဒေါ်သွန်းသီရိနဲ့ ရင်ခွင်ညီကို တစ်ခုပဲမှာခဲ့ချင်တာက အဝေးကိုထွက်သွားတဲ့ ကလေးတစ်ယောက်အမေ အနှိုင်းမဲ့လေးကိုရှာပြီး လက်ထပ်ပေးဖို့ပါပဲ၊ ကဲ မေယွန်း။ အန်တီသွန်းကို ကုမ္ပဏီစာရွက်စာတမ်းတွေနဲ့ စာချုပ်တွေအားလုံး တစ်ခုမကျန် ပြန်ပေးလိုက်ပါ''

ဒါကိုနားထောင်ပြီး နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ထရပ်နိုက်တာ ရင်ခွင်ညီပါ။



www.burmeseclassic.com

www.burmeseclassic.com



"အပျင်း နေပါဦး ဒေါ်မေ့ပါနိုင်"

"အို You, You ဘာပြောချင်လို့လဲ၊ ပြောလေ"

"အဝေးကိုထွက်သွားတဲ့ အနှိုင်းမဲ့ကို ငါပြန်လိုက်ရှာလို့ တွေ့ရင်ရော သူက ငါ့ကို လက်ထပ်ပါ့မယ်လို့ မင်း အာမခံသလား၊ မင်း ကတိပေးသလား"

"ဟာ အဲဒါ အနှိုင်းမဲ့ကိုယ်တိုင် ပေးသွားတဲ့ Promise ပါ"

"ကောင်းပြီလေ၊ ဒါဆိုရင် မင်းပေးသွားတဲ့ စာချုပ်စာတမ်း တွေအားလုံးကို ဝမ်းမြောက်ဝမ်းသာ ငါ ပြန်လက်ခံလိုက်ပါ့မယ်၊ ရပြီ ဦးသီလထွန်း၊ ခင်ဗျားလုပ်စရာရှိတာ ဆက်လုပ်တော့"

ရင်ခွင်ညီ ဘယ်သူ့ကိုမှနှုတ်မဆက်ဘဲ ချာခနဲလှည့်ထွက် လာခဲ့ပြီ။

ဇာတ်လမ်းက ပြီးဆုံးသွားခဲ့ပြီပေါ့။

ကမ္ဘာကုန်ကျယ်သရွေ့ အဝေးကိုထွက်ပြေးသွားတဲ့ အနှိုင်းမဲ့ ဆိုတဲ့ ကောင်မလေးကို လိုက်ရှာရတော့မယ်ပေါ့။

မင်းကရော ငါနဲ့အဝေးဆုံးမှာ ဘယ်အထိပုန်းနေနိုင်မှာလဲ အနှိုင်းမဲ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်ရှစ်)

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်လမ်း။

ထိုလေဆိပ်အဝင်လမ်းကလေးရဲ့ လမ်းဘေးကလေးမှာ သေသပ်ကျနတဲ့ အနက်ရောင် Arrow Excellency အနောက်တိုင်းဝတ်စုံလေးကို သေသပ်စမတ်ကျကျ စတိုင်ကျကျလေးဖြစ်အောင် ဝတ်လျက် တစ်စုံတစ်ယောက်ကို ရပ်စောင့်နေခဲ့တာ တည်တင်းတဲ့ မျက်ဝန်းပြာလေးတွေရဲ့ပိုင်ရှင် ရင်ခွင်ညီပါပဲ။

ထိုအချိန်မှာ ငြိမ့်ခနဲ ကွေ့ချိုးဝင်လာတာ အနက်ရောင်လင့်ခရုဇာကားသစ်ကြီးပေါ့။ ထိုကားကြီးကို မြင်လိုက်သည်နှင့် ရင်ခွင်ညီ နှုတ်ခမ်းအစုံက ခပ်တွန့်တွန့်လေး မဲ့လို့သွားရသည်။

ဂရုမစိုက်ပါဘူး။

ခပ်တည်တည် ဖြောင့်ပဲလှမ်းတားပြီး ရင်ခွင်ညီ ပြဿနာရှာတော့မည်။

"အို… ကြည့်စမ်း"

သူ ကားကို လှမ်းတားနေတာလည်း ဟိုက်ဘော့စ်မလေး မေ့ပါနိုင်ရဲ့ကား ဖြစ်နေလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရပ်၊ ရပ်လိုက် မေယွန်း၊ ဟိုမှာ ကားကိုလှမ်းတားနေတာ ရင်ခွင်ညီ"

သူမ နိုင်ငံခြားကို အပြီးပြန်တော့မှာကိုသိလို့ ကျေးဇူးတင်နှုတ်ဆက်ချင်လို့ စောင့်နေတာများလား။

"You"

"အဟွန်း၊ မင်း ကားပေါ်က ဆင်းလိုက်ပါ မေ့ပါနိုင်"

"You, You ဘာလုပ်ချင်လို့လဲ"

"အနှိုင်းမဲ့ဆိုတဲ့ ကောင်မလေးတစ်ယောက်ကို ငါ တွေ့ချင်လို့ မိုးအဆုံး မြေအနှံ့ ငါ လိုက်ရှာတော့မှာလေ"

"အမလေး... ဖြစ်ရလေ You ရယ်၊ အနှိုင်းမဲ့ကိုရှာတာ ဒီလေဆိပ်မှာလာရှာလို့ တွေ့ပါ့မလား။ You သွားပြီ၊ You ဦးနှောက်တွေ ကြောင်တောင်တောင်ဖြစ်သွားပြီ"

"အဟင်း၊ ဟင်း"

မေ့ပါနိုင်က ကားပေါ်ကဆင်းလိုက်ရင်း ကိုယ်ကလေး လှုပ်ကာ ရယ်သည်။

ထုံးစံအတိုင်း ဝတ်ထားတာလေးက အနောက်တိုင်းဆန်ဆန်လေး။

ခါးတိုအပြတ် ဒူးဖုံးစကတ်အနက်ရောင်လေး။

"ဘာလဲ မေ့ပါနိုင်၊ မြန်မာပြည်ကို မင်းရောက်လာတော့လည်း ဒီလို အရမ်းလန်းနေတဲ့ စတိုင်ကလေးနဲ့၊ ဟော... အခု မြန်မာပြည်ကနေ မင်း ပြန်ထွက်သွားတော့မယ်ဆိုတော့လည်း အလန်းတကာ့အလန်းဆုံး အိစက်နေအောင်လှတဲ့ ကိုယ်လုံးလေးကိုလူပြီး အားလုံးကို နှုတ်ဆက်ထွက်သွားတော့မယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"You ရယ်၊ You တို့ကို ဘာတွေပြောနေတာလဲ"

"ဒီမှာကွ၊ ငါ့မျက်နှာကို မင်း သေသေချာချာကြည့်စမ်း အနှိုင်းမဲ့"

"ဘုရားရေ"

သူခေါ်လိုက်တာ အနှိုင်းမဲ့တဲ့။

"မျက်နှာတစ်ခုကနေ မျက်နှာနှစ်ခုဖြစ်အောင်၊ လူတစ်ယောက်ကနေ လူနှစ်ယောက်ဖြစ်အောင် နောက်ဆုံးပေါ် ခေတ်မီမိတ်ကပ်ပညာတွေနဲ့ ပုလဲနှစ်ရောင်သွားစွယ်အတုလေးကိုတပ်ပြီး ငါ့မာမီကို လက်စားချေဖို့ မင်း ပြန်လာခဲ့တာ အစည်းအဝေးခန်းမ အပြင်ဘက်ထောင့်ချိုးအကွေ့မှာ မင်းနဲ့တိုက်မိလို့ ပိုက်ဆံအိတ်ကလေးကို ခါးကလေးညွှတ်ကောက်ရင်း မင်း ငါ့ကို အမှတ်တမဲ့ မော့ကြည့်လိုက်တာလေ"

"သေစမ်း"

ဒုတိယအကြိမ်မြောက် ဖြစ်သွားခဲ့ရတဲ့ အဖြစ်ကလေးဒါကြောင့်မို့ နှိုင်းနဲ့ မေ့ပါနိုင်ကို တစ်ယောက်တည်းဆိုတာ သူသိသွားခဲ့တာ။

"ဆယ့်သုံးနှစ်သမီးအရွယ် ကောင်မလေး ရေဝေးသင်္ချိုင်းမှာ တရှုပ်ရှုပ်လေး ထိုင်ငိုနေတာကို မြန်မာပြည်မှာကျန်ခဲ့တဲ့ မြေးကလေးကို နိုင်ငံခြားကနေ ပြန်လာပြီး လိုက်ရှာနေတဲ့ အဘွားက ပြန်တွေ့သွားတော့ နိုင်ငံခြားကို အပြီးအပိုင်ခေါ်သွား၊ ကာနေဒါမှာ ကျောင်းတက်၊ စီးပွားရေးဆိုင်ရာ ဘွဲ့တွေယူ၊ Three Flower ကုမ္ပဏီရှယ်ယာသုံးစုမှာ တစ်စုထည့်ထားနိုင်တဲ့အထိ ချမ်းသာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဘွားက အရှေ့တောင်အာရှဆိုင်ရာကုမ္ပဏီ အထူးဒါရိုက်တာ တာဝန်ပေးတော့ မြန်မာပြည်ထဲကို ပြန်ဝင်လာပြီး ရိုက်စားတွေလုပ်၊ ကြမ်းမတိုက်တတ်ဘဲနဲ့လည်း ကြမ်းတွေဝင်တိုက်၊ ငါ့ကားပေါ်မှာ မင်းလိုက်လာတာတောင် မင်းတပည့်မ မေယွန်းက မင်းစီးတဲ့ကားကြီးနဲ့ ငါ့ကားနောက်ကို လိုက်လာပြီး ငါ့ကို မျက်စိလည်နေအောင် မျက်လှည့်ပြလိုပြနဲ့၊ ကလေးမချီတတ်ဘဲနဲ့လည်း သူများကလေ အတင်းခေါ် ဒုက္ခတွေပေးလိုပေး။ အခု ရင်ခွင်ညီအသည်းကိုပါခွဲ ဘယ်တော့မှ ပြန်ရှာမတွေ့နိုင်တော့တဲ့ ကလေးတစ်ယောက်အမေ အနှိုင်းမဲ့ကို ရှာတွေ့အောင်ရှာခိုင်းနဲ့ မင်းက ထွက်ပြေးတော့မှာပေါ့ လေ''

''သေပါပြီ၊ သေပါပြီ''

သည်တစ်ခါတော့ နှိုင်းကို မေယွန်းလည်း မကာယ်နိုင်။

နတ်တွေ သိကြားတွေကလည်း အမြင်ကတ်ကတ်နဲ့ နှိုင်းကို ကျောခိုင်းလို့။

''ဒီမှာ ကျွန်မဟာ ကျွန်မ အနှိုင်းမဲ့ပဲဖြစ်ဖြစ်၊ မေ့ပါနိုင်ပဲ ဖြစ်ဖြစ် ရှင့်အမေကိုမုန်းလို့ လက်စားလာချေတာ၊ အခု ရှင့်အမေ လည်း မျက်ရည်စက်လက်နဲ့ နောင်တရပြီး တရားစခန်းကို အပြီးဝင် သွားပြီ၊ ကျွန်မလည်း ကျေနပ်ပြီ၊ ရှင် ကျွန်မရှေ့ကနေ ဖယ်လိုက်ပါ ဟိုမှာ လေယာဉ်နောက်ကျနေပြီ''

''ဩော် လွယ်တယ်ပေါ့၊ ဒီလို စကားတတ်တိုင်း ပါးနပ်သူ နားချွဲလေးပြောပြီး လေဆိပ်ထဲဝင်သွားရင် ပြီးပြီပေါ့၊ အဟင်း... ဟောဒီမှာ ကြည့်လိုက်၊ ဒါ မင်းနဲ့တရားဝင်လက်ထပ်ထားတဲ့ စာချုပ်



www.burmeseclassic.com

www.burmeseclassic.com



ဒီစာချုပ်တွေ ငါ့လက်ထဲမှာရှိနေသရွေ့ ဟိုလိုလို ဒီလိုလိုနဲ့ စကတ်အတိုတွေ မျက်စိနောက်အောင်ဝတ်ပြီး မင်း ထွက်သွားလို့ရမယ်ထင်နေသလား။ ယောကျာ်းတစ်ယောက်ကို ယူတုန်းက ယူပြီးတော့မှ ရက်ရက်စက်စက်ထားသွားတယ်ဆိုပြီး အမျိုးသားရေးရာကို တိုင်လိုက်တာနဲ့ မင်း တစ်ချက်တည်း ဂန့်သွားမယ်၊ နားလည်လား''

''အမလေးနော်၊ အမျိုးသားရေးရာတဲ့၊ ဒီမှာ အဲဒီမရှိတဲ့ အမျိုးသားရေးရာကိုပဲတိုင်တိုင် ကျွန်မ မချစ်လို့ပြန်တာ၊ ဘာဖြစ်လဲ''

''ဟာ... ရမလား''

''မရလည်း သွားပြီ''

နှိုင်းအပြုံးလေးနဲ့ ချာခနဲ လှည့်ထွက်သွားပြီ။

''လိုက်၊ လိုက် ကိုရင်ခွင်ညီရေ၊ တကယ်လို့သာ ရှင် လိုက်မလာရင် လေဆိပ်မှာ မမနှိုင်း မျက်ရည်ကျတော့မှာ၊ အခုတောင် သူ သိပ်ချစ်သွားမိရဲ့သားနဲ့ ခွဲရတော့မယ်ဆိုပြီး မမနှိုင်း တစ်လမ်းလုံး မျက်ရည်လေးဝဲလာတာ''

မေယွန်းက လက်ခုပ်လေးတီးရင်း အော်ကာ အားပေးသည်။

''ဒီမှာ... ဒီမှာ နေစမ်းပါဦး''

''ဟာ၊ ရှင် ကျွန်မလက်ကို မကိုင်နဲ့နော်''

''ကိုင်မယ်၊ ကိုင်တော့ ဘာဖြစ်လဲ၊ မင်းဟာ ကိုယ် တရားဝင်လက်ထပ်ထားတဲ့ မိန်းမ၊ လက်ကိုင်ရုံတင်မကဘူး၊ ဟောဒီလို ပခုံးလေးကိုလည်း တအားဖက်ပိုင်ခွင့် ရှိသေးတယ်ကွ''

''ဘုရားရေ၊ တစ်သက်လုံး ထိန်းလာတဲ့ အပျိုရည်လေး တော့ ပျက်ပါပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဘာလီကျွန်းကိုရောက်တာနဲ့ အဲဒီ အပျိုရည်ခွက်ကြီး မှောက်ကျပြီး စိစိညက်ညက်ကြေအောင်တောင် တစ်စစီဖြစ်သွားဦးမယ်၊ ဟောဒီမှာ ဘာလီကျွန်းကိုသွားမယ့် လေယာဉ်လက်မှတ်နှစ်စောင်၊ မယုံရင် ကြည့်လိုက်"

"အို… ကြည့်စမ်း၊ ရှင်၊ ရှင်က…"

လေယာဉ်လက်မှတ်ကလေးကို ကြည့်ပြီး ဖူးတင်းဝင်းနှစ်နေအောင်လှတဲ့ အနှိုင်းမဲ့လေးတစ်ကိုယ်လုံး အေးစက်သွားရပြီ။

ထိုအချိန်မှာပဲ…

သူက… နှိုင်းကိုယ်လုံးလေးကို…

တအားသိမ်းကျုံးလို့ ပွေ့ဖက်လိုက်လေတော့…

ဖျတ်ခနဲပင့်ကော့သွားရတဲ့ နှိုင်းရဲ့မျက်တောင်ရှည်ရှည်လေးတွေက…

စိုးထိတ်တိုးတိတ်စွာ…

ချစ်တတ်သော

**လွန်းတမို**



www.burmeseclassic.com